www.burmeseclassic.com

ဆုထူးပန်ဦးကျော်

# လောကီပညာ ပဒေသာကျမ်း



ဧကဒသမအကြိမ်

design by aike moon (2007)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရှိနိုးပါး | ၁၃ |
| ၃။ | ကြို့ဟင်းအဆင်းအရောင် | ၁၃ |
| ၄။ | အိမ်ဖလောင်ဘက် ရွေးဖို့ | ၁၅ |
| ၅။ | ကြို့ဟင်းတို့ သဘော | ၁၅ |
| ၆။ | ကြို့ဟင်းအစိုးရသောအရပ် | ၁၆ |
| ၇။ | နေ့အလို ကျက်သရေနေပုံ | ၁၆ |
| ၈။ | လာဘ်နေ နတ်နေရွေးဖို့ | ၁၇ |
| ၉။ | ဝါရမိတ္တု ရက်ငယ်ကိုရှောင် | ၁၈ |
| ၁၀။ | ဝါရမိတ္တု ရက်ကြီးကိုရှောင် | ၁၈ |
| ၁၁။ | မဟာရက်ကြမ်းကိုရှောင် | ၁၉ |
| ၁၂။ | အမြိတ္တစုတ်ရက် | ၂၀ |
| ၁၃။ | ရှမ်းရက်ကိုရှောင် | ၂၁ |
| ၁၄။ | သမားညို့ရက်ကိုရှောင် | ၂၁ |
| ၁၅။ | သမားဖြူ့ရက်ကိုရှောင် | ၂၂ |
| ၁၆။ | ကိန္နယုတ်ကိုရှောင် | ၂၃ |
| ၁၇။ | ရက်ရာဇာ ပြဿဒါး နဂါးလှည့် | ၂၃ |
| ၁၈။ | ရက်ယုတ်မာကိုရှောင် | ၂၄ |
| ၁၉။ | ရသေ့ကျော်ကိန်းကိုရှောင် | ၂၅ |
| ၂၀။ | လာဘ်သင့်နေ့ကိုရှောင် | ၂၅ |
| ၂၁။ | နဂါးပေါ်ရက်ကိုရှောင် | ၂၆ |
| ၂၂။ | နေ့တို့ အမြစ်အညွန့် | ၂၇ |
| ၂၃။ | ခုနစ်ရက်သားတို့နေရန် | ၂၇ |


www.burmeseclassic.com

www.burmeseclassic.com


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | စပါးကျီသွင်း အကျိုးအပြစ် | ၂၈ |
| ၂၅။ | ဖိုခနောက်လုပ်နည်း | ၂၈ |
| ၂၆။ | တိုင်ပင်နှီးနှောရန် နေ့သား | ၂၈ |
| ၂၇။ | လက်သည်းလှီးအပ်သောနေ့ | ၂၉ |
| ၂၈။ | မလှူကောင်းသောအရပ် | ၂၉ |
| ၂၉။ | ခေါင်းအုံး မွေ့ရာချုပ်ရန် | ၂၉ |
| ၃၀။ | ကောင်းစားဖို့ ယတြာပြုနည်း | ၃၀ |
| ၃၁။ | ဆီလိမ်းအပ်သောနေ့ | ၃၀ |
| ၃၂။ | ခရီးသွားရင် ယတြာပြု | ၃၀ |
| ၃၃။ | ချမ်းသာတိုးရန်ဘုရား | ၃၁ |
| ၃၄။ | အသက်ရှည်နံ့သင့်ဘုရား | ၃၂ |
| ၃၅။ | အသက်နေ့ကိုကြည့် | ၃၃ |
| ၃၆။ | ကောင်းစားလိုလျှင် သစ်ပင်စိုက် | ၃၃ |
| ၃၇။ | ပစ္စည်းအရမ်းမပေးနဲ့ | ၃၄ |
| ၃၈။ | ရတနာဆင်မွေးဖို့ | ၃၅ |
| ၃၉။ | ခုနစ်ရက်သားတို့ ရှောင်ရန် | ၃၅ |
| ၄၀။ | နွားမွေး ဆိတ်မွေးဖို့ | ၃၆ |
| ၄၁။ | မွေးကောင်းသော နွားအင်္ဂါ | ၃၇ |
| ၄၂။ | ငွေချေးရန်နေ့ | ၃၇ |
| ၄၃။ | အဆင့်ဆင့်နိုင်သောနေ့ | ၃၈ |
| ၄၄။ | ထမင်းစား မျက်နှာပြု | ၃၈ |
| ၄၅။ | ပညာသင်နေ့ရက် | ၃၈ |
| ၄၆။ | ခရီးသွားတို့ ပြုလုပ်ရန် | ၃၉ |

www.burmeseclassic.com


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇။ | ယတြာသစ်ပင်စိုက် | ၄၀ |
| ၄၈။ | မစိုက်အပ်သောသစ်ပင် | ၄၁ |
| ၄၉။ | စိုက်အပ်သောသစ်ပင် | ၄၁ |
| ၅၀။ | ခရီးထွက် နေ့နှင့်အချိန် | ၄၁ |
| ၅၁။ | ပုဆိုးထဘီဝယ်မလား | ၄၃ |
| ၅၂။ | အဝတ်အစားဝယ်မလား | ၄၄ |
| ၅၄။ | နေ့ထပ်မင်္ဂလာ အကျိုးအပြစ် | ၄၆ |
| ၅၅။ | သူငယ်ချက်မြုပ်အရပ် | ၄၇ |
| ၅၆။ | သူငယ်ထမင်းခွံ့ရက် | ၄၈ |
| ၅၇။ | လယ်ထွန်ကျမ်း | ၄၉ |
| ၅၈။ | ထွန်သွားတပ် | ၄၉ |
| ၅၉။ | မျိုးကြဲရက် | ၅၀ |
| ၆၀။ | ကိုယ်ဝန်ဆောင်ရှောင် | ၅၀ |
| ၆၁။ | နေ့အလို ခေါင်းဆေးရန် | ၅၁ |
| ၆၂။ | လအလို ခေါင်းဆေးနည်း | ၅၁ |
| ၆၃။ | ရွှေကျီးသာနိမိတ် | ၅၂ |
| ၆၄။ | လက်သည်းပွင့်နိမိတ် | ၅၂ |
| ၆၅။ | ဂြိုဟ်ပွင့် ဂြိုဟ်စာကျွေး | ၅၃ |
| ၆၇။ | လက်သမားကျမ်း | ၆၀ |
| ၆၈။ | အိမ်ဆောက်မြေ | ၆၁ |
| ၆၉။ | မြေနေပုံအခြေအနေ | ၆၁ |
| ၇၀။ | အိမ်ဆောက်အခါတွက်ပုံ | ၆၂ |
| ၇၁။ | အိမ်ဆောက်လ | ၆၃ |


BURMESE CLASSIC

www.burmeseclassic.com


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၈။ | ငှက်တော်ဝင်နိမိတ် | ၈၆ |
| ၁၁၉။ | ခေါက်ရှာငှက်နိမိတ် | ၈၆ |
| ၁၂၀။ | မိကျောင်း လပိုင်နိမိတ် | ၈၇ |
| ၁၂၁။ | အိမ်အောက်မှုိပေါက်နိမိတ် | ၈၇ |
| ၁၂၂။ | ကြောင်မြည်နိမိတ် | ၈၇ |
| ၁၂၃။ | တိရစ္ဆာန်ကျနိမိတ် | ၈၈ |
| ၁၂၄။ | အိမ်မြှောင်ကိုယ်တက်နိမိတ် | ၈၈ |
| ၁၂၅။ | အိမ်မြှောင်စုတ်ထိုး နိမိတ် | ၈၉ |
| ၁၂၆။ | နေ့အလိုက် အိမ်မြှောင်ကျ | ၈၉ |
| ၁၂၇။ | အိမ်မြွေတက်နိမိတ် | ၉၀ |
| ၁၂၈။ | လင်းတနား နိမိတ် | ၉၀ |
| ၁၂၉။ | ပျားစွဲနိမိတ် | ၉၁ |
| ၁၃၀။ | တိရစ္ဆာန်ဝင်သော် ပြုလုပ်ရန် | ၉၂ |
| ၁၃၁။ | လမင်းဂြိုဟ်ခွင်း အကျိုးအပြစ် | ၉၂ |
| ၁၃၂။ | တိမ်ဖြူတံခွန်နိမိတ် | ၉၂ |
| ၁၃၃။ | နေတံခွန်ထွက်နိမိတ် | ၉၂ |
| ၁၃၄။ | ကြယ်တံခွန်နိမိတ် | ၉၃ |
| ၁၃၅။ | နေအိမ်ဖွဲ့အဟော | ၉၃ |
| ၁၃၆။ | နေ့စွဲမြေလျှောင်လှုပ် အဟော | ၉၃ |
| ၁၃၇။ | လစွဲမြေလျှောင်လှုပ် အဟော | ၉၄ |
| ၁၃၈။ | မဟာသိဒ္ဓိဆေးတော်ကြီး | ၉၄ |
| ၁၃၉။ | ဂမုန်းပေါင်း | ၉၇ |
| ၁၄၀။ | မင်းပေါင်း | ၉၇ |




www.burmeseclassic.com

www.burmeseclassic.com


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၁။ | မဟာရှင်ပေါင်း | ၁၀၀ |
| ၁၄၂။ | မဟာကြီး ငါးပါး | ၁၀၀ |
| ၁၄၃။ | ပြွန်ပေါင်း | ၁၀၀ |
| ၁၄၄။ | ကြီးပေါင်းသိုက်ပေါင်း | ၁၀၁ |
| ၁၄၅။ | တိုက်ပေါင်း | ၁၀၁ |
| ၁၄၆။ | စွယ်ပေါင်း အမြုတေပေါင်း | ၁၀၂ |
| ၁၄၇။ | သည်းခြေပေါင်း | ၁၀၂ |
| ၁၄၈။ | ကြွတ်ပေါင်း | ၁၀၂ |
| ၁၄၉။ | သမိုင်းပေါင်း | ၁၀၃ |
| ၁၅၀။ | ထုံးပေါင်း | ၁၀၃ |
| ၁၅၁။ | ရွက်အုပ်ပေါင်း | ၁၀၄ |
| | ညွန့်ပေါင်း | ၁၀၄ |
| ၁၅၃။ | စည်ကြီးလေးပါး | ၁၀၄ |
| ၁၅၄။ | ပိန်းပေါင်း | ၁၀၅ |
| ၁၅၅။ | ဆေးရိုးခြောက်ပါး | ၁၀၅ |
| ၁၅၆။ | ပြွတ်ပေါင်း | ၁၀၆ |
| ၁၅၇။ | ခွက်ပေါင်း | ၁၀၆ |
| ၁၅၈။ | ဆေးရိုးကြီးငါးပုံ | ၁၀၆ |
| ၁၅၉။ | နက္ခတ်အဝင်အထွက် | ၁၁၂ |
| ၁၆၀။ | လက္ခဏာကျမ်းရင်းကြီး | ၁၁၃ |
| ၁၆၁။ | မြွေဆိုးမြွေကောင်းသိရန် | ၁၁၇ |
| ၁၆၂။ | မြွေဖို မြွေမ သိရန် | ၁၁၈ |


www.burmeseclassic.com

www.burmeseclassic.com


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၉။ | ကြောင်မျိုးလေးပါး | ၂၁၈ |
| ၂၁၀။ | ရာဂီမျိုးငါးပါး | ၂၁၈ |
| ၂၁၁။ | အပြစ်ခြောက်ပါး | ၂၁၈ |
| ၂၁၂။ | ပုလဲမျိုးလေးပါး | ၂၁၈ |
| ၂၁၃။ | စိန်ဌာနရှစ်ပါး | ၂၁၉ |
| ၂၁၄။ | စိန်အမျိုးအသားအနေရှစ်ပါး | ၂၁၉ |
| ၂၁၅။ | သုံးဆယ့်ခြောက်ပါး အကွက်နေ | ၂၁၉ |
| ၂၁၆။ | စိန်မျိုးအပြစ်ခြောက်ပါး | ၂၂၀ |
| ၂၁၇။ | ငွေမျိုးနှစ်ဆယ့်နှစ်ပါး | ၂၂၀ |
| ၂၁၈။ | ပတ္တမြားမျိုး ခြောက်ပါး | ၂၂၁ |
| ၂၁၉။ | ပတ္တမြား နှစ်ဆယ့်နှစ်ပါး | ၂၂၁ |
| ၂၂၀။ | ရွှေမျိုးတစ်ဆယ့်နှစ်ပါး | ၂၂၂ |
| ၂၂၁။ | ရွှေမျိုးကိုးပါး | ၂၂၂ |
| ၂၂၂။ | ရွှေမျိုးပရိယာယ်ဆယ့်ငါးပါး | ၂၂၂ |
| ၂၂၃။ | ရွှေမျိုးအပါးနှစ်ဆယ် | ၂၂၃ |
| ၂၂၄။ | ဆရာကြီးဦးပိုတတ်ကျမ်း | ၂၂၃ |


www.burmeseclassic.com

www.burmeseclassic.com


# လောကီပညာ ပဒေသာ

## ရှိခိုးပါ၏

ဗုဒ္ဓဘုရားနှင့် တရားသံဃာ ဆရာမိဘ ဦးချလို့သာ အနန္တငါးပါး ဝပ်တွား စေတနာ သဒ္ဓါတိုး ရှိခိုးပါ၏ခင်ဗျား။

အလောင်းတော် နတ်သားနှင့် သိကြားပြဟ္မာ ဂါဝရတရား ရှေ့ထားလို့သာ သဒ္ဓါတိုး ရှိခိုးပါ၏ခင်ဗျား။

သူရဿတီမယ်တော်ကြီးနှင့် စတုလောကပါလာ နတ်မင်းကြီးလေးပါး အမှူးထားလို့သာ သဒ္ဓါတိုး ရှိခိုးပါ၏ခင်ဗျား။

တောမြိုင်အတွင်း ပျော်မွေ့နေရှာ ရသေ့မြတ်အပေါင်းနှင့် ရှစ်သောင်းဝိဇ္ဇာ တစ်နေ့မလပ် ဦးချလို့သာ သဒ္ဓါတိုး ရှိခိုးပါ၏ ခင်ဗျား။

## ဂြိုဟ်အဆင်းအရောင်

တနင်္ဂနွေ။ ဂြိုဟ်သက်ခြောက်နှစ်၊ ဂဠုန် အရှေ့မြောက် အရပ်၊ ပါပဂြိုဟ်။

တနင်္လာ။ ဂြိုဟ်သက် တစ်ဆယ့်ငါးနှစ်၊ ကျား အရှေ့အရပ်၊ သောမဂြိုဟ်။

အင်္ဂါ။ ဂြိုဟ်သက် ရှစ်နှစ်၊ ခြင်္သေ့ အရှေ့တောင်အရပ်၊ ပါပဂြိုဟ်။

ဗုဒ္ဓဟူး။ ဂြိုဟ်သက် တစ်ဆယ့်ခုနစ်၊ ဆင် တောင်အရပ်

www.burmeseclassic.com

www.burmeseclassic.com


သောမဂြိုဟ်။

စနေ။ ဂြိုဟ်သက် ဆယ်နှစ်၊ နဂါး အနောက်တောင်အရပ်၊ ပါပဂြိုဟ်။

ကြာသပတေး။ ဂြိုဟ်သက် တစ်ဆယ့်ကိုး. ကြွက်အနောက် အရပ်၊ သောမဂြိုဟ်။

ရာဟု။ ဂြိုဟ်သက် တစ်ဆယ့်နှစ်နှစ်၊ ဟိုင်းဆင် အနောက် မြောက်အရပ်၊ ပါပဂြိုဟ်။

သောကြာ။ ဂြိုဟ်သက် နှစ်ဆယ့်တစ်နှစ်၊ ပူး မြောက် အရပ်၊ သောမဂြိုဟ်။

## ဂြိုဟ်အဆင်းအရောင်

တနင်္ဂနွေဂြိုဟ်။ အနီ၊ အညို၊ အနီ ရောသော အဆင်း အ။ အာ။ ဣ။ ဤ။ ဥ။ ဦ။ ဧ။ ဩ။ ဂဠုန်လူမျိုး။

တနင်္လာဂြိုဟ်။ အဖြူ၊ အဝါ၊ အဖြူရောသော အဆင်း။ က။ ခ။ ဂ။ ဃ။ ရှမ်းလူမျိုး။

အင်္ဂါဂြိုဟ်။ အနီ၊ အဖြူ၊ အနီရောသောအဆင်း။ စ။ ဆ။ ဇ။ ဈ။ ည။ တလိုင်းလူမျိုး။

ဗုဒ္ဓဟူးဂြိုဟ်။ အစိမ်း၊ အညို၊ အစိမ်းရောသောအဆင်း။ လ။ ဝ။ ယ။ ကဒူးလူမျိုး။

စနေဂြိုဟ်။ မည်းသောအဆင်း။ ဋ။ ဌ။ ဍ။ ဎ။ ဏ။ တ။ ထ။ ဒ။ ဓ။ န။ ကုလားလူမျိုး။

ကြာသပတေးဂြိုဟ်။ အဝါ၊ အနက်၊ အဖြူ ရောသောအဆင်း။ ပ။ ဖ။ ဗ။ ဘ။ မ။ မြန်မာလူမျိုး။

သောကြာဂြိုဟ်။ အဖြူ၊ အဖြူပြောက်ကျားသောအဆင်း။ သ။ ဟ။ ကသဲလူမျိုး။

www.burmeseclassic.com

www.burmeseclassic.com


## အိမ်ထောင်ဘက်ရွေးဖို့

အိမ်ထောင်ဘက်။ ဦး။ သာ။ စိန်။ ပန်း။ ဒန်း။ လှ။ ကို။ ရှာ။ အိမ်ထောင်ဘက် ကောင်းသည်။ အသက်ရှည်မည်။ ချမ်းသာမည်။

အိမ်ထောင်ရန်ဘက်။ မွေ။ သောက။ အင်းဝ။ ရာဇ။ အိမ်ထောင်ဘက်မကောင်း။ အရှည်မမြဲ။ ကွဲမည်။

ဓာတ်ဘက်။ အန္တော။ ဂမ္ဘော။ စရေ။ ဝံသေ။ ဓာတ်အလိုက် တွဲရန်ဓာတ်ဘက်။

ဓာတ်ရန်။ ဦးဝေ။ စံကူ။ ရေဘူ။ တောသူ။ ဓာတ်အလိုတွဲ ရန်။

မိတ်ဘက်။ အောင်ပင်၊ ကုလား၊ ဆွေသား၊ နောင်ရင်းမိတ် ဘက်။

မိတ်ဘက်။ ဦးညို။ ခေမာ၊ သုတာ။ ဝေရီ၊ ရန်ဘက်သက်သက် ရန်ဂြိုဟ်မကောင်း။

လက်ဝဲလက်ယာဂြိုဟ်။ အထွန်းရာဇ။ ဂြိုဟ်လက်ယာ၊ လှ သောဖော်ကွဲ ဂြိုဟ်လက်ဝဲ။

ယောက်ျားဂြိုဟ်၊ မိန်းဂြိုဟ်၊ လောင်းအံ့မြင်း။ ဂြိုဟ်ယောက်ျား။ ရွှေခါးသီးထ။ ဂြိုဟ်မိန်းမ။

## ဂြိုဟ်တို့သဘော

အဝတ်အစားဂြိုဟ်။ တနင်္ဂနွေ အံ့ပေါ်ရုံ အဝတ်ကြမ်း။ တနင်္လာ အဝတ်အစားအသစ်၊ အင်္ဂါမီးလောင်ပေါက်ပါသောအဝတ်အစား၊ ဗုဒ္ဓဟူး ရေစိုအဝတ်၊ စိုထိုင်းထိုင်းအဝတ်၊ ဖွပ်ပြီးအဝတ်။ ကြာသပတေး တံစ် ပတ်ရစ်အဝတ်၊ သောကြာ ခိုင်ခံ့သောအဝတ်။ စနေ ဟောင်းနွမ်း ဆွေးမြေ့သောအဝတ်၊ စုတ်ပြတ်နေသောအဝတ်၊ မည်းနက်စုတ်ပြတ် သောအဝတ်။

ဓာတ်သတ္တုဂြိုဟ်။ တနင်္ဂနွေကြေးနီ။ တနင်္လာကျောက်နှင့် ပတ္တမြား။ အင်္ဂါရွှေ၊ ဗုဒ္ဓဟူး ကြေးဝါ မိုးကြိုး၊ စီခြယ်သောကျောက်။

www.burmeseclassic.com

www.burmeseclassic.com


ကြာသပတေး ငွေ။ သောကြာပုလဲ။ စနေ သံခဲနက်။

မင်းမိဖုရားဂြိုဟ်။ တနင်္ဂနွေမင်း။ တနင်္လာမင်းမိဖုရား အင်္ဂါ အမတ်။ စစ်သူကြီး။ ဗုဒ္ဓဟူးအိမ်ရှေ့မင်း။ ကြာသပတေးသောကြာ မင်းတိုင်ပင်ပညာရှိအမတ်။ စနေ မင်းစေ။ အစေအပါး။

ကျွန်ဂြိုဟ် အရှင်ဂြိုဟ်။ အစတွင်ရောင်း။ ကျွန်ဂြိုဟ်။ ကြိုင် လှောင်မြဲသို့။ အရှင်ဂြိုဟ်။

နဂိုရ်ယာယီ။ ကျော်စံသိန်းရှိ၊ ဂြိုဟ်ယာယီ။ ယာယီဂြိုဟ် မိနီလေ။ နဂိုရ်ကျ။ နဂိုရ်ဂြိုဟ်။

မိဂြိုဟ်,ဘဂြိုဟ်။ တနင်္ဂနွေ အဘ။ တနင်္လာအမိ။ အင်္ဂါ ကျေးကျွန်။ ဗုဒ္ဓဟူးသားသမီး။ ကြာသပတေးဆရာ။ သောကြာမယား။ စနေဘိုးဘေး။ ရာဟုတိရစ္ဆာန်။

ဂြိုဟ်ဝင် ဂြိုဟ်ထွက် အကျိုးအပြစ်အောင်စံအဝင်။ သားဘင် အလယ်။ ထွန်းကြွယ်အတွက် ရွှေဝစက်မှာ ခပ်သိမ်းသာ။

## ဂြိုဟ်အစိုးရသောအရပ်

ဂြိုဟ်အစိုးရသောအရပ်။ တနင်္ဂနွေဂြိုဟ် အရှေ့အရပ်ကို အစိုးရသည်။ တနင်္လာဂြိုဟ်သည် အနောက်မြောက်အရပ်ကို အစိုးရ သည်။ အင်္ဂါဂြိုဟ်သည် တောင်အရပ်ကို အစိုးရသည်။

ဗုဒ္ဓဟူးဂြိုဟ်သည် မြောက်အရပ်၊ စနေဂြိုဟ်သည် အနောက် အရပ်၊ ကြာသပတေးဂြိုဟ်သည် အရှေ့မြောက်အရပ်ကို အစိုးရသည်။ ရာဟုဂြိုဟ်သည် အနောက်အရပ်။ သောကြာဂြိုဟ်သည် အရှေ့တောင် အရပ်ကို အစိုးရသည်။

## နေ့အလို တျက်သရေနေပုံ

တနင်္ဂနွေနေ့ ကျက်သရေ ဦးခေါင်းမှာနေသည်။ ဦးခေါင်းကို သန့်ရှင်းစွာအောင် ပြုပြင်ထားကြ ကျက်သရေတည်မည်။

www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနေ့ ကျက်သရေ ပခုံးမှာနေသည်။ ပခုံးကို နံ့သာဆီ မွှေး အနံ့ပေး။

အင်္ဂါနေ့ကျက်သရေ ကျောကုန်းမှာနေသည်။ ကျောကုန်းကို လှူမြင်ရင် ကျက်သရေရှိဖို့ ပြုပြင်ကြ။

ဗုဒ္ဓဟူးနေ့ ကျက်သရေ နှာခေါင်းမှာနေသည်။ နှာခေါင်းကို အမွှေးနံ့ပေးကြ။

ကြာသပတေးနေ့ ကျက်သရေ လက်ရုံးမှာနေသည်။ လက်ရုံး ကို သန့်ရှင်းအောင် ထားကြ။

သောကြာနေ့ ကျက်သရေ ကျခြေမှာနေသည်။ ကျခြေကို စောင့်ထိန်းကြ။

စနေနေ့ကျက်သရေ တစ်ကိုယ်လုံးမှာ နေသည်။ တစ်ကိုယ် လုံး မင်္ဂလာကျက်သရေတည်ရန် သန့်သန့်ပြန့်ပြန့်ပြုပြင်၍ ကောင်းမွန် စွာ နေထိုင် ကျက်သရေမင်္ဂလာဖြစ်မယ်။

## လဘ်နေ နတ်နေရွေးဖို့

နတ်နေရွေးဖို့ အုန်း၊ သီး၊ ဆက်၊ လာထောင်ကရွာမှာ စနေထောင့်က လက်ယာပတ်ချ။

လာဘ်နေရွေးဖို့ ဦး၊ သာ၊ လှ၊ ရွှာ၊ နုစ်၊ ကြာ၊ စိတ်၊ ပျော်၊ တနင်္ဂနွေထောင့်က လက်ဝဲချ။

စက်နေရွေးဖို့ စ၊ လင်း၊ မြို့၊ သာ၊ ကျောင်း၊ တည်၊ ရာ၊ ဈေး၊ တနင်္ဂနွေထောင့်က လက်ဝဲချ။

နံ့စီလာရွေးဖို့ အင်း၊ ဝ၊ ရှင်၊ ကြီး၊ ထန်း၊ သီး၊ စုတ်၊ ဖတ်၊ ရာဟုထောင့်က လက်ဝဲချ။

လေးမျက်နှာ နတ်နေအရှေ့ခိုနန်း၊ နောက်ခန်းအိုင်သာ၊ မြောက်မှာလမ်းစ၊ တောင်မှာပ၊ ရှောင်ကြဝေးဝေးကွာ။

စကားမမှန် အမှန်ယူဖို့ ကာမသားစကားမမှန်၊ အုတ်ရစ်ပ ထား အမှန်စကား။

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ကောင်း၊ မဝယ်ကောင်း လွမ်းဘုံ၊ သာ၊ ဝယ်၊ ပါ။ ကျော်၊ အောင်၊ စံနှောင်၊ မဝယ်ကောင်း။

ရေချိုးရ မချိုးရ ငါ့သားရွှေတောင် ရော်ကိုရှောင်။ မောင်စံအို၊ ရော်ကိုချိုး။

လက်သည်းမလှီးရ အို၊ ကြင်၊ ယာ၊ မှန်။ သွေးလက်သည်းလှီးရဆော။ တန်၊ လက်၊ မှားဖြတ်ပါ။

## ဝါရမိတ္တု ရက်ငယ်တို့ရှောင်

ဝါရမိတ္တုရက်ငယ်မှာ အိမ်တက်ခြင်း၊ ထိမ်းမြားခြင်း၊ ခရီးဝေးသွားခြင်း၊ ကုန်အရောင်းအဝယ်ပြုခြင်းတို့ကို ရှောင်ကြ။

ဘယ်လမဆို လဆန်း လဆုတ် ၆-ရက်နေ့မှာ စနေဖြစ်ရင် ဝါရမိတ္တု ရက်ငယ်။

ဘယ်လမဆို လဆန်း လဆုတ် ၇-ရက်မှာ သောကြာဖြစ်ရင် ဝါရမိတ္တု ရက်ငယ်။

ဘယ်လမဆို လဆန်း လဆုတ် ၈-ရက်မှာ ကြာသပတေးဖြစ်ရင် ဝါရမိတ္တု ရက်ငယ်။

ဘယ်လမဆို လဆန်း လဆုတ် ၉-ရက်မှာ ဗုဒ္ဓဟူးဖြစ်ရင် ဝါရမိတ္တု ရက်ငယ်။

ဘယ်လမဆို လဆန်း လဆုတ် ၁၀-ရက်မှာ အင်္ဂါဖြစ်ရင် ဝါရမိတ္တု ရက်ငယ်။

ဘယ်လမဆို လဆန်း လဆုတ် ၁၁-ရက်မှာ တနင်္လာဖြစ်ရင် ဝါရမိတ္တု ရက်ငယ်။

ဘယ်လမဆို လဆန်း လဆုတ် ၁၂-ရက်မှာ တနင်္ဂနွေဖြစ်ရင် ဝါရမိတ္တု ရက်ငယ်။

## ဝါရမိတ္တု ရက်ကြီးတို့ရှောင်

ဝါရမိတ္တုရက်ကြီးကိုရှောင်ကြ။ ခရီးရပ်ဝေးသွားခြင်း၊ အိမ်

www.burmeseclassic.com

www.burmeseclassic.com



တက်ခြင်း၊ ထိမ်းမြားခြင်း၊ ကုန်အရောင်းအဝယ်ပြုခြင်းတို့ကို ရှောင်ကြ။

ဘယ်လမဆို လဆန်း လဆုတ် ၁–ရက်မှာ တနင်္ဂနွေဖြစ်ရင် ဝါရမိတ္တု ရက်ကြီး။

ဘယ်လမဆို လဆန်း လဆုတ် ၄–ရက်မှာ တနင်္လာဖြစ်ရင် ဝါရမိတ္တု ရက်ကြီး။

ဘယ်လမဆို လဆန်း လဆုတ် ၈–ရက်မှာ အင်္ဂါဖြစ်ရင် ဝါရမိတ္တု ရက်ကြီး။

ဘယ်လမဆို လဆန်း လဆုတ် ၉–ရက်မှာ ဗုဒ္ဓဟူးဖြစ်ရင် ဝါရမိတ္တု ရက်ကြီး။

ဘယ်လမဆို လဆန်း လဆုတ် ၆–ရက်မှာ ကြာသပတေး ဖြစ်ရင် ဝါရမိတ္တု ရက်ကြီး။

ဘယ်လမဆို လဆန်း လဆုတ် ၃–ရက်မှာ သောကြာဖြစ်ရင် ဝါရမိတ္တု ရက်ကြီး။

ဘယ်လမဆို လဆန်း လဆုတ်ရက်မှာ စနေဖြစ်ရင် ဝါရမိတ္တု ရက်ကြီး။

## မဟာရက်ကြမ်းတို့ရှောင်

မဟာရက်ကြမ်းခေါ် ရက်တံကျင်ကိုရှောင်ကြ။ ထိုရက်မှာ လှေနှင့် ခရီးသွားမယ်ဆိုရင် လှေနစ်မယ်။ တောတောင်ကို သွားမယ်ဆိုရင် ဘေးတွေ့မယ်။ ကျောင်းဆောက်မယ်၊ အိမ်ဆောက်မယ်ဆိုရင် ငွေကုန်ကြေးကျများမယ်။ ငွေမလောက်ဖြစ်မယ်။ တာနောရက်လည်း ခေါ်သည်။

ဝါဆိုလ၊ ဝါခေါင်လ၊ လဆန်းလဆုတ် ၁ ရက်ကို ရှောင်ကြ မဟာရက်ကြမ်း။

တော်သလင်းလ၊ သီတင်းကျွတ်လ၊ လဆန်းလဆုတ် ၂ ရက်ကို ရှောင်ကြ မဟာရက်ကြမ်း။

www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်မုန်းလ၊ နတ်တော်လ၊ လဆန်းလဆုတ် ၃ ရက်ကို ရှောင်ကြ မဟာရက်ကြမ်း။

ပြာသိုလ၊ တပို့တွဲလ၊ လဆန်းလဆုတ် ၄ ရက်ကိုရှောင်ကြ မဟာရက်ကြမ်း။

ကဆုန်လ၊ နယုန်လ၊ လဆန်းလဆုတ် ၆ ရက်ကိုရှောင်ကြ မဟာရက်ကြမ်း။

တပေါင်းလ၊ တန်ခူးလ၊ လဆန်းလဆုတ် ၅ ရက်ကို ရှောင်ကြ မဟာရက်ကြမ်း။

## အမြိတ္တစုတ်ရက်

အမြိတ္တစုတ်ရက်မှာ လက်ဖွဲ့ထိုးရင် အောင်မြင်မယ်။ ဆေးဖော်စပ်ရင် ဆေးစွမ်းထက်မယ်။ ဂါထာမန္တန်မန္တရား မန်းမှုတ်ရင် ပြီးစီးမယ်။

ဘယ်လမဆို လဆန်းလဆုတ် ၁ ရက်မှာ သောကြာဖြစ်ရင် အမြိတ္တစုတ်ရက်။

ဘယ်လမဆို လဆန်းလဆုတ် ၂ ရက်မှာ ဗုဒ္ဓဟူးဖြစ်ရင် အမြိတ္တစုတ်ရက်။

ဘယ်လမဆို လဆန်းလဆုတ် ၃ ရက်မှာ တနင်္လာဖြစ်ရင် အမြိတ္တစုတ်ရက်။

ဘယ်လမဆို လဆန်းလဆုတ် ၄ ရက်မှာ ကြာသပတေးဖြစ်ရင် အမြိတ္တစုတ်ရက်။

ဘယ်လမဆို လဆန်းလဆုတ် ၅ ရက်မှာ စနေဖြစ်ရင် အမြိတ္တစုတ်ရက်။

ဘယ်လမဆို လဆန်းလဆုတ် ၇ ရက်မှာ အင်္ဂါဖြစ်ရင် အမြိတ္တစုတ်ရက်။

ဘယ်လမဆို လဆန်းလဆုတ် ၈ ရက်မှာ တနင်္ဂနွေဖြစ်ရင်

www.burmeseclassic.com

www.burmeseclassic.com



အမြိတ္တစုတ်ရက်။

အချို့ကျမ်းတွင် လဆန်းလဆုတ် ၁ ရက်မှာ ဗုဒ္ဓဟူး သော ကြာဖြစ်ရင် အမြိတ္တစုတ်ရက် ဆိုသည်။

## ရှမ်းရက်တို့ရှောင်

ရှမ်းရက်မှာ အိမ်ဆောက်မယ်၊ အရောင်းအဝယ်ပြုမယ်ဆိုရင် မီးလောင်မယ်၊ ဆုံးရှုံးမယ်။ ပျက်စီးမယ်။

တန်ခူး၊ ကဆုန်လဆန်းလဆုတ် ၈ ရက်ကိုရှောင် ရှမ်းရက်။

နယုန်လ၊ ဝါဆိုလ၊ လဆန်းလဆုတ် ၂ရက်ကိုရှောင် ရှမ်းရက်။

ဝါခေါင်လမှာ လဆန်းလဆုတ် ၉ ရက်ရှောင် ရှမ်းရက်။

တော်သလင်းလ၊ သီတင်းကျွတ် လဆန်းလဆုတ် ၃ ရက်ကို ရှောင် ရှမ်းရက်။

တန်ဆောင်မုန်းလမှာ လဆန်းလဆုတ် ၅ ရက် ရှမ်းရက်။

နတ်တော်လမှာ လဆန်းလဆုတ် ၁ ရက် ရှမ်းရက်။ ရှောင်ကြ။

ပြာသိုလ၊ တပေါင်းလ၊ လဆန်းလဆုတ် ၄ ရက်ကိုရှောင်။ ရှမ်းရက်။

တပို့တွဲလမှာ လဆန်းလဆုတ် ၇ ရက်ကိုရှောင် ရှမ်းရက်။

## သမားညိုရက်တို့ရှောင်

သမားညိုရက်မှာ အိမ်ဆောက်ရင် မီးလောင်မယ်၊ ထိမ်းမြား မင်္ဂလာပြုရင် မှဆိုးမဖြစ်မယ်၊ ပညာသင်ရင် အပြီးမရောက်။

တန်ခူးလ၊ တနင်္ဂနွေ၊ စနေ၊ သမားညို။

ကဆုန်လ၊ တနင်္လာ၊ အင်္ဂါ၊ သမားညို။

နယုန်လ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သမားညို။

ဝါဆိုလ၊ သောကြာ၊ စနေ၊ သမားညို။

www.burmeseclassic.com

www.burmeseclassic.com



ဝါခေါင်လ၊ တနင်္ဂနွေ၊ တနင်္လာ၊ သမားညို။
တော်သလင်းလ၊ ကြာသပတေး၊ သောကြာ၊ သမားညို။
သီတင်းကျွတ်လ၊ ကြာသပတေး၊ သောကြာ၊ သမားညို။
တန်ဆောင်မုန်းလ၊ စနေ၊ တနင်္ဂနွေ၊ သမားညို။
နတ်တော်လ၊ စနေ၊ တနင်္ဂနွေ၊ သမားညို။
ပြာသိုလ၊ တနင်္ဂနွေ၊ တနင်္လာ၊ သမားညို။
တပို့တွဲလ၊ အင်္ဂါ၊ ရာဟု၊ သမားညို။
တပေါင်းလ၊ ကြာသပတေး၊ သောကြာ၊ သမားညို။

အနူ၊ ချူစ်၊ လက်ပံ၊ သတင်း၊ အင်ကြင်း၊ ဆူးလေ၊ သပြေ၊ အနမ်း၊ အုန်းထန်း၊ အကုန်၊ စုရုံ၊ ပုံသည် ရှောင်ကြသမားညို တစ်လ နှစ်ရက်ဆို။

## သမားဖြူရက်ကိုဇရှောင်

သမားဖြူရက်မှာ အိမ်ဆောက်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ထိမ်းမြားခြင်း၊ ကုန်အရောင်းအဝယ်ပြုခြင်း၊ အတတ်ပညာသင်ခြင်းတို့ကို မလုပ်ကောင်း။ ပြုခဲ့သော် မီးလောင်ခြင်း၊ ဆုံးရှုံးခြင်း၊ မှုဆိုးမဖြစ်ခြင်း၊ အတတ်ပညာအဆုံးအမရောက်ခြင်းတို့ဖြစ်မည်။

ဘယ်လမဆို လဆန်း လဆုတ် ၁ ရက်မှာ စနေ တနင်္ဂနွေဖြစ်ရင် သမားဖြူ။

ဘယ်လမဆို လဆန်း လဆုတ် ၂ ရက်မှာ တနင်္ဂနွေဖြစ်ရင် သမားဖြူ။

ဘယ်လမဆို လဆန်း လဆုတ် ၃ ရက်မှာ တနင်္လာ၊ သောကြာ ဖြစ်ရင် သမားဖြူ။

ဘယ်လမဆို လဆန်း လဆုတ် ၄ ရက် ကြာသပတေး ဖြစ်ရင် သမားဖြူ။

ဘယ်လမဆို လဆန်း လဆုတ် ၅ ရက်မှာ ဗုဒ္ဓဟူးဖြစ်ရင် သမားဖြူ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လမဆို လဆန်း လဆုတ် ၆ ရက်မှာ တနင်္လာ အင်္ဂါ ဖြစ်ရင် သမားဖျူ။

ဘယ်လမဆို လဆန်း လဆုတ် ၇ ရက်မှာ သောကြာဖြစ်ရင် သမားဖျူ။

## ကိန္နယုတ်တိုရှောင်

လဆန်း ၂ ရက် တောမှာ ကိန္နယုတ်၊ တောမှာ သစ်မခုတ်ကောင်း။ လဆန်း ၄ ရက် ကောင်မှာ ကိန္နယုတ်၊ တောင်မတက်ကောင်း။

လဆန်း ၈ ရက် ဥယျာဉ်မှာ ကိန္နယုတ်၊ ဥယျာဉ်မှာ သစ်ပင်မစိုက်ကောင်း။ လဆန်း ၁၀ ရက် မြစ်မှာကိန္နယုတ်၊ မြစ်ကိုဆင်းပြီး ရေမကူးကောင်း။

လဆန်း ၁၂ ရက် မိန်းမမှာ ကိန္နယုတ်၊ မိန်းမသို့ မသွားမလာကောင်း။ လဆန်း ၁၄ ရက် အမှုကိစ္စမှာ ကိန္နယုတ်၊ မင်္ဂလာအမှုကိစ္စ မပြုကောင်း။

လဆန်း ၃ ရက် လက်ယာမှာ ကိန္နယုတ်၊ လယ်ယာစိုက်ပျိုးခြင်း၊ ရိတ်ဖြတ်ခြင်းရှောင်။

လဆုတ် ၇ ရက်မှာ မင်းမှာ ကိန္နယုတ်၊ မင်းထံမသွားနှင့်။

လဆုတ် ၉ ရက် မြေမှာ ကိန္နယုတ်၊ မြေကြီးကို မတူးမဆွကောင်း။

လဆုတ် ၁၃ ရက် အမှုကိစ္စမှာ ကိန္နယုတ် မင်္ဂလာကိစ္စမပြုကောင်း။

## ရက်ရာဇာ ပြဿဒါး နဝါးလှည့်

ရက်ရာဇာ– တန်ခူးသာကျော်၊ ထွန်းပေါ်ကဆုန်၊ နယုန်ညွန့်စ၊ အောင်လှ ဝါဆို၊ သာလိုဝါခေါင်၊ မြတောင် တော်သလင်း၊ သီတင်းကျွတ်ဆီ၊ သောရီ တန်ဆောင်မုန်း ချမ်းတုန်းနတ်တော် မိနော်

www.burmeseclassic.com


ပြာသို၊ မိဿုံတပို့တွဲ၊ ထဲဝင်တပေါင်း၊ သာမြဲတပေါင်းလည်း ရှိသည်။

ပြဿဒါး- တမား၊ သက်ရင်း၊ အင်ကြင်း၊ ဆူရစ်လေးလဖြစ်။ တန်ခူးလမှာ စနေ၊ ကြာသပတေး၊ ကဆုန်လမှာ သောကြာ ရာဟု။ နယုန်လမှာ တနင်္ဂနွေ၊ တနင်္လာ။ ဝါဆိုလမှာ အင်္ဂါရာဟု။ ကျန်လများလည်း ဤအတိုင်းယူ။

နဂါးလှည့်- တပေါင်း၊ တန်ခူး၊ ကဆုန် နဂါးဦးခေါင်း အနောက်လှည့်၊ အရှေ့-အမြီး၊ ဝမ်း-တောင်၊ ကျော-မြောက်။ နယုန်၊ ဝါဆို၊ ဝါခေါင် နဂါးဦးခေါင်းမြောက်လှည့်၊ အမြီး-တောင်၊ ဝမ်း-အနောက်၊ ကျော-အရှေ့။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နဂါးဦးခေါင်း အရှေ့လှည့်၊ အမြီး-နောက်၊ ဝမ်း-မြောက်၊ ကျော-တောင်။ နတ်တော်၊ ပြာသို၊ တပို့တွဲ နဂါးဦးခေါင်း တောင်လှည့်၊ အမြီး-မြောက်၊ ဝမ်း-အရှေ့၊ ကျော-အနောက်။

## ရတ်ယုတ်မာတိုရှောင်

ရက်ယုတ်မာကိုရှောင်။ ထိမ်းမြားမင်္ဂလာပြုရင် တကွဲတပြား စီ နေရမယ်။ အိမ်ဆောက်ရင် မီးလောင်မယ်။ ခရီးဝေးသွားရင် ရက်ကြာမယ်။

တန်ခူးလ၊ ဝါဆိုလ၊ လဆန်း လဆုတ် ၆ ရက်ကိုရှောင် ရက်ယုတ်မာ။

ကဆုန်လ၊ တပို့တွဲ လဆန်း လဆုတ် ၄ ရက်ကိုရှောင် ရက်ယုတ်မာ။

နယုန်လ၊ တော်သလင်းလဆန်း လဆုတ် ၈ ရက်ကိုရှောင် ရက်ယုတ်မာ။

ဝါခေါင်လ၊ တန်ဆောင်မုန်း လဆန်း လဆုတ် ၁၀ ရက်ကို ရှောင် ရက်ယုတ်မာ။

သီတင်းကျွတ်လ၊ ပြာသိုလ လဆန်း လဆုတ် ၁၂ ရက်ကို ရှောင် ရက်ယုတ်မာ။

www.burmeseclassic.com

www.burmeseclassic.com


နတ်တော်လ၊ တပေါင်းလ လဆန်း လဆုတ် ၂ ရက်ကိုရှောင် ရက်ယုတ်မာ။

## ရသေ့စောင့်တိန်းတိုရှောင်

ထိုရက်မှာ မင်္ဂလာအမှုကိစ္စ မပြုလုပ်ကောင်း၊ အိမ်ကျောင်း မဆောက်ကောင်း၊ ဆင်စီးမြင်းစီး မလုပ်ကောင်း၊ ခရီးရပ်ဝေး မသွားကောင်း။

တန်ခူးလ၊ ဝါခေါင်လ၊ နတ်တော်လ ထိုလများတွင် လဆန်း လဆုတ် ၈ ရက်ကိုရှောင်ကြ။

ကဆုန်လ၊ တော်သလင်းလ၊ ပြာသိုလ ထိုလများတွင် လဆန်းလဆုတ် ၈ ရက်ကို ရှောင်ကြ။

နယုန်လ၊ သီတင်းကျွတ်လ၊ တပို့တွဲလ ထိုလများတွင် လဆန်း လဆုတ် ၉ ရက်ကို ရှောင်ကြ။

ဝါဆိုလ၊ တန်ဆောင်မုန်းလ၊ တပေါင်းလ ထိုလများတွင် လဆန်း လဆုတ် ၁၀ ရက်ကို ရှောင်ကြ။

## လ ဓာတ်သင့်နေ့ရှောင်

တန်ခူးလ၊ ဝါခေါင်လ၊ နတ်တော်လ ကြာသပတေး၊ စနေကိုရှောင်ကြ။

ကဆုန်လ၊ တော်သလင်းလ၊ ပြာသိုလ တနင်္ဂနွေ၊ တနင်္လာ ကို ရှောင်ကြ။

နယုန်လ၊ သီတင်းကျွတ်လ၊ တပို့တွဲသောကြာ၊ ဗုဒ္ဓဟူးကို ရှောင်ကြ။

ဝါဆိုလ၊ တန်ဆောင်မုန်းလ။ တပေါင်းလ အင်္ဂါ ရာဟုကို ရှောင်ကြ။

www.burmeseclassic.com

www.burmeseclassic.com



## နဂါးခေါင်းရက်တို့ရှောင်

တနင်္ဂနွေ ဆန်းသောလမှာ လဆန်း ၂ ရက်၊ ၃ ရက်၊ ၅ ရက်၊ လဆုတ် ၉ ရက် နဂါးပေါ်။

တနင်္လာ ဆန်းသောလမှာ လဆန်း ၁၀ ရက်၊ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်၊ လဆုတ် ၁၀ ရက် မြေစောင့်နဂါးပေါ်။

အင်္ဂါဆန်းသောလမှာ လဆန်း ၉ ရက်၊ လဆုတ် ၂ ရက် လကွယ်နေ့မှာ နဂါးပေါ်။

ဗုဒ္ဓဟူး ဆန်းသောလမှာ လဆန်း ၅ ရက်၊ လဆုတ် ၇ ရက် လကွယ်နေ့ နဂါးပေါ်။

ကြာသပတေး ဆန်းသောလမှာ လဆန်း ၈ ရက်၊ လဆုတ် ၆ ရက်၊ ၉ ရက် နဂါးပေါ်။

သောကြာ ဆန်းသောလမှာ လဆန်း ၄ ရက်။ လဆုတ် ၃ ရက်၊ ၁၀ ရက် နဂါးပေါ်။

စနေ ဆန်းသောလမှာ လဆန်း ၉ ရက်၊ လဆုတ် ၉ ရက် မြေစောင့်နဂါးပေါ်သည်။

## မြေနဂါး အစာစားပုံ

နဂါးပေါ်သော ရက်မှာလဲကွဲသွေးထွက် သွေးယိုသော် မြေစောင့်နဂါး ဖမ်းစားတတ်သည်။ ဖမ်းစားသော် တုန်ခြင်း ကိုက်ခဲခြင်း ဖြစ်မည်။ ထိုသို့ဖြစ်သော် လူရုပ်၊ ခင်ပုတ်ရုပ်၊ ဖားရုပ် ပြုပြီးသော် အမဲဖုတ်၊ ငါးဖုတ်၊ သပြေညွန့်၊ သူနာဆံဖျား၊ ခြေသည်းလက်သည်း ဖြတ်ယူ၊ သပြေသားကို လူနာအတောင်နှင့် တစ်ထောင်တိုင်းဖြတ်၊ ခေါပက်လက်မှာ အားလုံးထည့်၊ လူနာအတောင်နှင့် တစ်တောင်ပြည့်အောင် တွင်းတူး၊ ခေါကို တွင်းတွင် ထည့်ပြီးလျှင် မန္တန်နှင့် ခုနစ်အုပ်မန်း (ဦး–နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီး အစိုးရသော ဘုမ္မစိုး ယက္ခမြေစောင့်ဘီလူးကို ဆုံးမတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(ဥပမာ–ဘုဌာဟိ ဘုဌာဟိ၊ ညောင်တိတ်တိတ်) ထိုမန္တန်နှင့် ခုနစ်အုပ်မန်း ပြီးလျှင် အထက်မြေကို အောက်ကထား၊ အောက်မြေကို အထက်ထား ပြီးဖို့၊ ခြေနှင့်သုံးချက်သိပ်၊ ရေတာစ်မှတ်လက်ပြန်လောင်း၍ လှည့်မကြည့်ဘဲ စိုက်စိုက်လာလေ၊ မြေနှင့်စပ်သော အနာတို့ကို ဤနည်းနှင့်စီရင်သော် လွတ်ကင်းချမ်းသာ ပျောက်နေကျ ဒိဋ္ဌဖြစ်သည်။

## နေ့တို့ အမြစ် အညွန့်

တနင်္ဂနွေ သားသမီးတို့၏ အမြစ်မှာ စနေ၊ အညွန့် တနင်္လာ ဖြစ်သည်။

တနင်္လာ သားသမီးတို့မှာ အမြစ်တနင်္ဂနွေ၊ အညွန့်အင်္ဂါဖြစ်သည်။

အင်္ဂါ သားသမီးတို့မှာ အမြစ် တနင်္လာ၊ အညွန့် ဗုဒ္ဓဟူး ဖြစ်သည်။

ဗုဒ္ဓဟူး သားသမီးတို့မှာ အမြစ်အင်္ဂါ၊ အညွန့်ကြာသပတေး ဖြစ်သည်။

ကြာသပတေး သားသမီးတို့မှာ အမြစ် ဗုဒ္ဓဟူး၊ အညွန့် သောကြာဖြစ်သည်။

သောကြာ သားသမီးတို့မှာ အမြစ်ကြာသပတေး၊ အညွန့် စနေ ဖြစ်သည်။

စနေ သားသမီးတို့မှာ အမြစ် သောကြာ၊ အညွန့် တနင်္ဂနွေ ဖြစ်သည်။

## ခုနစ်ရက်သားတို့ နေရန်

တနင်္ဂနွေ၊ တနင်္လာသားသမီးတို့ကို ဆင်းရဲလျှင် ကုန်းမြင့်မြေထိပ် အရပ်ကနေ။

အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေသားသမီးတို့ ဆင်းရဲလျှင် မြစ်ချောင်းအနီးမှာနေ။

www.burmeseclassic.com

www.burmeseclassic.com



## စပါးကျီသွင်း အကျိုးအပြစ်

တနင်္ဂနွေနေ့ စပါးကို ကျီသွင်းသော် အလိုဆန္ဒပြည့်ဝ၏။

တနင်္လာနေ့ စပါးကို ကျီသွင်းသော် ပျက်စီးဆုတ်ယုတ်၏။

အင်္ဂါနေ့ စပါးကို ကျီသွင်းသော် စုတ်လာဘ်ရ၏။

ဗုဒ္ဓဟူးနေ့ စပါးကိုကျီသွင်းသော် အကြံအစည် အထမြောက် အောင်မြင်၏။

ကြာသပတေးနေ့ စပါးကို ကျီသွင်းသော် အကျိုးစီးပွား ဆုတ်ယုတ်၏။

သောကြာနေ့ စပါးကို ကျီသွင်းသော် အကျိုးစီးပွားများ၏။

စနေနေ့ စပါးကို ကျီသွင်းသော် ပျက်စီးဆုတ်ယုတ်၏။

## ဖိခနောက် လုပ်နည်း

ထမင်းဟင်းချက်သော ဖိုခနောက်ကို အငယ်ဆုံး လုံးပတ် လေးသစ်၊ အကြီးဆုံးလုံးပတ် သုံးထွာ၊ အမြင့်တစ်ထွာပြု အလွန် အယုတ် မလုပ်ကောင်း။

## တိုင်ပင် နှီးနှောရန် စနေ့သား

တနင်္ဂနွေ သားသမီးတို့မှာ ဗုဒ္ဓဟူးသားသမီးတို့နှင့် တိုင်ပင် နှီးနှောရမည်။

တနင်္လာ သားသမီးတို့မှာ ကြာသပတေး သားသမီးတို့နှင့် တိုင်ပင်နှီးနှောရမည်။

အင်္ဂါသားသမီးတို့မှာ သောကြာသားသမီးတို့နှင့် တိုင်ပင် နှီးနှောရမည်။

ဗုဒ္ဓဟူးသားသမီးတို့မှာ စနေသားသမီးတို့နှင့် တိုင်ပင် နှီးနှော ရမည်။

ကြာသပတေး သားသမီးတို့မှာ တနင်္ဂနွေ သားသမီးတို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်နှီးနှောရမည်။

သောကြာ သားသမီးတို့မှာ တနင်္လာ သားသမီးတို့နှင့် တိုင်ပင်နှီးနှောရမည်။

## လက်သည်းလှီးအပ်သောနေ့

တနင်္လာနေ့ လက်သည်းလှီးရင် အနာကင်းမယ်၊ အသက်ရှည်မယ်။

အင်္ဂါနေ့ လက်သည်းလှီးရင် စိတ်ချမ်းသာမယ်။ အနာကင်းမယ်။

စနေနေ့ လက်သည်းလှီးရင် အလိုပြည့်မယ်။

## မလှူကောင်းသောအရပ်

တနင်္ဂနွေ၊ စနေ သားသမီးတို့မှာ အနောက်မြောက်အရပ် အလှူမပေးကောင်း။

တနင်္လာ ကြာသပတေး သားသမီးတို့မှာ အရှေ့မြောက်အရပ်မှာ အလှူမပေးကောင်း။

အင်္ဂါ၊ ရာဟု သားသမီးတို့မှာ အရှေ့တောင်အရပ်မှာ အလှူမပေးကောင်း။

ဗုဒ္ဓဟူး၊ သောကြာ သားသမီးတို့မှာ အနောက်တောင်အရပ်မှာ အလှူမပေးကောင်း။ ရှောင်ရမည်။

မလိုက်နာလျှင် ခွက်ဆွဲပြီး တောင်းစားရသောအဖြစ်ကို ရောက်မည်ဟု ကျမ်းကဆိုသည်။

## ခေါင်းအုံး ဓမ္မရာ ချုပ်ရန်

ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့ နက္ခတ်တစ်လုံး ဆယ့်သုံးလုံး၊ ဆယ့်လေးလုံး၊ ဆယ့်နှစ်လုံး၊ တစ်ဆယ့်ရှစ်လုံး၊ ဆယ့်

www.burmeseclassic.com



ခုနှစ်လုံး။ ဆယ့်ကိုးလုံး ထိုနက္ခတ်တို့နှင့် ကြုံကြိုက်သောအခါ ခေါင်းအုံး မွေ့ရာတို့ကို ချပ်ရမည်။

## စောင်းစားဖို့ ယတြာပြုနည်း

တနင်္ဂနွေ သားသမီး ကောင်းစားလိုလျှင် အိမ်မြောက်ဘက်က သဲပုံပြု။

တနင်္လာသားသမီး ကောင်းစားလိုလျှင် အရှေ့မြောက်အောက်က ဘုရားတည်။

အင်္ဂါသားသမီး ကောင်းစားလိုလျှင် အရှေ့အရပ်က တံခွန်စိုက်။

ဗုဒ္ဓဟူးသားသမီး ကောင်းစားလိုလျှင် အရှေ့တောင်က ရေ့တံတားပြု။

ကြာသပတေးသားသမီး ကောင်းစားလိုလျှင် အနောက်တောင်က ဇရပ်ပြု။

သောကြာ သားသမီးကောင်းစားလိုလျှင် အနောက်မြောက်က တန်ဆောင်းပြု။

စနေသားသမီး ကောင်းစားလိုလျှင် တောင်အရပ်က တံခွန်စိုက်။

## ဆီလိမ်းအပ်သောနေ့

တနင်္လာနေ့ ဆီလိမ်းရင် အဆင်းလှသည်။ ဗုဒ္ဓဟူးနေ့ ဆီလိမ်း ကျက်သရေရှိသည်။ သောကြာနေ့ ဆီလိမ်းရင် လာဘ်ရသည်။

စနေနေ့ ဆီလိမ်းရင် အမှုခပ်သိမ်း အောင်။ အခြားနေ့များ မကောင်း။

## ခရီးသွားရင် ယတြာပြု

နတ်၊ စက်၊ ပြဒါး ရက်ခိုက်မလွှတ်ရင် ယတြာပြုပြီး ခရီး

www.burmeseclassic.com

www.burmeseclassic.com



ဝေးသွားကြ။

တနင်္ဂနွေ ဆိုရင် ထိပ်မှာ 'အ' ရေးပြီးသွား။
တနင်္လာနေ့ဆိုရင် နဖူးမှာ 'က' ရေးပြီးသွား။
အင်္ဂါနေ့ဆိုရင် မျက်လုံးမှာ 'ဆ' ရေးပြီးသွား။
ဗုဒ္ဓဟူးနေ့ဆိုလျှင် လျှာမှာ 'ရ' ရေးပြီးသွား။
ကြာသပတေးနေ့ဆိုရင် ညှပ်ရိုးမှာ 'ပ' ရေးပြီးသွား။
သောကြာနေ့ဆိုရင် ရင်မှာ 'သ' ရေးပြီးသွား။
စနေနေ့မှာဆိုရင် ချက်မှာ 'တ' ရေးပြီးသွား။

## နေ့ခင်းတစ်မျိုး ယတြာပြု

တနင်္ဂနွေဆိုရင် လက်ကို နှံသာလူးပြီးသွား။
တနင်္လာဆိုရင် သစ်ပင်ကြီးကို ရှိခိုးပြီးသွား။
အင်္ဂါဆိုရင် ဆောင့်ကြောင့်ထိုင်ပြီးသွား။
ဗုဒ္ဓဟူးဆိုရင် လက်ကို ထုံးသုတ်ပြီးသွား။
ကြာသပတေးဆိုရင် အရှေ့ကို ရှိခိုးပြီးသွား။
သောကြာဆိုရင် နောက်ပြန်ကြည့် အော်သွား။
စနေဆိုရင် အထက်စူဠာမဏိ ပုထိုးတော် ရှိခိုးသွားကြ။

## ချမ်းသာတြိရန်း ဘုရား

လာဘ် ပေါများလိုလျှင် တြိရန်း ဘုရားကို ကိုးကွယ်ကြ။ လာဘ်ဝင်လိမ့်မည်။

တနင်္ဂနွေသားသမီးဆိုရင် ညောင်သားကို ဘုရားထုပြီး ကိုးကွယ်ကြ။

တနင်္လာ သားသမီးဆိုရင် လင်းလွန်းသားကို ဘုရားထုပြီး ကိုးကွယ်ကြ။

အင်္ဂါသားသမီးဆိုရင် ပေါက်သားကို ဘုရားထုပြီး ကိုးကွယ်ကြ။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးသားသမီးဆိုရင် သီးသားကို ဘုရားကို ကိုးကွယ်ကြ။

ကြာသပတေးသားသမီးဆိုရင် ထိန်သားကို ဘုရားထုပြီး ကိုးကွယ်ကြ။

သောကြာသားသမီးဆိုရင် အင်သားကို ဘုရားထုပြီး ကိုးကွယ်ကြ။

စနေသားသမီးဆိုရင် ကျွန်းသားကို ဘုရားထုပြီး ကိုးကွယ်ကြ။ လာဘ်ဝင်မယ်။ လာဘ်ပေါ်များမယ်။

## အသက်ရှည် နံသင့်ဘုရား

နေ့သင့် နံသင့် သစ်သားကို ဘုရားထုပြီး ကိုးကွယ်ကြ။ အသက်ရှည်မယ်၊ ရောဂါကင်းမယ်။

တနင်္ဂနွေသားသမီးဆိုရင် အင်သားကို ဘုရားထုပြီး ကိုးကွယ်ကြ။

တနင်္လာသားသမီးဆိုရင် ကံ့ကော်သားကို ဘုရားထုပြီး ကိုးကွယ်ကြ။

အင်္ဂါသားသမီးဆိုရင် ညောင်သားကို ဘုရားထုပြီး ကိုးကွယ်ကြ၊

ဗုဒ္ဓဟူးသားသမီးဆိုရင် လွန်သား လင်းလွန်းသားကို ဘုရားထုပြီး ကိုးကွယ်ကြ။

ကြာသပတေးသားသမီးဆိုရင် ပေါက်သားကို ဘုရားထုပြီး ကိုးကွယ်ကြ။

သောကြာ သားသမီးဆိုရင် သီးသားကို ဘုရားထုပြီး ကိုးကွယ်ကြ။

စနေသားသမီးဆိုရင် ထိန်သားကို ဘုရားထုပြီး ကိုးကွယ်။ အသက်ရှည်မယ်။ ရောဂါကင်းမယ်။

www.burmeseclassic.com

www.burmeseclassic.com



## အသက်စနေကိုကြည့်

အသက်နေ့ကို မထိခိုက်စေရန် အထူး သတိထားရမည်။ အသက်ကို ထိခိုက်မည်ဆိုရင် အနာတာရှည်မည် စိုးရိမ်ရသည်။

တနင်္ဂနွေနေ့မှာ အသက်ဦးခေါင်းမှာ နေသည်။ ထိုဦးခေါင်းကို မထိခိုက်စေရ။

တနင်္လာနေ့မှာ အသက်မေးဖျားမှာ နေသည်။ ထိုမေးဖျားကို မထိခိုက်စေရ။

အင်္ဂါနေ့မှာ အသက်ကျောကုန်းမှာနေသည်။ ထိုကျောကုန်းကို မထိခိုက်စေရ။

ဗုဒ္ဓဟူးနေ့မှာ အသက်ကျောကုန်းမှာ နေသည်။ ကျောကုန်းကို မထိခိုက်စေရ။

ကြာသပတေးနေ့မှာ အသက်လျှာမှာနေသည်။ လျှာကိုမထိခိုက်စေရ။

သောကြာနေ့မှာ အသက် ဂုတ်မြွေမှာနေသည်။ ဂုတ်မြွေကို မထိခိုက်စေရ။

စနေနေ့မှာ အသက် ခြေမှာနေသည်။ ထိုခြေကို မထိခိုက်အောင် ဂရုစိုက်။

## ကောင်းစားလိုလျှင် သစ်ပင်စိုက်

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပြီး ကောင်းစားလိုလျှင် ယတြာသဘောနှင့် သစ်ပင်စိုက်ကြ။

တနင်္ဂနွေသားသမီး ကောင်းစားလိုလျှင် မြောက်အရပ်က ပုန်းညက်ပင်ကိုစိုက်။

တနင်္လာသားသမီး ကောင်းစားလိုလျှင် အရှေ့မြောက်က ချယားပင်ကိုစိုက်။

အင်္ဂါသားသမီး ကောင်းစားလိုလျှင် အရှေ့အရပ်က ကသစ်ပင်ကိုစိုက်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးသားသမီး ကောင်းစားလိုလျှင် အရှေ့တောင်က ကွမ်းသီးပင်ကိုစိုက်။

ကြာသပတေးသားသမီး ကောင်းစားလိုလျှင် အနောက်တောင်က ဒန်းပင်စိုက်။

သောကြာသားသမီး ကောင်းစားလိုလျှင် အနောက်မြောက်က အုန်းပင်စိုက်။

စနေသားသမီး ကောင်းစားလိုလျှင် တောင်အရပ်က ကံ့ကော်ပင်စိုက်။

## ပစ္စည်းအရမ်းမပေးနဲ့

ယနေ့ ဘာနေ့လဲ။ ဘာပစ္စည်းပေးမလဲ၊ ငှားမလား အရမ်းမပေးကြနဲ့၊ ဘာနေ့လဲ ကြည့်ပေး။

တနင်္ဂနွေနေ့ဆိုရင် ပုဆိုး, ထဘီ, အဝတ်အစားတို့ကို မပေးကောင်း၊ မငှားကောင်း ရှောင်ကြ။

တနင်္လာနေ့ဆိုရင် ကျွဲ၊ နွား တန်ဆာ စသည့်တို့ကို ပေးငှားခြင်းမပြုနဲ့၊ ရှောင်ကြ။

အင်္ဂါနေ့ဆိုရင် ဘာပစ္စည်းကိုမျှ မပေးရ၊ ကျမ်းတစ်စောင်က သစ်၊ ဝါး၊ ကြိမ် မပေးကောင်းဆိုသည်။

ဗုဒ္ဓဟူးနေ့ဆိုရင် ဆန်၊ ဆီ၊ ဆား၊ စပါးတို့ကို မပေးကောင်း၊ မငှားကောင်း။

ကြာသပတေးနေ့ဆိုရင် ရွှေ ငွေ ရတနာတို့ကို မပေးကောင်း၊ မငှားကောင်း။

သောကြာနေ့ဆိုရင် ကြေး သံ၊ သံလွှဲစင်တို့ကို မပေးကောင်း၊ မငှားကောင်း။ ကျမ်းစာတစ်စောင်က ကျွဲ၊ နွား မငှားကောင်းဆိုသည်။

စနေနေ့ဆိုရင် ထီး၊ ဖိနပ် မပေးကောင်း မငှားကောင်း ကျမ်းတစ်စောင်က ဥစ္စာဟူသမျှနှင့် ကျွဲ၊ နွား၊ မငှားကောင်း ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com


## ရတနာဆင်ဓမွေးဗို့

ရတနာဆင်ကို အလိုရှိသောသူသည် အစွယ်ရင်းက စ၍ အဖျားတိုင်အောင် ကြည့်ရမည်။ ပဒေသာပင်သဏ္ဍာန်၊ ထမင်းပွဲသဏ္ဍာန်၊ ထီးဖြူသဏ္ဍာန်၊ တံခွန်သဏ္ဍာန်၊ ကြက်လျှာသဏ္ဍာန်မြင်မူ သား ကောင်းရအံ့၊ ဥစ္စာရအံ့။ အသက်ရှည်အံ့။

မင်းတို့မွေးက စစ်အောင်အံ့။ တိုင်းနိုင်ငံကျယ်အံ့။ မင်္ဂလာ ရှိသော ဆင်ဖြစ်သည်။

ဆင်သည် လက်ဝဲအစွယ်ဖြူ၍ လက်ယာအစွယ်နီမြန်းသော ဆင်ကိုမွေးလျှင် ဆင်းရဲသားသော် သူဌေး၊ သူကြွယ်ဖြစ်သော် မှူးမတ်၊ ပြည့်ရှင်မင်းသော် စကြာမင်းဖြစ်အံ့။

ဆင်သည် အစွယ်တွင် မိန်းမရုပ်သဏ္ဍာန်ထင်မူ ဆင်မျိုးကုန် အောင် ပျောက်လတ္တံ့။

ဆင်သည် ပုတ်သင် အဆင်း၊ ငွင်းတ အဆင်း၊ ဥဒေါင်း အဆင်း၊ လဆန်း အဆင်းကဲ့သို့ အစွယ်တွင် လည်းကောင်း၊ ဖြတ် ရာတွင်လည်းကောင်း၊ မြင်မူ ပြည်ပျက်အံ့။

ဆင်သည် မျက်နှာညိုသည် ဖြစ်စေ၊ သွားသောအခါ လိမ် ဖယ်၍ သွားသည်ဖြစ်စေ၊ ထိုဆင်ကို မမွေးအပ်။ ကျက်သရေယုတ် သည်။

## ခုနစ်ရက်သားတို့ ရှောင်ရန်

တနင်္ဂနွေသားသမီးတို့ ကြာသပတေးနေ့ သောကြာအရပ်ကို မသွားကောင်း။

တနင်္လာ သားသမီးတို့ သောကြာနေ့ စနေ အရပ်ကို မသွား ကောင်း။

အင်္ဂါသားသမီးတို့ စနေနေ့ တနင်္ဂနွေအရပ်ကို ခရီးဝေး မသွားကောင်း။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူး သားသမီးတို့ တနင်္ဂနွေနေ့ တနင်္လာအရပ်ကို ခရီးဝေး မသွားကောင်း။

ကြာသပတေးသားသမီးတို့ တနင်္လာနေ့ အင်္ဂါအရပ်ကို ခရီးဝေး မသွားကောင်း။

သောကြာသားသမီးတို့ အင်္ဂါနေ့ ဗုဒ္ဓဟူးအရပ်ကို ခရီးဝေး မသွားကောင်း။

စနေ သားသမီးတို့ ဗုဒ္ဓဟူးနေ့ ကြာသပတေး အရပ်ကို ခရီးဝေးမသွားကောင်း။

အထက်ပါ နေ့သားတို့ရှောင်ရန် အရပ်မှာ အင်္ဂဝိဇ္ဇာကျမ်းကြီး လက်ာအရ ဖြစ်သည်။ အိုးပါသူ၊ ကြွင်သူဟိ၊ စံထွန်းဦး၊ လူအုံ့ကြဲ၊ ပြခြင်စွာ၊ သူဇာလှ၊ ထားလှမှန်၊ ဆိုသောလက်ာအရဖြစ်သည်။

## နွားမွေးဆိတ်မွေး

တနင်္ဂနွေ သားသမီး နွားမွေးရင် အညိုရောင် အဆင်းအသွေးရှိသော နွားကိုမွေး။

တနင်္လာသားသမီး နွားမွေးရင် အဖြူရောင် အဆင်းအသွေးရှိသော နွားကိုမွေး။

အင်္ဂါသားသမီး နွားမွေးရင် အနက်ရောင် အဆင်းအသွေးရှိသော နွားကိုမွေး။

ဗုဒ္ဓဟူးသားသမီး နွားမွေးရင် အဖြူ အဆင်း အသွေး ရှိသော နွားကိုမွေး။

ကြာသပတေး သားသမီး နွားမွေးရင် အနီ၊ အမည်း အဆင်းအသွေးရှိသော နွားကိုမွေး။

သောကြာသားသမီး နွားမွေးရင် အနီရောင် အဆင်းအသွေးရှိသော နွားကိုမွေး။

စနေသားသမီး နွားမွေးရင် အနီရောင် အဆင်းအသွေးရှိသော နွားကိုမွေး။

www.burmeseclassic.com

www.burmeseclassic.com



## ဆိတ်မွေးဖို့

သွားကိုးချောင်းရှိသောဆိတ် လက်ယာ နံတောင်ဖြူသော ဆိတ်လက်ယာနံမှာ လက်ယာရစ် ဖွေ့ရှိသောဆိတ်၊ ရှေးဦးသွားတတ်သောဆိတ်၊ ထိုဆိတ်တို့ကို မွေးကြ။

## မွေးကောင်းသော နွားအင်္ဂါ

ထိပ်လယ်မှာ ကြာနေသောနွား၊ လည်ပင်းမှာ ဖွေ့ရှိသောနွား၊ ခြေလက်ဖြူသောနွား၊ မြီးဖျားဖြူသောနွား၊ ခွာရှည်သောနွား၊ ကျောကုန်းဖွေ့ရှိသောနွား၊ မြီးရင်းဖွေ့ရှိသောနွား၊ မျက်စိမျက်နှာ တင့်တယ်သောနွား၊ နားတိုသောနွား၊ ထိုနွားတို့ကို မွေးကောင်းသည်။

မမွေးကောင်းသောနွား၊ အသားပွတင်ပါး နိမ့်သောနွား၊ ပေါင်စောင်း မြင်းခေါင်း ဖောက်ပြန်သောနွား၊ သွားကြား ရေယိုချိုတယ်လူး နံတိုနံကြပ်နွား၊ မျက်တွင်းကျခြေခွင်နွား မြေကြီးကပ်ရင်ခါသောနွား၊ မွေးရှည်မြီးရှည်၊ မွေးကြမ်း၊ လည်ရှည်နွား၊ နှာခေါင်းစင်းသောနွား၊ ထိုနွားတို့ကို မမွေးကောင်း။

မမွေးအပ်သောမြင်း၊ လက်ဝဲဖွေ့ခေါင်းရောက်သောမြင်း အင်္ဂါဇာတ်တွင် အမွေးကောင်းသောမြင်း၊ မီးခိုးအဆင်းကဲ့သို့ ထွက်သောမြင်း၊ ထိုမြင်းတို့ကို မမွေးအပ်၊ မွေးရင်သေကြေပျက်စီးတတ်သည်။

## ငွေချေးရန်နေ့

ဥစ္စာဝင်ပွား၊ ကြွေးချေးငှားစီးပွားလွန်ကြွယ်ဝ၊ တနင်္ဂနွေ အင်္ဂါ ဗုဒ္ဓဟူး ကြာသပတေး၊ ထိုနေ့များမှာ ငွေချေးအပ်သည်။

ငါ့သားထွေး၊ ကြွေးမချေးနဲ့၊ တနင်္လာသောကြာ စနေ ထိုနေ့များမှာ ငွေမချေးကောင်း။

www.burmeseclassic.com

www.burmeseclassic.com



## အဆင့်ဆင့်နိုင်သောနေ့

အဆင့်ဆင့်နိုင်သောနေ့နံ၊ အနုန်းဆံ၊ ဆီထွေး တောင်မား လင်းသက်၊ သီးခက်၊ ကင်းပုံ၊ ပန်အုံ၊ နံရနိုင်ကြ ဆင့်ဆင့်သာ။ တနင်္ဂနွေကို အင်္ဂါနိုင်သည်။ အင်္ဂါကို စနေနိုင်သည်။ စနေကို ဗုဒ္ဓဟူး နိုင်သည်။ ဗုဒ္ဓဟူးကို သောကြာနိုင်သည်။ သောကြာကို တနင်္လာနိုင် သည်။ တနင်္လာကို ကြာသပတေးနိုင်သည်။ ကြာသပတေးကို တနင်္ဂနွေ ကနိုင်သည်။ စနေကို ရာဟုက နိုင်သည်။ ထို့ကြောင့် တနင်္ဂနွေနှင့် အင်္ဂါမှာ အကျိုးမပေး။

## ထမင်းစား မျက်နှာပြု

ထမင်းစားမယ်ဆိုရင် တောင်အရပ်၊ အရှေ့အရပ်၊ အနောက် အရပ် ထိုအရပ်သုံးပါးကို မျက်နှာပြုပြီး စားကြ။

အိပ်သောအခါ ဘယ်အရပ်ကို ဦးခေါင်းထားမလဲ။ အရှေ့ အရပ်၊ တောင်အရပ် ထိုအရပ်နှစ်ပါးကို ဦးခေါင်းထား အိပ်ကြ။ အ နောက်အရပ်၊ မြောက်အရပ် ထိုအရပ်နှစ်ပါးကို ဦးခေါင်းထားပြီး မအိပ် နဲ့။ စီးပွားပျက်မယ်။

## ပညာသင် နေ့ရက်

ပညာသင်အပ်သောနေ့ တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေး သောကြာနေ့ ထိုနေ့လေးပါးမှာ ပညာသင်ကောင်းသည်။ နေ့ကောင်း သော်လည်း ရက်ကောင်းရဲ့လား။ လဆန်း လဆုတ် ၁၄ ရက်မှာ ပညာသင်ရင် တပည့်နာသည်။ လဆန်းလဆုတ် ၈ ရက်မှာ ပညာသင် ရင် ဆရာနာသည်။ လကွယ်မှာ ပညာသင်ရန် ဆရာ၊ တပည့်နှစ်ပါး နာသည်။ လပြည့်မှာ ပညာသင်ရင် မိဘနှစ်ပါး နာသည်။ လဆန်း လဆုတ် ၁၀ ရက်မှာ သင်သော် ပညာကို သတ်သည်မည်၏။

www.burmeseclassic.com

www.burmeseclassic.com



## ခရီးသွားတို့ ပြုလုပ်ရန်

တနင်္ဂနွေနေ့မှာ ခရီးသွားလျှင် လက်ယာခြေကို အရင်ချီ ၁၄ ဖဝါးစ တွန်းသွား။ ဂဠုန်ကို နင်းနိုင်သောအခါ။

တနင်္လာနေ့ အနောက်မျက်နှာပြု၊ လက်ယာခြေကိုချီ ၁၉ ဖဝါးစတွန်းသွား။ ကျားကို သံမင်နိုင်သောအခါ။

အင်္ဂါနေ့ တောင်ဘက်မျက်နှာပြု၊ လက်ယာခြေကို အရင်ချီ ၁၄ ဖဝါးစ တွန်းသွား။ ခြင်္သေ့ကို ဆင်နိုင်သောအခါ။

ဗုဒ္ဓဟူးနေ့ မြောက်မျက်နှာပြု၊ လက်ယာခြေ အရင်ချီ၊ ၁၃ဖဝါး စတွန်းသွား။ ရာဟုကို လနိုင်သောအခါ။

ကြာသပတေးနေ့ မြောက်မျက်နှာပြု၊ လက်ယာခြေအရင်းချီ ၇၃ ဖဝါး စတွန်းသွား။ ကြောင်ကို ကြွက်နိုင်သောအခါ။

သောကြာနေ့ မြောက်မျက်နှာပြု၊ လက်ယာခြေ အရင်းချီ ၁၄ ဖဝါး စတွန်းသွား။ ခွေးကို ဆိတ်နိုင်သောအခါ။

စနေနေ့ လက်ယာခြေချီ၊ ၁၀ ဖဝါး စတွန်းသွား။ မြွေကို ဖားနိုင်သောအခါ။

## စက်စနေနှင့် ခရီးသွား

လဆန်း ၁ ရက်တွင် စက်ခြေဖျားမှာ နေသည်။ ထိုနေ့ ခရီးဝေးသွားသော် ဥစ္စာပျောက်လိမ့်မည်။ မသွားနှင့်။ ရှောင်။

လဆန်း ၂ ရက်တွင် စက်ခြေခုံမှာနေသည်။ ထိုနေ့ခရီးဝေး သွားသော် ရန်သူဖျက်ဆီးတတ်သည်။ မသွားနှင့်။ ရှောင်ပါ။

လဆန်း ၃ ရက်တွင် စက်ဒူးခေါင်းမှာနေသည်။ ထိုနေ့မှာ ခရီးဝေးသွားသော် လာဘ်လာဘ ပေါ်များလိမ့်မည်။ ကောင်းသည်။ ခရီးဝေးသွားနိုင်သည်။

လဆန်း ၃ ရက်တွင် စက်ပေါင်လယ်မှာနေသည်။ ထိုနေ့မှာ ခရီးဝေးသွားသော် အဆွေခင်ပွန်းပျက်တတ်သည်။ ခရီးမသွားသင့်။ မကောင်း။

www.burmeseclassic.com

www.burmeseclassic.com



လဆန်း ၅ ရက်တွင် ဆီးစပ်မှာနေသည်။ လာဘ်ပေါ်များလိမ့်မည်။ ခရီးဝေးသွားသော် ကောင်းသည်။

လဆန်း ၆ ရက်တွင် စက် နှလုံးမှာနေသည်။ ထိုနေ့ ခရီးသွားသော် ရန်သူ ရန်ဘက် တွေ့တတ်သည်။ ခရီးဝေးသွားခြင်းရှောင်ကြ။ မကောင်းဘူး။

လဆန်း ၇ ရက်တွင် စက် ဝမ်းဗိုက်မှာနေသည်။ ထိုနေ့ ခရီးဝေးသွားသော် ဥစ္စာရမည်။ ကြီးကဲသူများ မေတ္တာရှိလိမ့်မည်။ ခရီးဝေးသွားပါ။ ကောင်းသည်။

လဆန်း ၈ ရက်မှာ စက်သွားဖျားတွင်ရှိသည်။ ထိုနေ့တွင် ခရီးဝေးသွားသော် ဥစ္စာပစ္စည်း ပျောက်လိမ့်မည်။ ခရီးဝေးသွားလာခြင်းရှောင်ပါ။

## ယတြာ သစ်ပင်စိုက်

တနင်္ဂနွေသားသမီး ကောင်းစားလိုလျှင် အနောက်မြောက်မှာ ဆူးရစ် ဖောင်းယားစိုက်။ ပျက်လိုသော် သဖန်း၊ ထနောင်းစိုက်။

တနင်္လာ သားသမီး ကောင်းစားလိုလျှင် အရှေ့အရပ်က လက်ပံ၊ ဖီး တစ်ခုခုကိုစိုက်။ ပျက်လိုသော် သီး၊ ထနောင်းစိုက်။

အင်္ဂါသားသမီး ကောင်းစားလိုလျှင် အနောက်တောင်မှာ ပေါက်ပန်းဖြူစိုက်။ ပျက်လိုလျှင် အုန်းစိုက်။

ဗုဒ္ဓဟူးသားသမီး ကောင်းစားလိုလျှင် တောင်အရပ်မှာ သခွပ်ပင်စိုက်။ ပျက်လိုလျှင် ညောင်၊ ဆတ်သွား တစ်ခုခုစိုက်။

ကြာသပတေး သားသမီး ကောင်းစားလိုလျှင် အရှေ့မြောက်က ထနောင်းစိုက်။ ပျက်လိုလျှင် အရှေ့တောင်မှာ ခံပင်စိုက်။

သောကြာ သားသမီး ကောင်းစားလိုက မြောက်အရပ်မှာ အုန်းပင်စိုက်။ ပျက်လိုက မြောက်မှာ လမုံ့လွန်းစိုက်။

စနေသားသမီး ကောင်းစားလိုလျှင် အနောက်တောင်မှာ ဆင်ခရမ်းပင်စိုက်။ ပျက်လိုလျှင် အရှေ့မြောက် သနပ်ပင်စိုက်။

www.burmeseclassic.com

www.burmeseclassic.com



## မစိုက်အပ်သောသစ်ပင်

အိမ်ရှေ့တွင် ညောင်ပင်၊ သပြေပင် မစိုက်အပ်။ တောင်အရပ်တွင် ရှစ်ရှား၊ ဖီးကြမ်းငှက်ပျော၊ သဘော်ပင် မစိုက်ရ၊ အနောက်အရပ်တွင် လက်ပံနှင့် ထိန်ပင် မစိုက်ရ။ မြောက်အရပ် သဖန်း၊ ရှစ်ရှား မစိုက်ရ။

## စိုက်အပ်သော သစ်ပင်

အိမ်၏အရှေ့အရပ်တွင် ကြခတ်ဝါ၊ သဖန်း၊ ခေါင်းရမ်း စိုက်ရမည်။ အရှေ့တောင်အရပ်တွင် သရဖီ၊ တောင်အရပ်တွင် ပုန်းညက်၊ သရက်စိုက်ရမည်။ အနောက်တောင်တွင် အုန်းပင် စိုက်ရမည်။ အနောက်တွင် ဂန့်ဂေါ်ပင်၊ အနောက်မြောက်တွင် ဆတ်သွားစိုက်ရမည်။ မြောက်တွင် ဇီးပင်စိုက်ရမည်။ အရှေ့မြောက်မှ ဥသျှစ်ပင်စိုက်ပါ ကောင်းကျိုးချမ်းသာရမည်။

## ခရီးထွက် နေ့နှင့်အချိန်

တနင်္ဂနွေနေ့။ နံနက်ပိုင်း ခရီးသွားသော် ဘေးသင့်အံ့၊ နေတက်ခါ ခရီးသွားသော် မယားရအံ့၊ မွန်းတည့်ခါ ခရီးသွားသော် သားကောင်းရအံ့၊ သားကဲ့သို့သော လူကိုတွေ့ရအံ့၊ နေလွဲသောအခါ သွားသော် သူနှင့်မျက်လိုရအံ့၊ နေချမ်းအခါသွားသော် သတင်းကောင်း ကြားရအံ့၊ နေဝင်အခါမှာသွားသော် ဖျားနာသေပျောက်အံ့၊ သေလောက်သောအနာရအံ့။

တနင်္လာနေ့၊ နံနက်ပိုင်းမှာ ခရီးသွားသော် အဆွေခင်ပွန်းချစ်သောသူကို တွေ့အံ့၊ နေတက်မှာ ခရီးသွားသော် သူနှစ်လိုသော ဥစ္စာ ပေးလာအံ့၊ မွန်းတည့်အခါ ခရီးထွက်သော် အနာသင့်အံ့၊ အနာရအံ့၊ နေလွဲသောအခါ ခရီးသွားသော် စိုးရိမ်ကြောင့်ကြရအံ့၊ ဖျားနာအံ့၊ သတင်းကောင်းကြားရအံ့လည်းဆိုသည်။ နေဝင်အခါ ခရီးသွားသော် ဘေးသင့်အံ့။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါနေ့။ နံနက်ပိုင်း ခရီးသွားသော် ဖျားနာအံ့၊ ဥစ္စာပစ္စည်း ပျောက်အံ့၊ နှစ်ပဟိုရ်မှာသွားသော် ရန်သင့်အံ့၊ မွန်းတည့်အခါ ခရီးသွားသော် ဖြူသောဥစ္စာရအံ့၊ နေလွဲအခါ ခရီးသွားသော် အဆွေခင်ပွန်းကို တွေ့ရအံ့၊ သုံးပဟိုရ်ခရီးသွားသော် နှလုံးမသာဖြစ်ရအံ့။

ဗုဒ္ဓဟူးနေ့။ နံနက်ပိုင်းခရီးသွားသော် နှစ်လိုသောဥစ္စာရအံ့၊ နှစ်ပဟိုရ်ခရီးသွားသော် အဆွေအမျိုးကို တွေ့ရအံ့။ သုံးပဟိုရ်မှာ ခရီးသွားသော် ဥစ္စာပျောက်အံ့။ မွန်းတည့်အခါ ခရီးသွားသော် စိုးရိမ်ရအံ့။ မွန်းလွဲအခါ ခရီးသွားသော် အဆွေခင်ပွန်းကို တွေ့ရအံ့၊ လာဘ်ကြီးရအံ့၊ နေချမ်းအခါ ခရီးသွားသော် ချစ်သောခင်ပွန်းကို တွေ့ရအံ့၊ လာဘ်ရအံ့၊ နေဝင်ချိန်သွားသော် အနှောင်အဖွဲ့သင့်အံ့၊ နှလုံးမသာဖြစ်အံ့။

ကြာသပတေးနေ့။ နံနက်ပိုင်းခရီးသွားသော် နှစ်လိုသောခင်ပွန်း ဥစ္စာ ပေးလာအံ့၊ နှစ်ပဟိုရ်မှာသွားသော် အနှောင်အဖွဲ့သင့်အံ့၊ သုံးပဟိုရ်မှာ ခရီးသွားသော် သူပူဇော်ခံရအံ့။ လေးပဟိုရ်မှာ ခရီးသွားသော် အလိုဆန္ဒပြည့်အံ့၊ နေလွဲသွားသော် ခိုက်ရန်ဖြစ်အံ့၊ သုံးပဟိုရ်မှာ ခရီးသွားသော် နှလုံးဆင်းရဲအံ့။

သောကြာနေ့။ နံနက်ပိုင်း ခရီးသွားသော် စိတ်ချမ်းသာရအံ့၊ နှစ်ပဟိုရ်သွားသော် ချစ်ခင်သောခင်ပွန်းကို တွေ့ရအံ့၊ သုံးပဟိုရ်သွားသော် မယားဖျားနာအံ့၊ လေးပဟိုရ်သွားသော် ကြီးကဲသူတို့ နှလုံးမသာဖြစ်အံ့၊ ငါးပဟိုရ်သွားသော် ချစ်သူတွေ့အံ့။ ခြောက်ပဟိုရ်သွားခုနစ်ပဟိုရ်သွားသော် ကြောင့်ကြရအံ့။

စနေနေ့။ နံနက်ပိုင်းခရီးသွားသော် ဖျားနာနှလုံးဆင်းရဲအံ့၊ သုံးပဟိုရ်သွားသော် အလိုပြည့်အံ့၊ လေးပဟိုရ်သွားသော် သေအံ့။ ခြောက်ပဟိုရ် ခုနစ်ပဟိုရ်သွားသော် အလိုပြည့်အံ့၊ ရှစ်ပဟိုရ်သွားသော် ဖျားနာအံ့။ သေပျောက်အံ့။ သေလောက်သောအနာရအံ့။

www.burmeseclassic.com

www.burmeseclassic.com



## ပုဆိုးထမိ,ဝယ်မလား

ပုဆိုးဝယ်မယ်၊ ထမိဝယ်မယ်ဆိုရင် ယနေ့ ဘာနေ့လဲ လဆန်း ဘယ်နှစ်ရက်လဲ ကောင်းပါ့မလား။

လဆန်းတစ်ရက်မှာ ပုဆိုး၊ ထမိဝယ်ရင် ကောင်းတယ်။ ဆွေခုနစ်ဆက်တိုင် ကောင်း၏။ လဆန်းရက်မှာ ဝယ်ရင် စုတ်လာဘ် ရမယ်။ လဆန်း ၃ ရက်မှာဝယ်ရင် အလိုခပ်သိမ်းပြည့်မယ်။ လဆန်း ၄ ရက်မှာဝယ်ရင် ဘေးတွေ့မယ်။ လဆန်း ၅ ရက်မှာဝယ်ရင် စုတ် လာဘ်ရမယ်။ လဆန်း ၆ ရက်မှာဝယ်ရင် ဖျားနာမယ်။ လဆန်း ၇ ရက်မှာဝယ်ရင် စိတ်မချမ်းမသာ။ လဆန်း ၈ ရက်မှာဝယ်ရင် ဘေး ရောက်မည်။ လဆန်း ၉ ရက်မှာဝယ်ရင် ရန်ဖြစ်မယ်။ လဆန်း ၁၀ ရက်မှာဝယ်ရင် စိတ်မချမ်းမသာ။ လဆန်း ၁၁ ရက်မှာဝယ်ရင် စိတ် မချမ်းသာ၊ လဆန်း ၁၂ ရက်မှာဝယ်ရင် ရွှေငွေရမယ်။ လဆန်း ၁၃ ရက်မှာဝယ်ရင် ဥစ္စာပြည့်စုံမယ်။ လဆန်း ၁၄ ရက်မှာဝယ်ရင် သတင်း စကားကြားရမယ်။ လဆန်း ၁၅ ရက်မှာဝယ်ရင် အဝတ်အစား ရွှေ ငွေပေါများမယ်။

## ပုဆိုး,ထမိဝယ်ရန် လဆုတ်

ပုဆိုးဝယ်မယ် ထမိဝယ်မယ်ဆိုရင် လဆုတ် ဘယ်နှစ်ရက် လဲ။ လဆုတ် ၁ ရက်မှာ ပုဆိုး ထမိဝယ်ရင် ဘေးရောက်မယ်။ လ ဆုတ် ၂–ရက်မှာဝယ်ရင် မကောင်း ရှောင်။ လဆုတ် ၄–ရက်မှာဝယ် ရင် အဆွေခင်ပွန်းတို့ချစ်ခင်မယ်။ လဆုတ် ၅ ရက်မှာဝယ်ရင် ရတနာ ရွှေငွေရမယ်။ လဆုတ် ၆ ရက်မှာဝယ်ရင် သူတစ်ပါး ရန်ငြိုးထားမယ်။ လဆုတ် ၇–ရက်မှာဝယ်ရင် အမျိုးအဆွေခင်ပွန်းထံမှ လာဘ်ရမယ်။ လဆုတ် ၈–ရက်မှာဝယ်ရင် အခြွေအရံကျေးကျွန်ပေြးမယ်။ လဆုတ် ၉–ရက်မှာဝယ်ရင် ဥစ္စာရမယ်။ လဆုတ် ၁၀–ရက်မှာဝယ်ရင် ဘေး အန္တရာယ်ဖြစ်မယ်။ လဆုတ် ၁၁–ရက်မှာဝယ်ရင် စီးပွားပျက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



လဆုတ် ၁၂–ရက်မှာဝယ်ရင် စုတ်လာဘ်ရမယ်။ လဆုတ် ၁၃–ရက်မှာဝယ် ကြွယ်ဝမယ်။ လဆုတ် ၁၄–ရက်မှာဝယ်ရင် အစားအစာများမယ်။ လဆုတ် ၁၅–ရက်မှာဝယ်ရင် ကြွယ်ဝချမ်းသာမယ်။

## အဝတ်အစားဝယ်မလား

အဝတ်အစားဝယ်မယ်ဆိုရင် လဆန်း ဘယ်နှစ်ရက်လဲ၊ ဝယ်ရင် ကောင်းပါ့မလား။

လဆန်း ၁ ရက် အဝတ်အစားဝယ်မယ်ဆိုရင် ဘေးသင့်မယ်။ လဆန်း ၂ ရက်ဝယ်ရင် လာဘ်ရမယ်။ လဆန်း ၃ ရက်ဝယ်ရင် စုတ်ဝင်မယ်။ လဆန်း ၄ ရက်ဝယ်ရင် အနာများမယ်။ လဆန်း ၅ ရက်ဝယ်ရင် အစားကောင်းစားရမယ်။ လဆန်း ၆ ရက်ဝယ်ရင် ရောဂါရမယ်။ လဆန်း ၇ ရက်ဝယ်ရင် ဥစ္စာရမယ်။ လဆန်း ၈ ရက် ဝယ်ရင် ပျက်စီးမယ်။ လဆန်း ၉ ရက်ဝယ်ရင် ခိုက်ရန်ဖြစ်မယ်။ လဆန်း ၁၀ ရက်ဝယ်ရင် ဥစ္စာတိုးပွားမယ်။ လဆန်း ၁၁ ရက်ဝယ်ရင် စိတ်ချမ်းသာမယ်။ လဆန်း ၁၂ ရက်ဝယ်ရင် စည်းစိမ်တိုးမယ်။ လဆန်း ၁၃ ရက်ဝယ်ရင် စီးပွားဆုတ်ယုတ်မယ်။ ၁၄ ရက်ဝယ်ရင် ကြွယ်ဝမယ်။ လဆန်း ၁၅ ရက် ဝယ်ရင် စိတ်ဆင်းရဲမယ်။ နေ့ကောင်းမှာ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ။

## အဝတ်အစားဝယ်မယ် လဆုတ်

အဝတ်အစားဝယ်မယ်ဆိုရင် လဆုတ် ဘယ်နှစ်ရက်လဲ။ ဝယ်ရင် ကောင်းမလား။

လဆုတ်၁ ရက်မှာ အဝတ်အစားဝယ်ရင် လာဘ်ရမယ်။ လဆုတ် ၂ ရက်မှာဝယ်ရင် ဘေးသင့်မယ်။ လဆုတ် ၃ ရက်ဝယ်ရင် အမှုတွေ့မယ်။ လဆုတ် ၄ ရက်ဝယ်ရင် လူခပ်သိမ်းချစ်မယ်။ လဆုတ် ၅ ရက်ဝယ်ရင် လာဘ်ရမယ်။ လဆုတ် ၆ ရက်ဝယ်ရင်

www.burmeseclassic.com

www.burmeseclassic.com


ဘေးတွေ့မယ်။ လဆုတ် ၇ ရက်ဝယ်ရင် ဥစ္စာရမယ်။ လဆုတ် ၈ ရက် ဝယ်ရင် ခြေနှစ်ချောင်းဝင်မယ်။ လဆုတ် ၉ ရက်ဝယ်ရင် ခြေလေးချောင်းဝင်မယ်။ လဆုတ် ၁၀ ရက်ဝယ်ရင် ကြွယ်ဝမယ်။ လဆုတ် ၁၁ ရက်ဝယ်ရင် စီးပွားဆုတ်ယုတ်မယ်။ လဆုတ် ၁၂ ရက် ဝယ်ရင် သေကြေပျက်စီးမယ်။ သေလောက်သောရောဂါရမယ်။ လဆုတ် ၁၃ ရက်ဝယ်ရင် ဥစ္စာပျက်စီးမယ်။ လဆုတ် ၁၄ ရက်ဝယ်ရင် နာဖျား မယ်။ လဆုတ် ၁၅ ရက်ဝယ်ရင် သားကောင်းရမယ်။ ခုနစ်ရက်သား နေထိုင်ရန် တနင်္ဂနွေသားသမီး အရှေ့မြောက်ကနေ သူတကာထက် မြတ်၏။ အရှေ့ကနေရင် အဖျားအနာများမယ်။ အရှေ့တောင်ကနေရင် ဘေးဖြစ်မယ်။ တောင်ကနေရင် ဥစ္စာရမယ်။ လာဘ်ရမယ်။ အနောက် တောင်ကနေရင် အခိုင်းအစေများမယ်။ အနောက်ကနေရင် မင်းပူ ဇော်ခံရမယ်။ အနောက်မြောက်ကနေရင် အမှုခပ်သိမ်းအောင်မယ်။ သူ ပူဇော်ခံရမယ်။

တနင်္လာသားသမီး အရှေ့အရပ်ကနေရင် အခိုင်းအစေများ မယ်။ ဆန်ရေစပါးပေါများမယ်။ အရှေ့တောင်ကနေရင် မီးလောင်မယ်။ တောင်ကနေရင် ချမ်းသာမယ်။ အနောက်တောင်ကနေရင် အခြံအရံ များမယ်။ အနောက်ကနေရင် စီးပွားဖြစ်မယ်။ အနောက်မြောက်ကနေ ရင် ဝမ်းသာမယ်။ မြောက်ကနေရင် အငြင်းအခုန်များမယ်။ ဆောင် တိုင်းအောင်အံ့လည်းဆို။ အရှေ့မြောက်ကနေရင် စည်းစိမ်ချမ်းသာရှိ မယ်။

အင်္ဂါသားသမီး အရှေ့ကနေရင် သူတစ်ပါးတို့နှင့် ရန်ကြီး တွေ့မယ်။ အရှေ့တောင်ကနေရင် စီးပွားဖြစ်မယ်။ တောင်ကနေရင် ငြိမ်းချမ်းမယ်။ အနောက်တောင်ကနေရင် သားသမီးအခြံအရံစုံမယ်။ အနောက်ကနေရင် ကောင်းစွာကြွယ်ဝမယ်။ ကြီးသူတို့ပူဇော်ခံရမယ်။ အနောက်မြောက်ကနေရင် လာဘ်ရမယ်။ မြောက်ကနေရင် အနာကြီး သင့်မယ်။ ခင်ပွန်းရမယ်။ အရှေ့မြောက်ကနေရင် စည်းစိမ်ချမ်းသာ မယ်။ ဆရာသမားတို့ ပူဇော်ခံရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးသားသမီး အရှေ့ကနေရင် လာဘ်ရမယ်။ စိုးရိမ်ရမယ်။ အရှေ့တောင်ကနေရင် သူနှင့် မျက်လိုရမယ်။ ဆင်းရဲမယ်။ တောင်ကနေရင် ဘေးသင့်မယ်။ အနောက်တောင်ကနေရင် လာဘ်ရများမယ်။ အနောက်ကနေရင် မီးဘေးသင့်မယ်။ အနောက်မြောက်ကနေရင် ဆင်းရဲမယ်။ အဖျားအနာများမယ်။ မြောက်ကနေရင် မင်းပူဇော်ခံရမယ်။ အသက်မရှည်။ အရှေ့မြောက်နေရင် ချမ်းသာမယ်။

ကြာသပတေးသားသမီး။ အရှေ့ကနေရင် ချမ်းသာမယ်။ ရန်ရှိမယ်။ အရှေ့တောင်ကနေရင် ဆွေမျိုးနဲ့ကွေကွင်းရမယ်။ ဆင်းရဲမယ်။ တောင်ကနေရင် ဘေးသင့်မယ်။ အနောက်တောင်ကနေရင် သောကပျောက်မယ်။ အနောက်ကနေရင် မီးလောင်မယ်။ အနောက်မြောက်ကနေရင် လာဘ်ရမယ်။ မြောက်ကနေရင် အဖျားအနာထူမယ်။

သောကြာသားသမီး။ အရှေ့နေရင် အငြင်းအခုန်များမယ်။ အရှေ့တောင်ကနေရင် စိတ်ဆင်းရဲမယ်။ တောင်ကနေရင် အခြွေအရံပေါ်မယ်။ ဘေးရန်ရှိမယ်။ အနောက်တောင်ကနေရင် ရန်ပျောက်မယ်။ အနောက်ကနေရင် စိုးရိမ်ရမယ်။ အနောက်မြောက်ကနေရင် အဆွေခင်ပွန်းများမယ်။ မြောက်ကနေရင် ချစ်သူများမယ်။ အရှေ့မြောက်ကနေရင် အဖျားအနာထူမယ်။ သေပျောက်မယ်။ သူပူဇော်ခံရမည်လည်းဆို။

စနေသားသမီး။ အရှေ့ကနေရင် အဖျားအနာထူမယ်။ ရန်ပျောက်မယ်။ အရှေ့တောင်ကနေရင် ချမ်းသာမယ်။ တောင်ကနေရင် အခြွေအရံများမယ်။ အနောက်တောင်ကနေရင် လာဘ်ရမယ်။ အနောက်ကနေရင် မီးလောင်မယ်။ အနောက်မြောက်ကနေရင် လာဘ်ရမယ်။ အခြွေအရံများမယ်။ မြောက်ကနေရင် လူပူဇော်ခံရမယ်။ အရှေ့မြောက်ကနေရင် ရန်များမယ်။ လာဘ်ရမယ်။

## နေ့ထပ်မင်္ဂလာ အကျိုးအပြစ်

တနင်္ဂနွေနှင့် တနင်္ဂနွေထိမ်းမြားရင် ဥစ္စာပေါ်များမယ်။ တန

www.burmeseclassic.com

www.burmeseclassic.com


လ်ာနှင့် တနလ်ာ ထိပ်းမြားရင် ရှေးဦးစွာ ချမ်းသာ။ နောင်အခါမှာ ဆင်းရဲ အင်္ဂါနှင့်အင်္ဂါ ထိပ်းမြားရင် ရန်ဖြစ်မယ်။ ဗုဒ္ဓဟူးနှင့် ဗုဒ္ဓဟူး ထိပ်းမြားရင် အရှည်မမြဲ ကွဲမယ်။ ကြာသပတေးနှင့်ကြာသပတေးထိပ်း မြားရင် ငြိုငြင်မယ်။ စနေနှင့်စနေ ထိပ်းမြားရင် ခဏ ခဏ စကား များပြီး ရန်ဖြစ်မယ်။

## သူငယ်ချက်မြှုပ်အရပ်

တပေါင်းလ၊ တန်ခူးလ၊ ကဆုန်လ၊ မွေးသောသူငယ်ချက်ကို မြောက်အရပ်ကမြှုပ်။

နယုန်လ၊ ဝါဆိုလ၊ ဝါခေါင်လ၊ မွေးသောသူငယ်ချက်ကို အရှေ့အရပ်ကမြှုပ်။

တော်သလင်းလ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလမွေး သော သူငယ်ချက်ကို အနောက်မြောက်အရပမှာမြှုပ်။

နတ်တော်လ၊ ပြာသိုလ၊ တပို့တွဲလ မွေးသော သူငယ်ချက်ကို အနောက်မြောက်အရပ်မှာမြှုပ်။

## နေ့သားအလိုက် ချက်မြှုပ်ရန်

တနင်္ဂနွေသားသမီးဆိုရင် အရှေ့မြောက်မှာမြှုပ်။ တနလ်ာ သားသမီးဆိုရင် အနောက်အရပ်မှာမြှုပ်။ အင်္ဂါသားသမီးဆိုရင် တောင် အရပ်မှာမြှုပ်။ ဗုဒ္ဓဟူးသားသမီးဆိုရင် အရှေ့တောင်အရပ်မှာမြှုပ်။ ကြာသပတေးသားသမီးဆိုရင် အရှေ့အရပ်မှာမြှုပ်။ သောကြာသားသမီး ဆိုရင် မြောက်အရပ်မှာမြှုပ်။ စနေသားသမီးဆိုရင် အနောက် အရပ် မှာမြှုပ်။

## ကောင်းစားဖို့ အချင်းမြှုပ်နည်း

တပေါင်း၊ တန်ခူး၊ ကဆုန် ထိုသုံးလမွေးသော သူငယ်အချင်း

www.burmeseclassic.com

www.burmeseclassic.com



ကို အရှေ့အရပ်မှာမြှုပ်။ ဆင်၊ မြင်း စီးရအံ့။ ထိုလမှာ သေအံ့လည်းဆို။ မိန်းမဖွားသော် အနောက်ကမြှုပ်။ အသက်ရှည်အံ့။ အရှေ့တောင်ကမြှုပ်သော် မင်းကတော် စိုးကတော်ဖြစ်အံ့။

နယုန်၊ ဝါဆို၊ ဝါခေါင် ထိုသုံးလမှာ မွေးဖွားသော သူငယ်အချင်းကို အရှေ့တောင်ကမြှုပ်။ ဆင်၊ မြင်း စီးရအံ့။ မြောက်ကမြှုပ်သော် သေအံ့။ အနောက်မြောက်မြှုပ်သော် အသက်တိုအံ့။ မိန်းမဖွားသော် အချင်းကို အနောက်မြောက်ကမြှုပ်။ မင်းကတော်ဖြစ်အံ့။ အရှေ့ကမြှုပ်သော် အသက်ရှည်အံ့။

တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ထိုသုံးလအချင်းမြှုပ်ရန် အရပ်ကို ကျမ်းမှာ မတွေ့။

နတ်တော်၊ ပြာသို၊ တပို့တွဲ သူငယ်အချင်းကို အနောက်တောင်မှာမြှုပ်။ ဆင်၊ မြင်း စီးရအံ့။ အနောက်မှာမြှုပ်သော် သေအံ့။ အရှေ့တောင်မှာမြှုပ်သော် အသက်ရှည်အံ့။ မိန်းမဖွားသော် အချင်းကို မြောက်မှာမြှုပ်။ မင်းကတော် ဖြစ်အံ့။ အနောက်မှာမြှုပ်သော် အသက်ရှည်အံ့။

## သူငယ် ထမင်းခွံ့ရက်

မွေးဖွားပြီး ခြောက်လပြည့်သောအခါ ရက်ကောင်းနေ့ကောင်းကြည့်ပြီး ထမင်းခွံ့နိုင်သည်။ ရှောင်ရန်ရက်မှာ လဆန်း လဆုတ် ၄ ရက်၊ ၆ ရက်၊ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်၊ ၁၂ ရက်ကို ရှောင်။ သူငယ်မြေနင်းရန် မွေးဖွားပြီး သုံးလပြည့်သောအခါ မိဘနှစ်ပါးစွဲကိုင်ငင်ပြီး သားသမီးကို မြေနင်းစေရမည်။ မြေနင်းသောအခါ စနေနေ့ အင်္ဂါနေ့ ထိုနေ့နှစ်ပါးကိုရှောင်။

အမည်မှည့်ရန်။ သားသမီးတို့ကို အမည်ပေးသောအခါ မွေးနံ့အရင်းခံ ငါးခုမြောက်နံကို အဖျားထားပြီး အမည်ပေးရမည်။ ဥပမာ တနင်္ဂနွေသားဆိုရင် အုန်းပွင့်။ နောက်တစ်နည်း မွေးနံအရထား။ နှစ်ခုမြောက်နံကို အဖျားထားပြီး နာမည်ပေးရသည်။ တနင်္ဂနွေသား

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အောင်ထူးအမည်ပေး။ ဖွားပြီး ၁၁ ရက်၊ ၁၃ ရက်၊ ၁၀၀ ရက်မြောက်သောအခါ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ ထိုနေ့တို့တွင် အမည်ပေး။

## လယ်ထွန်ကျမ်း

သောမရက်တွင် သောမပင်မြေခံလာရာ၌ ကောင်းစွာအညီ တိထိနက္ခတ်၊ လဂ်မြတ်စန်းမှ ဂြိုဟ်သောမနှင့် တူကွဲမကွာနေစဉ်အခါ တွင် လယ်ယာထွန်ပွဲ ပျိုးကြဲကောက်စိုက်အိမ်၌ တင်ထားစပါးကောက် သစ် ကောင်းသည်ဖြစ်အံ့၊ စိစစ်ထိမြော် အာနုဘော်ကြောင့် သူတော် တကာ ကဲ့ရဲ့ရာမှ ဝေးစွာကိုယ်၌လွဲစေသော်။

အဓိပ္ပာယ်မှာ သောမရက် သောမမြေခံ တိထိနက္ခတ်လည်း ကောင်း။ သင့်မြတ်သော လဂ်စန်းနှင့်မကွာ သောမဂြိုဟ်ပူးခိုက် ကြုံ သောအခါတွင် လယ်ထွန်ခြင်း၊ ပျိုးကြဲခြင်း၊ ကောက်ပဲစပါးသွင်းခြင်း တို့ကို ပြုလုပ်ပါဆိုသည်။

## ထွန်သွားတပ်

ထွန်သွားတပ်။ တစ်ချောင်းတပ်သော် ချမ်းသာ၊ သုံးချောင်း တပ်သော် စားဖွယ်ပေါ်၊ ငါးချောင်းတပ်သော် ဥစ္စာပစ္စည်းပေါ်၊ ဆယ် ချောင်းတပ်သော် ကျက်သရေတိုးမည်။

ပိုးကျသောနေ့။ တန်ခူးလမှာ အင်္ဂါနေ့၊ ကဆုန်လမှာ သော ကြာနေ့၊ နယုန်လမှာ ဗုဒ္ဓဟူးနေ့၊ ဝါဆိုလမှာ စနေ၊ ဝါခေါင်လမှာ ကြာသပတေး၊ တော်သလင်းလမှာ ဗုဒ္ဓဟူး၊ သီတင်းကျွတ်လမှာ သော ကြာ၊ တန်ဆောင်မုန်းလမှာ စနေ၊ နတ်တော်လမှာ ဗုဒ္ဓဟူး၊ ပြာသို လမှာ ကြာသပတေး၊ တပို့တွဲလမှာ ကြာသပတေး၊ တပေါင်းလမှာ တနင်္လာ။ ထိုလ ထိုနေ့မှာ ပိုကျတတ်သည်။

လယ်နတ်ပူဇော်ပုံ၊ ထွန်ကိုနွားတပ် ထွန်ကိုင်းကိုကိုင်ပြီး မြတ်

www.burmeseclassic.com

www.burmeseclassic.com


လေးပန်းဖြင့် လယ်နတ်ပူဇော်၊ လွန်မင်းသော အသီးအနှံတို့ဖြင့် ဝေဝေဆာဆာ တွေ့ရပါလို၏ဆိုပြီး ဆုတောင်း။ လယ်ယာအသီးအနှံ ပိုထွက်လိမ့်မည်။

## ပျိုးကြဲရက်

ပျိုးကြဲရန်ရက်။ တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့တို့မှာ ပျိုးကြဲရမည်။ ပြဿဒါးရက် လွတ်စေ။

ကောက်သစ်ဆန်း ဗုဒ္ဓဟူး၊ ကြာသပတေးနေ့၊ သောကြာနေ့ ထိုနေ့သုံးပါးမှာ ရတနာသုံးပါး မိဘဆရာသမားများတို့ကို ပူဇော်ပြီးမှ စားသောက်ကြ။ ပြဿဒါးရက် လွတ်စေ။

ဆန်ဖွတ်ရန်မောင်း။ အလျား တစ်ဆယ့်လေးထွာပြု၊ လေးထွာမှာ ခါးထား၊ ရှစ်ထွာမှာ လည်ညှပ်ထား၊ ဆယ့်တစ်ထွာမှာ ကျည်ပွေ့ထား၊ မောင်းဦး သုံးထွာကျန်သည်။ အိမ်ရှင် ဂဟာပတိကျရာအရပ်ထား၊ ရောဂါဘေးရန်ကင်းဝေး၏။

ဆုံမောင်း ထားမှန်၊ အရှေ့အရပ် မြောက်အရပ်မှာ အိမ်အမိုးအခြင်စွန်းလွတ်အောင်ထား၊ ညောင်သားကိုဆုံကျည်ပွေ့မလုပ်ကောင်း၊ ဆုံမေပင်းကို ဦးခေါင်းရင်းမှာထားပြီး မထောင်းကောင်း၊ ဦးခေါင်းရင်းက ထားပြီးထောင်းရင် အိမ်ရှင်ပျက်စီးအံ့။

## ကိုယ်ဝန်ဆောင်ရှောင်

ကိုယ်ဝန်ဆောင်ရှိသောမိန်းမတို့သည် မင်္ဂလာဆောင်၊ ပဉ္စင်းခံ စသည်တို့တွင် မဆောင်ရွက်ကောင်း၊ မကူညီကောင်း၊ လက်မဖွဲ့ကောင်း၊ ရှောင်ရမည်။ ကူညီဆောင်ရွက်သော် သေပျောက်တတ်သည်။ မွေးဖွားပြီးသော် ကူညီဆောင်ရွက်နိုင်သည်။

ကိုယ်ဝန်ဆောင်ရှိသောမိန်းမတို့သည် ဘုရားတည်ရာကျောင်းဆောက်ရာတို့တွင် ဝင်ရောက်မကိုင်တွယ်။ ရှောင်ရမည်။ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ရန်၊ အိမ်ဆောက်ရန် စုပုံထားသောသစ်တို့ကို မကျော်နင်းရ။

ကိုယ်ဝန်ဆောင်ရှိစဉ် အခြားကိုယ်ဝန်ဆောင်ရှိသောမိန်းမကို အိမ်ပေါ်မှာ လက်ခံပြီးမထားကောင်း။ မသာကိစ္စတွင်လည်း မကူညီကောင်း။

ကိုယ်ဝန်ဆောင်မိန်းမ အိမ်မှာရှိလျှင် လှေ၊ လှည်း၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း စသည်တို့ မဝယ်ကောင်း။ ဝယ်လျှင် ခိုက်တတ်သည်။

## နေ့အလို ခေါင်းဆေးရန်

တနင်္ဂနွေနေ့ခေါင်းဆေးရင် ရှေးဦးစွာ ပန်းခုနစ်မျိုးနှင့် ဘုရားကို ပူဇော်ပြီးလျှင် မြောက်မျက်နှာပြုခေါင်းဆေး၊ စုတ်လာဘ်ရမည်။ တနင်္လာနေ့၊ ကင်ပွန်းသီးကိုသစ်ထည့်ပြီးလျှင် ပြုတ်၊ တောင်အရပ်မျက်နှာပြု ခေါင်းဆေး မင်းစိုးရာဇာချစ်ခင်မည်။ အင်္ဂါနေ့၊ ရှေးဦးအောင်မဲညိုပွင့်နှင့် ဘုရားကိုပူဇော်ပြီး အရှေ့ကိုမျက်နှာပြု ခေါင်းဆေး၊ မင်းစိုးရာဇာတို့ ချီးမြှင့်မည်။ စုတ်လာဘ်ရမည်။ ဗုဒ္ဓဟူးနေ့၊ ရှေ့ဦးရေသကျည်းပွင့်နှင့် ဘုရားကိုပူဇော်ပြီး တောင်အရပ်ကိုမျက်နှာပြု ခေါင်းဆေး၊ ချစ်သောမိတ်ဆွေတွေ့မည်။ ဘုန်းကျက်သရေတိုးမယ်။ ကြာသပတေး ရှိရှား သနပ်ခါးပွင့်ကို့ကို ခေါင်းပေါ်တင် အနောက်မျက်နှာပြုဆေး၊ စုတ်လာဘ်ရမည်။ သောကြာနေ့၊ ချဉ်သောအရသာကို စားပြီး အရှေ့တောင်မျက်နှာပြု ခေါင်းဆေး ရွှေငွေရတနာရမည်။ စနေနေ့၊ ခေါင်းဆေးရင် ကင်ပွန်းအိုးတွင် ပန်းရှိုင်းမြေဇာထည့်၊ အနောက်တောင်မျက်နှာပြု ခေါင်းဆေး ဘုန်းကြီးမည်။

## လအလို ခေါင်းဆေးနည်း

တန်ခူးလ၊ လဆန်း ၂ ရက် ဦးခေါင်းဆေးသော် အနာရောဂါကင်းမည်။ ကဆုန်လ လဆန်း ၂ရက်၊ ၃ရက်၊ ၄ရက်၊ ဆေး အေား

www.burmeseclassic.com

www.burmeseclassic.com



ကင်းမည်။ နယုန်လ၊ လဆန်း ၃ ရက်၊ ခေါင်းဆေး အသက်ရှည်မည်။ ဝါဆိုလဆန်း ၃ ရက်၊ ၆ ရက်၊ ၇ ရက်၊ ၈ ရက်၊ ခေါင်းဆေး အသက်ရှည်မည်။ ဝါခေါင်လ လဆန်း ၂ ရက်၊ ၃ ရက်၊ ၅ ရက်၊ ၇ ရက်၊ ခေါင်းဆေး နတ်ချစ်မည်။ တော်သလင်းလဆန်း ၃ ရက်၊ ၄ ရက်၊ ၅ ရက်၊ ခေါင်းဆေး အသက်ရှည်မည်။ သီတင်းကျွတ်လဆန်း ၃ ရက်၊ ၄ ရက်၊ ၅ ရက်၊ ၆ ရက် ခေါင်းဆေး အနာကင်းမည်။ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ ၃ ရက်၊ ၄ ရက်၊ ၅ ရက်၊ ၆ ရက် ဆေး အကြီးအကဲဖြစ်မည်။ နတ်တော်လဆန်း ၃ ရက်၊ ၄ ရက်၊ ၅ ရက်၊ ၆ ရက်၊ ၉ ရက်မှာဆေး အသက်ရှည်မည်။ ပြာသိုလဆန်း ၄ ရက်၊ ၆ ရက်၊ ၇ ရက်မှာဆေး အသက်ရှည်မည်။ တပို့တွဲလဆန်း ၃ ရက်၊ ၆ ရက်၊ ၇ ရက်မှာခေါင်းဆေး ကြံတိုင်းအောင်မည်။ တပေါင်းလဆန်း ၅ ရက်၊ ၇ ရက်၊ ၈ ရက်၊ ခေါင်းဆေး ရွှေငွေ ရတနာရမည်။

## ရွှေကျီးသာနိမိတ်

အရှေ့ကရွှေကျီးသာရင် အဆွေခင်ပွန်းလာမယ်။ အရှေ့တောင်က ရွှေကျီးသာရင် မီးလောင်မယ်။ တောင်က ရွှေကျီးသာရင် လာဘ်ရမယ်။ ဆရာသမားလာမယ်။ အနောက်တောင်ကရွှေကျီးသာရင် သူခိုးကြံစည်မယ်၊ အနောက်ရွှေကျီးသာရင် ဘေးတွေ့မယ်၊ အနောက်မြောက်က ရွှေကျီးသာရင် ဆင်၊ မြင်း၊ ကျွန် တစ်ခုခုရမည်။ မြောက်က ရွှေကျီးသာရင် သတင်းကောင်းကြားရမည်။ အရှေ့မြောက်က ရွှေကျီးသာရင် သူပူဇော်ခံရမည်။

## လက်သည်းပွင့်နိမိတ်

လက်မပွင့်ရင် ဆွေမျိုးမိတ်ဆွေနှင့် ကွဲမည်၊ လက်ညှိုးပွင့်ရင် ရည်းစားနှင့်ကွဲမည်။ လက်လယ်ပွင့်ရင် မယားရမယ်။ လင်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



လက်သူကြွယ်ပွင့်ရင် သူတစ်ပါး ပူဇော်ခြင်းခံရမယ်။ လက်သန်းပွင့်ရင် အနိုင်အစေရမယ်။ စိတ်ချမ်းသာမယ်။ လက်အရစ်တက်ရင် ကောင်းမယ်။ လေးရစ်၊ ငါးရစ်၊ ခြောက်ရစ်တက်ရင် အထူးကောင်းစားမယ်။ ယောက်ျားကို လက်ယာ၊ မိန်းမကို လက်ဝဲကြည့်ဟော။

## "ဂြိုဟ်ပင့်ဂြိုဟ်စာခွေး

တံခွန်လုပ်နည်း။ တနင်္ဂနွေဂြိုဟ်၊ အနီရောင်။ တနင်္လာဂြိုဟ်မှာ အဖြူ။ အင်္ဂါဂြိုဟ်မှာ ရွှေရောင်၊ ဗုဒ္ဓဟူးဂြိုဟ်မှာ အစိမ်းရောင်။ ကြာသပတေးဂြိုဟ်မှာ အဝါရောင်။ သောကြာဂြိုဟ်မှာ အပြာ။ စနေဂြိုဟ်မှာ အနက်။ ရာဟုဂြိုဟ်မှာ အပြောက်။

ဂြိုဟ်စားခွက်လုပ်နည်း။ တနင်္ဂနွေဂြိုဟ်မင်းအတွက် ဝိုင်းဝိုင်း။

တနင်္လာဂြိုဟ်မင်းအတွက် အရှည်။ အင်္ဂါဂြိုဟ်မင်းအတွက် သုံးထောင့်။ ဗုဒ္ဓဟူးဂြိုဟ်မင်းအတွက် အဖြောင့်။ ကြာသပတေးဂြိုဟ်မင်းအတွက် လေးထောင့်။ သောကြာဂြိုဟ်မင်းအတွက် ငါးထောင့်။ စနေဂြိုဟ်မင်းအတွက် ဝိုင်းဝိုင်း လပြည့်ပုံသဏ္ဍာန်။ ရာဟုဂြိုဟ်မင်းအတွက် လခြမ်းပုံသဏ္ဍာန်။

ဂြိုဟ်ပင့်ရန်အချိန်။ တနင်္ဂနွေ၊ အင်္ဂါ၊ သောကြာဂြိုဟ်တို့ကို ကျီးမနိုးခင် ပင့်ပြီးကျွေး။ တနင်္လာဂြိုဟ်မင်းကို ရောင်နီလာချိန်ပင့်ပြီးကျွေး။ ကြာသပတေးဂြိုဟ်မှာ နေမြင့်မှ ပင့်ပြီးကျွေး။ ဗုဒ္ဓဟူးဂြိုဟ်၊ စနေဂြိုဟ်မင်းကို နံနက် ၉ နာရီက ၁၀ နာရီအတွင်းမှာ ပင့်ပြီးကျွေး။ ရာဟုဂြိုဟ်မင်းကို နေမွန်းတည့်မှာ ပင့်ပြီးကျွေး။

## ဂြိုဟ်ပင့်ပုံ ပင့်နည်း

ဩောင်း နံမော သဗ္ဗဗုဒ္ဓါ နုဘာဝေန၊ ဩောင်း နမော သဗ္ဗ ဓမ္မာ နုဘာဝေန၊ ဩောင်း နမော သဗ္ဗသံဃာ နုဘာဝေန၊ အရှေ့မြောက်ထောင့် စောင့်သည်မသွေ အံမြဲနေသည်။ (တနင်္ဂနွေမည်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း အရှင်ငြိုဟ်မင်း ဗုဒ္ဓဟူးသား) သဒ္ဒါပွား၍ စိတ်ထားကြည်ဖြူ ဆွမ်းလှူပါသည်။ ဩဇာပြန့်မွှေး၊ သလေးထမင်း၊ ဖက်စိမ်းခင်း၍ ကျင်းကာစီရင်၊ အသင့်ယှဉ်မှ၊ အစဉ်သင့်စွာ၊ ရှေ့ဆရာကို မိန့်မှာဟော တိုင်း၊ ထုံးပိုင်မကျန်၊ တံခွန်ဆီမီး၊ ညီးညီးဝင်းဝါ၊ ကွမ်းယာလက်ဖက်၊ နံ့သက်မွှေးကြူ၊ ပန်းဖြူပန်းနီ၊ စုံစီသစ်သီး၊ အုန်းသီးယိုနှင့်၊ ထို့ပြင် တစ်ချက်၊ ငှက်ပျောချိုလျော်၊ ဤစားတော်ကို၊ စားတော်ခေါ်လှည့်၊ ရှင်ငြိုဟ်မင်းသည် ရွှင်ရွှင်ပပ၊ မမဝရုံ၊ ဘောဇနံကို၊ ဣမံဘုဥ္ဇာဟိ၊ ဟေဟိ ဟေဟိ၊ ဘုဥ္ဇာဟိဆိုပြီး တနင်္ဂနွေဂြိုဟ်မင်းကို ပင့်ပြီး ကျွေးရမည်။ အခြားသောဂြိုဟ်တို့ကိုလည်း ၎င်းနည်းတူ ပင့်ပြီးကျွေးရမည်။ ဗုဒ္ဓဟူး သားဆိုသောနေရာမှာ အလိုရှိသောနေ့ကို ထည့်ပြီးဆို။

## တနင်္ဂနွေဂြိုဟ် ဆုတောင်း

အရှေ့မြောက်မြောက်ဆန်း၊ ရုငသန်ဝယ်၊ ရောင်လျှံညီးညီး၊ ဂဠုန်စီး၍ ဘုန်းထီးဝေဝေ၊ ခြောက်နှစ်နေသား၊ ရန်တွေရှင်းလင်း ပါပါမင်းဟု၊ တနင်္ဂနွေ၊ ဘုန်းရောင်ဝေနှင့်၊ တိမ်ခြေလှစ်ဖြို၊ ရဝိဂြိုဟ် မလိုမုန်းထား၊ ရန်သူငါးနှင့်၊ ရှစ်ပါးဒေါသ၊ ဒဏ္ဍတစ်ဆယ်၊ နှိပ်နယ် သက်ခတ်၊ ဥပါဒ်ဆယ်ခြောက်၊ လန့်ကြောက်ထုံအေး ဘေးတစ်ဆယ့် ငါး အများဆက်ဆံ၊ ကံသုံးဆယ့်နှစ်၊ စီစစ်ထွေလာ၊ နာကိုးဆယ့် ခြောက်၊ ဂယောက်ဂယက်၊ အိပ်မက်တဘောင်၊ နာထောင်စနည်း၊ ကမ္ဘည်းအတိတ်၊ နိမိတ်နိမိတ်၊ အရောက်ပကာင်း၊ ယိုယွင်းကြမ္မာ၊ ဒသာလှည့် ဖောက်၊ သက်ရောက်ပါမူ၊ စံန်းကျလည်းနီး၊ ဂြိုဟ်စီး ဂြိုဟ်ဆင်း၊ ဂြိုဟ်တွင်း၊ ဂြိုဟ်သွား၊ ဂြိုဟ်စား၊ ဂြိုဟ်ပျက်၊ ဂြိုဟ်ထွက် ဂြိုဟ်ဝင်၊ ထို့ပြင် မယွင်း၊ တြင်းနဝင်း၊ ပြတ်ခြင်းအရှိ၊ စပ်ဘိပြိုင်နွှဲ၊ ယှဉ်တွဲ ကူးသန်း၊ စန်းလွှန်းပြတ်သက်၊ နက္ခတ်ယိမ်းယိုင်၊ သုံးပင်တိုင်လည်း၊ မခိုင်သောအာ၊ အတိုးပွား၍၊ အသွားချွတ်ယွင်း၊ ပူပြင်းသောကာ၊ ဗျာပါရနှင့် ဒုက္ခစန်းငြိ၊ ရောက်စစ်ရှိလည်း၊ ဆံချည်မြူခြမ်း၊ မှုမသာနိုး ရအောင်၊ ဘေးကျန်းဆီးတား၊ အကျွန်ုပ်အားကို၊ သနားလွှန်းပြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖန်ဆင်းသည်၊ ဂြိုဟ်မင်း မ,စေသော်။

## တနင်္လာဂြိုဟ်ဆုတောင်း

အရှေ့ပြုဗ္ဗာ၊ ဝိဒေဟာဝယ်၊ တိမ်လွှာနှင့်နီး၊ ကျားတက်စီး၍၊ ရေမိုးတွက်စစ်၊ ဆယ့်ငါးနှစ်တိုင်၊ ခွင့်ရပိုင်သည်၊ ဘုန်းလှိုင်နဂိုရ် အနန္တ ဂြိုဟ်' ဆိုလေရာရာ၊ အသင့်သာလျှင်၊ တကာလိုလို၊ သူ့နားချိုလျက်၊ ထိုထိုရှေ့နောက် တောင်မြောက်ခရီး ဝေးနီးဘယ်ညာ၊ သွားရာရာလည်း ချမ်းသာလှပ လာဘ်ကောင်းရ၍၊ လုံ့လအားသာန် သုံးပါးကံဖြင့် ကြံ တိုင်းလည်းအောင်၊ ဆောင်တိုင်းလည်းမြောက်၊ လှေ့လောက်စီးပွား၊ စပါးဆန်ရေ ရွှေငွေကျောက်သံ ကိုယ့်ထံတွင်မြဲ နွားကျွဲခြွေရွေ မိုးမြေ လယ်ယာပဒေသာတို့ ဤဤသယ တ,တိုင်းခိုင်ပြီ၊ ရည်တိုင်းပြီးသည်။ မငြိုးမငွေ့ တစ်နေ့မပျက် ချရေစက်နှင့် လက်မလွှတ်ကင်း။ ကျင့်သီ တင်းလည်း။ မယွင်းထိန်ညီး၊ သူတော်နည်းဖြင့်၊ စောင့်စည်းကိုယ်နှုတ်၊ အားထုတ်လုံ့လ ထကြွလျှမ်းလျှမ်း၊ နိုးချမ်းပေါ့ပါး သူ့အားမှုကာ ချမ်း သာပေးနိုင် ကြံခိုင်လက်ရုံး နှလုံးမမြင် ရွှေကြာပွင့်သို့ သူနှင့်ရောပြွမ်း သူ့စိတ်ဝမ်းကို ခွဲခြားသိမြင် ပညာရှင်နှင့် ဘယ်တွင်မရွေ့ နေ့တိုင်းတွေ့ လျက်၊ ညဉ့်နေအုတ်တွေ ခြွေရွေသန့်ရှင်း။ သတင်းပြန့်မွှေး နီးဝေးထင် ပေါ် ကြားကျော်အောင်ထက်၊ ကြောက်ရုက်ချုပ်စောင့် တော်ဖြောင့် မှန်လှ အာယုစကား ဗလငါးခိုင် ကောင်းဆုံးတိုင်အောင် တူပြိုင်မဲ့ငြား။ ကျွန်ုပ်အားကို သနားလွှန်ပြင်း ကြည့်ဖန်ဆင်းသည် ဂြိုဟ်မင်း မ,စ စေသော်။

## အင်္ဂါဂြိုဟ်ဆုတောင်း

အဂ္ဂိချမ်းမြွေ ရှေ့တောင်ကွေ့ဝယ်၊ ခြသေ့်စီးလျက်၊ ရှစ်ရှစ် သက်ဖြင့် မပျက်စဉ်လာ ထင်ရှားစွာတည်။ အင်္ဂါဆို သောမဂြိုဟ်မ မလိုမုန်းထား ရန်သူငါးနှင့် ရှစ်ပါးဒေါသ၊ ဒဏ္ဍာတစ်ဆယ် နှိမ်နယ်

www.burmeseclassic.com



သက်ခတ်၊ ဥပဒ်ဆယ့်ခြောက်၊ လန့်ကြောက်ထုံအေး တေးနှစ်ဆယ့်ငါး အများဆက်ဆံ ကံသုံးဆယ့်နှစ်၊ စိစစ်ထွေ ၇၊ နာကိုးဆယ့်ခြောက်၊ ဂယောက်ဂယက်၊ အိပ်မက်တဘောင် နားထောင်စနည်း၊ ကပ္ပည်း အတိတ်၊ နိမိတ် နိမိတ်၊ အချက်မကင်း ယိုယွင်းကြမ္မာ၊ ဒသာလှည့် ဖောက်၊ သက်ရောက်ပါပ၊ စဉ်ကျယည်းနီး၊ ဂြိုဟ်စီး၊ ဂြိုဟ်နင်း၊ ဂြိုဟ်တွင်း၊ ဂြိုဟ်သွား၊ ဂြိုဟ်စား၊ ဂြိုဟ်ပျက်၊ ဂြိုဟ်ထွက် ဂြိုဟ်ဝင်၊ ထိုပြင်မယွင်း တြင်းနဝင်းပြတ်ခြင်းအရှိ စပ်ဘိပြိုင်နွဲ ယှဉ်တွဲကူးသန်း၊ စန်းလွန်းပြတ်သတ်၊ နက္ခတ်ယိမ်းယိုင်၊ သုံးပင်တိုင်လည်း မခိုင်သ အား အတိုးပွား၍ အသွားချွတ်ယွင်း ပူပြင်းသောက ဗျာပါရနှင့် ဒုက္ခစွန်းငြိ ရောက်စစ်ရှိလည်း ဆံချည်မြှုခြမ်း မှုမသန်းအောင်၊ ဘေး ကျန်းဆီးတား၊ အကျွန်ုပ်အားကို၊ သနားလွန်ပြင်း ကြည့်ဖန်ဆင်းသည် ဂြိုဟ်မင်း မ,စစေသော်။

## ဗုဒ္ဓဟူးဂြိုဟ်ဆုတောင်း

တောင်ဒက္ခိဏာ၊ ရပ်လက်ယာဝယ် ယဉ်သောပေါက်ကြီး ဆင် တက်စီးလျက်၊ ရန်မီးပယ်လစ် ဆယ့်ခုနစ်လျှင် စင်စစ်တွက်ရေ စောင့် မြဲနေသား၊ မြတေကျေးဖူး၊ ဂုဏ်အထူးနှင့် ဗုဒ္ဓဟူးခေါ်ဆို ဗုဒ္ဓဂြိုဟ်။ ဆိုလေရာရာ၊ အသင်သာလျှင် သကာလိုလို သူ့နားချိုလျက် ထိုထို ရှေ့နောက် တောင်မြောက်ခရီး ဝေးနီးဘယ်ညာ သွားရာရာလည်း၊ ချမ်း သာလှပ လာဘ်ကောင်းရ၍ လှံ့လအားသန် သုံးပါးကံဖြင့် ကြံ တိုင်းလည်းအောင် ဆောင်တိုင်းလည်းမြောက် လွေ့လောက်စီးပွား စပါး ဆန်ရေ ရွှေငွေကျောက်သံ ကိုယ်ထံတွင်မြဲ နွားကျွဲခြွေရွေ မိုးမြေလယ် ယာ ပဒေသာတွံ့ ကုဋ္ဌာသယ တတိုင်းခိုင်ဖြိုး ရည်တိုင်းပြီးသည် မငြီးမငွေ့ တစ်နေ့မပျက် ချရေစက်နှင့် လက်မလွတ်ကင်း ကျင့်သီတင်း လည်း မယွန်းထိန်ညီ။ သူတော်နည်းဖြင့် စောင့်စည်းကိုယ်နှုတ် အား ထုတ်လုံ့လ ထကြွလျှမ်းလျှမ်း နိုးချမ်းပေါ့ပါး သူ့အားမျှသာ ချမ်း သာပေးနိုင်၊ ကြံခိုင်လက်ရုံး နှလုံးမမြင်၊ ရွှေကြာပွင့်သို့ သူနှင့်ကျော်ပြွမ်း၊

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ဝမ်းကို ခွဲခြမ်းသိမြင်၊ ပညာရှင်နှင့် ဘယ်တွင်မရွေ့၊ နေ့တိုင်း တွေ့လျက် ညဉ့်နက်အုတ်ထွေ ရွှေရွှေသန့်ရှင်း သတင်းပျံ့မွှေး။ နီးဝေး ထင်ပေါ် ကြားကျော်အောက်ထက်၊ ကြောက်ရှက်ချုပ်စောင့် တော်ဖြောင့်မှန်လှ၊ အာယုစသား ဗလငါးဆိုင်၊ ကောင်းကင်ဆုံးတိုင်အောင် တူပြိုင်မဲ့ငြား ကျွန်ုပ်အားကို သနားလွန်ပြင်း၊ ကြည့်ဖန်ဆင်းသည် ဂြိုဟ်မင်းမ,စစေသော်။

## စနေဂြိုဟ်ဆုတောင်း

နရီတိချောင်၊ အနောက်တောင်ဝယ်၊ ရန်မှောင်ပယ်လင်း၊ နဂါးမင်းထက်၊ စီးနင်းထုံလစ်–သက်ဆယ်နှစ်ဖြာ၊ ဖန်လစ်မသွေ တန်ခိုးခြွေသည်၊ စနေခေါ်ဆို ပါပဂြိုဟ်။ မလိုမုန်းထား ရန်သူငါးနှစ်၊ ရှစ်ပါးဒေါသ၊ ဒဏ္ဍာတဆတ် နှိပ်နယ်သက်ခတ် ဥပဒ်ဆယ့်ခြောက်၊ လန့်ကြောက်ထုံအေး ဘေးနှစ်ဆယ့်ငါး အများဆက်ဆံ၊ ကံသုံးဆယ့်နှစ်၊ စိစစ်ထွေလာ နာကိုးဆယ့်ခြောက်၊ ဂယောက်ဂယက်၊ အိပ်မက်တစ်ထောင်၊ နားထောင်စနည်း၊ ကုမ္ပည်းအတိတ် နိမိတ် နိမိတ် အချက်မကောင်း ယိုယွင်းကြမ္မာ ဒသာလှည့်ဖောက်၊ သက်ရောက်ပါပ။ စန်းကျလည်းနီး ဂြိုဟ်စီး ဂြိုဟ်နင်း ဂြိုဟ်တွင်း ဂြိုဟ်သွား ဂြိုဟ်စား၊ ဂြိုဟ်ပျက၊ ဂြိုဟ်ထွက် ဂြိုဟ်ဝင် ထိုပြင်မယွင်း၊ တြိုင်းနဝင်း ပြတ်ခြင်းအရှိ စပ်ဘိပြိုင်နွဲ့ ယှဉ်တွဲကူးသန်း စန်းလွန်းပြတ်သတ် နက္ခတ်ယိမ်းယိုင် သုံးပင်တိုင်လည်း မခိုင်သောအား အတိုးပွား၍ အသွားချွတ်ယွင်း ပူပြင်းသောက ဗျာပါဒနှင့် ဒုက္ခစွန်းငြိ ရောက်စစ်ရှိလည်း ဆံချည်မြှုခြမ်း မျှမသန်းအောင် ဘေးကျမ်းဆီးတား ကျွန်ုပ်အားကို သနားလွန်ပြင်း ကြည့်ဖန်ဆင်းသည် ဂြိုဟ်မင်းမ,စေသော်။

## ကြာသပတေးဂြိုဟ်ဆုတောင်း

အနောက်မျက်နှာ စဉ္စိမာဝယ် လျှံဝါရွှန်းစက် ကြွက်ယာဉ်ထက်

www.burmeseclassic.com

www.burmeseclassic.com



ဝယ် တက်လျှပ်စီးလစ် ဆယ့်ကိုးနှစ်တည့် ရန်မြစ်ပစ်ခွာ စောင့်ရှောက်လာသည့် ကြာသပတေးမင်း ဘေးလွတ်ခို ဂုရုဂြိုဟ်။ ဆိုလေရာရာ အသင့်သာလျှင် သကာလိုလို သူ့နားချိုလျက် ထိုထိုရှေ့နောက် တောင်မြောက်ခရီး ဝေးနီးဘယ်ညာ သွားရာရာသည် ချမ်းသာလှပ လာဘ်ကောင်းရ၍ လှံ့လအားသန် သုံးပါးကံဖြင့် ကြံတိုင်းလည်းအောင် ဆောင်တိုင်းလည်းမြောက် လွှေ့ရောက်စီးပွား စပါးဆန်ရေ ရွှေ ငွေ ကျောက်သံ ကိုယ့်ထံတွင်မြဲ နွားကျွဲခြွေရွေ မိုးမြေလယ်ယာ ပဒေသာသို့ ဣစ္ဆာသယ တတိုင်းခိုင်ဖြိုး ရည်တိုင်ပြီးသည် မငြီးမငွေ့ တစ်နေ့မပျက် ချရေစက်နှင့် လက်လွှတ်မကင်း ကျင့်သီတင်းလည်း မယွင်းထိန်ညီး သူတော်နည်းဖြင့် စောင့်စည်းကိုယ်နှုတ် အားထုတ်လုံ့လ ထကြွလျှမ်းလျှမ်း နိုးချမ်းပေါ့ပါး သူအားမျှကာ ချမ်းသာပေးနိုင် ကြံခိုင်လက်ရုံးနှလုံးမပြင် ရွှေကြာပွင့်သို့ သူနှင့်ရောပွမ်း သူ့စိတ်ဝမ်းကို ခွဲခြားသိမြင် ပညာရှင်နှင့် ဘယ်တွင်မရွေ့ နေတိုင်းတွေ့လျက် ညည့်နေအုတ်ထွေ ခြွေသန့်ရှင်း သတင်းပျံ့မွှေး နီးဝေးထင်ပေါ် ကြားကျော်အောက်ထက် ကြောက်ရုက်ချုပ်စောင့် တော်ဖြောင့်မှန်လှ အာယုစကား ဗလငါးဆိုင် ကောင်းဆုံးတိုင်အောင် တူပြိုင်မဲ့ကြား ကျွန်ုပ်အားကို သနားလွန်ပြင်း ကြည့်ဖန်ဆင်းသည် ဂြိုဟ်မင်းမ,စေသော်။

## ရာဟုဂြိုဟ်ဆုတောင်း

အနောက်မြောက်တွင် ပါပခွင်က ဟိုင်းဆံပေါက်ကြီး စွယ်မဲ့စီးလျက် ခိုင်ဖြိုးသွယ်လစ် တစ်ဆယ့်နှစ်လျှင် ရန်မြစ်ကာမှု နေမှတ်ပြုသည် ရာဟုခေါ်ဆို မြတ်သောဂြိုဟ်။ မလိုမုန်းထား ရန်သူငါးနှင့် ရှစ်ပါးဒေါသ ဒဏ္ဍတစ်ဆယ် နှိပ်နယ်သက်ခတ် ဥပါဒ်ဆယ့်ခြောက် လန့်ကြောက်တုံ့အေး ဘေးနှစ်ဆယ့်ငါး အများဆက်ဆံ ကံသုံးဆယ့်တစ် စီစစ်ထွေလာ နာကိုးဆယ်ခြောက် ဂယောက်ဂယက် အိပ်မက်တဘောင် နားထောင်စနည်း ကမ္ဘ ညီးအတိတ် နိမိတ်နိမက် အချက်မကင်း ယိုယွင်းကြမ္မာ ဒသာလှည့်ဖောက် သက်ရောက်ပါပ စန်းကျလည်း

www.burmeseclassic.com



နှီ ဂြိုဟ်စီး ဂြိုဟ်နင်း ဂြိုဟ်ယွက်ဂြိုဟ်သွား ဂြိုဟ်စား ဂြိုဟ်ပျက် ဂြိုဟ်ထွက် ဂြိုဟ်ဝင် ထိုပြင်မယွင်း တြင်းနဝင်း ပြတ်ခြင်းမရှိ နက္ခတ်ယိမ်းယိုင် သုံးပင်တိုင်လည်း မခိုင်သောအား အတိုးပွား၍ အသွားချွတ်ယွင်း ပူပြင်းသောက ဗျာပါရနှင့် ဒုက္ခစွန်းငြိ ရောက်စစ်ရှိလည်း ဆံချည်မြှုခြမ်း မြူမသန်းအောင် ဘေးကျမ်းဆီးတား ကျွန်ုပ်အားကို သနားလွှန်ပြင်း ကြည့်ဖန်ဆင်းသည် ဂြိုဟ်မင်း မ,စေသော်။

## ခသာကြာဂြိုဟ်ဆုတောင်း

မြောက်ဥတ္တရာ၊ ရပ်ခန်းသာဝယ် ချမ်းသာနန်းစံပူယာဉ်ပုံထက် စိုးစံတုလစ် နှစ်ဆယ့်တစ်လျှင်မည်ဖြစ်သညာ ရပ်သောကြာဝယ် တေဇောညွန့်လူ ဇာရူဟု ဘုန်းကြူညွှတ်ဆို သောမဂြိုဟ်။ ဆိုလေရာရာ အသင့်သာလျှင် သကာလိုလို သူ့နားချိုလျက် ထိုထိုရှေ့နောက် တောင်မြောက်ခရီး ဝေးနီးဘယ်ညာ သွားရာရာလည်း ချမ်းသာလှပ လာဘ်ကောင်းရ၍ လုံ့လအားသန် သုံးပါးကံဖြင့် ကြံတိုင်းလည်းအောင် ဆောင်တိုင်းလည်းမြောက် လေ့လောက်စီးပွား စပါးဆန်ရေ ရွှေငွေကျောက်သံ ကိုယ့်ထံတွင်မြဲ နွားကျွဲ ရွှေငွေ မိုးမြေလယ်ယာ ပဒေသာသို့ ကုဿာသယ တ,တိုင်းခိုင်ဖြိုး ရည်တိုင်းပြီးသည် မငြီးမငွေ့ တစ်နေ့မပျက် ချရေစက်နှင့် လက်မလွှတ်ကင်း ကျင့်သီတင်းလည်း မယွင်းထိန်ငြီး သူတော်နည်းဖြင့် စောင့်စည်းကိုယ်နှုတ် အားထုတ်လုံ့လ ထကြွလျှမ်းလျှမ်း နိုးချမ်းပေါ်ပါး သူအားမျှကာ ချမ်းသာပေးနိုင် ကြံခိုင်လက်ရုံး နှလုံးမပြင် ရွှေကြာပွင့်သို့ သူနှင့်ရောပြွမ်း သူ့စိတ်ဝမ်းကို ခွဲခြမ်းသိမြင် ပညာရှင်နှင့် ဘယ်တွင်မရွှေ့ နေ့တိုင်းတွေ့လျက် ညဉ့်နက်အုတ်မထွ ခြွေရွှေသန့်ရှင်း သတင်းပျံ့မွှေး ဝေးနီးထင်ပေါ် ကြားကျော်အောက်ထက် ကြောက်ရုက်ချုပ်စောင့် တော်ဖြောင့်မှန်လှ အာယုစသား ဗလငါးဆိုင် ကောင်းဆုံတိုင်အောင် တူပြိုင်မဲ့ငြား ကျွန်ုပ်အားကို သနားလွှန်ပြင်း ကြည့်ဖန်ဆင်းသည် ဂြိုဟ်မင်း မ,စသော်။ ။ဂြိုဟ်ပင့်

www.burmeseclassic.com



ငြိုပြတ်စာ ကျွေးပြီးပြီ။

## ဆေးမယူကောင်းသောနေရာ

နတ်ကွန်းမှာ ပေါက်သောဆေးပင်၊ တောင်ပို့မှာပေါက်သော ဆေးပင်။ ဇွင်းမှာ ကျင်းမှာပေါက်သောဆေးပင်၊ လမ်းခရီးမှာ သုသာန်မှာ ပေါက်သောဆေးပင်၊ ရေမှာပေါက်သောဆေးပင်၊ မီးလောင်ထား သောဆေးပင်၊ ပိုးကျထားသောဆေးပင်၊ ထိုဆေးပင်တို့ကို သုံးသော် အကျိုးမပြီး။

## လတ်သမားကျမ်း

ဝေါဟာရ လူ့ဝလေ့ မမေ့အောင် သတိထား မှတ်သားပါ။ သေချာစွာ တိုင်ဟောင်းမှာ ရှောင်လွဲလို့ မန်းမဆွဲရာ။

ထုပ်စွပ်ကာယ်ပါ ရှောင်ပါလေရက်မ။ ထောက်တို့ကို ပိုမ မောက်စေနဲ့ ကြမ်းအောက်နေမှ၊ အိမ်ဆောက်ကို နောက်ချန်လို့၊ ဝန်း ထရံအရင်ခတ်ရင်လ ပျက်စီးတတ် ကျမ်းအလာ မှတ်ကြပါအများ။

အိမ်ရာကို မထွန်ကောင်းပါဟု နောင်ကောင်းအောင် သတိ ထား မှတ်သားပ သေချာစွာ။

လက်သမားငယ်တို့ တက်ကြွားလို့သိဖို့ရာ မှတ်ကြပါ မမှား ဦးယူချီလို့ ဆောက်တယ် ဘေးမှောက်မမှား။

ပိသုကာ လက်သမားမယ်တို့ ထားသတိရှိစေနော် ကျွန်တိုင် မှာ ဝါးကိုပိုးရင် မျိုးထူးလို့ချော်။

ရှေ့နောက်ကာယ်မျှော် မလျော်ရှောင်ကွင်း ခေါင်လျောက်ကွယ်ခွ တင်နှင့် မပြီးခင်ကြမ်းကိုဖောက်တယ် ဝမ်းပေါက်လို့ဟင်း။

ရှေ့ခေါင်ကို သုဝဏ္ဏဝယ်လို့ ဝေါဟာရမည် ပင်လယ်ခန်းကွင် ဟန်တူလှ နောက်သောကရှင်။

အိမ်ဦးနှင့်ကြမ်းပြင် ကြမ်းမဝင်လွှတ်လား ရှေ့ဆရာခေါ် သမုတ် တယ် ကျမ်းထုတ်စကား။

www.burmeseclassic.com

www.burmeseclassic.com



ထုပ်မစွပ် ရက်မလျှို့ရင် ကျမ်းဆိုချက်အလျောက်။ ဥစ္စာရွှေငွေပျောက်မယ် ဝမ်းပေါက်ခေါင်လျောက်။

ကြမ်းပေါ်မှာ ထောက်တို့မောက်ရင် မှိုပေါက်လို့ ခေါ်မှားသားမြေးမြစ်စဉ်ဆက် တိုးမတက်ရာ။ မပြီးခင် ဝင်းကာလျှင် ခြံလျောင်သာ ခေါ်မြဲ ပိသုကာကျမ်းလာရှိတယ် ထားသတိစွဲ။

ထိုတိုင်သည့် တိုင်ညီလို့ ထိခိုက်ရင် ပုံသေမှတ်ပါရှေ့ အပြီးခတ်ခေါ်ဝေါ်၊ ထိခိုက်သော် မတော်ရန်များ။ ထိုအိမ်မှာ မငြိမ်သက်တယ် ဒေါသမျက်ပွား။

စရွေးခံ ထုပ်ဆက်ပြီးလျှင် လထီးဆောင်းတဲ့ မှတ်ကြလေ၊ ထုပ်စွန်းထက် စရွေးရှည်လျှင် ရှောင်ပေကြမလွဲ၊ ကျမ်းဆရာ နှစ်ဖြာမိန့်တယ် မှတ်စိမ့်အမြဲ။

ဦးရှုတဲ့ရေဝေ၊ မုန်မသွေ ထုပ်ပြင်တမ်း ရှေ့ခန်းက တပေးကြွင်နှံးတဲ့ ဖိုမနေ လယ်ခန်းပေမလွဲ၊ အုန်းသီးသပြေရောက်တယ် နောက်ခန်းကပဲ။ ။ လက်သမားကျမ်းပြီးပြီ။

## အိမ်ဆောက်မြေ

မြေအဆင်းဖြူသော် မြေပုဏ္ဏား၊ အိမ်ဆောက်သော် ကျက်သရေတိုးမည်။ မြေအဆင်းနီသော် မြေဘုရင်။ အိမ်ဆောက်သော် မင်းစိုးရာဇာဖြစ်မည်။ မြေအဆင်းဝါရင် ဂဟပတိမြေ။ ကျောင်းဆောက်ရမည်။ မြေအဆင်းမည်းသော် မြေကျွန်းဥယျာဉ်စိုက်ပျိုးရမည်။ မြေအဆင်းပြာသော် ကေသပန်မြေ။ ထိုမြေမှာ မြို့တည်ရမည်။

## မြေနေပုံအခြေအနေ

အလျားသဏ္ဍာန်၊ လေးထောင့်၊ အလုံးသဏ္ဍာန်၊ လင်ပန်း၊ လဝန်း၊ လေ၊ တောင်ရှည်ပုဆိုးစည်၊ လိပ်ကုန်းလှည်းဘီး၊ မုန်၊ လေး၊ ကိုင်းလခြမ်းအိုးကင်းမှောက်၊ မြင်းမျက်နှာ၊ ဆင်ခြေအုပ် ဥဒေါင်းအဆင်

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်၊ ခြသေ့အဆင်းသဏ္ဍာန် ရွှေအဆင်းနွားအဆင်းသဏ္ဍာန်၊ အိမ်ဆောက်ရန်ကောင်းသော အဆင်းသဏ္ဍာန်မှာ အလျား လေးဆောက်ရန်ကောင်းသောအဆင်းသဏ္ဍာန်မှာ အလျား လေးထောင့်၊ လင်ပန်း လေးကိုင်းလခြမ်းလဝန်း ဥဒေါင်း စည်မျက်နှာ၊ ရွှေအဆင်း၊ ထိုမြေအခြေအနေမှာ အိမ်ဆောက်နိုင်သည်။

## အိမ်ဆောက်အခါတွက်ပုံ

အိမ်ဆောက်မယ်၊ ကျောင်းဆောက်မယ်၊ မဂ်လာဆောင်မယ် ဆိုရင် ရှေးဦးစွာ နှစ်လွတ်မလွတ် တွက်ကြည့်ရမည်။ တွက်ပုံမှာ ဆောက်သော ကောဇာသက္ကရာဇ်ရှည်ကို တည်ဆောက်လိုသောသူ၏ အသက်ကိုရော။ သုံးနှင့်မြှောက်။ ငါးနှင့်စား တစ်ခုကြွင်းရင် ကာလိက္လို မြောက်ကနေသည်။ အသရေ အနောက်ကနေသည်၊ တေဇ တောင်က နေသည်။ မူလအလယ်ကနေသည်။ အာယု အရှေ့ကနေသည်၊ နှစ်ခုကြွင်းရင် ကာလကဏ္ဍိ အနောက်ကနေသည်။, အသရေတောင်က နေသည်၊ တေဇ အရှေ့ကနေသည်။ မူလ မြောက်ကနေသည်။ အာယု အလယ် ကနေသည်၊ သုံးခုကြွင်းရင်၊ ကာလကဏ္ဍိ တောင်က နေသည်၊ အသ ရေ ရှေ့ကနေသည်။ တေဇ အလယ်ကနေသည်။ မူလ အနောက်က နေသည်။ အာယု မြောက်ကနေသည်။ လေးခုကြွင်းရင် ကာလကဏ္ဍိ အရှေ့ကနေသည်။ တေဇ အနောက်ကနေသည်။ မလ တောင်ကနေ သည်၊ သုညကြွင်းရင် ကာလကဏ္ဍိ အလယ်ကနေသည်၊ အသရေ မြောက်ကနေသည်။ တေဇ အနောက်ကနေသည်။ အာယု တောင်က နေသည်။ မူလ အရှေ့ကနေသည်။ ကာလကဏ္ဍိ အလယ် မှာနေသော် ထိုနှစ်မှာ အိမ်ဆောက်ခြင်း၊ ထိမ်းမြားခြင်း၊ အဖိုးများစွာ ထိုက်သော ပစ္စည်းဉစ္စာတို့ကို မဝယ်ကောင်း၊ ရှောင်ရမည်။ မနာ္တယ္ဘဲ ပြုလုပ်ခဲ့သော် မယားကွဲသားကွဲ စသော မကောင်းသောအကျိုးတို့ကို ခံစားရမည်။ ကျမ်းမှာဆိုသည်။ သတိထားပြုလုပ်ကြ ကာလကဏ္ဍိ အလယ်မှာ မနေရင် နှစ်လွတ်သည်။ ဘယ်လဆောက်မလဲ၊ လကောင်း

www.burmeseclassic.com

www.burmeseclassic.com


ရွှေ့ပြီးဆောက်။

## အိမ်ဆောက်လ

တန်ခူးလမှာ အိမ်ဆောက်ရင် အနာအဖျားထူမယ်။ ဆင်းရဲမယ်။ ကဆုန်လမှာ အိမ်ဆောက်ရင် စပါးဆန်ရေပေါ်များမယ်။ အနာရောဂါထူမည်လည်းဆိုသည်။ နယုန်လမှာအိမ်ဆောက်ရန် မယားများမယ်။ အခြွေအရံများမယ်။ သေကြေပျက်စီးမယ်ဆိုသည်။ ဝါဆိုလမှာ အိမ်ဆောက်ရင် စီးပွားတိုးတက်မယ်။ ဝါခေါင်လမှအိမ်ဆောက်ရင် သားမယားများမယ်။ အနာအဖျားထူမယ်။ တော်သလင်းလမှာအိမ်ဆောက်ရင် အနာအဖျားများမယ်။ အပျက်အစီးများမယ်။ သီတင်းကျွတ်လမှာ အိမ်ဆောက်ရင် အကြီးအကျယ်ပျက်စီးမယ်။ ဆင်းရဲတာရှည်မယ်။ တန်ဆောင်မုန်းလမှာအိမ်ဆောက်ရင် စိတ်ပူရမယ်။ မအီမသာရှိမယ်။ ရန်များမယ်။ နတ်တော်လမှာ အိမ်ဆောက်ရင် မယားကောင်းသားကောင်းရမည်။ သူ့ခပ်သိမ်းကို နိုင်ရမယ်။ ထောင်တန်းနှောင်အိမ်ခံရမယ်လည်းဆိုသည်။ ပြာသိုလ အိမ်ဆောက်ရင် အခြွေအရံများမယ်။ တပို့တွဲလမှာ အိမ်ဆောက်ရင် ဥစ္စာပျောက်မယ်။ လာဘ်ရမယ်။ သူခိုးခိုးဖန်များမည်လည်းဆို။ တပေါင်းလ အိမ်ဆောက်ရင် ဥစ္စာပေါ်မယ်။ လာဘ်ရမည်။ ရွှေငွေပေါ်များမယ်။ ယခု တင်ပြလိုက်သော အိမ်ဆောက်လ အကျိုးအပြစ်တို့မှာ ကျမ်းဖေါင်းစုံ အဆိုဖြစ်သည်။ ကြိုက်နှစ်သက်ရာလကိုကြည့်ပြီး ဆောက်ကြ။ လကောင်းရွေးပြီးရင် မြေခံကြီးမြေခံငယ်ရွေးရမယ်။ မြေခံကြီးမြေခံငယ် နှစ်မျိုးစလုံး အကောင်းရရင် ပိုပြီးကောင်းသည်။ အကယ်၍ မရခဲ့သော် မြေခံကြီးအကောင်းရွေးပြီးဆောက်။

## လဆန်းမြေခံ အကျိုးအပြစ်

လဆန်း ၁ ရက် နတ်ခံပျက်စီးမယ်။ လဆန်း ၂ ရက် ကညာခံအောင်မယ်။ လဆန်း ၃ ရက် နွားလားဥသဘခံ လာဘ်ရ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ လဆန်း ၄ ရက် နဂါးခံပျက်စီးမယ်။ လဆန်း ၅ ရက် ဂဠုန်ခံ ရွှေငွေပေါ်။ လဆန်း ၆ ရက် ဆင်ခံ ဘေးရန်များမယ်။ လဆန်း ၇ ရက် သိန်္ဓောခံ အောင်မြင်မယ်။ လဆန်း ၈ ရက် ဒွန်းစဏ္ဍားခံ ဆုတ်ယုတ်မယ်။ လဆန်း ၉ ရက် ဘီးလူးခံ သေကြောကွဲပြား။ လဆန်း ၁၀ ရက် ပြဟ္မာခံ မင်းပူဇော်။ လဆန်း ၁၁ ရက် သိကြားခံ အခြွေအရံပေါ်။ လဆန်း ၁၂ ရက် ခွေးခံဆုတ်ယုတ်မယ်။ လဆန်း ၁၃ ရက် ပြဟ္မာခံ ပြည့်စုံ။ လဆန်း ၁၄ ရက် ဂဠုန်ခံ ပြီးစီး။ လဆန်း ၁၅ ရက် သိကြားခံ အသက်ရှည်မယ်။

## လဆုတ်မြေခံ အကျိုးအပြစ်

လဆုတ် ၁ ရက် ကညာခံအောင်မြင်မယ်။ လဆုတ် ၂ ရက် ကျားခံဘေးသင့်။ လဆုတ် ၃ ရက် နတ်ခံဘေးသင့်။ လဆုတ် ၄ ရက် နွားခံဥစ္စာပေါ်။ လဆုတ် ၅ ရက် ဆင်ခံရန်များ။ လဆုတ် ၆ ရက် ဂဠုန်ခံကောင်းသည်။ လဆုတ် ၇ ရက် ဒွန်းစဏ္ဍားခံ ဥစ္စာပျက်။ လဆုတ် ၈ ရက် သိန်္ဓောခံ အမှုအောင်။ လဆုတ် ၉ ရက် ပြဟ္မာခံ ကြက်သရေတိုး။ လဆုတ် ၁၀ ရက် ဘီလူးခံပျက်စီး။ လဆုတ် ၁၁ ရက် နဂါးခံ ဆင်းရဲ။ လဆုတ် ၁၂ ရက် သိကြားခံချမ်းသာ။ လဆုတ် ၁၃ ရက် ဝက်ခံကြေပျက်ပြုန်းတီး။ လဆုတ် ၁၄ ရက် သိကြားခံ လာဘ်ကြီးရ။ လဆုတ် ၁၅ ရက် ဂဠုန်ခံ ချမ်းသာ။

## မြေခံကြီး ဆယ်ပါး

လဆန်း ၅ ရက် ၁၅ ရက်၊ လဆုတ် ၁၀ ရက်၊ တနင်္ဂနွေ မြေခံမကောင်း။ ငြိုဟ်ပွင့်အနောက်တောင်။

လဆန်း ၄ ရက်၊ ၈ ရက်၊ လဆုတ် ၉ ရက် တနင်္လာမြေခံ ကောင်းသည်။ ငြိုဟ်ပွင့်တောင်။

လဆန်း ၂ ရက် ၁၃ ရက်၊ လဆုတ် ၈ ရက်၊ အင်္ဂါ မြေခံ

www.burmeseclassic.com

www.burmeseclassic.com



မကောင်း။ ဂြိုဟ်ပွင့်အရှေ့တောင်။

လဆန်း ၂ ရက် ၁၂ ရက်၊ လဆုတ် ၇ ရက်၊ ဗုဒ္ဓဟူး မြေခံဂြိုဟ်ကောင်းသည်။ ဂြိုဟ်ပွင့်အရှေ့။

လဆန်း ၁ ရက် ၁၁ ရက်၊ လဆုတ် ၆ ရက် ကြာသပတေး မြေခံကောင်းသည်။ ကောင်းကင်ဂြိုဟ်ပွင့်သည်။

လဆန်း ၁၀ ရက်၊ လဆုတ် ၅ ရက် ၁၅ ရက် သောကြာ မြေခံကောင်းသည်။ မြေခံဂြိုဟ်ပွင့်။

လဆန်း ၉ ရက်၊ လဆုတ် ၄ ရက် ၁၄ ရက် စနေ မြေခံ မကောင်း။ အရှေ့မြောက် ဂြိုဟ်ပွင့်။

လဆန်း ၈ ရက်၊ လဆုတ် ၃ ရက် ၁၃ ရက် ရာဟုမြေခံ မကောင်း။ မြောက်ဂြိုဟ်ပွင့်။

လဆန်း ၇ ရက်၊ လဆုတ် ၂ ရက် ၁၂ ရက် ကိတ်မြေခံ ကောင်းသည်။ အနောက်မြောက်ဂြိုဟ်ပွင့်။

လဆန်း ၆ ရက်၊ လဆုတ် ၁ ရက် ၁၁ ရက် မိတ္ထုမြေခံ မကောင်း။ အနောက်ဂြိုဟ်ပွင့်။ မြေခံရွေးရင် နေ့ကောင်းရသလား။

## အိမ်ဆောက်ခန့် အကျိုးအပြစ်

တနင်္ဂနွေနေ့ အိမ်ဆောက်ရင် စိတ်ဆင်းရဲရမယ်။ တနင်္လာ နေ့အိမ်ဆောက်ရင် နှစ်လကျော်မှကောင်းသည်။ အင်္ဂါနေ့အိမ်ဆောက် ရင် အစားဆန်ရေ ပေါများမယ်။ ဗုဒ္ဓဟူးနေ့ အိမ်ဆောက်ရင် ရံခါ ချမ်းသာ ရံခါ ဆင်းရဲမယ်။ ကြာသပတေးနေ့အိမ်ဆောက်ရင် ချမ်းသာ မယ်။ ရောဂါကင်းမယ်။ သောကြာနေ့အိမ်ဆောက်ရင် ရံခါပူ ရံခါ အေးမယ်။ သုံးလကျော်ရင် ကောင်းသည်။ စနေနေ့ အိမ်ဆောက်ရင် သူတစ်ပါးညှင်းပန်းခြင်းကိုခံရမည်။ လေးနှစ်ကျော်မှကောင်းသည်။ နေ့ ရွေးပြီး ဆယ့်လေးပါးနှင့် ရာဟုကာလကိုလွတ်အောင် အိမ်ဆောက်ကြ။ ဆယ့်လေးပါးမှာ နေထွက်ဆဲဆဲ၊ မွန်းတည့်ဆဲဆဲ၊ နေဝင်ဆဲဆဲ၊ သန်း ခေါင်ဆဲဆဲ၊ ရာဟုကာလမှာ တနင်္ဂနွေ ၄ နာရီခွဲက ၆ နာရီတိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ရာဟုကာလမကောင်းဘူး။ တနင်္လာနေ့မှာ ၇ နာရီခွဲက ၉ နာရီတိုင် ရာဟုကာလ။ အင်္ဂါနေ့မှာ ညနေ ၃ နာရီက ၄ နာရီခွဲတိုင်အောင် ရာဟုကာလ။ ကြာသပတေးနေ့မှာ ၁ နာရီခွဲက ၃ နာရီခွဲ တိုင်အောင် ရာဟုကာလ။ သောကြာနေ့မှာ ၁၀ နာရီခွဲက ၁၂နာရီခွဲ တိုင်အောင် ရာဟုကာလ။ စနေနေ့မှာ ၉ နာရီက ၁၁ နာရီခွဲတိုင် အောင် ရာဟုကာလ။ အခါရလို့ အိမ်ဆောက်မယ်ဆိုရင် မြေနေရာ သန့်ရှင်းသွားလေအောင် နတ်ကာယာကာပွဲပြင်ပြီး မြေတိုင်မန္တန်တော်ကြီးကို ရွတ်ဖတ်ပြီး အိမ်ဆောက်ကြ။

## မြေတိုင်မန္တန်တော်ကြီး

ဩြောင်းနမော။ ပထဝီ၊ ဗလ်သုန္ဒရီ၊ သဗ္ဗည၊ ဗောဓိမဏ္ဍလံ ဇယောဇယ တုမာက၊ သိဒ္ဓိကမ္မံ၊ အဟံဝန္ဒာမိ၊ ဥုံ ဇမ္ဗူဒီပါ၊ တောင်ကျွန်းသာမှ။ ရုက္ခဘုမ္မာ၊ အာကာသစိုး၊ ဗိဿနိုးနှင့်၊ တန်ခိုးကြီးမြတ်၊ သူရဿတီ၊ စန္ဒီ၊ ပရမီသွာ မဟာပိန္နဲ၊ ဂေါရမန္တ၊ မဏိမေခလာ၊ မဟာမဿဝရော၊ တာနောယက္ခကုမ္ဘဏ်၊ စသည် ထိုမှများစွာ နတ်တကာတို့ ကောင်းစွာရှေ့ရှု မတော်မူ၍ ကျွန်မှုအပြီးရောက်စေသော်။ ဥုံ ဇမ္ဗူဒီပါ သာသည့်အထွဋ် ဘဒ္ဒကပ်ဟု မည်မှတ်တွင်ဘိ တန်ခိုးရှိ၏။ ကြီးဘိသနင်း ရှင်နတ်မင်းတို့ ကောင်းခြင်းတူမြတ် ပါဒ်ဗီဇနာ ပြန်ခရာနှင့် ကောင်းစွာခေါ်မှတ် မြေပုံသတ်၍ မှတ်သည့်အိမ်ကို ဆောက်လို၍သာ တိုင်ကြားပါသည့် များစွာဘုန်းလှိုင် စည်းစိမ်နိုင် ဖြိုင်ဖြိုင်တိုးတက် အသက်ရှည်ကြောင်းကို ရလိုပါသား ရှင်နတ်များတို့၊ အခြားဆိုရာ မြေမှာထိပ်တုံး သစ်ခုံးသစ်ဆွေး မီးသွေးတိုင်ဟောင်း ရှေးကျောင်းဆောက်ဖူး လမ်းဦးလမ်းမ တစသချိုင်း လုပ်တိုင်းပြုဖူး ဝက်ရူးနူနာ ဆေးသအဟောင်း မြေမကောင်းလျှင် ပြောင်း၍ထားပါ နတ်တကာတို့၊ မှန်စွာမပျက် ပန္နက်ချရာ မြေပထဗျာတွင် ဥစ္စာရွှေငွေ ဆန်ရေစပါး ကျွဲနွားမြင်းဆင် ထက်ဝန်းကျင်လည်း လိုအင်မကဲ သန္တ အသီးသီး ရည်တိုင်းပြီး၍ မငြီးမငွေ့ လျှုဒါန်းရလေ့ဖြင့် တစ်နေ့မပြတ်

www.burmeseclassic.com



ချရေစက်လည်း လက်နှင့်မကွာ လျှဒါန်းကောင်းမှု ဝတ္တုံဆယ်ပါး အပြားပြားလည်း များလေသည်သာ သူ့ထက်သာ၍ သက်မှာရာကျော် ရှည်စေသော်။ ချချ ချီချီ တီတီတွတ်တွတ် မရွတ်တတ်သော် ယွင်းချွတ်ချော်လည်း ရွှင်ပျော်စိတ်တွင် ရက်ရက်ပင်သည် နတ်ရှင်စားသော်ခေါ်လှည့်လော့။ ဖေဟိ ဖေဟိကလမ်ဘတွံ ဘုဋ္ဌာဟိ ဘုဋ္ဌာဟိ။ မြေတိုင်ဂါထာတော်ကြီးကို ရွတ်ပြီးလျှင် ဘာနေ့ဘာသမီး အိမ်ဆောက်မလဲ။ ဘာနေ့သားကြိုးကိုင်မလဲ။ ဘာနေ့ ပန္နက်ရိုက်မလဲ။

## ကြိုးကိုင်ပန္နက်ရိုက်

တနင်္ဂနွေသားသမီးအိမ်ဆောက်ရင် ကြာသပတေး သောကြာကြိုးကိုင် စနေပန္နက်ရိုက်။ တနင်္လာသားသမီး အိမ်ဆောက်ရင် သောကြာ စနေကြိုးကိုင် တနင်္ဂနွေပန္နက်ရိုက်။ အင်္ဂါသားသမီးအိမ်ဆောက်ရင် စနေ တနင်္ဂနွေကြိုးကိုင် တနင်္လာ ပန္နက်ရိုက်။ ဗုဒ္ဓဟူးသားသမီးအိမ်ဆောက်ရင် တနင်္ဂနွေ တနင်္လာကြိုးကိုင် အင်္ဂါပန္နက်ရိုက်။ ကြာသပတေးသားသမီးအိမ်ဆောက်ရင် တနင်္လာ အင်္ဂါ ကြိုးကိုင်၊ ဗုဒ္ဓဟူးပန္နက်ရိုက်၊ သောကြာသားသမီး၊ အင်္ဂါ၊ ဗုဒ္ဓဟူးကြိုးကိုင်။ ကြာသပတေးပန္နက်ရိုက်ပါ။ ပန္နက်ရိုက်၊ စနေသားသမီး အိမ် ဆောက်ရင် ဗုဒ္ဓဟူး၊ ကြာသပတေးကြိုးကိုင် သောကြာ ပန္နက်ရိုက်ပြီးရင် တွင်းတူးရမယ်။ အိမ်ဆောက်လ ဘာလလဲ။ နဂါးဘယ်လိုနေသလဲ။

## နဂါးသုံးချက်သေ

နဂါးခေါင်းနေရာမှာ တနင်္ဂနွေသားတူးစေ၊ နဂါးဝမ်းကို ကြာသပတေးသားတူးစေ၊ နဂါးအမြီးကို ဗုဒ္ဓဟူးသားတူးစေ၊ တွင်းတူးသောအခါ တူရွင်းကို တညီတညာတည်းတူးမည်။ ပြီးလျှင် တခြားသောတိုင်နေရာတို့ကို ဆက်တူးနိုင်သည်။ အိမ်ဆောက်ပြီးရင့် အိမ်ပေါ်မတက်ခင်၊ အိမ်တက်မင်္ဂလာမန္တန်တော်ကြီးကို ရွတ်ဖတ်ပြီးမှ အိမ်ပေါ်တက်

www.burmeseclassic.com

www.burmeseclassic.com



ရမည်။ နတ်ပွဲပြင် လက်သမားဆရာကြီး ရွတ်ဖတ်စေပြီးမှ အိမ်ပေါ် တက်ကြ။ အိမ်တက်မင်္ဂလာမန္တန်တော်ကြီးမှာ အောက်တွင် ပါရှိသည်။

## အိမ်မင်္ဂလာ မန္တန်တော်

ဥုံ ဇမ္ဗူဒီပါ သင်္ချာပတ်ကုန်း၊ ကျွန်းလုံးနှံ့မျှ အနန္တတွင် ကြီးလှတန်ခိုး အမျိုးမြတ်ဖွာ ရှင်ဒေဝါတို့၊ ပြည်တော်လေးထောင့်၊ စောင့်သည့်ထင်ရှား ရှင်နတ်များတို့၊ လျင်လျားမကြာ ကြွကြွပါကုန်။ သီတာရေအေး ခြေလက်ဆေး၍ အမွှေးနံ့ကြူ သုံးတော်မူလော့။ ဖြူစင်လွလွ အဝတ်စုံထောင် ပြောင်ပြောင်ရွှန်းရွှန်း လင်ပန်းဝန်းယက် ချက်ပြုတ်စုံလင် ချိုချဉ်မလွတ် ဆွတ်ဆွတ်ခူးယူ ထမင်းဖြူနှင့် ဖုံကြူ ပထွန်း စို့ရွှန်းကောင်းမွန် လျှာမှာအေးချို ယိုလည်းမကျွင်း ထုံးသင်း ပြန့်မွှေး ဆေး၊ ကွမ်း၊ အုန်းသီး၊ ငှက်ပျောဖီးနှင့် မငြီးရသော ကျွေးမွေးပါ၏။ ဒေဝါထင်ရှား နတ်အများတို့၊ ရွှင်အားကြည်ဖြူ သုံးတော်မူလော့။ စိုက်ထူထင်ရှား ဤလှေကားတွင် မျက်ကားစဉ်လျက် အထစ်အမြစ် အတက်အဆင်း အတွင်းကအောက် ရွေးကောင်းသန့်စင် ပြုစီရင်၍ အိမ်တွင်တည်စိုက် ထိခိုက်ဘေးဒဏ် ဥပါဒ်ရန်လည်း ဆံခြမ်းမြင့်မျှ မဖြစ်ရအောင် စောင်မ,စေသာ နတ်ရှင်များတို့။ နှစ်ပါးအိမ်ရှင် စီးပွားလျှင်မှု ဖြိုးအင်ပြည့်စွ ပုဏ္ဏမသို့ ပုတ္တမိတရ ဒါရဒါသီ ပြည့်ညီများစွာ လယ်ယာလုပ်ခင်း ဆင်၊ မြင်း၊ ကျွဲ၊ နွား မြေသားကာစ ဆန်းသစ်လသို့ ကဲဆတ်ပိုး၊ တိုးတက်ပြံပြံ ကျောက်သံပတ္တမြား ပြည့်စုံငြားလျက် ပေါများရွှေငွေ မိုးကြီးစွေသို့ ရေစင်သီတာ ကဲ့ပမာလျှင် ချမ်းသာစေသား ရှင်နတ်များတို့။ တံခါးပေါက်တွင် နေ့တိုင်းဝင်လျက် ကောင်းအင်ပြည့်ဖြိုး ကောင်းကျိုးမင်္ဂလာ လွှန်ချမ်းသာ၍ ရာကျော်သက်ရှည် တည်ပါစေသား ,ရှင်နတ်များတို့။ ဩောင်းဖေယျာ သဗ္ဗမင်္ဂလံ။ ထို မင်္ဂလာ မန္တရားတော်ကြီးကို ရွတ်ဖတ်ပြီးလျှင် အိမ်သစ်ပေါ်သို့ တက်နိုင်ပြီ၊ မင်္ဂလာကျက်သရေနှင့်ပြည့်စုံသောအိမ်ဖြစ်ပြီ၊ အိမ်သစ်တက်သောအခါ။ သပြေသား လက်တစ်ဆစ်ယူဆောင်ပြီး အိမ်သစ်ပေါ်

www.burmeseclassic.com



တက်ကြ၊ ရဟန်းတော်များအတွက် ကျောင်းသစ်တက်သောအခါ သနပ်သား လက်တစ်ဆစ်စာ ဖြတ်ယူပြီး တက်ရမည်။

## ရွှေအိမ် ငွေအိမ်ဆောက်နည်း

အိမ်ဆောက်သောအခါ ရှေးဦးစွာ နတ်ဖြတ်ဦးစွာပူဇော်။ ပေါက်ပေါက်သစ်သီး ပန်းဆီမီး မုန့်ထပင်းတို့နှင့် ရှေးဦးစွာ ပူဇော်ရမည်။ ပူဇော်ပြီးမှ ဆောက်ပါ။

တနင်္ဂနွေ၊ တနင်္လာအခါ သောကြာသားကို အိမ်ဆောက်ရန် ပန္နက်ပေးရသည်။

အင်္ဂါနေ့၊ ဗုဒ္ဓဟူးအခါ တနင်္လာသားကို အိမ်ဆောက်ရန် ပန္နက်ပေးရသည်။

ဗုဒ္ဓဟူးနေ့၊ ကြာသပတေးအခါ တနင်္လာသားကို အိမ်ဆောက်ရန် ပန္နက်ပေးရသည်။

ကြာသပတေး၊ သောကြာအခါ အင်္ဂါသားကို အိမ်ဆောက်ရန် ပန္နက်ပေးရသည်။

သောကြာနေ့၊ စနေအခါ ဗုဒ္ဓဟူးသားကို အိမ်ဆောက်ရန် ပန္နက်ပေးရသည်။

စနေနေ့၊ တနင်္ဂနွေအခါ ကြာသပတေးသားကို အိမ်ဆောက်ရန် ပန္နက်ပေးရသည်။

တနင်္လာနေ့၊ အင်္ဂါအခါ စနေသားကို အိမ်ဆောက်ရန် ပန္နက်ပေးရသည်။ ယခုပြသောအခါမှာ အမြင့်နေ့စွဲ အညွန့်အခါတွင် ခရေစောက်တိုင်ထူ၍ တိုင်ထိပ်သားသည် ၆ ဦးသောနေ့တို့ကို နိုင်နင်းသောအခါ ဖြစ်သောကြောင့် အခါကောင်းဖြစ်သည်။

## အိမ်ဆောက်ပန္နက်သား

အိမ်ဆောက်သောအခါ ပန္နက်လုပ်ရန်အသားမှာ သီဟရာဇာ ကေရာဇ် ထိန်သား၊ ရင်းမာသားဖြစ်သည်။ ထိုအသား ၄ ပါးကို

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဆောက်သူ၏ ညာဘက်ဒူးက ခြေဖျားထိ တိတိဖြတ်ပြီး အရင်းက ချွန်၊ တိုင်ထူရန် ရိုက်သော ဝါးပန္နက်နေရာကစ၍ ပြင်ဘက် ၄တောင် တိတိတွင် ပန္နက်ကြီးတပ်။ လေးသစ်ပိုအောင် တွင်းတူး၊ တစ်တွင်းမှာ တစ်ချောင်းကျ မြှုပ်ရမည်။

မင်းလုပ်လိုသော်၊ ရင်းမာသားကို စနေထောင့်မှာထား၊ ကျန်သောပန္နက်တို့ကို ထားလိုရာထားနိုင်သည်။

ဥစ္စာပစ္စည်းကိုလိုသော်၊ သီဟရာဇာသားကို တနင်္ဂနွေထောင့်မှာထား၊ ကျန်သောပန္နက်တို့ကို ထားလိုရာမှာ ထားနိုင်သည်။

ဆရာသမားလုပ်လိုသော်၊ ထိန်သား ပန္နက်ကို အင်္ဂါထောင့်မှာထား၊ ကျန်သောပန္နက်တို့ကို ထားလိုရာမှာထားနိုင်သည်။

ရန်အပေါင်းတို့ကိုနိုင်လိုသော်၊ ကေရာဇ်ပန္နက်ကို ရာဟုထောင့်မှာထား၊ ကျန်သောပန္နက်တို့ကို ထားလိုရာမှာထားနိုင်သည်။

## ပန္နက်ကြီးလေးပါး ဂါထာ

ပန္နက်ကြီးလေးပါးကို တွင်းသို့မချမီ အိမ်ရှင်ကိုယ်တိုင် ပန္နက်လေးချောင်းကို အောက်ပါဂါထာနှင့်စုပ်ရမည်။ "ဝေံအစိန္တိယာ ဗုဒ္ဓါ ဗုဒ္ဓဂုဏာ အစိန္တိယေ အန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောမိ အစိန္တိယော"။ ထိုဂါထာနှင့် ပန္နက်ကြီးလေးချောင်းကိုစီးပြီး ၃၇ အုပ်စေအောင် စုပ်ပြီး ပန္နက်ချပါ။ ပန္နက်ချသောအခါ မိမိကိုယ်တိုင်ချရမည်။ မြေဖို့သောအခါမှာလည်း မိမိကိုယ်တိုင်ဖို့ရမည်။ ထိုသို့ပြုလုပ်လျှင် အလိုခပ်သိမ်းပြည့်စုံရမည်။

အိမ်ဆောက်ပြီးသောအခါ မီးဖိုဆောင်အဝင်တံခါးပေါက် အလယ်တည့်တည့် မြေကြီးပေါ်တွင် ဆုမ္ဗရာဇာအမြစ်ကို အိမ်ရှင်၏ ပါးစပ်နှင့် အရှည်လိုက် တိုင်းဖြတ်၍ အရင်းအဖျား မမှားရအောင် အထက်ကပြခဲ့သော မြေကြီးနေရာကို တူး၍ လုံခြုံစွာ မြှုပ်ရမည်။ အိမ်ရှင် ကြွယ်ဝချမ်းသာမည်။ အိမ်ပေါက်အဝင်တံခါးအလယ်၌ တွင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင့်ထွာတူး၊ ထန်းသားပန္နက်ကို အဖျားပေါ်ကနေအောင် မိမိ တံထောင်တိတိကို ထားမြှုပ်ပါ။ အပေါ်က ရေ ခုနစ်ရက်စေ့အောင် လောင်းပါ။ ချမ်းသာအေးမြလိမ့်မည်။

## အိမ်နိမ့်နိမိတ်

အိမ်နိမ့်နိမိတ်။ အိမ်ရှေ့နိမ့်သော် မြတ်သည်ထက် မြတ်အံ့။ အနောက်ကနိမ့်သော် ဥစ္စာလျော့အံ့။ မြောက်ဖက်နိမ့်သော် ဘေးသင့်အံ့။ တောင်ကနိမ့်သော် ရွှေငွေတိုးအံ့။

## အိမ်တိမ်း နိမိတ်

အိမ်တိမ်းနိမိတ်။ အရှေ့သို့တိမ်းသော် ဥစ္စာရအံ့။ အနောက် တောင်တိမ်းသော် ဘေးသင့်အံ့။ မီးလောင်အံ့။ တောင်သို့တိမ်းသော် ကြံသမျှ အောင်၏။ အနောက်သို့တိမ်းသော် မင်းဘေးသင့်၏။ အနောက် မြောက်သို့တိမ်းသော် ချမ်းသာ၏။ မြောက်သို့တိမ်းသော် ကျွန်ရ၏။ အရှေ့မြောက်တိမ်းသော် မင်းပူဇော်ခံရ၏။

## အိမ်တံခါးပွင့် နိမိတ်

အိမ်တံခါး အလိုလိုပွင့်နိမိတ်။ အိမ်တံခါး အလိုလိုပွင့်လာ သော် အိမ်ရှင်ဘေးသင့်၏။ ပျက်စီး၏။ ပြည်တံခါး အလိုလိုပွင့်လာ သော် ပြည်ပျက်၏။

## အိမ်အစွန်းနိမိတ်

အိမ်အစွန်းနိမိတ်။ လက်တစ်သစ်အစွန်းထားသော် အိမ်ရှင် သေ၏။ နှစ်သစ်ထားသော် သားရ၏။ သုံးသစ်ထားသော် ကျွန်ရ၏။ လေးသစ်ထားသော် အဆွေခင်ပွန်းရ၏။ ငါးသစ်ထားသော် လာဘ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်သစ်ထားသော် မျက်လိုရ၏။ ခုနစ်သစ်ထားသော် စည်းစိမ်ရ၏။ ရှစ်သစ်ထားသော် ချမ်းသာ၏။ ကိုးသစ်ထားသော် ရန်အောင်၏။ ဆယ်သစ်ထားသော် မင်းပူဇော်ခံရ၏။

## အိမ်လှေကားနိမိတ်

လှေကားထစ်နိမိတ်။ လှေကားလေးထစ် ထားသော် ကောင်းစား၏။ လှေကားခြောက်ထစ်ထားသော် လာဘ်ရ၏။ လှေကားရှစ်ထစ်ထားသော် မင်္ဂလာကျက်သရေတိုးတက်၏။ ကိုးထစ်ထားသော် ဉစ္စာတိုးပွား၏။ လှေကားကို အိမ်ရှေ့ကထားသော် ကောင်းသည်။

လှေကားမလုပ်အပ်သာနေ့။ တနင်္ဂနွေနေ့၊ တနင်္လာနေ့ လှေကား မလုပ်ကောင်း။

## လှေကားအသစ် ယဲခိုသော်

လှေကားအသစ် တပ်လိုသော် လှေကားအဟောင်းထက် တစ်ထောင်သာ၍ ပြုလုပ်ရမည်။ စားဖိုအဟောင်း ပြင်လိုသော် စားဖိုအသစ် အဟောင်းထက်သာ၍ ပြုလုပ်ရမည်။ ဒိမ်တိုင်၊ ခေါင်တိုင်၊ ထုတ်၊ လျှောက်တို့မှာ အဟောင်းအတိုင်း ပြုလုပ်ရမည်။

## အိမ်ဆောက်တွက်ပုံ

အိမ်ဆောက်လိုသော် သူ၏အသက်ကိုတည်၊ ဂရုစား။ တစ်ခုကြွင်းသော် သူဌေး၊ နှစ်ခုကြွင်းသူကြွယ်၊ လေးခုကြွင်း ရွှေလှေကား ငါးခုကြွင်းသော် ရွှေပြာသာဒ်။

## အိမ်အနီး ရေတွင်းရေကန်နိမိတ်

အိမ်ရှေ့ ရေတွင်းရေကန်ရှိသော် အစားဆန်ရေ ပေါ်မည်။ အရှေ့တောင်ဖျားနာမည်။ တောင်ကရှိသော် လာဘ် အနည်းငယ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



အနောက်တောင် ဆင်၊ မြင်း၊ အစားဆန်ရေ ပေါများမည်။ အနောက် စီးပွားဖြစ်မည်။ အနောက်မြောက် ဥစ္စာတိုးပွား၊ အရှေ့မြောက် မင်းပူ ဇော်ခံရမည်။

## အိမ်ဆောက်သစ်ယူရန်

အိမ်ဆောက်ရန်အတွက် သစ်ခုတ်သွားသောအခါ ခင်ပုပ်၊ စွန် စသော ငှက်တို့ အသိုက်မပြုလင့်သော် ထိုသစ်မကောင်း၊ ထို တောလည်း မကောင်း၊ ဝံလို၊ ဥပျိုင်း၊ မျောက်၊ ကြိုးကြာ၊ ဥဩ၊ ဒေါင်း၊ ရကြက်၊ ကျီး၊ တိန်ညင်တို့အသိုက်ကမြူးလင့်၍ နေနှင့်သော် ထိုတောမှသစ်ကိုယူ၍ အသုံးပြုကောင်းသည်။

## အိမ်အနီး သစ်ပင်နိမိတ်

အိမ်အနောက်က သစ်ပင်ကြီးရှိသော် မယားသေမည်။ မင်း ပူဇော်ခံရမည်။ အရှေ့စူးစူးကရှိသော် ကျော်စောသည်။ အရှေ့တောင် ကရှိသော် ရောဂါရမည်။ တောင်ကရှိသော် လာဘ်ပေါမည်။ အနောက် တောင်ဘက်ကရှိသော် အပြစ်များမည်။ အနောက်မြောက်ကရှိသော် ဥစ္စာတိုးပွားမည်။

## အိုးအိမ်သစ်တွင် ရေးရန် အက္ခရာ

အရှေ့တောင်ကတိုင်မှာ သိကြားဆို၍(သိ)ကိုရေး၊ အနောက် တောင်ကတိုင်မှာ နဂါးဆို၍(န)ကိုရေး၊ အနောက်မြောက်ကတိုင်မှာ ဗိဿနိုးဆို၍(ဗိ)ကိုရေး၊ အရှေ့မြောက်တိုင်မှာ ဘုရားရှင်ဆို၍(ဘု)ကို ရေး၊ ဟင်္သာပြဒါးကို ရွှေရည်ဖျော်ရေး။

www.burmeseclassic.com

www.burmeseclassic.com



## အိမ်ဆောက်ပန်းဆွဲအကျိုး

အုန်းဆွဲသော် ဥစ္စာများမည်။ ပဒေါင်းဆွဲသော် မင်းပူဇော်ခံရမည်။ ရေသဖန်းဆွဲသော် ချမ်းသာမည်။ မြေဇာဆွဲသော် အသက်ရှည်မည်။ ပေါက်ရွက်ဆွဲသော် ဘေးကင်းမည်။ သပြေဆွဲသော် သားမြေးများမည်။ သရက်ဆွဲသော် ချမ်းသာသုခရှိမည်။ မရိုးပွင့်ဆွဲသော် အနာကင်းမည်။

## အိမ်ဆောက်လ သတိပြုရန်

တိုင်ဟောင်းမှာ ပန်းမဆွဲကောင်း။ ထုတ်မစွတ်ခင် ယက်မမတင်ကောင်း။ ကြမ်းထက်ပို၍ တိုင်တိုတိုမထားကောင်း။ အိမ်မဆောက်ခင် ဝင်းမခတ်ကောင်း။ ကွမ်းတိုင်ပေါ်ကို ဝါးမတင်ကောင်း။ ခေါင်လျှောက်ခွတွင် မပြီးမီ ကြမ်းကို မထောင်ကောင်း။ တိုင်ထူသောအခါ တိုင်ချင်းထိခိုက်အောင် မပြုကောင်း။ ထုတ်စွန်းထက် စရွေးပို၍ မထားကောင်း။ အိမ်သစ်ပြီးသောအခါ အနောက်မြောက်၊ အနောက်တောင် တံခါးမပြုကောင်း။

## ရက်မ, သုတ်ခဲ့ေး

ပန်းရင်း ဆောင်းမေးခါး ထိုဆေးနှစ်ပါးကို ရက်မ,မှာ သုတ်လိမ်းရမည်။

## အိမ်ခေါင်ခွေးထက် နိမိတ်

ခွေးသည် မြောက်ကအိမ်ခေါင်တက်၍ မြောက်သို့ မျက်နှာမူပြီးအူသော် မြောက်သို့ ပြန်ဆင်းသွားသော် စီးပွားဖြစ်ထွန်းမည်။

အနောက်သို့ဆင်းသော် ကြွယ်ဝအံ့။ အရှေ့သို့ မျက်နှာပြုသော် အိမ်ရှင်ပျက်စီးအံ့။

www.burmeseclassic.com

www.burmeseclassic.com



## အိမ်ရှာသော့ဖြုနည်း

ဝါးလုံးကို မိမိ၏အတောင်နှင့်တိုင်း ၄ တောင် ဟိတိဖြတ်။ ထို ၄ တောင်တိတိဖြတ်သောဝါးမှာ အရင်းဆစ်ပိတ် အဖျားဆစ်ပိတ် ဖြစ်စေရမည်။ ဝါးဖြတ်သောအခါ လေးလုံးဖြတ်ပါ။ ထိုဝါးလေးလုံးကို နက္ခတ်ခါးပါဒ်ကြုံသောအခါ ပြသဒါးရှောင်၍လည်း လွှတ်စေရမည်။ ထို ရက်ကောင်းကြုံသောအခါ ထိုဝါးလေးလုံးကို သည်မန္တာန်နှင့် ၃၇ အုပ် စုပ်ပါ။ ဥုံတိတိတေ။ ဟိအမေ္တ မေဟိတံ ဟုဒွေါအိမ်ဆိုပြီး ၃၇အုပ် မန်းပါ။ ပြီးလျှင် မိမိအိမ် အရှေ့မြောက်ထောင့်ရှာစပြီး ဝါးတစ်လုံးကို ရှေးဦးစွာ အရင်းဘက်က အထက်ပြု၍တိုင်ကာပ်ပြီး ထောင်ထားပါ။ ဝါးမလဲမပြိုနိုင်ရန် သံ ၂ ချက်လောက် ရိုက်ထားပါ။ ပြီးမှ အခြား သောဝါးတို့ကို အရှေ့တောင်အနောက်တောင်အနောက်မြောက်တို့တွင် တစ်လုံးစီ မလဲပြိုအောင် သံရိုက်ပြီးထားပါ။ ဝါးလုံးထားသူမှာ ဂါထာစုတ်သောသူမှတစ်ပါး အခြားလူမထားရ။ ထိုသို့ စီရင်ထားသော အိမ်၊ ကျောင်း၊ လယ်၊ ယာ၊ ခြံ စသည်တို့ကို မသူတော်များ မစင် ရောက်နိုင်။

## ခွေးမ သွားမွေးနိမိတ်

ခွေးမသည် လှေကားအောက်မှာသားမွေးသော် ဥစ္စာခနတိုးပွား အံ့။ နင်းကြမ်းပြင်မှာမွေးသော် လင်မယားရန်ဖြစ်တတ်သည်။ စားဖို အောက်မှာမွေးသော် ကျွန်သမီးရမည်။ အိမ်မအောက်မှာမွေးသော် သမီး ကညာရမည်။ အိမ်ယာခြေရင်းမှာ ချသားမွေးသော် ကျွန်သေရမည်။ ဦးရှုတိုင်မှာသားမွေးသော် ကြီးကဲသူသေမည်။ ကျီထဲမှာမွေးသော် ဥစ္စာ ရွှေငွေရမည်၊ စားဖိုမှာမွေးသော် မီးလောင်တတ်သည်၊ မိမိမွေးထားသော ခွေးဖြစ်စေ၊ သူတစ်ပါးခွေးဖြစ်စေ အိပ်ပေါ်မှာ မစင်စားပြီး သွားခဲ့ သော် ကြွယ်ဝချမ်းသာမည်။ လင်ပန်းခွက်တို့တွင် ကျင်ကြီးကျင်ငယ်ပွန်

www.burmeseclassic.com



သော် ပစ္စည်းပျက်မည်။

## ထိမ်းမြားနေ့ အကျိုးအပြစ်

တနင်္ဂနွေနေ့ထိမ်းမြားသော် ခင်ပွန်းကောင်း။ တနင်္လာနေ့ထိမ်းမြားသော် အပြီးအဆုံးမရောက်။ အင်္ဂါထိမ်းမြားသော် စုလျာဘ်ရမည်။ သူ ပူဇော်ခြင်းခံရမည်။ ဗုဒ္ဓဟူးနေ့ ထိမ်းမြားသော် ဥစ္စာပစ္စည်းနည်းပါးမည်။ ကြာသပတေးနေ့ထိမ်းမြားသော် မြေမြင်းဥယျာဉ်ဝင်မည်။ သောကြာနေ့ ထိမ်းမြားသော် ဘေးကင်းမည်။ စနေနေ့ထိမ်းမြားသော် အပြီးအဆုံးမရောက်။

## နေ့သင့်နံသင့် ကျောက်ဝယ်ရန်

တနင်္ဂနွေသားသမီး ကျောက်နီပတ္တမြားကို ဝတ်ဆင်ရမည်။ တနင်္လာသားသမီး ပုလဲကိုဝတ်ဆင်ရမည်။ အင်္ဂါသားသမီး သန္တာကို ဝတ်ဆင်ရမည်။ ဗုဒ္ဓဟူးသားသမီး မြကို ဝတ်ဆင်ရမည်။ ကြာသပတေးသားသမီး ဥဿဖယားကို ဝတ်ဆင်ရမည်။ သောကြာသားသမီး စိန်ကို ဝတ်ဆင်ရမည်။ စနေသားသမီး နီလာကို ဝတ်ဆင်ရမည်။ ရာဟုသားသမီး ဂေါမုတ်၊ ကိတ် သားသမီး ကြောင်ကို ဝတ်ဆင်ရမည်။

## တိထိငါးပါးတွက်ပုံ

ဟတုဒသကိုကည်၊ ရောက်သောလကွင် ရက်ကိုရောနှော၊ ပဥ္စဒသဿစား၊ စားကြွင်းကို နေ့ထိုထိုဖြစ်သည်။ ၁-၆-၁၁ ကြွင်းသော် နန္ဒာတိထိ၊ အိမ်ဆောက် ကျောင်းဆောက် ဘုရားတည် ပင်းထံခစားခြင်း၊ အလှူကောင်းမှုပျိုးခြင်း၊ ကောင်းပျိုးကြဲခြင်းတို့ကို ပြုလုပ်ရမည်။ ၂-၇-၁၂ ကြွင်းသော် ဘဒြာတိထိထိမ်းမြားခြင်း နားထွင်းခြင်း နာမည်ပေးခြင်း ကုန်အရောင်းအဝယ်ပြုခြင်း စသည်တို့ကို ပြုလုပ်ရမည်။ ၃-၈-၁၃ ကြွင်းသော် ဇေယျာတိထိ၊ မြို့တည်ခြင်း၊ ကျုံးတူးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



စစ်ချီခြင်း၊ စစ်ထိုးခြင်း၊ အောင်စည်အောင်မောင်း ခတ်တီးခြင်း၊ တရားဆင်ခြင်း၊ အောင်တမန်စေလွှတ်ခြင်း စသည် ပြုလုပ်ရမည်။ ၄-၆-၁၄ ကြွင်းသော် ရတ္တာတိထိ။ ဆေးဝါးဖော်စပ်ခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ လှေကားထောင်ခြင်း၊ သစ်ပင်ခုတ်လှဲခြင်း၊ အိမ်တက်ခြင်း၊ ဘိသိက်မြှောက်ခြင်း၊ ခမဲပေးခြင်း၊ ပဋ္ဌင်းခံခြင်း၊ စူးဆောက်ပေါက်ဆိန်ခတ်ခြင်း၊ တောင်းတင်း မှတ်ရက်ခြင်း၊ ဆရာခေါ်ခြင်း လာခြင်းပြုရမည်။ ၅-၁၀-၁၅ ပုဏ္ဏားတိထိ အတတ်ပညာ သင်ခြင်း၊ စာလှူခြင်း၊ ဂါထာမန္တာန်မန္တရား ရွတ်ဖတ်ခြင်း၊ မော်ကွန်းတင်ခြင်း၊ လင်မယား ဥစ္စာအတူထားခြင်း၊ ရတနာရွှေငွေတို့ကို သိမ်းဆည်းခြင်း၊ အမိအဖတို့ကို ပူဇော်ခြင်း စသည်တို့ကို ပြုလုပ်ရမည်။

## မထိမ်းမြားအပ်သောလဘေးထပ်

ဝါဆို ဝါခေါင် ထိန်းရင်လ၊ သေကိန်းပ ဆွေကြင်ဖော် ခေါင်းပါးစွာ တော်သလင်းလမှာ သားပုတ္တခြံရံကာင်း ကွင်းကြနတ်တော်၊ လပြာသို ဥစ္စာယွင်းပါသိမ့်၊ ကွေကွင်းကြပေါင်းခေါ် မလျော်တဲ့ခြောက်လ ကြွင်းမာသေ ထိမ်းမြားပါလေက ရံခွေရွှေ ရွှေရပါးငယ်တို့ ပေါ်များကိုလုံ၍ မောင်မယ်စုံ အိုအောင်ပေါင်းရမယ် ကျောင်းကြီးအစ်မ။ ၎င်းဘေးထပ်အဓိပ္ပာယ်မှာ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလ၊ နတ်တော်လ၊ ပြာသိုလ၊ တပေါင်းလ ထိုခြောက်ပါးသောလမှာ ထိမ်းမြားခြင်းအမှုကို ရှောင်ရမည်ဆိုသည်။ တန်ခူးလ၊ ကဆုန်လ၊ နယုန်လ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ၊ တပို့တွဲလ ထိုလခြောက်ပါးတွင် ထိမ်းမြားက ကောင်းသည်ဆို၏။

## ထိမ်းမြားလ အကျိုးအပြစ်

တန်ခူးလ ထိမ်းမြားသော် ဘေးသင့်မည်။ ရှုံးမည်။ ကဆုန်လ ထိမ်းမြားသော် လာဘ်ရမည်။ နယုန်လ ထိမ်းမြားသော် ဘေးရန်ကင်း

www.burmeseclassic.com

www.burmeseclassic.com



မည်။ ဝါဆိုလ ထိမ်းမြားသော် သေကွဲ ရှင်ကွဲ။ ဝါခေါင်လ ထိမ်းမြားသော် မကြည်လင်။ သားသမီးအဖတ်မတင်။ တော်သလင်းလ ထိမ်းမြားသော် အရှက်ရမည်။ သီတင်းကျွတ်လ ထိမ်းမြားသော် အသက်မရှည်။ တန်ဆောင်မုန်းလ ထိမ်းမြားသော် အနာနှိပ်စက်မည်။ နတ်တော်လ ထိမ်းမြားသော် ဥစ္စာကင်းမည်။ ပြာသိုလ ထိမ်းမြားသော် အရှည်မပေါင်းရ။ တပို့တွဲလ ထိမ်းမြားသော် ဥစ္စာပစ္စည်းရှာဖွေလို့ရ မည်။ တပေါင်းလ ထိမ်းမြားသော် သေကွဲရှင်ကွဲ ဖြစ်မည်။ ထိမ်းမြားလ အကျိုးအပြစ်မှာ ကျမ်းပေါင်းစုံအရ ပြုလိုက်ခြင်းဖြစ်သည်။ မိမိတို့ ကြိုက်နှစ်သက်ရာကို ပြုလုပ်နိုင်သည်။ အချို့သော ကျမ်းတို့တွင် မကောင်းခြောက်လ၊ ကောင်းခြောက်လပြုပြီး ဆိုထားသည်။ ကျမ်းပေါင်းအစုံအသိုက် ကြည့်မည်ဆိုသော် ထိမ်းမြားရန် ကောင်းသောလမှာ သုံးလသာလျှင်ဖြစ်သည်။ အထူးဆင်ခြင်သတိထားပြီး ပြုလုပ်ကြရန် လိုသည်။

## သားမွေးနိမိတ်

လူမိန်းမသားဖွေးနိမိတ်။ သားငယ်မှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ပါလာသော် ရဟန်း ပုဏ္ဏား၊ မင်းမှုထမ်းကို ဒဏ်သင့်၏။ သူငယ် လျှာနှစ်ခွပါလာသော် ပြည်သူပြည်သားတို့အား မတရား အခွန်ကောက်၏။ သူငယ်တွင် ယောကျာ်းလိင်၊ မိန်းမလိင် နှစ်ပါးစုံပါလာသော် မိန်းမတို့ ဒဏ်သင့်၏။ နှုတ်သီးနှင့် မွေးလာသော် လူအပေါင်းတို့ ဆင်းရဲ၏။ သူငယ်မှာ စအိုနှစ်ခုပါလာသော် လူအပေါင်းတို့ ဝတ်မွတ်၏။ လူမိန်းမ မြွေနဂါးမွေးလာသော် စစ်ပျား၏။ လူမိန်းမ ဥသော် စစ်ရောက်၏။ မိကျောင်း၊ နွားလား မွေးသော် ကောင်းသောနိမိတ်၊ ယောကျာ်းသည် မိန်းမ၊ မိန်းမသည်ယောကျာ်းဖြစ်သော် ပြည်ပျက်၏။

အိမ်မှာမွေးထားသောကြောင်မ ကြောင်အနက်မွေးသော် စည်းစိမ်ချမ်းသာများသည်။ ကြောင်ဖြူမွေးသော် သခင်ပျက်စီး၏။ ကျားအဆင်း ကြောင်မွေးသော် ပျက်စီး၏။ အမြီးဖြူဖြူ ခြေဖြူဖြူမွေးသော်

www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာပစ္စည်း ကြွယ်ဝ၏။

## တိတ်နိမိတ်အဖြာဖြာ

ငွေကြေးချေးငှားရန် သူ့အိမ်သို့သွားရာမရောက်မီ လက်ယာက ယခုလို၏ဟု ပြောဆိုသံကြားသော် အိမ်သို့ပြန်နေဦး။

ထမင်းအိုးကို ကျိုးနှုတ်သီးဖြင့် ဝင်လုန်သော် လင်မယားသော်လည်းကောင်း၊ အိမ်နီးချင်းသော်လည်းကောင်း စကားများရန်ဖြစ်မည်။

စစ်ပွဲမှာဖြစ်စေ၊ သူတစ်ပါးကိုလုပ်ကြံရာ၌ ရန်သူ၏ဦးခေါင်းကို ခုတ်ပိုင်းရာ သူသေသည် မျက်စိပြူးတဲရှိသည်ဖြစ်စေ မျက်တောင်ခတ်လျက်ရှိသည်ဖြစ်စေ ရန်မတုံးသေး၊ ရန်ပေါ်ဦးမည်။

စစ်ထိုးသွားရာ၌ ရှေ့က ဝင်ထိုင်နေလျှင် အကျအပေါက် အပျက်အစီးများမည်။

တရားဆင်သွားရာ ခွေးရှေ့ကသန်းမူ အမှုတာရှည်မည်။

အမှုခပ်သိမ်း ဆောင်ရန် သွားသောအခါ သမင်ရှေ့က သန်း၍ ပြေးသော် အမှုမပြီး။ မြင်းစီး၍ ရှေ့က တန်ဆာဆင်၍ သွားသူကိုမြင်သော် အမှုခပ်သိမ်းအောင်မည်။

ရှေ့ကစောင်း၊ ညင်းခရာ တီးမှုတ်သွားသူကိုမြင်သော် သတင်းကောင်းကြားရမည်။ အမှုခပ်သိမ်းအောင်မည်။

ရှေ့ကနွား၊ ဝက်တို့ကို ချည်နှောင်၍ဆွဲသွားသော် အမှုခပ်သိမ်းအောင်မည်။

ရှေ့က ပခြုပ်လွယ်သွားသူကိုမြင်သော် အောင်မည်။

ရှေ့က ခြေကျိုးလက်နာသွားသည်ကိုမြင်သော် စစ်နိုင်မည်။ အမှုအောင်မည်။

ထိမ်းမြားမင်္ဂလာကိစ္စနှင့်သွားရာ ခရီးလမ်းတွင် လက်ယာက သူကောင်းထုတ်လင့်သော်၊ ကလေးငိုလင့်သော် မကောင်း။ ဆိုင်းဦး။

နီသောမြေ၊ ဝါသောမြေ၊ ဖြူသောမြေ ပြည့်ရှာ ကျက်သရေ

www.burmeseclassic.com

www.burmeseclassic.com



တက်၏။ စကြာဝတေးမင်းလောင်းပေါ်၏။

တောင်ကြီး၊ စေတီကြီး အချပ်ချပ်ကွာသော ဘုရားမှထိုး အလိုလိုပြိုသော သစ်ဝါးသစ်တုံး ထ၍သွားသော် မျက်ရည်ယိုသော ပြည်ပျက်မည်။

လမ်းခရီးတွင် တောင်ပို့ပေါက်သော မင်းမတရားပြု၏။ အခါ မဟုတ် ဆီးနှင်းကျသော မိုးသည်းထန်ရွာသော စစ်ရောက်၏။

ဘုရားဆင်းတု၊ နတ်ရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ ခြင်္သေ့ရုပ် ထ၍ သွားသော် စကားဆိုသော် ငိုသော် မျက်နှာပြန်လည်နေသော် ပြည်ပျက်၏။

စစ်ထိုးသွားရာ ရှေ့က ကျွဲ၊ နွား၊ မြင်း၊ ခွေး၊ ကြက် စသည် သေလင့်သော်၊ စစ်အောင်မည်။

ရှေ့က ဝန်ထုပ်ဝန်ပိုး ထမ်း၍သွားသော် အမှုခပ်သိမ်း အောင် မည်။

ရှေ့က နွားမငယ် သန်း၍သွားသော် အမှုခပ်သိမ်းအောင် မည်။

ဆင်နက်ဖြူသော် ပြည်ရွာဝပြောမည်။ ဆင်ဖြူမည်းသော် ကပ်သုံးပါးသင့်မည်။

မိမိဝတ်သောပုဆိုးဖြူသော် မင်းဖြစ်အံ့သောနိမိတ်ဖြစ်သည်။ အဝတ်အထည် လေမတိုက်ဘဲ ကောင်းကင်သို့ လွင့်တက်သွားသော် အဝတ်ရှင်သေမည်။ အဝတ်အစားမှာ လွင့်စင်ပြီး နေရာသို့ ကောင်း မွန်စွာပြန်ကျလာသော် ကောင်းစားအံ့သောနိမိတ်ဖြစ်သည်။

ဆောင်းသောခမောက် ပျံသွားသော် တစ်ပါးသောပြည်၌ မင်း ဖြစ်မည်။ ဝတ်သောနားတောင်း ကောင်းကင်ပျံတက်သော် စကြာဝတေး မင်းဖြစ်အံ့သောနိမိတ်။

ချဉ်သောရှောက်သီး ချိုသော် အပင်ရှင်ကြွယ်ဝမည်။ မသီး ပူးသောအုန်းပင် သီးသော် အပင်ရှင်ကြွယ်ဝမည်။ အသီးကို မစား ကောင်း။ စားလျှင် ဥပါဒ်ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းပြီးသောမီး တောက်သော် မင်းဖြစ်မည်။ ဖျာသည့် လေမလာဘဲ ပုံတက်သွားသော် မြင်သောသူကောင်းစားမည်။

လေးမျက်နှာ သက်တံပေါက်သော် တရားစောင့်သော မင်းကောင်းမင်းမြတ် ပေါ်မည်။

အိမ်၊ ကျောင်း စသည်တို့တွင် သင်းခွေချပ် တက်သော် မြန်မြန်ဆင်း။ အိမ်ရှင်ကျောင်းရှင် သေမည်။

ထမင်းအိုး ယောက်မ စားဖိုထောင်သော် ကြွယ်ဝချမ်းသာမည်။ အဝတ်အစားဖြစ်စေ၊ လက်နက်ဖြစ်စေ အရောင်အဝါတောက်သော် ချမ်းသာမည်။ မင်းဖြစ်မည်။

စွဲကိုင်သော ဓား၊ သန်လျက် အလိုလိုကျိုးသော် ထိုနှစ်ထိုလမှာ သေမည်။

နေထွက်ချိန်၌ လက်ဝဲကဖြစ်စေ၊ လက်ယာကဖြစ်စေ ငှက်တို့ မပြတ်မည်သော် ထိုရွာသူကြီး မြို့စားအကြီးအကဲတို့ လာဘ်ရမည်။

တရားဆင်းသွားရာ လက်ဝဲကချေသော် တစ်ပွဲနိုင်မည်။ နှစ်ခွန်းချေသော် နှစ်ပွဲနိုင်မည်။ လက်ယာကချေသော် ရှုံးမည်။ နှစ်ခွန်းချေသော် နှစ်ပွဲရှုံးမည်။ လက်ယာက ငိုသံကြားသော် ရှုံးမည်။ လက်ဝဲကငိုသံကြားသော် နိုင်မည်။

## ချေနိမိတ်

အရှေ့အရပ်က ချေဟောက်သံကြားသော် ရန်သူမျိုးငါးပါး တွေ့ရအံ့။ အနောက်က ချေဟောက်သံကြားသော် သတင်းကောင်း ကြားရအံ့။ လက်ဝဲကချေဟောက်သံကြားသော် ဘေးရောက်အံ့။ အိမ်ပေါ်အိမ်တွင်း ဝင်သော် ရန်သူမျိုးငါးပါး တွေ့ရအံ့။

## တင်ကြီးငှက်ပေါ်နိမိတ်

ရှေ့က တင်ကြီးငှက် ငုပ်၍ပေါ်လင့်သော် ဖျားနာအံ့။ သို့တ

www.burmeseclassic.com



မာသော မင်းစိုးတို့ကို တွေ့ရအံ့။ နောက်က ငုပ်၍ပေါ်လင့်သော် ချစ်သောခင်ပွန်းကို တွေ့ရအံ့။ လက်ယာက ငုပ်လင့်သော် သွားလေရာကောင်းအံ့။ လက်ဝဲက ငုပ်လင့်သော် စိတ်နှလုံး မတွေဝေအံ့။

## ခွေးဟောင်နိမိတ်

အရှေ့က ခွေးဟောင်လင့်သော် မကောင်း။ လက်ယာက ခွေးဟောင်လင့်သော် ကွေကွင်းရအံ့။ လက်ဝဲက ဟောင်သော် ရန်ရှိသည်။ အနောက်ကဟောင်သော် မြန်မြန်သွားပြောသည်။

## နကျယ်နိမိတ်

နကျယ်သည် အိမ်ခေါင်အထက်များတွင် အိမ်လုပ်သော် အကြံအစည်အောင်မည်။ ကြမ်းပြင်အိမ်လုပ်သော် လာဘ်ရမည်။ တံခါးဝမှာ အိမ်လုပ်သော် လာဘ်ရမည်။ ကျွန်ရမည်။ လှေကားမှာ အိမ်လုပ်သော် ပျောက်ပြီးဥစ္စာ ပြန်ရမည်။ အိမ်အလည်မှာလုပ်သော် ရွှေငွေရမည်။ လက်နက်ကိရိယာတွင် စွဲသော် ရန်အောင်မည်။ ရှေ့အိမ်စွန်းက စွဲသော် ရန်သူမျိုးငါးပါးဖျက်ဆီးမည်။ တောင်ကစွဲသော် စပါးဆန်ရေ ပေါမည်။ အနောက်တောင်ကစွဲသော် ရန်များမည်။ အနောက်က စွဲသော် သား၊ မြေး၊ ကျွန် ပျက်စီးမည်။ အနောက်မြောက်က စွဲသော် စုတ်လာဘ်ရမည်။ မြောက်ကစွဲသော် စုတ်လာဘ်ကိုရမည်။

## အိမ်သစ်တီရွှာန်မြည်နိမိတ်

အိမ်သစ်တက်မည်ကြံစဉ် တီရွှာန်တစ်စုံတစ်ခု တစ်နေရာက မြည်သော် ပရိတ်ရွတ်ဖတ်ပြီးမှ တက်ရမည်။

## ဥဗျိုင်းနိမိတ်

ခရီးသွားဥဗျိုင်းရှေ့က ပျံလင့်သော် ဘေးရန်ပျောက်မည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ယာကပျံလင့်သော် ချစ်သူကိုတွေ့ရမည်။ လက်ဝဲကပျံလင့်သော် သတင်းကောင်းကြားရမည်။ ဥဖျိုင်းအိမ်တွင်းဝင်သော် ခေါ်ခွက်သုံးခု၊ သင်းပုတ်သုံးခု၊ တံဆောင်သုံးတိုင်ပြု မီးထွန်း၊ သုံးရက်တိုင် ကင်ပွန်း ရေစင်ဖျန်း၊၊ လာဘ်ကြီးရမည်။

ခါ အိမ်တွင်းဝင်သော် အလွန်ကောင်းသောနိမိတ်ဖြစ်သည်။ ဆိုကျည်ပွေ့ကို ကျီးနားသော် ကြီးကဲသူတို့ သေမည်။ ကျီး အိမ်တွင်း ဝင်သော် အိမ်ရှင် ဘေးဖြစ်မည်။

## တောင်ပို့ပေါက် နိမိတ်

တောင်ပို့ အိမ်အောက်ကပေါက်သော် သေကြေပျက်စီးမည်။ အိမ်ရှေ့ကပေါက်သော် ဘေးကင်းမည်။ အရှေ့တောင်နာဖျားအံ့၊ တောင် မယားသေမည်၊ ချမ်းသာအံ့လည်းဆို။ အနောက်တောင် ဥစ္စာပျက်မည်။ မနေကောင်း။ အနောက် သား,မြေး,ကျွန် နာဖျားမည်။ မြောက် အစားဆန်ရေ ပေါမည်။ အရှေ့မြောက် သူပူဇော်။

## ကြက်ဥနိမိတ်

ကြက်မ ဥပြောင်ဥသော်၊ ဥငယ်ဥသော်၊ ဥကြီးဥသော် မကောင်း။ ထိုကြက်မကို လှူလေ ယတြာပြု၊ တစ်နေ့တည်း ၂လုံးဥသော် ကြက် သခင် ကြွယ်ဝအံ့၊ ၆ လုံးဥသော် စည်းစိမ်ချမ်းသာများမည်။ ၈လုံး ဥသော် လူချစ်လူခင်များမည်။ ဘေးသင့်လိမ့်မည်။ ၁၀ လုံးဥသော် ဆင်းရဲမည်။ ၉ လုံးဥသော် မင်းစိုးရာဇာ ချစ်မည်။ ၁၁ လုံးဥသော် ဝပြောအံ့။ ၁၂ လုံးဥသော် အခြေလေးချောင်းရအံ့။ ၁၃ လုံးဥသော် ဥစ္စာတိုးအံ့။ ၁၄ လုံး ဥသော် ကျွန်များရအံ့။ ၁၅ လုံးဥသော် သား ကောင်းရအံ့။ ၁၇ လုံးဥသော် အကြံမြောက်မည်။ ၂၀ ဥသော် အမှု များမည်။ ကြက်ဖငယ်တွန်သော် ကြက်သခင် သူဌေးဖြစ်မည်။ ကြက်မ တွန်သော် ကြက်မအမောက်ရှိသော် ကြက်ဖကိုတက်သော် ကြက်သခင်

www.burmeseclassic.com

www.burmeseclassic.com


ကောင်းစားအံ့။

ကြက်ဥ ယတြာပြုရန်၊ ပန်းနုနစ်ပွင့်ကို ကြက်ဥပေါ်မှာ တင်၍ ဦးခေါင်းဆေး၊ ကြက်မကို သတ်မစားနှင့် ကျောင်းကိုလှူ။ ထိုသို့ပြုသော် ဘေးရန်ကင်းမည်။

## ကြွက်နိမိတ်

ကြွက်ခြေဖျား၊ လက်ဖျားကိုကိုက်သော် ကျွန်ရမည်။ ခြေမကို ကိုက်သော် ဥစ္စာရမည်။ သလုံးသားကိုကိုက်သော် ဖျားနာမည်။ မယားသေမည်။ ပုဆစ်ကိုခဲသော် နာဖျားမည်။ လည်ဂုတ်ကိုခဲသော် ကျွန်ရမည်။ ခင်ပွန်းပျက်မည်။ ဦးခေါင်းခဲသော် ဥစ္စာရမည်။ ရန်အောင်မည်။ ခြေသန်းလက်သန်းကိုခဲသော် ဥစ္စာပျောက်မည်။ လက်ယာလက်ညှိုးခဲသော် ကျွန်သေမည်။ လက်သည်းခြေသည်းကိုခဲသော် နာဖျားမည်။ မျက်နှာကိုခဲသော် ချမ်းသာမည်။ ဝမ်းကိုခဲသော် နာဖျားမည်။ မျက်နှာကိုခဲသော် ချမ်းသာမည်။ ဝမ်းကိုခဲသော် လာဘ်ရမည်။ ကိုယ်အနှံ့ခဲသော် ဥစ္စာပစ္စည်းရမည်။ ကြွက်စီစီမြည်သော် ကုတ်ကုတ်မြည်သော် မကောင်း။

## အဝတ်အစားကြွက်ခဲနိမိတ်

အဝတ်အစားကို ကြွက်သည် အဝန်းကိုက်ခဲသော် ချမ်းသာရအံ့။ ခြံထောင့်ကဲ့သို့ခဲသော် ကောင်းစားမည်။ တစ်တွင်းခဲသော် ဥစ္စာရအံ့။ နှစ်တွင်းခဲသော် လာဘ်ရမည်။ ခုနစ်တွင်း၊ ရှစ်တွင်းခဲသော် မယားသေမည်။ ကိုးတွင်းခဲသော် အမိအဖ သေအံ့။ ဆယ်တွင်းခဲသော် လာဘ်ရမည်။ ဆယ့်တစ်တွင်းခဲသော် အစားအသောက်ပေါများမည်။ ဆယ့်နှစ်တွင်းခဲသော် ကောင်းသည်။ ဆယ့်သုံးတွင်းခဲသော် မင်းပူဖော်ခံရမည်။ ပုဆိုးထမီ အလယ်တည့်တည့်မှာခဲသော် သေအံ့သောနိမိတ်၊ သစ်ပင်ကဲ့သို့ခဲသော် လာဘ်ရမည်။ ဆင်မြင်းကဲ့သို့ခဲသော် သားရအံ့။

www.burmeseclassic.com

www.burmeseclassic.com



စကြာကဲ့သို့ခဲသော် သမီးရမည်။ တွင်းကဲ့သို့ ညီညွတ်စွာခဲသော် ဥစ္စာရမယ်။ လေးကိုင်းကဲ့သို့ခဲသော် အိမ်ရာရမယ်။ ခက်ရင်းကဲ့သို့ခဲသော် ချစ်သူနှင့်ကွေကွင်းရအံ့။ ကြာငုံကဲ့သို့ခဲသော် သူနှစ်လိုအံ့၊ ခြသေ့ကဲ့သို့ခဲသော် ကြွယ်ဝအံ့သောနိမိတ်၊ ပိတုန်းကဲ့သို့ခဲသော် ဘေးဖြစ်မည်။ ခူကောင်ကဲ့သို့ခဲသော် သွားလေရာအောင်မည်။ ကြိုးနှုတ်သီးကဲ့သို့ခဲသော် ဘေးဖြစ်မည်။ လေးညို့ကဲ့သို့ခဲသော် ဥစ္စာပျောက်မည်။ ဝမ်းခွံကဲ့သို့ခဲသော် စိတ်ချမ်းသာမည်။

## လူကို ကြွက်လျှောက်နိမိတ်

ကြွက် ခြေဖမိုးလျှောက်သော် ကြွယ်ဝမည်၊ မြင်းခေါင်းလျှောက်သော် ကျွန်ရမည်။ ပုဆစ်လျှောက်သော် သူပူဇော်ခံရမည်။ ပေါင်လျှောက်သော် ဥစ္စာရမည်။ ချက်လျှောက်သော် အဝတ်အစားရမည်။ ဝမ်းလျှောက်သော် ဥစ္စာပစ္စည်းရမည်။ သားမြတ်ထက်လျှောက်သော် သမီးကညာရမည်။ ရင်ဘတ်လည်ပင်းထက်လျှောက်သော် အောင်မြင်မည်။ ဦးခေါင်းထက်လျှောက်သော် ဥစ္စာရမည်။

## ကြွက်ယတြာပြုပုံ

ကြွက် နိမိတ်မကောင်းသော် ဘုရားကို ဆွမ်းတော်ကပ် ဆုတောင်း အမျှဝေ။ ဥုံ သတ္တရှသင်တိုင်း။ သဗ္ဗသတ္တာရုံသွားဟာ။ မန္တန်ကို ၃၇ အုပ်မန်း။

## စွန်ရဲနဂါးနိမိတ်

စွန်ရဲလက်ဝဲကလည်းကောင်း၊ လက်ယာကလည်းကောင်း၊ အိမ်တွင်းဝင်သော် လာဘ်ရမည်။ အရှေ့အိမ်ခေါင်မိုးကနားသော် အမိအဖတို့သေမည်။ အရှေ့တောင်ကနားသော် အိမ်ရှင်ဖျားနာမည်။

တောင်ကနားသော် အိမ်ရှင်သေမည်။ အနောက်တောင်က

www.burmeseclassic.com

www.burmeseclassic.com



နားသော် ကျွန်ရမည်။ အနောက်ကနားသော် အငြင်းအခုန်များမည်။ အနောက်မြောက်ကနားသော် ကျွန်, ကျွဲ, နွား ရမည်။ မြောက်ကနားသော် သတင်းကောင်းရမည်။ အရှေ့မြောက်ကနားသော် ပုဆိုးကောင်းရမည်။

## ယတြာမျိုးစုံ

တောင်ပို့ထွက်သော် ဆန်စပါးကိုပူဇော်၊ မြွေထွက်လာသော် ရတနာကိုပူဇော်၊ ခြပုန်းထွက်လာသော် ဆန်စပါးကိုပူဇော်၊ ဥချိုးမြည်လာသော် ဆန်ကိုပူဇော်၊ လင်းတလာသော် သားဟင်းမျိုးကိုပူဇော်၊ မှိုထွက်လာသော် ထီးတံခွန်ကိုပူဇော်၊ ဖွတ်ထွက်လာသော် ရွှေ ငွေကို ပူဇော်၊ ခွေးမသားမွေးသော် အသားကိုပူဇော်။

## ငှက်တော်ဝင်နိမိတ်

အိမ်တွင်းသို့ ငှက်တော်ဝင်လာသော် ကျွန်ရမည်။ နေလွှဲဝင်လာသော် ဉစ္စာရမည်။ သူငယ် အိပ်ဆိတ်ဝင်လာသော် မီးလောင်မည်။ သန်းခေါင်ဝင်လာသော် လာဘ်ရမည်။ ကြက်ဦးတွန်ဝင်လာသော် ချစ်သူနှင့် ကွေကွင်းရမည်။ မျက်လဲစဉ်ဝင်လာသော် ဘေးသင့်မည်။

## ခေါက်ရှာငှက်နိမိတ်

ခရီးသွားစဉ် ခေါက်ရှာငှက် ရှေ့ကမြည်သော် အလိုပြည့်မည်။ အနောက်ကမြည်သော် ဘေးဖြစ်မည်။ လက်ဝဲကမြည်သော် သတင်းမကောင်း။ ရှေ့က ထိတ်လန့်စွာမြည်သော် တန့်နေ။ အနောက်က ထိတ်လန့်စွာမြည်သော် လာဘ်ရမည်။ ရှေ့ကပျံသော် ဘေးဖြစ်မည်။ နောက်ကပျံသော် လာဘ်ရ၏။ လက်ယာကပျံ ခင်ပွန်းကောင်းတွေ့။ လက်ဝဲကပျံ ရန်တွေ့။ ခေါင်းပေါ်ကပျံ လာဘ်ရ။

www.burmeseclassic.com

www.burmeseclassic.com


## မိကျောင်း လပိုင် နိမိတ်

လှေနှင့်ခရီးသွားသော် အရှေ့က မိကျောင်းပေါ်လင့်သော် တန့်နေ။ သွားလိုလျှင် ဦးပဲ့ပြန်သွား။ နောက်ကပေါ်သော် ကောင်းသည်။ ကြည်းတက် လက်ယာက မိကျောင်းရပ်လင့်သော် လာဘ်ရမည်။ မိကျောင်းကျွန်းအယောင်ဆောင်သော် ချစ်သူကိုတွေ့မည်။ လက်ဝဲက ပေါ်သော် တန့်နေဦး။ လက်ယာက လက်ဝဲကို သန်းသွားသော် မကောင်း။ လက်ဝဲက လက်ယာကိုတန်းသွားသော် ကောင်းသည်။

## အိမ်အောက် မှိုပေါက်သောနိမိတ်

အိမ်အောက်မှာ မှိုပေါက်သော် ရတနာသုံးပါး နတ်တကာတို့ကို ပူဇော်လှူဒါန်းရမည်။ ဇလပ်ရွက်၊ ကင်ပွန်းသီး ဥသျှစ်နှင့်ဖျော်ပြီး ဦးခေါင်းဆေး။ ပရိတ်တော်ရေနှင့်လည်း ဦးခေါင်းဆေး။ ထိုကဲ့သို့မပြုလျှင် အိမ်ပြောင်းဆေး။ မဆင်းလျှင် ဒုက္ခတွေ့မည်။

## ကြောင်မြည်နိမိတ်

ကြောင်မွန်းတည့်မြည်သော် အမှုကြီးရောက်မည်။ ညနေချမ်းမြည်သော် သတိပေးသည်။ နေဝင်မြည်သော် အိမ်ရှင်ယောကျ်ား ဘေးသင့်မည်။ သန်းခေါင်မြည်သော် အိမ်ရှင်မိန်းမဘေးဖြစ်မည်။ မိုးသောက်မြည်သော် ကျေးကျွန်ပြေးမည်။ နေတက်ချိန်မြည်သော် သူခိုးခိုးခံရမည်။ ကြောင်မတင်းကုပ်တွင် မွေးသော် စပါးပုတ်နှင့်ပြည့်ရမည်။ အိမ်မှာ မွေးသော် စပါးအိမ်ပြည့်ရမည်။ မွေးထားသောကြောင်သော် လည်း ကောင်း။ သူတစ်ပါးကြောင်သော်လည်းကောင်း သားမွေးချိဝင်လာသော် ကောင်းစားကြွယ်ဝအံ့။

www.burmeseclassic.com

www.burmeseclassic.com


## တိရစ္ဆာန်တျနိမိတ်

ကြက်၊ အိမ်မြောင်၊ ပင့်ကူ၊ ပုတ်သင်၊ ကင်းလိတ်၊ ကြွက်၊ ခိုစွန် ရှေ့ကကျသော် လာဘ်ရမည်။ နောက်ကကျသော် သူခိုးခိုးခံရမည်။ လက်ယာကကျသော် အမြိန်အရသာစားရမည်။ လက်ဝဲကကျသော် ဘေးသင့်မည်။ လက်ရုံးထက်၊ ပခုံးထက်ကျသော် အမိအဖတို့နှင့်ကွေကွင်းရမည်။ ပါး၊ နား ပေါင်သို့ ကျသော် မယားနှင့်ကွဲရမည်။ လက်ထက်ကျသော် အနှောင်အဖွဲ့ခံရမည်။ ကျောကုန်းထက်ကျသော် အနာကြီးသင့်မည်။ တောင်မျက်နှာမှုရိုက် လက်ယာပေါင်ထက်ကျသော် လာဘ်ရမည်။ လက်ဝဲပေါင်ထက်ကျသော် ကျွန်မိန်းမ ရမည်။ သလုံးမြင်းခေါင်းထက်ကျသော် လာဘ်ရမည်။ လက်ဝဲဖမိုးထက်ကျသော် မျက်လိုရအံ့။ လက်ယာဖမိုးထက်ကျသော် ကျွန်မိန်းမရမည်။ မေးဖျားထက်ကျသော် လင်ရမည်။ ခါးထက်ကျသော် ပုဆိုးကောင်းဝတ်ရမည်။ ချက်ထက်ကျသော် အစားအသောက်များအံ့၊ ရင်ထက်ကျသော် လာဘ်ရမည်၊ သည်ထက်ကျသော် ထိုက်တန်သောတန်ဆာကိုဆင်ရမည်။ ဦးခေါင်းထက် ကျသော် ကြွယ်ဝမည်။

## အိမ်မြှောတ်တတ်နိမိတ်

အိမ်မြှောင်ကျ၍ လက်ဝဲလက်က ကိုယ်ပေါ်တက်သော် မကောင်း။ ဖဝါးအောက်မှ ခြေဖမိုးတက်သော် ကျွန်ရမည်။ လက်ဝဲမြင်းခေါင်းတက်သော် ကျွန်ရမည်။ ရင်ဘတ်တက်သော် ဉစ္စာရမည်၊ ခင်ပွန်းရောက်အံ့လည်းဆိုသည်။ လည်ပင်းတက်သော် ရတနာရွှေငွေရမည်။ နဖူးတက်သော် အသက်ရှည်မည်။ သူပူဇော်ခံရမည်။ ကျောကုန်းသို့ရောက်သော် သူကြွယ်တို့ ပူဇော်ခံရအံ့။ ပခုံးကိုရောက်သော် ရွှေငွေအဝတ်တန်ဆာရမည်။ ဂုတ်သို့ရောက်သော် ဦးခေါင်းတန်ဆာရမည်။

www.burmeseclassic.com

www.burmeseclassic.com



## အိမ်မြှောင်စုတ်ထိုးနိမိတ်

အိမ်မြှောင်အရှေ့ကစုတ်ခေါ်သော် လူပူဇော်ခံရမည်။ အရှေ့တောင်က စုတ်ခေါ်သော် မီးလောင်မည်။ ရန်ဖြစ်မည်။ တောင်က စုတ်ခေါ်သော် စားသောက်ရမည်။ အနောက်တောင်ကစုတ်ခေါ်သော် အနှောင်အဖွဲ့သင့်မည်။ အနောက်က စုတ်ခေါ်သော် မိန်းမရမည်။ အနောက်မြောက်က စုတ်ခေါ်သော် လာဘ်ရမည်။ အရှေ့မြောက်က စုတ်ခေါ်သော် လာဘ်ရမည်။ အိပ်ရာအောက်က စုတ်ခေါ်သော် သေအံ့။ သားကောင်ချပြေးသော် သူဌေးသော်လည်း ဆင်းရဲမည်။ ဦးခေါင်းတုရှူက စုတ်ခေါ်သော် လာဘ်ရမည်။

## နေ့အလိုက် အိမ်မြှောင်ကျ

တနင်္ဂနွေနေ့ အိမ်မြှောင်ကျသော် ဥစ္စာရမည်။ ညနေသုံးဗဟိုရ် လေးဗဟိုရ်ကျသော် အနီ၊ အဖြူ ရမည်။ မွန်းတည့်ကျသော် နာဖျား ရမည်။ နေလွဲဗဟိုရ်ကျသော် သတင်းကောင်းရမည်။ နေချမ်းကျသော် ရန်သင့်မည်။ တနင်္လာနေ့နံနက်ကျသော် ဥစ္စာရမည်။ ညနေချမ်းကျသော် ချစ်သောခင်ပွန်းတွေ့မည်။ မွန်းတည့်ကျသော် အနာသင့်မည်။ နေလွဲ ကျသော် ဥစ္စာပျောက်မည်။ နေဝင်ကျသော် သူပူဇော်ခံရမည်။ အင်္ဂါ ဗုဒ္ဓဟူးအကျိုးအပြစ်မပြ။ ကြာသပတေးနေ့ နံနက်ကျသော် လာဘ်ရ မည်။ ညနေချမ်းကျသော် ပုဆိုးရမည်။ နှလုံးမသာရှိမည်။ နေဝင်အခါ ကျသော် ဖျားနာမည်။ သောကြာနေ့နံနက်ကျသော် လာဘ်ရမည်။ ညနေချမ်းကျသော် သူနှင့် မျက်လိုရှ်၏။ စနေနေ့နံနက်ကျသော် ဖျား နာမည်။ မွန်းတည့်ကျသော် ကြံသမျှအောင်မည်။ ညနေချမ်းကျသော် ဘေးသင့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## အိမ်မြွေတက်နိမိတ်

မြွေသည် လူမြင်ခံ၍ အိမ်ပေါ်တက်ပြီး လှည့်လည်သော် ဥသျှောင်တွင် လှည့်ပတ်နေသော် အိမ်ရှင်ကြွယ်ဝ၏။ လူမြင်မခံဘဲ ပုန်းအောင်းသော် အိမ်ရှင် ဇာဘးဖြစ်မည်။ ငန်းတော်ကျား အိမ်မှာ ပုန်းအောင်းနေသော် ဖျားနာ၏။ လင်းမြွေဖြစ်သော် ဥစ္စာပျက်မည်။ စပါးကြီးမြွေ အိမ်ပေါ်မတက်နှင့်ဦး၊ အိမ်အောက်နေရုံမျှနှင့် အိမ်ရှင် ဆင်းရဲကြီးစွာဖြစ်၏။ နံနက်နေထွက်တက်လာသောမြွေကား သူကြွယ်။ ထိုမြွေကိုသတ်သော် ဥစ္စာပြုန်းတီး၏။ သန်းခေါင်တက်သော်မြွေကား ဆွေမျိုးတည်း။ သန်းလွဲတက်သောမြွေကား သူခိုးတည်း၊ လာဘ်ကြီး ရမည်။ မိုးသောက်တက်သောမြွေကား အမျိုးအညွန့် ပွားစီး၏။ မီး လောင်၏လည်းဆိုသည်။ မျက်နှာသစ်စဉ် တက်သောမြွေကား သူကြွယ် တည်း၊ ကောင်းသည်။

## လင်းတနားနိမိတ်

ညချမ်းအခါ လင်းတနားသော် လာဘ်ရမည်။ သူငယ်အိပ် ဆိတ်နားသော် ကြောင့်ကြ၏။ သန်းခေါင်နားသော် လာဘ်ရမည်။ ရောင်နီလာချိန်နားသော် ရန်ဖြစ်မည်။ နံနက်စောစောနားသော် ရွှေငွေ ရမည်။ ဖျားနာမည်။ နေထွက်နားသော် လာဘ်ရ။ နှစ်ဗဟိုရ်နား ကျွန်ရမည်။ သုံးဗဟိုရ်နား လာဘ်ရမည်။

## လင်းတနား မျက်နှာမူနိမိတ်

လင်းတ အရှေ့မျက်နှာနားသော် အိမ်ရှင်ပျက်စီးမည်။ အရှေ့တောင် မျက်နှာမူနားသော် ရန်သူတို့ဘေးသင့်မည်။ တောင်အရပ် မျက်နှာမူသော် အိမ်ရှင်သေမည်။ အနောက်မျက်နှာမူသော် ကျွန်ရမည်။ ဥစ္စာရမည်။ မြောက်မျက်နှာမူသော် လာဘ်ရမည်။ အရှေ့မြောက် မျက် နှာမူသော် မင်းပူဇော်ခံရမည်။ အနောက်မြောက်မျက်နှာမူသော် ဥစ္စာ

www.burmeseclassic.com

www.burmeseclassic.com



ရမည်။

## လင်းတဦးခေါင်းပြနိမိတ်

လင်းတ အရှေ့သို့ ဦးခေါင်းပြသော် မင်းပူဇော်ခံရမည်။ ဥစ္စာရမည်။ အရှေ့တောင်ကပြသော် ခိုက်ရန်ရှိသည်။ တောင်ကပြသော် ဖျားနာသေပျောက်မည်။ အနောက်တောင်ကပြသော် ရန်ပျောက်မည်။ သူခိုးခိုးခံရမည်။ အနောက်ကပြသော် ရွှေငွေရမည်။ မြောက်ကပြသော် ကျွန်မိန်းမရမည်။ အနောက်မြောက်ကပြသော် ခိုက်ရန်ဖြစ်၏။ အရှေ့မြောက်ကပြသော် ပတ္တမြားရမည်။ တောကလာ၍ပြည်သော် သူ ပူဇော်လာအံ့။ အစာချီ၍ တစ်စုံတစ်ရာချီ၍ အိမ်တွင်းဝင်လာသော် သူဌေးဖြစ်မည်။

## ပျားစွဲနိမိတ်

ပျားသည် အိမ်မိုး၊ ခေါင်၊ ထုတ်၊ လှေကား၊ အမြင့်နံရံ စသည်မှာစွဲသော် မကောင်း။ အိပ်ရာအောက် သင်ဖြူးအောက် ထမင်းအိုးမှာစွဲသော် ကောင်းသည်။ အိမ်ရှေ့စွဲသော် သေကြေပျက်စီး၏။ အနောက်တောင်ကစွဲသော် သူခိုး ခိုးခံရမည်။ အရှေ့တောင်ကစွဲသော် မီးလောင်၏။ အဝတ်ပုဆိုး စသည် စွဲသော် ကြွယ်ဝမည်။ ရေအိုးထဲ စွဲသော် သူဌေးဖြစ်မည်။

## ပျားစွဲ ယာတာပြုနည်း

ပျားအနောက်ကစွဲသော် ''ဥုံ ဖေယျတု ဖေယျတု' ဂါထာဖြင့် ပေါက်ပေါက်ခုနစ်အုပ် မန်းပြီး ကြဲရမည်။ မြောက်ကစွဲသော် 'ဥုံ ဠိတိ ဠိတိ ဠိတိ' ခုနစ်အုပ်ရွတ်။ မြိန်သောအရသာနှင့်ခေါ်ရမည်။ အရှေ့စွဲသော် 'ဥုံ ပိယ ပိယ ပိယ' ခုနစ်အုပ်မန်း။ ချိုသောအရသာနှင့် ခေါ်ရမည်။ မင်းပူဇော်ခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



## တိရစ္ဆာန်ဝင်သော်

အိမ်ကိုပျားဝင်သော် ရေပက် ဘေးလွတ်မည်။ မျောက်ဝင်သော် သစ်သီးပေး ဘေးလွတ်မည်။ ဆင်ဝင်သော် မြက်ထုံးပေး ဘေးလွတ်မည်။ ကျား၊ ကျားသစ်ခေါင်း၊ စပါးကြီးဝင်သော် သားစိမ်းပေး ဘေးလွတ်မည်။

## လမင်းပြိုဟ်ခွင်း အကျိုးအပြစ်

လကို အင်္ဂါခွင်းသော် မင်းတို့ ပျက်စီးမည်။ ဗုဒ္ဓဟူး ခွင်းသော် မိုးမကောင်း၊ သူခိုးဓားပြထကြွမည်။ စနေခွင်းသော် စစ်ဖြစ်မည်။ မွတ်သိပ်မည်။ ကြာသပတေးခွင်းသော် မင်းသေမည်။ သောကြာခွင်းသော် မဂဓတိုင်း၊ ဂန္ဓလရာဇ်တိုင်း သီဟိုဠ် စသည်ပျက်မည်။ ဖျောက်ဆိပ်ခွင်းသော် ပြည်ပျက်မည်။ ဆိုင်းတန်းကြယ်မင်း လတွင်ခွင်းသော် ပြည်တွင်းပြည်ပခိုးသူထမည်။ ပြည်ပျက်မည်။

## တိမ်ဖြူတံခွန်နိမိတ်

တနင်္ဂနွေနေ့ တိမ်ဖြူတံခွန်ထွက်သော် အရှေ့မြောက်က စစ်ဖြစ်မည်။ တနင်္လာနေ့ထွက်သော် မိုးဦးမိုးလယ် ကောင်းမည်။ အနောက်မြောက်က စစ်ဖြစ်မည်။ အင်္ဂါနေ့ထွက်သော် မိုးမကောင်း။ အနောက်တောင်မှာ စစ်ထွက်စည်။ ဗုဒ္ဓဟူးထွက်သော် အနောက်မှာ စစ်ထွက်မည်။ ကြာသပတေးနေ့ထွက်သော် ပြည်တစ်ပါးမှ လက်ဆောင်ရမည်။ သောကြာနေ့ထွက်သော် လူရိုင်းတို့ စစ်ပြုမည်။ မိုးကောင်းမည်။ စနေနေ့ထွက်သော် မိုးကောင်းမည်။ ပြည်ထဲသာယာမည်။

## နေတံခွန်ထွက်နိမိတ်

တနင်္ဂနွေနေ့ နေတံခွန်ထွက်သော် အရှေ့စစ်ဘေး ပေါ်၊

www.burmeseclassic.com

www.burmeseclassic.com


တနင်္လာနေ့ တံခွန်ထွက်သော် အနောက်က စစ်ထွက်၏။ အင်္ဂါနေ့ နေတံခွန်ထွက်သော် မြောက်ဥပါဒ်ဖြစ်၏။ တစ်ပါးမှ စစ်ထွက်၏။ ဗုဒ္ဓဟူး နေ့ နေတံခွန်ထွက်သော် ကောင်းကင်ဥပါဒ်။ ကြာသပတေးနေ့ နေတံခွန်ထွက်သော် ဆင်မြင်းရတနာရောက်၏။ သောကြာနေ့ နေတံခွန်ထွက် သော် သမီးကညာ ရတနာရောက်၏။ စနေနေ့ နေတံခွန်ထွက်သော် မိုးကြီး သည်းထန်စွာ ရွာ၏။ လျှောင်လှုပ်၏။

## ကြယ်တံခွန်နိမိတ်

ကြယ်တံခွန် အရှေ့အရပ်ကထွက်သော် မင်းကြီးကို သူမ ကောင်းကြံအံ့။ တောင်ကကြယ်တံခွန်ထွက်သော် မင်းတို့ အသက်တို့ အံ့။ အနောက်ကကြယ်တံခွန်ထွက်သော် အမတ်တို့ ပုန်ကန်အံ့။ မြောက် ကကြယ်တံခွန်ထွက်သော် အမတ်တို့ အသက်ရှည်အံ့။ ကြယ်တံခွန် ဖြူနီထွက်သော် သာယာဝပြောအံ့။ နတ်ရွာစံအံ့။ ကြယ်တံခွန်ဖြူထွက် သော် သာယာဝပြောအံ့။ ကြယ်တံခွန်နီထွက်သော် စစ်ထွက်အံ့။

## ဓနုအိမ်အဖွဲ့အဟော

တနင်္ဂနွေနေ့။ နေအိမ်ဖွဲ့သော် မီးလောင်များအံ့။ တနင်္လာနေ့ နေအိမ်ဖွဲ့သော် ပူပန်ရမည်။ အင်္ဂါနေ့ နေအိမ်ဖွဲ့သော် မီးလောင်များ အံ့။ လေကောင်းအံ့။ ဗုဒ္ဓဟူးနေ့ နေအိမ်ဖွဲ့သော် ပြည်ရွာ သာယာဝပြော အံ့။ စစ်ဖြစ်အံ့လည်းဆို။ ကြာသပတေးနေ့ နေအိမ်ဖွဲ့သော် ရတနာ ရောက်အံ့။ မင်းကို အမတ်တို့ မကောင်းကြံအံ့။ သောကြာနေ့ နေအိမ် ဖွဲ့သော် သူဌေးသူကြွယ်ထင်ပေါ်အံ့။ မိန်းမရတနာရောက်အံ့။ စနေနေ့ နေအိမ်ဖွဲ့သော် မိုးကောင်းအံ့။ ရန်ကင်းအံ့။

## နေစွဲမြေလျှင်လှုပ်အဟော

တနင်္ဂနွေနေ့ မြေလျှင်လှုပ်သော် သာယာဝပြောအံ့။ တနင်္လာ

www.burmeseclassic.com

www.burmeseclassic.com



နေ့ မြေလျှင်လှုပ်သော် မြေဩဇာကောင်းအံ့။ ထိုနေ့မှာ သားမွေးသော် သားကောင်းရတနာဖြစ်အံ့၊ အင်္ဂါနေ့ မြေလျှင်လှုပ်သော် ရန်သူရောက်မည်။ ပုန်ကန်မှုများမည်။ ဗုဒ္ဓဟူးနေ့ မြေလျှင်လှုပ်သော် မိန်းမရတနာရောက်မည်၊ ကြာသပတေးနေ့ မြေလျှင်လှုပ်သော် ဘုရားရဟန္တာစကြာဝတေးမင်း ပဋိသန္ဓေယူမည်။ သောကြာနေ့လှုပ်သော် သူတော်ကောင်းကွယ်အံ့။ စနေနေ့လှုပ်သော် ပုဏ္ဏားဟူးရားတို့ ဘေးသင့်အံ့။

## လစွဲမြေလျှင်လှုပ်အဟော

တန်ခူးလမှာ မြေလှုပ်သော် ရန်ပျောက်မည်။ မြေဆီပေါ်မည်။ ကဆုန်လမှာ မြေလှုပ်သော် သစ်သီးဝလံပျက်မည်။ သာသနာပျက်မည်။ နယုန်လမှာ မြေလှုပ်သော် ကိုယ်ဝန်ဆောင်မိန်းမတို့ ပျက်စီးမည်။ ဝါဆိုလမှာ မြေလှုပ်သော် ပြည်ရှင်မင်းတို့ နတ်ရွာစံမည်၊ ဝါခေါင်လမှာ မြေလှုပ်သော် ဆင်းရဲဝေဒနာရောက်မည်။ တော်သလင်းလမှာ မြေလှုပ်သော် ရဟန်းပုဏ္ဏားတို့ ပျက်စီးမည်၊ သီတင်းကျွတ်လမှာ မြေလှုပ်သော် အမတ်စစ်သူကြီးတို့ ဘေးသင့်မည်။ တန်ဆောင်မုန်းလမှာ မြေလှုပ်သော် လူတို့ရောဂါရမည်။ နတ်တော်လမှာ မြေလှုပ်သော် စစ်ကြီးရောက်မည်။ ပြာသိုလမှာ မြေလှုပ်သော် ပြည်ရွာချောက်ချားမည်။ တပို့တွဲလမှာ မြေလှုပ်သော် ဇနပုဒ်တိုင်းကား ပျက်စီးမည်။ တပေါင်းလမှာ မြေလှုပ်သော် တကြွပုန်ကန်မည်။

## မဟာသိဒ္ဓိဆေးတော်ကြီး

မဟာသိဒ္ဓိရဗောသဖွဲ့၊ တရိသံဠဣတော၊ နပုတံပုပ္ပံ၊ ဟိသံဇိဝ တိနစုတိ ဇိဝန္တေ ကေဒသရာဇာ၊ စတုဒ္ဒဠ နဝတေဇရေစ၊ တိ သကာ နိဗ္ဗော၊ တိ သာစ၊ တိ သနဟောစ၊ ဝိဘင္ဂတိ သာစ တိ သဒန္တတိသ အမြုတေစ၊ ဟတိ သံသာ၊ တိ သနတော ဇိဝင္ဂတိ ယာ၊ တိတိသဒန္တာ တိသအမြုတော၊ သဗ္ဗတိသ ပိဋ္ဌော၊ ကရေါတိသ ပေါတိသ၊ တိသသဥန္တ

www.burmeseclassic.com



တီသသန္တိဌပတ္တာ၊ တိ သသဏ္ဍာအကဏ္ဍာ၊ စတုနဝဂ်ေသတ္တာတိပုပ္ပံ ဆဘောသဇ္ဇ သဇ္ဇတီသာ၊ တီသကပ္ပလာနိ၊ ပဥ္စသတိ သေသဇ္ဇာနိ၊ မဟာသိဒ္ဓိရာဇာနာမဟောန္တိ၊ မဟာသိဒ္ဓိ ရာဇာနော သေ သဇ္ဈပန်။

တရိသိတံ။ ဦးခေါင်းသုံးလုံးထက်၊ ဋ္ဌတော၊ တည်သော နဝုတိပုပ္ဖ၊ ပန်းပေါင်းကြီးကိုးဆယ်သော်လည်းကောင်း၊ တီသဇိဝတိ၊ ဂမုန်းပေါင်းသုံးဆယ်ကိုလည်းကောင်း၊ နဝတိဇိဝိဇ္ဇော၊ ဂမုန်းပေါင်းသုံးဆယ်ကိုလည်းကောင်း၊ ကေဒသရာဇာစအာဒိနာ၊ တစ်ဆယ့်တစ်ပါးသောမင်းစသည်လည်းကောင်း စတုဒသတေရေ၊ တစ်ဆယ့်လေးပါးသော မဟာရှင်ကြီးလည်းကောင်း။ ပဥ္စနဝထေရေစ၊ မဟာရှင်ကြီးငါးပါးလည်းကောင်း၊ တီသကာလာစ ကြီးပေါင်းသုံးဆယ်လည်းကောင်း၊ နိဗ္ဗေဝတိသာစ၊ သိုင်းပေါင်းသုံးဆယ်လည်းကောင်း၊ တီသနဟောစ တိုက်ပေါင်းသုံးဆယ်လည်းကောင်း၊ ဝိသဝိတီသစ၊ စွယ်ပေါင်းသုံးဆယ်လည်းကောင်း၊ တီသဒန္တာစ၊ သွားပေါင်းသုံးဆယ်လည်းကောင်း၊ တီသ အမြုတော၊ အမြုတေပေါင်း သုံးဆယ်လည်းကောင်း၊ သဗ္ဗတိ သပိဇ္ဇော၊ သည်းခြေပေါင်းသုံးဆယ်လည်းကောင်း၊ ကရဝိတီသာစ၊ ကြိတ်ပေါင်းသုံးဆယ်လည်းကောင်း၊ သဂေါတီသာ သမိုင်းပေါင်းသုံးဆယ်လည်းကောင်း၊ တီသပဒ္ဓေစ ထုံးပေါင်းသုံးဆယ်လည်းကောင်း၊ တီသသန္တိဒြာပတ္တာစ ရွက်အိတ်ပေါင်းသုံးဆယ်လည်းကောင်း၊ တိသကဏ္ဍာကဏ္ဍာခွဲ ဆူးရှိသော အညွန့်ဆူးမရှိသော အညွန့်ပေါင်းသုံးဆယ်လည်းကောင်း။ စတုနဝဂ်ေစ၊ စည်ကြီးလေးပါးလည်းကောင်း သတတ္တပုပ္ဖ၌ ပန်းပေါင်းခုနစ်ဆယ်လည်းကောင်း။ ဆတေသဇ္ဇဦ ဆေးရိုးကြီးခြောက်ပါးသည်လည်းကောင်း၊ သဇ္ဇာတိ တိသာစ ပြွတ်ပေါင်းသုံးဆယ်လည်းကောင်း၊ တီသကပ္ပလာနိစေ ခွက်ပေါင်းသုံးဆယ်လည်းကောင်း၊ ဣတိ ဤသို့၊ ပဥ္စဝိသတိ နှစ်ဆယ့်ငါးပါးသော တေသဇ္ဇာနိ ဆေးရိုးကြီးတို့သည် တောန္တိ ဖြစ်ကုန်၏။ ပန်းအပေါင်းဆိုသည်မှာ တစ်ပါး အစိတ်အပြားအခွဲအခြမ်းကို ဆိုပေအံ့။ နဝုတိပုပ္ဖ၊ ပန်းပေါင်းကိုးဆယ်တွင် ပယ်ရသော ပန်းကား။ ဇီးဖြူ၊ ပဒိုင်း၊ ခံတက်၊ သံဖန်း၊ ဖျောက်ဆိတ်၊ ပဲ

www.burmeseclassic.com



တက်ကြီး၊ ခရုသင်း၊ လင်းတသိုက်တွင်ရှိသော ပန်း၊ လက်ထုတ်၊ တောက်ရပ်။ ခွေးတောဏ်၊ ခေါင်ရမ်းပန်း၊ ဆေးပွင့်ဘူးခါးပွင့်၊ စပယ်၊ ချယား၊ ဘုရားတင်ပန်း ဒဝယ်မှိုင်း၊ မြစ်ကိုင်း၊ ကျွေး၊ ရှောက်၊ သံပရာ၊ သဘော်ပွင့်၊ အချဉ်ကပွင့်သောပန်းဟူသမျှ စသည်တို့ကို မထည့်သွင်းရာ။ ပယ်လေပျက်တတ်သည်။ ဆရာတို့ဆိုထားသည်။ နွေဥတု၌ သုံးဆယ်၊ မိုးဥတု၌ သုံးဆယ်၊ ဆောင်းဥတု၌ သုံးဆယ်၊ ပေါင်းရာ၏။ ပန်းပေါင်းမျိုးကား တန်ခူးလ၌ ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊ အစတည်ပေါင်း၊ ကဆုန်လ၌ စကားဝါပွင့်ကို အစတည်ပေါင်း၊ နယုန်လ၌ ကြက်ရုံးပန်းကို အစတည်ပေါင်း၊ ဝါဆိုလ၌ ဆဝင်သွားဖူး အစတည်ပေါင်း၊ ဝါခေါင်လ ခတ္တာပွင့် အစတည်ပေါင်း။ တော်သလင်းလ ရင်းမာပွင့်ကို အစတည်ပေါင်း၊ သီတင်းကျွတ်လ ကြာမျိုးငါးပါး အစတည်ပေါင်း၊ တန်ဆောင်မုန်းလ ခဝဲပွင့်ကို အစတည်ပေါင်း၊ နတ်တော်လ ဂမုန်းပွင့်ကို အစတည်ပေါင်း။ ပြာသိုလ နွယ်ပန်းကို အစတည်ပေါင်း၊ တပို့တွဲလ ဆူးပန်းပွင့်ကို အစတည်ပေါင်း။ တပေါင်းလ သရဖီပန်းကို အစတည်ပေါင်း။ ဤသည်ကား အစပထမယူရသောပန်းကိုဆိုသည်၊ ဥတုသုံးပါးတွင် တစ်ဥတုလျှင် သုံးဆယ်စီရအောင် ပေါင်းလေ။ ပယ်ရသောပန်းမျိုးမှတစ်ပါး အနံ့ထောင်းထောင်းရှိသောပန်းတို့ကိုပင် ရအောင်ပေါင်းလေ ဆရာဆိုသည်။ ပန်းပေါင်းကြီးသိုက်ပြီး၏။

## ဂမုန်းပေါင်းနှင့် သူယောင်

တိသဖိဝတိ။ ဂမုန်းပေါင်း သုံးဆယ်သည်ကား၊ ဂမုန်းသူယောင်၊ ဂမုန်းအင်။ ဂမုန်းသဇင်၊ ဂမုန်းရွှေရောင်၊ ဂမုန်းဖိဝတိ၊ ဂမုန်းသောတာပန်၊ ဂမုန်းဆင်နား၊ ဂမုန်းဆင်စွယ်၊ ဂမုန်းမြင်းနား၊ ဂမုန်းအင်ကြင်း၊ ဂမုန်းလက်ဆက်၊ ဂမုန်းဖယောင်းပန်း၊ ဤ တစ်ဆယ့်နှစ်ပါးသော ဂမုန်းတို့ကို မ,တည်၍ သုံးဆယ်ရအောင်ပေါင်း၊ သစ်ပင်ထက်တွင် ဥရောက်သမျှ အမျိုးကွဲလျှင် ယူလေ။ ထောင်သောင်းမင်

www.burmeseclassic.com



ရသော်လည်း ပေါင်းလေ။ ဂမုန်းသူယောင်မှာ မြိုင်တောအုပ်ကောင်း ရာမှာ သစ်ပင်ထက်အရောက် အရွက်တစ်ချပ်နှစ်ချပ်သာရှိသည်။ အရွက်ကြား၌ ပိုးအိမ်ကဲ့သို့ရှိ၏။ ခွဲကြည့်သော် သူယောင်ကဲ့သို့ သဏ္ဍာန်ရှိ၍ အရွက်တစ်ချပ်ကား ဆင်နားရွက်သဏ္ဍာန်ရှိ၏။ တူ၏။ ဂမုန်း သူယောင်ပြီး၏။

## ပမုန်းပေါင်း

နဝုတိဇိဝန္တော။ ပမုန်းပေါင်းကိုးဆယ်ကား။ ပမုန်းဖြူ။ ပမုန်းနီ၊ ပမုန်းနက်၊ ပမုန်းဂတို။ ပမုန်းရစ်၊ ပမုန်းကိုယ်ရံကြီး။ ပမုန်းသံဃာစဉ်၊ ပမုန်းပြဿာဒ်ကြီး။ အငယ်အလတ်ပမုန်းသိကြား။ ပမုန်းကာလကဏ္ဍို အဖိုအမ၊ ပမုန်းခြံလွတ်၊ ပမုန်းဆိတ်နို့ကြီး။ ပမုန်းကြောင်သို၊ ပမုန်း ခဏ္ဍာနီကြီး ပမုန်းရွှင်ရောင်၊ ပမုန်း၊ ပမုန်းလုံ့တင်၊ ပမုန်းသား၊ ပမုန်းခြင်၊ ပမုန်းဆင်မြီး၊ ပမုန်းကျေးမြီး၊ ပမုန်းကြွက်မြီး၊ ပမုန်းကြွက် နား၊ ပမုန်းရှင်သူငယ်၊ ပမုန်းသမိစ်၊ ပမုန်းလိပ်မွေး၊ ပမုန်းဆင်နား၊ အကျဉ်းသာဆိုခဲ့သည်။ ကိုးဆယ်ပြည့်အောင်ပေါင်းလေ။ မြေတွင် အ ခေါင်းအဥရှိသမျှ အမျိုးကွဲလျှင် ထောင်သောင်းပင်ရှိသော်လည်း ကောင်း ၏။ ပေါင်းလေ ပမုန်းသိုက်ပြီး၏။

## မင်းပေါင်း

ကေဒသရာဇာ။ မင်းပေါင်းဆယ့်တစ်ပါးအစကား။ ကျက်သ ရေမင်း၊ ဂုံမင်း၊ သစ်မင်း၊ နေမင်း၊ လမင်း၊ နန္ဒင်းမင်း၊ သိကြားမင်း၊ ဗိဿနိုးမင်း၊ ပရမိသွားမင်း၊ ဂြိုဟ်မင်း၊ သက်ကယ်မင်း၊ အကြွင် ဆယ့်တစ်ပါးသောမင်းကိုသာ အစတည်၍ ဆိုခဲ့သည့်အဆင်းသဏ္ဍာန် နှင့်တကွ အကျယ်ကိုဆိုပေအံ့။ ဘုမ္မရာဇာ၊ သီဟရာဇာ၊ ရာဇဝင်၊ ကေရာဇ်၊ နေမင်း၊ တိမ်မင်း၊ မိုးမင်း၊ စကြာဝတေးမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်း၊ ဂုံမင်း၊ ဤမင်းမျိုးကား ကမ္ဘာအနှစ်ရေးမင်းတည်း။ ဘုမ္မ

www.burmeseclassic.com

www.burmeseclassic.com



ရာဇာကား မြေ၏အရှင်တည်း။ ကေရာဇ်ကား တော၏အရှင်တည်း။ ဗြဟ္မာမင်းကား ဆေးတစ်လုံးတည်း။ နန္ဒင်းမင်းကား သိကြားမင်းခေါ်သတည်း။ စကြာဝတေးမင်းကား တိလက်ာသာကိုဆိုသတည်း။ မှတ်လေ။ ချင်းစိမ်းခြောက် အကြီးအငယ်အဖြူယူ ကြက်သွန်ဖြူနီ၊ အရွက်ကိုစားသော ကြက်သွန်ငယ်၊ ပတဲကော၊ မိဿလင်၊ ဆိတ်ဖူး၊ လင်းနေ၊ အကြီးအငယ်၊ သစ်တက်လင်းနေ၊ ဤမင်းကို့ကား ကမ္ဘာ၏ ကျွမ်းဝင်ရှေးမင်းမြတ်တည်း။ ဆီမီးတောက်၊ မဟော်ရာကြက်ဆူ၊ သစ်တက်မဟော်ရာ၊ ကျွေးမျုံ၊ တောပိန်း၊ ဒိဝုတ်၊ ပဋ္ဌပဋ္ဌာ၊ ဤမင်းမျိုး ကားကမ္ဘာသင်္ချေမင်းကျန်တွေတည်း။ ကြာမျိုးငါးပါး နွားမြေရင်းကြီးငယ်အိမ်တွင်ပေါက်သော ပိန်းကြီး၊ ဝက်မြေရင်းသီး၊ ဤမင်းတို့ကားရေဇာအရပ်အိုင်ကိုစောင့်သော် မင်းကျန်တည်း။ သင်းရွှေ သင်းအုံ၊ သင်းတောက် ပဲစောင်းလျား၊ ဤမင်းတို့အား မြေတို့၏အထွဋ် အရှင်မင်းမြတ်တည်း။ ဝက်ချင် ကြက်ချင် ကန့်အိမ် သရက်ကင်း မဂ်သင်းပန်းရင်း၊ ပန်းဥ၊ ဖလံတောင်ဝေ့၊ သမျှား ဤမင်းတို့ကား မြေကျအရသာမင်းရာဇာတည်း။ ကင်းပုံ၊ ကြီးအာကြက်လျှာ ဆောင်းမေခါး ဒန့်သခွား၊ ကြက်စလုတ် ဆင်ကြက်သွန် အင်းတိုင်စောင့်တတ်ရှေးမင်းမြတ်တည်း။ ရင်းပြားသစ်စေအိမ် သပွတ်အိမ် ငှက်မနား ပန်းမောက်ခုံ ဝါးပြေရင် ငါးစိုင်ရင် ဘောခေါင်[illegible]း ဤမင်းတို့ကား လုံး နန္ဒင်းကဲ့သို့ရှိသည်။ ခေါင်းကိုကြည့်သော် နေ ကျော ဆန်၍ပေါက်သည်။ ပရမေ သီရိမင်းကား ခေါင်းဖြူသည်။ အစိုးအရွက်စိမ်းသည်။ ဝါးပိုးရွက်ပမာ ရှိ၏။ အရွက်နှင့် အရိုးတံ အရှည်တူကြ၏။ မိုးမှာပွင့်သည်။ နတ်အပြင်းဖမ်းသော် လွတ်၏။ ဗိဿနိုးမင်းကား ခေါင်းဖြူသည်။ အရွက်စိမ်းသည်။ အရွက်ကား လုံရွက်ကဲ့သို့ရှိ၏။ တော်သလင်းလမှပွင့်သည်။ ပူဖျား တဆိတ်နီသည်။ သီဟိုဠ်မြောက်ကြယ်ကဲ့သို့ရှိ၏။ နန္ဒင်းမင်းကား ဖြူသည်။ အမြစ်ခေါင်းကား ငှက်ပျောခေါင်းကဲ့သို့ရှိ၏။ ခွဲကြည့်သော် အမြစ်များရှိ၏။ အရွက်ရိုးစိမ်းသည်။ သူငယ်ပမာဏရှိသည်။ အခြားမင်းမှာ အသီးသီး မြင်ကြ၏။ သူငယ်အရပ်မာဏ

www.burmeseclassic.com

www.burmeseclassic.com


ရှိကြသည်။ သွားလေရာရာ ဆောင်သော် အန္တရာယ်ကင်း၏။ သက်ကယ်မင်းကား သက်ကယ်ရွက်ကဲ့သို့ ရှိ၏။ အရွက်သဏ္ဍာန်တို့သည် သူပြုအကာအကွယ်ကောင်း၏။ စားသော် လွတ်၏။ ဆောင်လေ။ တိမ်မင်းကား တိမ်ညွန့်ဖျားကဲ့သို့ရှိ၏။ သဏ္ဍာန်ရောက်၏။ နေမင်းကား အသယ်ကြောက နီ၏။ အရိုးကြောမှာ ကျေးနှုတ်သီးကဲ့သို့ အချင်းချင်း နီနေသည်။ ခေါင်းခွဲ၍ကြည့်သော် ရင်းတိုက်နှစ်ကဲ့သို့နက်၏။ ဖုတ်အပြင်းဖမ်းသော် လွတ်၏။ လမင်းကား ခေါင်းဆိုင်၏။ ဆုတ်၍ ခေါက်သည်။ ခုနစ်ရွက်သာရှိ၏။ ပေါက်စကို အရိုးနီသည်။ အကြောစိမ်းသည်။ ပျော့ပျော့ရှိ၏။ ခေါင်းချင်းဆက်၏။ တောပိန္နဲပင်တူသည်။ ပြာသိုလမှ ပွင့်သည်။ ကြာမွှင့်ကဲ့သို့ ရှိသည်။ မိုးမင်းကား အရွက်စိမ်းသည်။ ခေါင်းကိုခွဲ၍ကြည့်သော် ဆေးအန်းကဲ့သို့ရှိ၏။ အကျဉ်း တစ်ဆယ့်နှစ်ပါး ဖေါ်င်းလေ။ မြွေတွင်းဦးခေါင်းရောက်သရွှေကို ထောင်သောင်းပင် ရသော်ငြားလည်း ကောင်း၏။

ကျန်ရှိသောမင်းများမှာ မသေမင်း၊ မနာမင်း၊ မဖျားမင်း၊ မအိုမင်း၊ ကြောင်မင်း၊ ကျားမင်း၊ မသေမင်းဆိုသည်မှာ ဆင်မသေနွယ်။ မနာမင်းဆိုသည်မှာ ဥနဲ။ မဖျားမင်းဆိုသည်မှာ ငရွှေ၊ မအိုမင်းဆိုသည်မှာ သပွတ်ကြီး။ ကြောင်မင်းဆိုသည်မှာ ကြောင်လျှာကြီး။ ကျားမင်းဆိုသည်မှာ နွားလျှာကြီး ဤသို့လည်း မှတ်ယူရာ၏။ တစ်နည်းနေ့အလိုမင်းမူသောအပင်များမှာ တနင်္ဂနွေနေ့ အုန်း မင်းမူသည်။ တနင်္လာနေ့ မန်ကျည်းမင်းမူသည်။ အင်္ဂါနေ့ ဇီး မင်းမူသည်။ ဗုဒ္ဓဟူးနေ့ ဝါးမင်းမူသည်။ ကြာသပတေးနေ့ ဖလံ မင်းမူသည်။ သောကြာနေ့ သီး မင်းမူသည်။ စနေနေ့ ထိန် မင်းမူသည်။

လအလို မင်းမူသောအပင်များ တန်ခူးလမှာ သပြေပင် မင်းမူသည်။ ကဆုန်လ သပြေပင်။ နယုန်လ မန်ကျည်းပင်။ ဝါဆိုလ မန်ကျည်းပင်။ ဝါခေါင်လ မန်ကျည်းပင်။ တော်သလင်းလ ခပေါင်းပင်။ ဥသျှစ်ပင်။ သီတင်းကျွတ်လ ရေသဖန်းပင်။ တန်ဆောင်မုန်းလ ရေသဖန်းပင်။ နတ်တော်လ ရေသဖန်းပင်။ ပြာသိုလ ပိတောက်ပင်။

www.burmeseclassic.com

www.burmeseclassic.com


တပို့တွဲလ ပိတောက်ပင်တို့မှတစ်ပါး သကြံန်မင်းမူသောအပင်များကို ခေါ်သည်။

## မဟာရှင်ပေါင်း

စတုဒသ တေလေ ဟူသော်ကား ခုနစ်ရက်သားသမီးတို့ စွဲသော နှီရည် ခုနစ်ရက်သားတို့ မှတ်စေ။ ထိုးကွင်းရာ၌ လက်သုတ်ဖတ်ကိုယူ ဤတစ်ဆယ့်လေးပါးသော မဟာရှင်အပေါင်းတို့ကို တစ်ပေါင်းတည်းထားလေ။ မဟာရှင်ပေါင်းပြီး၏။

## မဟာကြီးငါးပါး

ပဥ္စတေလေဟူသော်ကား ကိုယ်ဝန်ဆောင်၊ မိုးကြိုးပစ်၊ ဆွဲချ၊ ကျားကိုက်၊ သူရဲကောင်းငါးပါးအဆီတည်း။ ကျမ်းတစ်ပါးအဆိုမှာ လျှောလည်းပါ မဟာကြီးငါးပါးကိုပေါင်း၍ တခြားထား မဟာကြီးငါးပါးပြီး၏။ တိသကာလဟူသည်ကား မဟူရာနက်၊ သန္တာနက်၊ ကန့်ချုပ်နက်၊ မဟာကာနက်၊ ကျွတ်နက်၊ ကုလားနက်သွေး။ ကျွန်းနက်ငုင်းအနက်ကို အမတည်၍ သုံးဆယ်ပြည့်အောင် ပေါင်းလေ။ ထောင်သောင်းပင်ရသော်လည်း ကောင်း၏။

## ပျံပေါင်း

မဟူရာနတ်၊ ဆင်နှာမောင်း၊ ဥနှဲခံစပ်၊ တလျော်ညို၊ အောင်မဲဖြူ၊ ပိန်းငှက်ပျော၊ နွားလျှာကြီး၊ ကျွတ်၊ ဆီမီးတောက် ဆယ်ပါးသော အပျံတို့ကို အမတည် သုံးဆယ်ပြည့်အောင်ပေါင်း။ ပယ်ရာသည်ကား ကင်ပွန်းချဉ်တက်၊ ပတိုင်း၊ ဘူးပဲ၊ မန်ကျည်း၊ နန်းလုံးကြိုင်၊ သရက်၊ ရှောက်၊ သံပုရာ၊ ငှက်ပျော၊ လက်ထုတ် ဤအပျံတို့ကို ပယ်လေ၊ မှား၍ပါချေသော် ဆေးအားလုံး အကျိုးမခံရ။ ဆေးသြဇာသည် ဆရာ့သြဇာကို ဇော်ဂျီဖယ်၍ ထားသည်ကို သုဒိဗ္ဗရှင်ရသေ့ ချီးမွမ်းတော်မူကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ထက်၌ရောက်သော အကြီးအငယ်ထောင်သောင်းပင် ရသော်လည်း ကောင်း၏။ ပေါင်းလေးပုံပေါင်း ပြီးပြီ။

## ကျီးပေါင်း သိုက်ပေါင်း

ရက္ခသမ္ဘဟာတိသဟူသည်ကား တလျော့ညို၊ ဥန္နံ ဝေစံ လက်ပံ၊ မရိုး၊ ပျဉ်းကတိုး၊ စကားကြီး ဤဆယ်ပါးသောကျီးပေါင်းစု၊ အမတည်သုံးဆယ်ပြည့်အောင် စုပေါင်၊ လေးပယ်ရာသည်ကား ချင်ပြစ်၊ သရက်၊ ကင်ပွန်း၊ မန်ကျည်း၊ လက်ခုတ်ခယား၊ မောက္ခဝါ၊ ချင်းရာ၊ ဇီးဖြူ၊ ကြောင်လျှာ၊ ကသစ် ရှစ်ရှား၊ နန်းလုံးကြိုင်၊ ဒန့်သလွန်၊ သစ်မည်စည်၊ တိန်းညက်၊ သပြေ၊ ဆင်ခရမ်း၊ သြဇာ၊ သံပုရာ၊ ရှောက် ဤမျှသောအပင်မျိုးကို ရောက်သော် ကျီးပေါင်းတို့ကို မပေါင်းရာ၊ တစ်ပင်တစ်ခက်တစ်ရွက်မျှပါလေသော် အကျိုးမခံရ၊ သည့်အပြင်မှတစ်ပါး ထောင်သောင်းပင်ရသော်လည်း ကောင်း၏။ ကျီးပေါင်းသိုက်ပြီး၏။

ဏိဘောဂဂတိသဟူသော်ကား စပါးကြီး၊ ကျား၊ ဝက်၊ ကျီးကန်း၊ ကြိုးကြာ၊ လင်းတပနီ၊ ဥဒေါင်း၊ ငှက်သပိတ်လွယ်၊ ဘုမ္မတီး၊ အောက်ချင်း ဤအသိုက်ကို အမတည်း၊ သုံးဆယ်ပြည့်အောင် ပေါင်းလေ၊ ထောင်သောင်းပင်ရသော်လည်း ကောင်း၏။ ပယ်ရာသည်ကား ကြက်သိုက်၊ ဝမ်းဘဲ၊ ခွေး၊ ကြောင် အကျိုးမရှိ မထည့်နှင့်။ သိုက်ပေါင်း ပြီး၏။

## တိုက်ပေါင်း

တိသနတော် ဟူသည်ကား ရထားတိုက်၊ လမ်းခလုတ်၊ မိုးကြိုးပစ်၊ သွားမာန်စွယ်၊ မင်းတို့ကြိမ်စာ၊ ကြိမ်တုတ်ကြိမ်တိုက်ကိုယူ၍ စစ်တိုက်ကျရာ ကျသောလုံ၊ မုဆိုးလေး၊ သေနတ်ဦးဖျား၊ မိုးကြိုးပစ်သစ်ထား၊ အမြောက်ဦး ဤမျှသောတိုက်ပေါင်းတို့ကို သုံးဆယ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com



အောင် ပေါင်းလေ၊ ထောင်သောင်းပင်ရသော်လည်း ကောင်း၏။ တိုက်အပေါင်း ပြီး၏။

## စွယ်ပေါင်း၊ အမြုတေပေါင်း၊

သီဝိဒ္ဓတိသ ဟူသည်ကား ကျား၊ ကြောင်၊ ကျွဲ၊ နွား၊ သမင်၊ စိုင်၊ ဆတ်၊ ဝံ၊ မြွေ၊ ဆင်၊ သချိုင်း၌ လူသေွးလူးသော သစ်ရွက် ဤမျှသောသွေး စသည်တို့ကို အမျှထည့်၍ သုံးဆယ်ပြည့်အောင် ပေါင်းလေ။ ထောင်သောင်းပင်ရသော်လည်း ကောင်း၏။

တိသဒန္တာဟူသည်ကား ကျားသစ်၊ ဝက်၊ မျောက်၊ မျောက်လေပွေ၊ ကြွံ၊ မိကျောင်း ဤအစွယ်တို့ကို ပယ်၍ထားလေ။ ထောင်သောင်းပင် ရသော်လည်း ကောင်း၏။

တိသအမြုတေဟူသည်ကား ကြောင်၊ ကျား၊ မြွေ၊ ဆင်၊ လူဝံ၊ ဝက်၊ မိကျောင်း၊ ကျွဲ၊ နွား၊ ဝက်ဝံ ဤမျှသော အမြုတေဦးခေါင်း၌ စသည်တို့ကို သုံးဆယ်ပြည့်အောင် ယူလေ။ ထောင်သောင်းပင်ရသော်လည်း ကောင်း၏။

## သည်းခြေပေါင်း

သမ္ဘတိသပိတ္တေဟူသည်ကား စပါးကြီးမြွေ၊ မြွေဟောက်၊ ကျား၊ လူဝံ၊ မျောက်မောင်းမ၊ တောဝက်၊ ငှက်သပိတ်လွယ်၊ လင်းတ၊ ဘီလုံးငှက်၊ ဂဠုန် ဤမျှသောသည်းခြေတို့ကို အမတည်၍ သုံးဆယ်ပြည့်အောင် စုပေါင်း။ ထောင်သောင်းပင်ရသော်လည်း ကောင်း၏။ အင်းဟူသမျှကို ဆားထည့်သောခွက်ကိုသော်မှ မထည့်စေနှင့်၊ မစပ်စေနှင့်။ ချရထဲတွင် ထည့်၍ထားလေ။ သည်းခြေပေါင်းပြီး၏။

## ကြိတ်ပေါင်း

ကာရဝါတိသ ဟူသော်ကား တစ်ဆင့်နှင့်တစ်ဆင့် ကြိတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြောက်ကြိုတ်၊ အိမ်ကြိုတ်၊ ဇရပ်ကြိုတ်၊ လှေကားကြိုတ်၊ လှည်းကြိုတ်၊ ရထားကြိုတ် သည်ကြိုတ်ဆိုကို အမတည်။ ကြိုတ်ပေါင်း သုံးဆယ်ယူ။ ပယ်ရာသည်ကား ပန်းကြီး၌ ပယ်သည်အတိုင်းပယ်လေ။ တစ်ခက်တစ်ရွက်မှ မပါစေနှင့်။ ပေါင်းရာသည်ကား ထောင်သောင်းပင် ရသော်လည်း ကောင်း၏။ ကြိုတ်ပေါင်း ပြီးပြီ။

## သမိုင်းပေါင်း

သဂေါတိုသဟူသည်ကား သမိုင်းကျား သမိုင်းပမာ။ သမိုင်း ကောင်းကင် တာလသမိုင်းပျံ့ သမိုင်းပဒုမာ သမိုင်းရက္ခမူလာ သမိုင်း ကမ်းခြေ သမိုင်းသမုတ သမိုင်းငန်း ဤသမိုင်းတို့ကို အမတည်။ သုံးဆယ်ပြည့်အောင်ပေါင်းလေ။

သမိုင်းရက္ခမူလာမှာ အရွက်အသီးမရှိသော အမြစ်၊ အဉ မှို ဟူသမျှကို ယူလေ။ သမိုင်းပျံ့မှာ ပင့်ကူမှေးဟူသမျှကို ယူလေ။ သမိုင်းပမာမှာ ကျီးပေါင်းပွင့်များကိုယူလေ။ နောက်နောက်ကပါယ်သော ကျီးပေါင်းအပွင့်လပ်စေ။ ကြာဝတ်ဆံကိုလည်း ယူ။ တူရင်ခေါင်ကြိုး သိုက် အသီးအပွင့်မရှိသော သစ်ပင်တို့ကို ယူလေ။ သမိုင်းပဒုမာအရှင် ကား မြေတွင် ဥရောက်၍ ကွန်ချာအုပ်သကဲ့သို့ အမြစ်မထွက် ပွား သည်တို့ကိုယူ။ အသီးအပွင့်မရှိသော မိုငုပ်၊ စကာခါး စသောအပင်တို့ ကိုလည်း ထောင်သောင်းပင်ရသော်လည်း ကောင်းလှ၏။ ပေါင်းလေ။ ရွှေနွယ် နွယ်ရှင် စသည်တို့ကိုလည်း သွင်းလေ၊ သမိုင်းပေါင်း ပြီးပြီ။

## ထုံးပေါင်း

တိသဒ်ဓွေဟူသည်ကား သစ်ပင်၌ အသားတုံးတက်သည့် အဖုကို အပင်ခြား၍ယူလေ။ သုံးဆယ်ပြည့်အောင်ယူလေ။ ထုံးပေါင်း ပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com


## ရှုက်အုပ်ပေါင်း

သန္တိဋ္ဌပဏ္ဏာဟူသည်ကား သစ်သီးပင်၊ ဇော်ဂျီဦးထုပ်၊ ရေတာကျည်း၊ စိန်ပန်း၊ တိန်ညက်၊ ဒန့်ချွဲ၊ စစ်ကြီး၊ ရင်းမာ၊ ပေါက်ပန်းဖြူနီ၊ မဲဇလီ၊ ပြည်ပန်းညို၊ ကုက္ကိုလ်၊ ထနောင်း အစရှိသည်တို့ကို အမတည်၍ သုံးဆယ်ပြည့်အောင် ပေါင်းလေ။ အထက်ပယ်ခဲ့သော အချဉ်များကိုပယ်၍ ထောင်သောင်းပင်ရသော်လည်း ကောင်း၏။ ပေါင်းလေးညကို အိမ်မှယူ။ သစ်သီးပင်မှာ ထိကရုံးပင် စောက်ကို ယူ၍ထည့်လေ။ ရှုက်အိပ်ပေါင်း ပြီးပြီ။

## ညွန့်ပေါင်း

တိကဏ္ဍာဟူသည်ကား ဆူးပလွေဆူး၊ ပန်းဆူးချက်၊ ဆူးပုတ်၊ ဆူးချင့်၊ ဆူးရင်း၊ ဆူးပတောက်၊ ဆူးဖြူ၊ ဆူးလေ၊ ဆူးခေါက်နက် ဤသို့ အစရှိသောအညွန့်တို့ကို အမတည်၍ ပြည့်အောင်ဆူးရှိသော အညွန့်တို့ကိုပေါင်းလေ။ ဆူးမရှိသောအညွန့်ကား သပြေ၊ ကံ့ကော်၊ မြတ်လေး၊ ဖုမ္မသိမ်၊ ဇလပ်၊ ခေါင်ရမ်း၊ သရဖီ၊ စကား၊ ပုန်းညက် အညွန့်တို့ကို သုံးဆယ်ပြည့်အောင်ပေါင်းလေ၊ ပယ်ရာသည်ကား အထက်က သစ်ပင်တို့ကို ပယ်နည်းပယ်လေ။ ဆူးရှိသော သစ်ပင်၊ ဆူးမရှိသောသစ်ပင်ညွန့် ဤနှစ်ရပ်ကို ထောင်သောင်းရသော်လည်း ကောင်း၏။ ညွန့်ပေါင်းပြီး၏။

## စည်းကြီးလေးပါး

စတုနဂေဟူသည်ကား ဘုမ္မစည်း၊ ရုက္ခစည်း၊ အာကာသစည်း၊ ဂေါ်ရာစည်း ဤစည်းလေးပါးတို့ကို ပေါင်းရာ၏။

ဂေါ်ရာစည်းကား အသည်းနှလုံး၌ ရသော ရွှေအဆင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



တူသော ဝါသောကျောက်မှ မှန်သည်။ ဘုမ္မစည်းကား ခြသံ၊ ရက္ခ စည်းကား သစ်ထဲသား၊ အာကာသစည်းကား၊ မိုးကြိုးသွား။ ဂေါ်ရာ စည်းကား နွား စသော သတ္တဝါတို့၏အသည်းနှလုံးမရသော ကျောက် ယူလေ။ ဦးခေါင်းဥ္စရသည်ကား အမြုတေတည်း။ စည်းကြီးလေးပါး ပြီး၏။

## ပန်းပေါင်း

သတ္တပုပ္ပံဟူသည်ကား ခုနစ်ရက်သားသမီးကညာစင်ခုနစ်ရက် သား လူပျိုစစ်။ ပန်သောပန်း။ တစ်နည်း ပန်းပေါင်းယူရန်။ တန်ခူး လမှာ ကံ့ကော်ပန်း၊ ကဆုန်လမှာ စကားပန်း၊ နယုန်လမှာ စံပယ်ပန်း၊ ဝါဆိုလမှာ ပုန်းညက်ပန်း၊ ဝါခေါင်လမှာ ခတ္တာပန်း၊ တော်သလင်း လမှာ ရင်းမာပန်း၊ သီတင်းကျွတ်လမှာ ကြာမျိုးငါးပါး၊ တန်ဆောင်မုန်း လမှာ ခဝဲပန်း၊ နတ်တော်လမှာ သဇင်ပန်း၊ ပြာသိုလမှာ ခွာညိုပန်း၊ တပို့တွဲလမှာ ပေါက်လဲပန်း၊ တပေါင်းလမှာ သရဖီပန်း၊ ပန်းပေါင်းယူရန် ပြီးပြီ။

ပေးစားဆောင်နှင်းသော ယောက်ျား မိန်းမနှစ်ယောက်စုံသော ပန်း၊ မဟာပိန္နဲ စသော နတ်ကြီးပန်သောပန်းတို့ကို စေ့စုံအောင် ပေါင်းထားလေ။ တခြားထား။ ပယ်ရာသည်ကား ဘုရားတင်ပန်း။ သူရူး ကိုယ်ဝန်ဆောင်၊ ပြည့်တန်ဆာ၊ သူသေ၊ နတ်ကနားသည် ပန်းတို့ကို မထည့်နှင့်။ ထည့်သွင်းချေသော် ဆေးသြဇာပျက်၏ဟု ဒိဗ္ဗဇော်ကျိရှင်ရသေ့ဆိုသည်။ ပန်းပေါင်းခုနစပါး ပြီးပြီ။

## ဆေးရိုးခြောက်ပါး

တေသံဇ္ဇဟူသည်ကား ဂုံဂမံ၊ ဂေါ်ရာစဉ်း၊ သနသော် အန် ဘက်၊ ကဏ္ဍကမြင်း၊ ကုလားနက်သွေး ဤဆေးရိုးကြီးခြောက်ပါးတို့ စေ့စုံအောင် ပေါင်း၍ထားရ၏။ ဆေးကြီးခြောက်ပါး ပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ပြုတ်ပေါင်း

ဘိဇ္ဇတိုသဟူသည်ကား၊ ရထားကြီးပြုတ်၊ လုံကြီးပြုတ်၊ နဘား ကြီးပြုတ်၊ ဆပ်ထူးပြုတ်၊ ဘူးသီးလည်းပြုတ်၊ မိုင်းလက်စပြုတ်၊ ဤပြုတ် ပေါင်းတို့ကို အမျှတည်၍ ပြုတ်ပေါင်းသုံးဆယ်ရအောင်ပေါင်း၊ ပေါင်း လန်ပြုတ်၊ ထမင်းအိုးပြုတ် စလောင်းပြုတ် ၎င်းပေါင်းကို ပယ်၍ထားလေ။ ပြုတ်ပေါင်းထောင်သောင်းပင်ရသော်ငြားလည်း ကောင်း၏။ ပြုတ်ပေါင်း ပြီးပြီ။

## ခွက်ပေါင်း

တိုသကမ္ဗလာနီဟူသည်ကား၊ ထိုးကွင်းထိုးရာ လိမ္မာသောသူ တို့၏ ခွက်ပေါင်းသုံးဆယ်ရအောင် စုပေါင်း၊ ရာထောင်သောင်းပင်ရ သော်လည်း ကောင်း၏။ ခွက်ပေါင်းပြီးပြီ။

## ဆေးရိုးကြီးငါးဖုံ

ဆိုခဲ့ပြီးသော အပေါင်းတို့ကို စီရင်ပေအံ့။ ပန်းပေါင်းကြီး ကိုးဆယ့်တစ်ဖုံ။ ၁။ ဂမုန်းပေါင်းသုံးဆယ့်တစ်ဖုံ။ ၂။ ဂမုန်းပေါင်း သုံးဆယ့်တစ်ဖုံ။ ၃။ မင်းပေါင်းသုံးဆယ်။ ၄။ ဤဆေးကြီးလေးဖုံတို့ကို အမျှစီပေါင်း၍ ဘုရားမြေကျောင်းမြေလွတ်ရာ ဘုမ္မိနက်သန့် မှန်သော နေရာ၌ စီရင်ကြိတ်ရာ၏။ စီရင်သောအခါ မားလေးစင်း၊ လုံလေးစင်း သေနတ်လေးလက် ရွှေငွေကျောက်သံ အုန်းငှက်ပျောမုန့်ကြော် လွှမ်း လက်ဖက်အချိုအချဉ် အမွှေးအကြိုင်ပန်းဆီမီး တံခွန်လေးထောင့်သ တစ်ပွဲစီတင်။ ဘုရားကိုလည်း ကောင်းစွာတင်ခင်းကျင်းပြင်ဆင်၍ပင့်။ လေး မျက်နှာဖျာသင်ဖြူးခင်း၍ ဗိမာန်မှာ အထက်ဇေယျမန္တာန်ကို ကျက်၍ တပေါင်းလပြည့်နေ့၌ ပုဏ္ဏတိထိနက္ခတ်အဝင် သိဒ္ဓိစုတ်အကြီး စန်းယှဉ် နက္ခတ်အညီ နေ့ကောင်းရက်ကောင်း အစုံတွင် မြေမကျသော

www.burmeseclassic.com

www.burmeseclassic.com



သစ်ခေါင်း၌ ထိုသောမိုးရေ ပရိတ်တော်ရေနှင့်ကြိတ်လေ။ ဦးနှိမ်ရင်းထား မန္တရား အကာအကွယ်တို့ကို စုံစေအထွက်အဝင်မရှိရ။ ဂြိုဟ်မင်းရှစ်ခု အစဉ်ကို ကျောက်ပြင်မှာချ၍ ကြိတ်လေ။ တပေါင်းလပြည့် မကြံုသော် လည်း တန်ခူးလကဆုန်လ ဝါခေါင်လဖြစ်သော်လည်း ပုဏ္ဏတိထိစန်း ယှဉ်နက္ခတ် သိဒ္ဓိစုတ်အဝင် နက္ခတ်နေကောင်းနေ့မြတ် တက်နေအခါတွင် ရွေးချယ်စိစစ်၍ စီရင်လေ။ ကြိတ်တုံးတွင်စုတ်အံ့သော မန္တာန်ကား ဩြောင်း ဟေဟေတိသျှတ္တတိသုတ္တ ဗန္ဓတ္တဗန္ဓတ္ထ၊ ခါရေယျခါရေယျ။ ဝါရေယျ ဝါရေယျ၊ နိဝါရေယျနိဝါရေယျ၊ နိရုန္ဓေယျ နိရုန္ဓေယျ၊ ဒေဝဒတ္တံ ဒေဝဒတ္တံ၊ ဗြဟ္မာဒတ္တံ ဗြဟ္မဒတ္တံ၊ ဩြောင်း ဥဏ္ဏာလောမာ မုနိသွာဟုံ ဟုံ၊ ရကြိမ်သော်လည်းကောင်း၊ သုံးဆယ့်ခုနစ်ကြိမ်သော်လည်းကောင်း စုတ်လေ၊ တစ်နည်းကား ဦကသောကဠ ကပ္ပာနိဓေယျာ ဝတ္တာရေ သောင်းလံဩြောင်းနဝဲပါဘဲဇာဩြောင်းဇာသွားဟုံ၊ နောက်ကနည်းတူ ဆိုလေပြီးလျှင် အသက်တစ်ထောင်ပြည့်သော တန်ခိုးကြီးဘုရားရှေ့မှာ ဆွမ်းသင်ပုန်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတံခွန်ဆွမ်း၊ အမွှေးအကြိုင်နှင့် လှူဒါန်းပူဇော်၍ နံ့သာငါးပါးနှင့် သပ္ပာယ်၍ စေ့စုံအောင် ဗိသန်ကာ ကျက်၍ စုတ်လေ၊ အစုတ်မှာ ဦ တင်၍ သမ္ဗုန္ဓေကို တစ်ထောင်စုတ်။ ဦတပ်၍ အောင်ခြင်းရှစ်ပါးကို တစ်ထောင်စုတ်။ အောင်ခြင်းရှစ်ပါး အချုပ်ကား ရတနာရွှေချိုင့်တစ်ထောင်စုတ်လေ။ ပြီးလျှင် အချုပ်မန္တာန် ကား ဦ–အရပ်မျက်နှာကလာသည့် ရန်စစ်။ မဖြစ်စေနိုင် တစ်ရုံကို ကိုင်၍ မှိုင်သည်မဟုတ်တုံလော။ ဘယက်တန်ဆာလည်မှာရစ်လျက် ဆေးမွန်အာစက် ကောင်းကင်ရောက်စွာ့တကား။ ပြန်လေဆရာ ပြန် လေ။ တံလေတရာတံလေ။ သည်မန္တာန်ကို ဘုမ္မစိုးနတ်မှာ တစ်ထောင် စုတ် ဦ ဒက္ခယက္ခဘီလူး နတ်တကာအစိုးရသော အရှင်ဘီလူးနတ် တို့က တရွှေ ဖုတ် ပြိတ္တာ ဂန္ဓဝန၊ ငမူလာဝင်ဆရာဝင်းသည် မန္တာန်ကို တစ်ထောင်စုတ်၊ မရိုးထမင်း မရိုးဟင်း အကြော်အလှော်၊ ငါးစိမ်းသား စိမ်း အဖုတ်အကင်ပါစေ၊ စုံစွာပါစေ သိမ်တွင် ဖုတ်သွင်းလော့ ဦ ဒက္ခယက္ခဖုတ္တပြိတ္တာ၊ ဝိနည်းလွတ်အဘိမ္မော၊ ဓမ္မကန္ဒာချုပ် ဗုဒ္ဓါချုပ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒမ္မာချုပ်၊ သံဃာချုပ်၊ ဆရာချုပ်၊ တစ်ထောင်ချုပ်လေ။ ဣတိပိတော တစ်ထောင်စုတ်ဆေးကြိတ်သောအခါ ဦးနှိမ်ရင်းထားကာ၊ ဦနမောယထိ ဗလသုန္ဒြီ သဗ္ဗညု ဗောဓိမဏ္ဍပ်၊ လံအသခ်ျေယျမာရသေနံ၊ ဇေယျော ဇေယျတုမင်္ဂလံ၊ ဟာရကမ္မံ သိဒ္ဓိမ္မ အဟံသာမိ၊ သဗ္ဗသတ္တရု ဝိနသဿန္တု အသေသတော ဦနမောသိဒ္ဓိ ဂုရုအာစာရ။ ဦတေ ဦတေအန္တေ- အန္တေ။ အာတေအာတေ၊ ခနဝတော သွားဟ။ ၄၇ အုပ်စီချုပ်လေ တဆည်းအကာတည်၊ ဂါထာကြီးဟူသမျှနှင့်လည်း စုတ်လေ။ တတ် အားသမျှ စုတ်လေ။ ပြီးလျှင် ရွှေကြိတ်၊ ငွေကြိတ်၊ မိုးကြိုးကြိတ်နှင့် ရှိသေစွာထားရာ၏။ နမိတ်ကြီးပြလိမ့်မည်။ ဘုန်းကျက်သရေအခြွေအရံ ဥစ္စာစီးပွား တိုးတက်လိမ့်မည်။ အသက်ရှည်မည်။ အနာကင်းမည်။ အရပ်လေးမျက်နှာမှ လာဘ်ဝင်မည်။ ခုနစ်ရက်သားသမီး ချစ်ခင်မည်။ အကျိုးသာဆိုသည်။ အကျယ်ပါးသုံးဆယ်။

ဒုတိယမှာ ဆေးရိုးကြီးခြောက်ပါး၌ နဝရက်ခြောက်ပါး ပုလဲ ခုနစ်ပါး ပြဒါးပုံမျိုး လေးပါးနှင့် စီရင်၍ ခုနစ်ရက်သားစို့သောနို့ရည် ကြံနက်ရေနှင့်ကြိတ်၊ ကြိတ်သောအခါ နောက်က ပထမသိဒ္ဓိဆေးရိုးကြီး စီရင်သောနည်းနှင့် နေ့ကောင်းပုဏ္ဏားတိထိစန်းနှင့်ယှဉ် နက္ခတ်သိဒ္ဓိစုတ် အဝင် နတ်ရကာ ပွဲစုံခင်း၍ ဘုရားအသက်တစ်ထောင်ပြည့်တွင် ဝင်း ဗိတန်လေးမြားစေးလုံသေနတ်ဖျာသင်ဖြူးများနှင့် ဦးနှိမ်ရင်း ဂါထာ မန္တရား ဖုတ်သွင်းမုတ်ချုပ် လုပ်နည်းမှစ၍ မထပ်စေနှင့်။ မယိုယွင်းရ အောင် ပထမနည်းကိုကြည့်၍ စီရင်လေ။ နောက်ကမှာသော ကြိတ် တို့နှင့်ထားလေ။ ဒုတိယဆေးရိုးကြီးပြီး၏။

တတိယဆေးရိုးကြီးမှာ နတ်ပေါင်းသုံးဆယ်ပုံပေါင်းသုံးဆယ် ကြိတ်ပေါင်းသုံးဆယ် တိုက်ပေါင်းသုံးဆယ် သမိုင်းပေါင်းသုံးဆယ် ပြတ် ပေါင်းသုံးဆယ် ထုံးပေါင်းသုံးဆယ် ဇနီးပေါင်းသုံးဆယ် သိုင်းပေါင်း သုံးဆယ် ငင်းဆေးကိုးပုံကို အမှုစီယူ၍ ကြံနက်ရည်နွားနို့ရည်နှင့်ကြိတ် ၍ နေအပူမှာ အသွေ့လှမ်းလေပြီးလျှင် မဟာရှင်ငလေးပါးနှင့် ပေါင်းကြိတ် ခုနစ်ခါရှစ်ခါပြန်၍ ကြိတ်လေ။ ပြီးလျှင် မဟာကြီးငါးပါးနှင့် ပေါင်းကြိတ်၊

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ကြိမ်စေ့အောင်ကြိတ်။ ကြွေအုပ်ကြွေလင်ပန်းဖုံးထား၊ နေသွေ့လှမ်းလေ။ ပြီးလျှင် ဆီကို သန့်ပြန့်စွာယူ၍ ဒေါ်လီပြု၊ အတန်များစွာ ဒေါ်လီပြုရေနေယ်လေ။ ရှစ်ကြိမ်ပြု အိုးခွက်တစ်ခုနှင့်ထည့်၍ အပေါက်ကအလုံပိတ်။ ချည်ပုဆိုးကြမ်းနှင့် ဇော်ဂျီသုံးထပ်မံအငွေ့ မထွက်စေရ။ လုံခြုံစွာပိတ်။ ဖွဲမီးနှင့်ဆီငါးပါးစု ကျွမ်းအောင်ချက်လေ။ အပေါ်အိုးမှာ မှင်စွဲအောင်ခံလေ။ ခံပြီးလျှင် အပေါ်အိုးမှာ ကပ်သော မှင်ကိုယူ၍ စွယ်ပေါင်းသုံးဆယ် အမြုတေပေါင်းသုံးဆယ် သည်းခြေ ပေါင်း သုံးဆယ် ဂှင်းသုံးပါးနှင့်ရော၍ ကြံနက်ရည် နို့ရည်နှင့်ရော၍ ကြိတ်လေ။ ပထမဆေးရိုးကြီးစိစဉ်သောနည်းအတိုင်းကျအောင် ဂါထာမန္တာရား ဖုတ်သွင်းဖုတ်ချုပ်စုံစေ။ နတိရကာလည်း ဂှင်းနည်း။ ဓား,လှံ, သေနတ်ခင်းကျင်း၍ သက်တော်တစ်ထောင်ရှိသော တန်ခိုးကြီးဘုရား ရှေ့တော်မှာ နောက်တစ်နည်းစီရင်လေ။ ဆင်စွယ်ကြုတ်နှင့် ထားလေ။ တတိယဆေးရိုးကြီး ပြီး၏။ အကျိုးမှာ အန္တိဆာယာကိုယ်ပျောက်ကိုယ်ခွာ သိဒ္ဓိယက္ခ အစရှိသော လက်နက်မျိုး သေနတ်အမြောက် စိန်ပြောင်း ဓားလှံ လေးမြားဆူးငြောင့် သနသံစ်ချွန် ဒုတ် အုတ်တစ်ထောင် ရေ မီး တိုင်အောင်ပြီး၏။ ရန်သူမျိုး မဖျက်ဆီးနိုင်။ အသက်ရှည်၏။ ဘုန်းကျက်သရေအခွေအရံစည်းစိမ် ပွားများ၏။ တိရစ္ဆာန်တို့မှစ၍ မခဲဝံ့။ ရာဇသဗ္ဗဏ္ဍတ္တသို့။ ပြီး၏။ ဖုတ် ပြိတ္တာ,နတ်,ဘီလူး,ကျား,ဆင်, မြင်းမှစ၍ မဝံ့။ မီးမလောင် မိုးကြိုးဆယ်ပါးပြီး၏။ တတိယဆေးရိုးကြီး ပြီးပြီ။

စတုတ္ထဆေးအိုးတွင် ကျန်သောဆေးကိုယူ၍ ထုံးပေါင်း၊ အိပ်ပေါင်း၊ ကြိတ်ပေါင်း၊ ဆူးညွှန့်ပေါင်း၊ ဆူးမရှိသောအညွှန့်ပေါင်း၊ ပန်းပေါင်းခုနစ်ပါး၊ ဖဉ်ကြီးပေါင်းလေးပါးတို့နှင့် ကောင်းစွာရော၍ ကြံနက်ရေနှင့် အထက်ကနည်း စီရင်လေ။ ပြီးလျှင် မိုးကြိုးပစ်သစ်သားစင်၍ ကျသောအသားကို ကြုတ်ပုံလုပ်ထား၊ ဆေးအကျိုးကား၊ ဒသဒန္တမိသမ္မာရ ဒဏ်ဆယ်ပါး တေးနှစ်ဆယ့်ငါးပါး ကင်းလွတ်ပြီးစီးသည်။ အကျဉ်းသာမှာသည် စတုတ္ထဆေးရိုးကြီး ပြီးပြီ။

ပဉ္စမဆေး။ ပျံပေါင်းသုံးဆယ် ခွက်ပေါင်းသုံးဆယ်တွင်

www.burmeseclassic.com

www.burmeseclassic.com



လောင်းရမည့်ဆေးကား ကျား ဦးနှောက် ဝါးခေါင်းကျောက် အမြောက်ဦးသုံးဆယ် လေးဦးသုံးဆယ် ဓားဦးသုံးဆယ် သေနတ်ဦးသုံးဆယ် စူးဆောက်တံစည်းပေါက်ဆိန် အစရှိသောလက်နက်ဟု သုံးဆယ် ဥပသကာ မဟာကာဗောဓိကာ မိလ္လိကာ ဤကား လေးပါးစီ။ သမန်းကျားကြီး သမန်းကျားငယ် တပဲစီ။ ကျားလေးစီး တပဲစီ။ ဆင်ရွှေးနက် ဆင်ရွှေးဖြူ ဆင်ရွှေးနီ ဆင်စွယ်ဆင်ပြာလဲ။ ဆင်တလိန်ကြီး ၁ပဲ။ ဘုမ္မရာဇာ ကေရာဇ် သီဟရာဇာ ရာဇဝင်၊ သုဝဏ္ဏမှ ချိတ် သုဝဏ္ဏပဏာ ရဇတသေလာ သုဝဏ္ဏဘုမ္မိမှ ဗဟာန်းကျောက်သွတ် ခနောက်စိမ်း မြှင်းသီလ အကျွတ်သင်းတွဲ နဂါးချေမ၊ ထန်းသံ ပေသံ ကျောက်ရိုးသံ ရွှေသံ ငွေသံ အသူရကာန် စန္ဒရကာန် တစ်ပဲစီ။ လင်းတပနီမျက်လုံး ကျားဦးနှောက် ဇော်ကိုဦးထုပ် ဂဠုန်သုတ်သည့် သစ်ပွင့် နွားနက်နို့ရည် သည်းခြေနို့ရည် ဤဆေးတို့ကို တစ်ပေါင်းတည်း ကြံနက်ရည်နှင့် ကြိတ်၍ထားလေ။ ဖုမ္မသိမ်ညွှန့် ဥန္နဲညွှန့်နှစ်ပါးကို များများယူ ကြံနက်ရည်ဆွတ်၍ အထပ်ထပ် ခြောက်အောင်ကြိတ် အရိပ်တွင်လှမ်း၊ အိုးတစ်လုံးတွင်ထည့် အိုးကို ဆင်ဇော်ဂျီ လုံစွာမံ၊ အိုးနှစ်လုံးစပ်ကြားတွင် မံလေ၊ ဆေးထည့်သောအိုးမှာ စလောင်းပိတ်၍ ပုဆိုးကြမ်းမံ၊ ဖွဲမီးမှာ အောက်အိုးနစ်ရုံထည့် မီးတိုက်အငွေ့မထွက်စေနှင့်။ အညွှန့်နှစ်ပါး ကျန်လျှင် ပရိတ်တော်ရေနှင့် အထက်ဆေးရိုးကြီး စီစဉ်နည်းအတိုင်း စီရင်လေ၊ အကျိုးမှာ သဗ္ဗရဏံ ဒဏ်ပြန် ဓားလှံ ဟူသမျှ အပါးသုံးဆယ် ပဥ္စမဆေးရိုးကြီးပြီးပြီ။

ချုပ်ရာသောဆေးကို ပြပေအံ့၊ ပန်းပွင့်မျိုးကား ကန့်ချုပ်နို ချုပ်၏။ ဂမုန်းပေါင်းကား ဂမုန်းသူယောင် ချုပ်၏။ မင်းပေါင်းကား မင်းဆယ်ပါးချုပ်၏။ မဟာရင်ဍကား ခုနစ်ရက်သားသမီးစို့သောနို့ရည် ချုပ်၏။ မဟာကြီးငါးပါးတွင် မိုးကြိုးပစ်ချုပ်၏။ ပျံပေါင်းတွင် ဥန္နဲပျံ ချုပ်၏။ သိုက်ပေါင်းတွင် ဂဠုန်သိုက်ချုပ် ဘုမ္မတီးငှက်၊ အောက်ချင်းငှက်ဆရာတို့နှင့် တွဲယူကြသည်။ ဂဠုန်မှတ်လေ။ တိုက်ပေါင်းတွင် ကြိမ်စာတိုက်ချုပ်၏။ ကြီးပေါင်းတွင် စပါးကြီးချုပ်၏။ စွယ်ပေါင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



ဝက်စွယ်ချုပ်၏။ ဂမုန်းပေါင်းတွင် ဂမုန်းနီချုပ်၏။ အမြုတေပေါင်းတွင် လူ့အမြုတေချုပ်၏။ သည်းခြေပေါင်းတွင် လူ့ဝံသည်းခြေချုပ်၏။ ကျိုးပေါင်းတွင် အမျက် ကျိုးပေါင်းချုပ်၏။ အိပ်ပေါင်းတွင် သစ်သီးလင်းချုပ်၏။ ဆူးပေါင်းတွင် ဆူးချင့်ချုပ်၏။ ဖဉ်းပေါင်းတွင် ပေါ်ရာဖဉ်းချုပ်၏။ ပန်းပေါင်းတွင် ဆယ့်နှစ်ရာသီပန်းချုပ်၏။ ဆေးရိုးကြီးခြောက်ပါးတွင် ကုလားနက် သွေးချုပ်၏။ ဆီပေါင်းတွင် သင်းလိပ်ဆီချုပ်၏။ ပြတ်ပေါင်းတွင် ရထားချုပ်၏။ ဤကား ဆေးရိုးကြီးခြောက်ပါးကိုစီရင်၍ စုံလင်ပြီးလျှင် တပေါင်းတည်းထား၍ ဣတိပိသောသော သမ္ဗုဒ္ဓေ အောင်ခြင်းရှစ်ပါးချုပ်၏။ ရတနာရွှေချိုင့်ချုပ်၊ ဂါထာပေါင်းချုပ်၊ ဉဏ္ဍလုံး မွေ့ရှင်များနှင့် တတ်အားသမျှ အသက်တစ်ထောင်ရှိသော တန်ခိုးကြီး ဘုရား ရှေ့တော်တွင် စုတ်လေ။ ရွှေဖယောင်းတိုင် ငွေဖယောင်းတိုင် ဆွမ်းသင်ပုတ်ရေချမ်း ကွမ်းဆေး လက်ဖက် ဆန်ပန်းပေါက်ပေါက် ထီးတံခွန်ပွဲစုံစေ။ ဘုရားကို နှံသာခုနစ်ပါး သပ္ပာယ်ပြီးမှ စုတ်။ လိုရာ ဆုတောင်းပြီးလျှင် ဆေးရိုးကြီးငါးပါးကို ရွှေကြုတ်၊ ငွေကြုတ်၊ ကြေးကြုတ် ဆင်စွယ် မိုးကြိုးပစ် သစ်သားတို့နှင့် အနိမ့်အမြင့် အသီးသီး ထားလေ။ လိုသည့်ကာလ ၎င်းဆေးတို့နှင့် အရုပ်အကွက်ရာများနှင့်ထိုးလျှင် အရံဂါထာ အင်းဆံများနှင့်စုတ်၍ ထိုးလေ၊ နှီးလေ။ ဗားမဲ့ဆရာတော် နည်း ဆေးရိုးကြီးငါးဖုံ ပြီးပြီ။

မဟာငယ်ဆယ်ပါး။ ဆင်၊ မြင်း၊ မျောက်၊ ကျား၊ ဆတ်၊ ကြောင်၊ မြွေ၊ လင်းတ၊ ဆိတ်၊ သင်းခွေချုပ်၊ မဟာငယ်ဆယ်ပါး။

မဟာကြီးလေးပါး၊ အစိမ်းသေ ကိုယ်ဝန်ဆောင်သော သူငယ်ရှော၊ ဆွဲသေ၊ မိုးကြိုးပစ်၊ မဟာကြီးလေးပါး။

မဟာရှင်ခုနစ်ပါး။ ခုနစ်ရက်သားသမီး စို့သောနို့ရည်။

ပထဝီဖဉ်းကား။ မြေညှိကို ဆိုသည်။ မဟာဇာခုနစ်ပါးကား ယောက်ကျားတို့၏သွေးတည်း။ ဝါယောဖဉ်းကား သစ်တက်လေပူ။ အာပေါဖဉ်းကား ရေညှိကို ဆိုသည်။ ဒေဝေါဖဉ်းကား မိုးကြိုးသွားတည်း။ ဘုမ္မဖဉ်းကား တောင်ပို့ညွန့်ကို ဆိုသည်။ ဩဃရာဇာစတုကား ဘုမ္မ

www.burmeseclassic.com

www.burmeseclassic.com



ရာဇာ၊ ကေရာဇ် ရာဇဝင်မဏ်ပဥ္စကား။ ကျောက်ငါးမျိုးငါးပါးကိုဆိုသည်။ ဒီဃပဥ္စကား ဆန်ပေါင်းငါးပါးကို ဆိုသည်။ ဥဒကစဉ်းမှာ ရေညှိကို ခေါ်သည်။ ဓာတုဝိညာဉ်မှာ ငါတို့ဆံပင်မှ ကျွမ်းသောပြာကို ဆိုသည်။ နတ်စက်ဝိညာဉ်မှာ နာပြီးမှ ကျိုးသောသွားကို ဆိုသည်။ အဂ္ဂိသဖျင်း ဆိုသည်မှာ စနေမီးသွေးကို ဆိုသည်။ ဝါယော သဖျင်းမှာ လေခြွေညောင်ရွက်ကိုခေါ်သည်။ အာကာသဖျင်းမှာ မိုးကြိုးသွား သင်္ချိုင်း မြေကိုလည်း ဆိုသည်။ သင်္ချိုင်းမှာ ချက်ရသော မဟာဆီကိုလည်း ခေါ်၏။ ဩဃပျက္ခစတုကား ကြာတက်ကြီးငယ်၊ သမန်းကျား ကြီးငယ် ကျားလေးစီးလည်းဆိုသည်။ ဆင်သုံးစီးလည်းဆိုသည်မှာ ဆင် ရွှေးဖြူနီ ဆင်ရွှေးနတ်။ တော်သုံးပါးမှာ သနတ်တော် ကုံကုမ်အံဖတ်ကို ဆိုသည်။

## နက္ခတ်အဝင်အထွက်

တနင်္ဂနွေဆန်းဥြား တစ်ခွန်းထား၊ ဆယ့်ငါးစင်စစ်ဝင်ကပါတ် သုံးဆယ်နှစ်ဖက်နက္ခတ်ထွက်၊ ဝင်လျက်ဆယ့်လေးမှတ်၊ လပြည့်ကျော်ဥြား သုံးဆယ့်ငါး မှတ်သား ဝင်နက္ခတ်။

တနင်္လာဆန်းတစ် နှစ်၊ ဆယ့်နှစ်၊ စင်စစ် ဝင်ကပါတ်၊ ခွန် ဆယ့်လေးမှာအထွတ်သာ၊ ဆယ်မှာဝင်နက္ခတ်၊ ကျော်၊ ကိုးဝင်လစ်၊ ထွက်ဆယ့်နှစ် ရှစ်နှစ်ဆယ်ကပါတ်။

အင်္ဂါဆန်းရေး၊ ခွန်၊ ဆယ့်လေး၊ မထွေးဝင်ကပါတ်။ သုံး လေးဆယ့်နှစ်၊ အထွက်ဖြစ်၊ ရှစ်မှုဝင်ကပါတ်၊ ကျော်ဆုံးဆယ်ထွက်၊ ငါးရက်ဆယ့်သုံး၊ အဝင်နှုန်း မှတ်ထုံးရှစ်ကပါတ်။

ဗုဒ္ဓဟူးဆန်းသစ်၊ နှစ်၊ ရှစ်ထွက်ကြုံ၊ အဝင်၊ သုံး၊ ဆယ့်သုံး၊ ဝင် ကပါတ်၊ ကျော်ထွက်ခွန်၊ တစ်၊ ဝင်၊ သုံး၊ ရှစ်၊ ဆယ့်တစ်လေးကပါတ်။

ကြာသပတေးဆန်းခြောက်၊ ဆယ့်သုံး၊ ခြောက်၊ ထွက်၊ နှစ် ရက်တိုးမှာ၊ အဝင်သာ၊ သုံးဖြာ၊ ဆယ်၊ ကပါတ်။ ကျော်၊ တစ်၊ ခွန်၊ ဝင်၊ ငါး၊ ဆယ်။ လျှင်ထွက်၊ နှစ်၊ ရှစ်၊ ဆက်ဆက် ဝင်ကပါတ်။

www.burmeseclassic.com

www.burmeseclassic.com


သောကြာဆန်းလျက်၊ သုံး ဆယ်၊ ထွက်၊ ဝင်ချက်ဆယ့်လုံးမှတ်။ ကျော်ငါးဆယ့်တစ်၊ ဝင်တုံလစ်၍၊ နှစ်၊ ရှစ်၊ ဆယ့်သုံး၊ အထွက်ကြုံ၊ စွဲသုံးခြောက်ကပါတ်။

စနေဆန်းလျှင်၊ ဆယ့်သုံးဝင်ငြား ဆယ့်နှစ်ပါးထွက်၊ ဆယ့်တစ်ရက်၊ လေးရက်ဝင်ကပါတ်၊ ကျော်ဆယ့်သုံး ခွန်ထွက်ရမြဲပင်။ နှစ်၊ ရှစ်ဝင်၊ ကိုးလျှင် ဝင်ကပါတ်။

ထွက်ပယောဂ။ ဝင်ပီယ၊ ကာယဝင်ကပါတ်၊ ထိုထိုသင့်ရာ၊ ရွေးချယ်ရှာ၊ ပြုပါပြီးတယ်။ နက္ခတ်ရွေးနည်း ပြီးပြီ။

## သေကွဏာတချမ်းရေင်းကြီး

ကျွန်ုပ်သည် လူတို့၏ လက္ခဏာကျမ်းကို ဟောပြောသော သိရိကေသဝ ရှင်ရသေ့အား ရှိခိုးပါ၏။ ရှိခိုးပြီး၍ ဤမည်သော လက္ခဏာကျမ်းရင်းကြီးကို ပြန်ဆိုပေအံ့။

လက္ခဏာဟောပြောမည်ဆိုလျှင် ယောကျ်ားကို လက်ယာမိန်းမကို လက်ဝဲလက်ကိုကြည့်ပြီး ဟောဆိုရမည်။ အကြင်သူ၏ လက်ဝါးပြင်အောက်မှ အစ၍ ငါးကြင်းရုပ်နှင့်တူသော အရေးသဏ္ဍာန်ရှိမူ။ မိမိ အလိုရှိသော အကြောင်းကိစ္စတို့ ပြီးစီးအောင်မြင်လတ္တံ့။ ရတနာစိန်ကျောက်ရွှေငွေတို့၏ အရှင်ဖြစ်လိမ့်မည်။ များစွာသော သားသမီးအခြွေအရံရှိမည်။ ယုံမှားမရှိရာ။

ထိုသူ၏လက်ဝါးပြင်သည် ပဒုမ္မာကြာပွင့် လူဦးခေါင်းစားသန်လျက်နှင့်တူသော ရှစ်ထောင့်ရှိသော အကွေ့အကြောင်းတို့ ထင်မြင်အံ့။ ထိုသူသည် ဥစ္စာခေ ကြွယ်ဝချမ်းသာခြင်းဖြစ်အံ့။

ထိုသူ၏လက်၌ နေကြာစက်ကဲ့သို့လည်းကောင်း ကြက်ခြေကဲ့သို့လည်းကောင်း၊ အလံရှက်ကဲ့သို့လည်းကောင်း၊ ဒေါင်းမြီးဒေါင်းတောင်ကဲ့သို့လည်းကောင်း၊ လက်ဝါးပြင်၌ရှိအံ့။ ထိုသူသည် ခပ်သိမ်းသော ပညာတို့ကို တတ်မြောက်၍ သူတစ်ပါးတို့အား သင်ပြသော ဆရာပဏ္ဍိကဝိတစ်ဆူဖြစ်အံ့။

www.burmeseclassic.com

www.burmeseclassic.com


ထိုသူ၏လက်ဝါးပြင်အလယ်၌ ထီးရိုးသဏ္ဍာန်သုံးခုရှိသော ခက်ရင်းသဏ္ဍာန်ကဲ့သို့ ထင်ရှားစွာရှိသော် မင်းဖြစ်အံ့။

ထိုသူ၏လက်ဝါးပြင်အလယ်၌ လက်နက်ပုံသဏ္ဍာန်ပါရှိမူ မင်းဖြစ်အံ့။ ရထားဘီးကဲ့သို့လည်းကောင်း အလံကဲ့သို့ ထင်ရှားစွာ ပါရှိမူ မင်းဖြစ်အံ့။

အကြင်သူ၏ လက်ဝါးဘေး လက်မ၏အောက်နား၌ ဆင်ကို နိုင်သော ချွန်းသဏ္ဍာန်၊ နားချောင်းသဏ္ဍာန်၊ မကာန်းရုပ်သဏ္ဍာန်၊ လခြမ်းကဲ့သို့သဏ္ဍာန် ရှိပါမူ ထိုသူသည် မင်းအဖြစ်ကို ရရာ၏။

ထိုသူ၏ လက်ဝါးပြင်၌ တောင်ကုန်းပုံ၊ ရွှေလက်ကောက်ဝတ် ကဲ့သို့သော အရေးအကြောင်း ယှဉ်ပြိုင်၍နေအံ့။ လူဦးခေါင်းသဏ္ဍာန်၊ ရေပြည့်အိုးသဏ္ဍာန်ကဲ့သို့လည်း တွေ့ရှိရအံ့။ ထိုသူသည် မျိုးကြီးမတတ် ရာ ပညာရှိဖြစ်ရာ၏။

ထိုသူ၏လက်ဝါးပြင်၌ နေကဲ့သို့လည်းကောင်း၊ လဝန်းကဲ့သို့ လည်းကောင်း၊ အရေးအကြောင်း ဝန်းဝန်းရှိအံ့ နွယ်ကဲ့သို့လည်းကောင်း၊ မျက်စိကဲ့သို့လည်းကောင်း၊ ရှစ်မြှောင်ကဲ့သို့လည်းကောင်း၊ သုံးမြှောင် ကဲ့သို့လည်းကောင်း၊ မြေပြင်ညီမျှဝိုင်းဝန်းလှသောသဏ္ဍာန်လည်းကောင်း၊ မြင်းသဏ္ဍာန်၊ ဆင်သဏ္ဍာန်လည်းကောင်း ရှိအံ့။ ထိုသူသည် အထူး ထူး အပြားပြားသော များဖြတ်လှသော ချမ်းသာခြင်းဖြစ်ရာ၏။

အကြင်သူ၏ လက်မ၌ အထက်လက်ဆစ်၌ ယဝမည်သော ဂျုံစပါးစေ့ကဲ့သို့ ထင်ရှားသည်ဖြစ်အံ့။ အကြင်သူသည် အသက်ရှည် သည်၏ အဆုံးတိုင်အောင် ဥစ္စာပစ္စည်းအရှင်ဖြစ်အံ့။ ချမ်းသာဖြစ်အံ့။

အကြင်သူ၏လက်လယ်၏အရင်း၌ ယဝမည်သော ဂျုံစပါးစေ့ ကဲ့သို့ ထင်ရှားသည်ဖြစ်အံ့။ ဥစ္စာကြွယ်ဝခြင်း၊ စည်းစိမ်းချမ်းသာရှိခြင်း၊ သားကောင်းမယားကောင်းအခြွေအရံတို့နှင့် ပြည့်စုံခြင်းဖြစ်အံ့။

ထိုသူ၏လက်သူကြွယ်အရင်းအစမှ လက်သန်းတိုင်အောင် အာ ယုလေခဟု ခေါ်သည့်တိုသော အရေးအကြောင်းကလေးသည် အနှစ် သဖြင့် နိမ့်သေးငယ်၍ ဆင်းလတ္တံ့။ ထိုသူငယ်သည် နှစ်ဆယ်ကျော်သာ

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှည်လတ္တံ့။ လက်ညှိုးတိုင်အောင် ရှည်လျားစွာသော အရေး အကြောင်းရှိမူ အသက်ရှည်မည်။ (၉၀) ကျော်နေရမည်ဟု ဤကဲ့သို့ သာမုဒြိကကျမ်းကိုဟောသော အရှင်မြတ်၏ ဟောဆိုသောစကားတည်း။

ထိုသူသည် လက်မ၌ အထက်တိုင်အောင် အရေးထက်သော အကြောင်းအရေးရှိမူ မင်းဖြစ်အံ့။ စစ်သူကြီးသော်လည်းကောင်း ဖြစ်အံ့။ သူဌေးကြီးသော်လည်းကောင်း ဖြစ်အံ့။ အလတ်စားဖြစ်သော် အသက်ရှည်အံ့။

BURMESE CLASSIC

ထိုသူ၏ လက်ညှိုးအရင်းမှ လက်ညှိုး၏အဖျားတိုင်အောင် အထက်အောက်ရေဆင်းသော အရေးအကြောင်းသည် မြင်သည်ရှိသော် မင်းခယောကျာ်း။ မင်းချင်းယောကျ်ားဖြစ်အံ့။ မှန်မူ ချမ်းသာအံ့။

ထိုသူ၏ လက်လယ်အရင်းမှစ၍ အထက်တိုင်အောင် တက်သော အရေးအကြောင်းသည် ထင်ရှားစွာမြင်အံ့။ သားသမီးမြေးမြစ် စသည်တို့နှင့် ပြည့်စုံခြင်း၊ ချမ်းသာစွာနေရခြင်းဖြစ်အံ့သတည်း။

ထိုသူ၏ လက်သူကြွယ်အရင်းမှ အထက်တိုင်အောင် ရေးဆွဲသော အကြောင်းရေးရှိမူ ၎င်းလက်သူကြွယ်မှ လက်ညှိုးတိုင်အောင် ရေးသော အရေးရှိမူ ကူးသန်းရောင်းဝယ်ကုန်သွယ်ခြင်းဖြင့် ကြွယ်ဝ ချမ်းသာအံ့။ ချမ်းသာဆင်းရဲနှင့်လည်း ယှဉ်၏။

ထိုသူ၏လက်ဝါးပြင်မှ အထက်သို့တက်သောအရေးအကြောင်း သည် လက်သန်း၏အရင်းတိုင်အောင် အာယုတလေခစေသည် ကောင်း စွာ ရောက်သည်ဖြစ်အံ့။ ထိုသူသည် မြတ်ခြင်း၊ ကြီးမြင့်ခြင်းဖြင့် အသက်တစ်ရာတိုင်အောင် နေရအံ့သတည်း။

အကြြင်ဆိုခဲ့သော လက်သန်း၏အောက်အင်း၌ အရေး အ ကြောင်းသည် ကောင်းစွာတည်အံ့။ ၎င်းအရေးအကြောင်းကို ကောင်း စွာ ရေတွက်သည်ရှိသော် ထိုသူသည် သူတစ်ထူးအား သွန်သင်ဆုံးမ တရားပြသသောဆရာဖြစ်အံ့။ တရားကျင့်သောသူဖြစ်အံ့။ ကောင်းမြတ် သော ရာထူးဌာနန္တရကိုလည်းကောင်း၊ ချမ်းသာခြင်းကိုလည်းကောင်း၊ ပညာတတ်ခြင်း၊ သူတစ်ထူးက ရှိသေလေးမြတ်ခြင်း၊ ရုပ်ဆင်းလှခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ရောင်းဝယ်ဖောက်ကားခြင်း၊ သူတစ်ပါးတို့ အပိုးမရသော်လည်း မိမိရောင်းမှုကား မြတ်စွန်းခြင်း ဖြစ်ကုန်အံ့သတည်း။

အကြွင်သူသည် လက်သန်းအရင်း၌ သုံးတန်ရှိသော အရေးသည် ကောင်းစွာယှဉ်အံ့။ နှစ်ဆွဲဆင်းသော် အကြောင်းသည်လည်း ကောင်း၊ လေးဆွဲဆင်းသော် အကြောင်းသည်လည်းကောင်း ထင်မြင်သည်ရှိသော် မြတ်သော မိန်းမကောင်းရခြင်း၊ ချမ်းသာခြင်း၊ တင့်တယ်ခြင်း၊ စမ္ပာယ်ရခြင်း ဖြစ်အံ့သတည်း။

အကြွင်လက္ခဏာ အရေးအကြောင်းသည် လက်သန်း၏အရင်း လက်ညှိုး၏အရင်းတိုင်အောင် ဤသို့သော အာယုကလေခသည် ရှည်လျားစွာရှိအံ့။ အသက်တစ်ရာတိုင်အောင် ရှည်ရာ၏။ ဥစ္စာကြွယ်ဝ ချမ်းသာခြင်း၊ အခြွေအရံသင်းပင်းတို့နှင့် ပြည့်စုံခြင်း ယုံမှားမရှိရာ။

ထိုလက္ခဏာ အာယုကလေခသည် လက်လယ်အရင်း၌သာ ထင်မြင်အံ့၊ အသက် ၂၈ နှစ်သာ နေရအံ့။

ထိုလက္ခဏာ အာယုကလေခသည် လက်သူကြွယ်အရင်းမှ အာယုကလေခ၏ တည်ရာရောက်ရာဖြစ်သော လက်ညှိုးနားအထိ ကောင်းစွာရောက်သော် အသက်ရှည်အံ့သတည်း။ အသက် ၇၆ နှစ် နေရမည်လည်းဆိုသည်။

များစွာပြည့်နှက်နေသော အရေးအကြောင်းရှုပ်သော် အဖျား အနာရောဂါဖြစ်ခြင်း ဖြစ်အံ့။ စိတ်သောကများခြင်းလည်း ဖြစ်အံ့။

အနည်းငယ်သော လက္ခဏာရှိမူ ဥစ္စာမရှိ ဆင်းရဲဘိသတည်း။ လက္ခဏာအရေးအကြောင်း ထင်ရှားစွာ ရှိမှသာလျှင် ကောင်းကျိုး ချမ်းသာတို့ကို ဆိုခဲ့သည့်အတိုင်း ပြည့်စုံခြင်းသည် ဖြစ်ရာ၏။ ဤသို့လျှင် သာမုဒ္ဒိကကျမ်း၌ လက္ခဏာရေးများ၏ ဟောဆိုသော အဟောများသည် ဤမျှပင် ဟောသတည်း။

ဤသို့ဆိုလျှင် လက်ဝါးပြင်နှင့်လက်ချောင်းတို့ကို ကြည့်ရာ ကြည့်ကြောင်းဖြစ်သော စကားရပ်တို့သည် ဤတွင်း ပြီးပြည့်ပြီး လက္ခဏာကျမ်းရင်းကြီး ပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



လောကီ လူအများ အကျိုးများဖို့ မှတ်သားစိမ့်ငှာ လက္ခဏာကို သာယာချိုမြ အကျဉ်းပြီးအံ့၊ ကြာဖွေ ဤအနေကား၊ ရစ်ခွေကား စပ်ခရုပတ်လျှင် လက်မတွင်မှ ရှည်လျှင် အသက်၊ လက်ညှိုး ထက်ကား ရန်လျှင်များအံ့။ တခြားလက်လယ် ကြီးကျယ်မြင့်မြတ် သူကြွယ်ရပ်ကား များမြတ်ဥစ္စာ လက်သန်းမှာလျှင် ပီယသနား ချစ်သူများလိမ့်။ သီးခြားတစ်ထောင့် လက်ဖနောင့်တွင် စာဥသွင်သို့ ရှိလျှင် တ၀ များလှဥစ္စာ ဖွားလယ်မဲ့မှု ဝိသာခါတိုက် လေးထောင့်ကြိုက်ငြား ဥစ္စာများအံ့။ လက်ဝါးလယ်တွင် ထီးရိုးထင်မှု စစ်သူမှူးမတ် ဖြစ်တတ်လှ၏။ ဗောဓိရှိငြား ခြွေရံများအံ့။ လက်ဝါးအောက်တွင် ထီးရိုးတွင်လည်း ထို့သွင်ဝါးကြင်းမြီးရှိသူများ ပညာလွန်ကြီး ဥဒေါင်းမြီးလှ လက်မဆစ်အောက် သဏ္ဍာန်ပေါက်ငြား စာရေးစာချီ အညီစင်စစ် မိန်းမဖြစ်သည်။ ဗိုက်ယက်ကန့်ဝယ် ထင်တိုင်းလွယ်၏။ လက်သူကြွယ်အောက် ကြာအိုးပေါက်၍ ထို့နောက်ဖနောင့် ကြာအိုးစောင့်မှု ရေတူပမာ ငြိမ်းချမ်းသာအံ့။ ဟတ္ထာအင်္ဂအင်္ဂလဒ္ဓ စကြာဝေ အနေမှန်လှ တလုံးရမှု အာယုအသက် ၄၀ ထက်မှ ချမ်းသာရမည်။ တလီထိုမှ နှစ်လုံးရလျှင် ၁၀ ဝင်မှ ၃ လုံးရဝယ် ၂၀ သာတည် ၄ မှာတစ်မှု ၁၃ ဟူ၏။ နည်းတူ ထိုမှ ၅ လုံးရသော် ပထမအရွယ် ဘဝဝယ်ကြွယ်ဝချမ်းသာ ဖြစ်ဖို့ရာ၏။ လက္ခဏာကျမ်းရိုး အဟောတည်း။

## မြွေဆိုးမြွေကောင်း သိရန်

တနင်္ဂနွေ၊ ကြာသပတေး၊ စနေ၊ အင်္ဂါ ထိုနေ့လေးပါးမှာ လက်ယာကခဲသော် မြွေကောင်း။ ထိုနေ့ လက်ဝဲကခဲသော် မြွေဆိုး။ တနင်္လာ၊ သောကြာ၊ ဗုဒ္ဓဟူး ထိုနေ့သုံးပါးမှာ လက်ဝဲက ခဲသော် မြွေကောင်းဖြစ်သည်။ လက်ယာကခဲသော် မြွေဆိုး၊ ဥဒေါင်း ညှို၊ ပြာ၊ လက်ယာကခဲ သားရွှေခဲ၊ လက်ဝဲကခဲ။

www.burmeseclassic.com

www.burmeseclassic.com



## မြွေပို မြွေ သိရန်

တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ ထိုနေ့များတွင် ခဲသော် အဖို၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ စနေ ထိုနေ့များတွင် ခဲသော် အမ ဖြစ်သည်။ ဆိုတိုင်းမညီသော မြွေဆိုး၊ တိုက်မြွေဖြစ်သည်။ အောင်စံ ၈ မြတ်သူ အဖိုယူ ကျော်လှရဲ့တူ အမယူ။

## မြွေကိုက်အစွယ်ချောင်းရေ

သောကြာ၊ ဗုဒ္ဓဟူးကိုက်သော် အစွယ်တစ်ချောင်း။ တနင်္လာ ကြာသပတေး အစွယ်နှစ်ချောင်း။ အင်္ဂါ၊ စနေ၊ တနင်္ဂနွေ အစွယ် သုံးချောင်း။ မညီသော် မြွေဆိုး။ သစ်ယာကေ ကြမ္မာဒွေး ကုန်းဆီ နှော၊ တယောဒန္တာ။

## နေ့အလို မြွေဆိပ်နေ

တနင်္ဂနွေနေ့ မြွေကိုက်သော် အဆိပ် ခြေဖမိုးမှာနေသည်။ တနင်္လာနေ့ အဆိပ်ဒူးမှာနေသည်။ အင်္ဂါနေ့ ခါးရိုးအဆစ်ကြားမှာ နေသည်။ ဗုဒ္ဓဟူးနေ့ အဆိပ်မျက်စိမှာနေသည်။ ကြာသပတေးနေ့ ရင်ညွန့်မှာ အဆိပ်နေသည်။ သောကြာနေ့ အဆိပ်ထိပ်မှာနေသည်။ စနေနေ့ မျက်ခုံးမှာ အဆိပ်နေသည်။

## ကိုက်သော် အကောင်သိရန်

အမည်မသိ တစ်ခုခုကိုက်သော် ကိုက်သောနေရာကို စမ်း ကြည့်။ အေးမြနေသော် မြွေပွေး။ ခပ်နွေးနွေးအငွေ့လာသော် မြွေ ဟောက်။ ရှိန်းရှိန်းပူသော် တက်တူ၊ ကင်းမြီးကောက်၊ ဖားပြုတ်၊ ဆီ မီးစက်၊ ပင့်ကူ စသည်ဖြစ်သည်။

www.burmeseclassic.com



## လက်နှိပ်ကျမ်း

ခေါင်းကိုက်ဇက်ကြောတင်းသော် လက်ဝဲဒူးအဖျားအထက် လက်လေးသစ်ခန့်နေရာကို ထောက်မွှေနှိပ်နယ်ရသည်။ နားရွက်နှစ်ဖက် နောက်နှင့် မေးရိုးနားထင် မျက်မှောင်ရိုးကိုလည်းကောင်း၊ လက်ပြင်ညွှန့်အဖုများ၏အောက် လျှောက်သွားသောအကြောကိုလည်းကောင်း လက်ညှိုးကို အသာဖေး၍ တဖြည်းဖြည်းချင်း လက်မဖြင့် ထိုးကြိတ်နှိပ်နယ်ပါ။

နားအူနားပင်းနှိပ်ရန်။ ဇက်ကိုလည်းကောင်း၊ နားသယ်ကိုလည်းကောင်း၊ နားရွက်အောက် လက်တစ်ဆစ်ခြားခန့်အရပ်ကို လည်းကောင်း လက်မဖြင့် အတော်ကြာကြာ ထောက်ပေးပါ။ အပူအပြင်သို့ ထွက်သွားသော် ပျောက်မည်။

တမှိုင်မှိုင်မူးဝေသော်။ နောက်စေ့နှင့် ကုတ်နှစ်ဖက်စောင်းကို လည်းကောင်း၊ မျက်ခုံးရိုး မျက်မှောင်အကြားကိုလည်းကောင်း လက်ညှိုးနှင့် ဖေးမ၍ လက်မဖြင့် အသာအယာထောက်ပေးပါ။ ပျောက်မည်။

လေပူထနှိပ်ရန်။ နားနောက်ရိုး လက်မနှင့်ထောက်ပေး၊ တံကျည်းအောက် လေရောက်သောနေရာ လက်ဝါးစောင်းတစ်ဖက်နှင့် ဖိနှိပ်ပေး၊ ပျောက်မည်။

သွားနာ သွားကိုက်။ နှုတ်ခမ်းစောင်းတစ်ဖက်တစ်ချက်က နားရင်းထိအောင် နှိပ်ပေး၊ ပါးသွယ်ရိုး အောက်တစ်ဖက်တစ်ချက် လက်ညှိုးလက်မဖြင့် တစ်သမတ်တည်း ထောက်ပြီး နှိပ်ပေး။ ပျောက်မည်။

မေးခိုင်။ လည်မျိုကစ၍ နားရင်းတိုင်အောင် ဂုင်းပေါင်တွင်း ကြောကို လက်တစ်ဖက်ဖြင့်နှိပ်၍ ဇက်ကြောကို လက်တစ်ဖက်ဖြင့် ဆုပ်ခါချသော် ထိုရောဂါ ခဏချင်းပျောက်မည်။

မျက်စိနာ တိမ်စွဲသော်၊ လက်ဝဲလက်ယာ ခြေသလုံးကြွက်သား

www.burmeseclassic.com



ကိုလည်းကောင်း၊ ပခုံးနှစ်ဖက်ကိုလည်းကောင်း၊ အုတ်ဆက်အလယ် တည့်တည့်ကိုလည်းကောင်း၊ ခြေသလုံးပြင်ညို့ အကျည်းအရိုးမြောင်း ကိုလည်းကောင်း၊ လက်ညှိုးလက်မဖြင့် ကုတ်ပြီး နာအောင် နှိပ်ပေး ပျောက်။

ရင်ဆို့ ရင်ကြပ်နှိပ်ရန်။ လက်ဝဲလက်ယာ မောင်းဆက်နှစ် ဖက်အတွင်း သားမြွတ်အတွင်း ရင်သားနုကို လက်မဖြင့် လက်ဖနောင့် နှင့် ဖိကာ ဖိကာ နှိပ်ပေးရမည်။ ပျောက်မည်။

လက်သေလက်ကပ်နှိပ်ရန်။ ရင်သားအထက်က လက်လေး သစ်ခန့်တွင်လည်းကောင်း၊ ရင်သားအောက်မောင်းကွေးကြားတွင် လည်းကောင်း၊ လက်ဖြင့်ထောက်ခါထောက်ခါနှိပ်၊ လက်မောင်းရင်းက အဖျားတိုင် ရေချွေးပူပူ သုတ်လိမ်းပေး လက်ဝါးဖြင့် ဆုပ်ကိုင်နှိပ်ပေး ပျောက်မည်။

လေပူထိုး ရင်ကြပ်နှိပ်ဖို့။ ရင်ဝကဝင်ကို လက်ဖြင့် ဖိလျက် အပူကို ပျံ့နှံ့စေပြီးလျှင် ကျောကတစ်ဖန် လက်ဖနောင့်နှင့်ဖိကာ အတန် ကြာလျှင် လက်ပြင်ညွန့်ကို လက်မနှင့် တစ်ဖက်တစ်ချက် နှိပ်ရမည်။

ရင်အောင့် နံဘေးအောင့် နှိပ်ဖို့ ဘေးကြောတစ်ဖက်တစ် ချက်ကို လက်ဖနောင့်ဖြင့် ဖိကာဖိကာနှိပ်။ ချက်အောက်သုံးသစ်ကွာ ဆီးချုင့် အထက်လက်ဝါးဖြင့် အုပ်ပြီးနှိပ်။ လက်ရုံးပခုံးနှစ်ဖက်ရှေ့ ရင်ဘတ်စွန်းက ရင်အုံသားမြွတ် အသက်တစ်ပြင်လုံးတွင်နှိပ်ပါ ပျော့ မည်။

ခြေလက်မသယ်နိုင်သော ဒူးဖျားကို နာနာတံတောင်မှုန်း လက်မောင်းရင်းအိုး ရှေ့နောက်နှစ်ရပ်ကိုလည်း နှိပ်ပေး ပျောက်မည်။

ခြေလက်သေနှိပ်ရန် မီးညှောင်အထက် လက်နှစ်သစ်အကွာ တွင် လက်မနှင့် သန်သန်နှိပ် ပေါင်တွင်းကြောကို တံတောင်နှင့် တစ်လျှောက်လုံးကြိတ်၊ ခြေသလုံးကြွက်သားကို နှိပ် ပျောက်မည်။

ညှောင်းပြီး အိပ်မပျော်သော ဒူးက ပေါင်ချန်ရောက်အောင် အကြောကို လျော့စေရန် ကြိတ်နှိပ်ပေး။ ခြေဖနောင့်အတွင်းရှိ အပူ

www.burmeseclassic.com

www.burmeseclassic.com



အကြိတ်ကိုချေ။ ခြေဖမိုးကိုနှိပ်၊ ဘဝင်ကို သာယာစွာဖိလျက် နရင်းကို လက်ဝါးစောင်းဖြင့် ထောက်ပြီးနှိပ် ပျောက်မည်။

ဆီးအောင့်နှိပ်။ ခြေဖနောက်အထက်ကြွက်သားကို လျှောက်နှိပ်။ ချက်တိုင်အောင် တကျည်းလိပ်မြီးများကို လက်ဝါးဖြင့် အသာအုပ်၍ လက်ဖျားနှင့်ကုပ်ခါကုပ်ခါ နှိပ်ပေး ပျောက်မည်။

ခါးနာခါးကိုက်နှိပ်ရန်။ ခြေဖမိုးက ဒူးဆစ်ကျအောင် ရှေ့သို့ သကျည်းရိုးဘေးတစ်ဘက်တစ်ချက် အတွင်းကို လက်မဖြင့် ထောက်ခါထောက်ခါနှိပ်။ တင်ပါးခွက်အတွင်း တံတောင်ညွန့်နှင့် နာနာတေ။ နာနာမွှေခါ နောက်ကျောရိုး လက်မည့်ှိုးဖြင့် အကြောသွေးပူလာအောင် နှိပ်ပေး ပျောက်မည်။

အဖျားရှိသော် နှိပ်ရန် ပူတုံချမ်းတုံဖျားသော် ခြေဖဝါးကို နာနာနှိပ်။ နာနာကြိတ်။ ခြေမကြား အကြောကိုနှိပ်။ အဖျားကြီး၍ ခေါ်မရသော် ဖနောင့်ကို နာနာကြိတ်၊ နာနာမွှေ နာနာနှိပ်ပေး ပျောက်မည်။

မျက်စိဝေသော်။ နှာစေးသော်၊ ပခုံးအလယ်ကြောမကိုနှိပ် ဝမ်းကျသော် ချက်ကို လက်ယာရစ်လှည့်ပြီးနှိပ်၊ ငန်းဖန်းသော် ပေါင်တွင်းကြောကိုနှိပ်၊ ရင်ဘတ်နာသော် ဖဝါးအလယ်ကြောကိုနှိပ်၊ ကျင်ဖြူကျင်နီဖြစ်သော် ဆီးကြောကိုနှိပ်၊ ဝက်ရူးပြန်သော် ပေါင်တွင်းအလယ်ကြောကိုနှိပ်၊ သွေးတာကျဖြစ်သော် ဆီးကြောအထက်က ကြောသေးကို နှိပ်။ အစာမကြေ လေမစုန်သော် ဝမ်းကို နှိပ်ပေး ပျောက်မည်။

## ဆေးဆရာခေါ်နေ့

တနင်္ဂနွေနေ့ ရှေ့ကခေါ်သော် ရ–ရက်အတွင်း ပျောက်မည်။ အရှေ့တောင် သေတတ်သည်။ တောင်က ပျောက်မည်။ အနောက်တောင် သမားနာမည်။ အနောက် အနာကြီးမည်။ အနောက်မြောက် သေမည်။ မြောက်ကခေါ်သော် ပျောက်မည်။ အရှေ့မြောက် ပျောက်မည်။

www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနေ့။ အရှေ့ကခေါ်သော် ရောဂါတိုးမည်။ အရှေ့တောင် သေမည်။ တောင် ပျောက်မည်။ အနောက်တောင် ၇–ရက် အတွင်း ပျောက်မည်။ အနောက်မြောက် သေမည်။ မြောက် ပျောက်မည်။ အရှေ့မြောက် သေမည်။

အင်္ဂါနေ့။ အရှေ့ကခေါ်သော် ပျောက်မည်။ အရှေ့တောင် ၃–ရက် ပျောက်မည်။ တောင် အနာကြီးမည်။ အနောက်တောင် ဆရာနာမည်။ အနောက်သေမည်။ အနောက်မြောက် ပျောက်မည်။ မြောက် ၃–ရက် ပျောက်မည်။ အရှေ့မြောက် ၁၀ ရက်ပျောက်မည်။

ဗုဒ္ဓဟူးနေ့။ အရှေ့ကခေါ်သော် သေတတ်သည်။ အရှေ့တောင် က ကြာရင် ပျောက်မည်။ တောင် ပျောက်မည်။ အနောက်တောင် ပျောက်မည်။ အနောက် ပျောက်မည်။ အနောက်တောင် ပျောက်မည်။ အနောက် အမှုတွေ့မည်။ အနောက်မြောက် သေမည်။ မြောက် ၁၀ ရက်အတွင်း ပျောက်မည်။ အရှေ့မြောက် သေတတ်သည်။

ကြာသပတေးနေ့။ အရှေ့ကခေါ်သော် ၃ ရက်မှာ သေတတ်သည်။ အနောက်မြောက် ပျောက်မည်။ မြောက် ၃ ရက်မှာ စိတ်ချ။ အရှေ့မြောက် သေမည်။

သောကြာနေ့။ အရှေ့ကခေါ်သော် ၅ ရက်မှာ ပျောက်မည်။ အရှေ့တောင် တောင်ဝှေးဆောင်က ပျောက်မည်။ တောင် ပျောက်မည်။ အနောက်တောင် ဆရာမှာ ရန်ရှိ။ အနောက် ပျောက်မည်။ အနောက်မြောက် နာတာရှည်မည်။ မြောက် ပျောက်မည်။ အရှေ့မြောက် သေမည်။

စနေနေ့။ ခေါ်လိုရာအရပ်က ခေါ်ကောင်း၏။

## လူနာဒါယကာကြောပြုပုံ

ငါးသက်စေ့လွတ်။ ဆွမ်းသက်စေ့ဘုရားမှာတင်။ သူနာကိုယ်နှင့် နံသင့်သောသစ်သားကို တိုင်းဖြတ်။ နန္ဒင်းလိမ်း၊ လူနာနှင့်ရှောင်

www.burmeseclassic.com

www.burmeseclassic.com



ပြီး တစ်ညသိပ်။ လူနာဆံပင် ခြေသည်းလက်သည်းတို့ကိုယူ၊ လူနာ အဝတ်နှင့် လက်လုပ်ခြေလုပ် လက်သည်းကို လက်က အဝတ်မှာထုပ်၊ ခြေသည်းကို ခြေကအဝတ်မှာထုပ်။ ဆန်ကို သုံးထုပ်ပြု၊ ခေါင်းရင်းမှာ တစ်ထုပ်ထား၊ အလယ်မှာ တစ်ထုပ်ထား၊ ခြေရင်းမှာ တစ်ထုပ်ထား၊ ခေါင်းရင်းကဆန်ကို ဆွမ်းတော်သက်စေလှူ၊ အလယ်ကဆန်ကို ဆင်းရဲသားပေး၊ ခြေရင်းကဆန်ကို တိရစ္ဆာန်ကိုကျွေး၊ ကိုယ်တိုင်လည်းမစ်လေ။

## ဖျားနာသူ ယတြာချေပုံ

နေတက် ဖျားနာသော်၊ ရတနာသုံးပါး၊ စိန်ရေမကောင်း၍ ဖျားနာမည်။ လွတ်လိုသော် ဆွမ်းသက်စေ၊ ရေချမ်းသက်စေ၊ ဆီမီးသက်စေ၊ နေတက် အရှေ့မျက်နှာပြု ဘုရားမှာ တင်၊ ၃ ရက်သက်သာမည်။ ပျောက်မည်။

မွန်းတည့်ဖျားနာသော်၊ ဂတ္တေဖမ်းသည်။ ထမင်း ဟင်းစိမ်းကို ခေါ်မှာထည့်၊ လမ်းခရီးဆုံရာမှာ ပစ်။ သုံးရက်မှာ သက်သာမည်။

သုံးပဟိုရ်မှာ ဖျားနာသော်၊ သူသေဖမ်းစားသည်။ လွတ်လိုသော် ထမင်းဟင်းအခြေလေးခု အသားဟင်းကို ခေါ်မှာထည့် ခရီးလမ်းမှာ ပစ်လွှတ်မည်။

နွားရိုင်းသွင်းချိန်မှာ ဖျားနာသော်၊ ဟင်းရွက်ကို နွားရိုင်းသွင်းချိန် အနောက်သို့ပစ်။ နှစ်ရက်မှာ လွတ်လိမ့်မည်။

သူငယ်အိပ်ဆိတ်တွင် ဖျားနာသော်၊ ဆင်ခေါင်းနတ် ဖမ်းစားသည်။ လွတ်လိုသော် ဟင်းရွက်ကို သူငယ်အိပ်ဆိတ်တွင် တောင်သို့ပစ်လွှတ်လိမ့်မည်။

ကြက်ဦးတွန်ဖျားသော်၊ နံနက်စာ ထမင်းဦးကိုယူ၊ ထမင်းသုံးဆုပ်ပြု၊ အိမ်ခေါင်မိုးပေါ်သို့ ပစ်လွှတ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## ရတနာသုံးပါး စိန်ရေသင့်သော်

ဘုရားစသော ရုပ်ပွားဆင်းတု၊ စေတီပုထိုး စသည်တို့ကို မရှိမသေ မကိုင်းရှိုင်းသော် ရတနာသုံးပါးစိန်ရေသင့်မည်။ စိန်ရေသင့်သော် အသွေးအမွေးမပြောင်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ကိုယ်လက်ထုံခြင်း၊ ကိုယ်ရေယူခြင်း၊ နာစေးခြင်း၊ ဆာလောင်ခြင်း၊ နှုတ်မမြိန်ခြင်း၊ ထိုသို့ဖြစ်သော် ရတနာသုံးပါးစိန်ရေသင့်ပြီ။ ဖြေနည်းမှာ ဖယောင်းကို ဘုရားထုပြီး အောက်ပါမန္တာန်နှင့် ရေကို ၇ အုပ်မန်း သွန်းလောင်းပြီး ဘေးလွတ်လိမ့်မည်။ ဉ္ဇ နာပေကုရ အာစာရမဟာ ဉ္ဇ မိဟိဟိသွားဟ။ နောက်တစ်နည်း၊ မုန့်ကို အရုပ်လုပ်ထု နနွင်းလိမ်း၊ ဥက္ကောင်းဘေးအောက်က သူလူရုပ်ကို ခံထား ပျောက်လိမ့်မည်။

## ဘိုးဘွားမိဘ စိန်ရေသင့်ပုံ

ဘိုးဘွားမိဘ ဆရာသမား၊ သီလ သမာဓိရှိသောသူတို့ကို ပြစ်မှုကျူးလွန်ခဲ့သော် စိန်ရေသင့်တတ်သည်။ စိန်ရေသင့်သော် အသွေးအမွေးမပြောင်းခြင်း၊ ဆွံ့အခြင်း၊ ပိန်ကြုံခြင်း၊ အသက်ရှည်၍ ဘုန်းမကြီး၊ ဘုန်းမကြီး၍ အသက်မရှည် ခွန်အားဉာဏ်ပညာဆုတ်ယုတ်ခြင်း ချည့်နဲ့ကျိုးကန်းတတ်ခြင်း ထိုသို့ဖြစ်သော် စိန်ရေသင့်ပြီ။ ဖြေနည်းမှာ မိမိပြစ်မှားခဲ့သော ပုဂ္ဂိုလ်အား ဝန်ခံတောင်းပန်ကန်တော့ရမည်။ ထင်ရှားမရှိခဲ့သော် ထိုပုဂ္ဂိုလ်တို့၏ ရုပ်သဏ္ဌာန်ပြုလုပ်၍ ပူဇော်ကန်တော့ရမည်။

## သဲစိမ်ရေသင့်ပုံ

ဝမ်းမကြာမကြာနာခြင်း၊ ကိုယ်သားပူခြင်း ခြေလက်ညောင်းသည်၊ ယောင်ရမ်းသည်။ အနာရောဂါများမည်၊ ထိုသို့ဖြစ်သော် သရေစိမ်သင့်ပြီ။ ဖြေနည်းမှာ တမာရွက်၊ ဘူးခါးရွက်နှစ်ပါး အရည်ပြုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းက ခြေတိုင် နှိပ်နယ်ပေး၊ ထိုရေနှင့်လည်း ဆေးပါ။ လွှတ်လိမ့်မည်။

## နေစိမ်ရေသင့်ပုံ

မျက်စိမည်းသည်။ ဝမ်းပြုတ်ပြုတ်မည်သည်။ ကိုယ်ကြုံသည်။ ထမင်းဆာလောင်သည်။ ထိုသို့ဖြစ်နေသော် နေစိမ်ရေသင့်ပြီ။ ဖြေနည်းမှာ မုန့်ကို လူရုပ်လုပ် ထုံးနနွင်းလိမ်း၍ ဥကျောင်းဆေးသော် အောက်ခံထားလွှတ်လိမ့်မည်။

## ရေစိမ်သင့်ပုံ

ရေစိမ်သင့်ပုံမှာ။ ကြက်မျက်သင့်သကဲ့သို့ ညကိုမမြင်ရတတ်သည်။ ဖြေနည်းမှာ မုန့်ကို လူရုပ်ပြု။ ထုံးနနွင်းလိမ်း၊ ရေကို ၇-အုပ် ထိုမန္တာန်နှင့်မန်း၊ 'ဥုံ-စတုရေ စတုရေ သဗ္ဗစတုရေ စတုရေ မောင်လေတောင်လေ၊ ရောင်လေရောင် ဥုံပိတ်သတိ သင်သွားဟာ' ပြီးလျှင် ရေမန်းကို ဥကျောင်းဆေး၊ လူရုပ်ကို အောက်ကခံထား လွှတ်မည်။

## မြေစိမ်ရေသင့်ပုံ

ခြေက တင်ဘော့င်တိုင် နာသည်။ မျက်စိသီသည်။ လျှာတန်နားတွင် စပ်စပ်မည်။ ထိုသို့ဖြစ်သော် မြေစိမ်ရေသင့်ပြီ။ ဖြေနည်းမန္တာန်နှင့် ၇ အုပ်မန်း၊ 'ဥုံ စတုရေ စတုရေ သဗ္ဗစတုရေ စတုရေ မောင်လေ တောင်လေ၊ ရောင်လေရောင် ဥုံ ပိတ်သတိ သင်သွားဟာ၊ သွားဟာ'။ မြေကြီးကို ရေမန်းနှင့် နယ်၊ လူရုပ်ကို ဥကျောင်းဆေး၊ အောက်ကခံထား။

www.burmeseclassic.com

www.burmeseclassic.com



## သွေးကြောစမ်းပုံ

လက်ကောက်ဝတ်၊ လက်မရင်း၊ လက်မအောက်၊ မျက်စိအောက်၊ ခြေမျက်စိအောက် ခြေမရင်း။ ၎င်းထာနငါးပါးတွင် သွေးကြော ကွန့်မြူးလျက်ရှိသည်။ ထိုဌာနငါးပါး၌ လက်သုံးချောင်းဖြင့် စမ်းသပ်ရသည်။ စမ်းသပ်သောအခါ ယောကျာ်းကို လက်ယာ မိန်းမကို လက်ဝဲမှာ စမ်းသပ်ကြည့်ရမည်။

## သွေးတိုးလက္ခဏာသုံးပါး

မြွေ၊ မြွေသွားကဲ့သို့ ကောက်ကောက်ကျစ်ကျစ် တိုးခြင်းသည် လေပျက်လက္ခဏာ။ ကျီးဖားသွားကဲ့သို့ ခုန်၍ခုန်၍ တိုးခြင်းရှိသော် သည်းခြေပျက်လက္ခဏာ။ ဟသ်ာ၊ ခိုသွားကဲ့သို့ ဖြည်းနှေးစွာတိုးသော် သလိပ်ပျက်လက္ခဏာ။ ထိုသုံးပါးတွင် အမှတ်တမဲ့ ရံခါရံခါ ဗိုလုံးငှက် သွားသကဲ့သို့ အတည်မမြဲ သွားလျှင် သုံးပါးပျက်သန္နိပါဒ်ရောက်သည်။ သွေးကြောကြီးလျှင် အနာတာရှည်မည်။ သွေးကြောတက်သော် ကြမ်းသော် အနာသည်းမည်။ သွေးကြောငယ်သော် သိမ်မွေ့သော် အနာ သိမ်မွေ့မည်။

## သန္နိပါတ် သွေးပျက်လက္ခဏာ

နုံ့နုံ့ လျှော့လျှော့၊ နှောင့်နှောင့်ယှက်ယှက် တန့်၍တန့်၍ တိုးခြင်း၊ အလွန်ငုတ်ခြင်း၊ သိမ်မွေ့ခြင်း၊ အမြဲမရှိခြင်း၊ လက်ချောင်းတို့၏ စမ်းမိခြင်း၊ သန္နိပါတ်ဖြစ်၍ မကုနိုင်သော သွေးတိုးလက္ခဏာ ငါးပါး၊ သွေးကောက်ကောက်ကျစ်ကျစ်နုံ့နှံ့နွဲ့နွဲ့ တိုးသော် ၇ ရက်မှာ သေလိမ့်မည်။

ခြေမ လက်မ ရင်မှအပ လက်နှစ်သစ်ခန့်တိုးသော် တစ်ပဟိုရ်ခွဲမှာ သေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com


လက်နှစ်သစ်ခွဲအပဌတည်သော် တစ်ပဟိုရ်မှာ သေလိမ့်မည်။ သန္နိပါတ် သွေးပျက်၍ သေရအံ့သော် လက္ခဏာသုံးပါးဖြစ်သည်။

## သွေးကြော်မစမ်းအပ်သောအခါ

ရေပူချိုးပြီးစအခါ၊ ထမင်းစားပြီးစအခါ၊ ဆာလောင်နေသောအခါ၊ အပမှီဝဲပြီးစအခါ၊ မေထုံမှီဝဲပြီးစအခါ။ ပင်ပန်းအောင် ဆီလိမ်းထားသောအခါ၊ အိပ်ပျော်နေသောအခါ၊ အစာစားပြီးသောအခါ၊ ထိုအခါ ရှစ်ပါးတွင် သွေးစမ်းသော် အမှန်မဖြစ်။

## ဓာတ်လွန်ဖြေပုံ

နေပူခံ၍ ရောဂါရှိသော် ကြက်သွန်နီကိုထန်းလျက်နှင့်ရောစား မီးပူခံလွန်းသော် အုန်းရည်ကိုသောက်။ ခရီးသွားလွန်သော် မန်ကျည်းဖျော်ရည်ကိုသောက်၊ အအိပ်လွန်သော် ရှောက်ရည်ကို ထန်းလျက်နှင့်သောက်။ ဆင်စီးလွန်သော် ပုစွန်ချဉ်ကိုစား။ မြင်းစီးလွန်သော် သစ်ရွက်ပြုတ်သောက်။ နေကို ကျောခိုင်းလွန်သော် သခွားသီးကိုစား။ ထိတ်လန့်လွန်သော် ဆီးယိုကိုစား။ ကာမလွန်သော် ကြက်ဟင်းခါးသီးမီးဖုတ်၊ ငရုတ်ကြက်သွန်အစုံနှင့်သုတ်စား။ အညောင်းလွန်သော် သံပုရာသီးကိုစား။ အစာမကျေသော် သံပုရာသီးကိုစား။ အိပ်မပျော်သော် မယ်ဇလီဖူးကိုသုပ်စား။ ကျောကုန်းလေတိုက်ခံသူ ထန်းလျက်ရေကိုသောက်။ ရင်ကို လေတိုက်ခံသူ မြေနီရေကိုသောက်။ ဆီးအောင့်သူ လက်ဖက်သုပ်ရေကိုသောက်။ ရင်ဘတ်နာသူ သဘော်ရွက်ပြုတ်ရည်နှင့် ထန်းလျက် ရောပြီးသောက်။ နေကို ကျောခိုင်းသူ ငှက်ပျောသီးဖီးကြမ်းမှည့်ကိုစား ပျောက်မည်။

## အဆိပ်ဖြေနည်း

တက်ထူကိုက်သော် စလူခေါင်းကိုသွေးတိုက်၊ ဆီမီးဆက်ကိုက်

www.burmeseclassic.com

www.burmeseclassic.com


သော် ဆီမီးခွက်သွေးတိုက်။ ကင်းလိပ် ကိုက်သော် ပိုးတောက်နှစ်သွေးတိုက်။ စိန်စားသော် လက်ချားကို သကြားရောပြီးသောက်။ မှို တောက်သော် နွားရေမီးဖုတ်တိုက်၊ ပဒိုင်းသီးစားသော် ထန်းလျက် တောက်ရပ်စပ်တိုက်။ ပိုးနသန်ကိုက်သော် ဆေးအိုးသွေးတိုက်။ ဖားပြုတ်ကိုက်သော် တင်လဲတိုက်။ ပင့်ကူကိုက်သော် ဝါးနီမြစ်သွေးတိုက်။ စိန်လွန်သော် စိန်ပန်းသွေးသောက်၊ မြားဆိပ်သင့်သော် လက်ဖက်သုပ်စားပြီး လိမ်းပေး၊ ကြွေးတောက်သော် မန်ကျည်းသီးစား။ ပျားရည်သီးသော် မြေကြီးကိုလျက်။ ထမင်းစားလွန်သော် ထန်းလျက်ကိုစား။ ဆေးမှားသော် ကန့်ချုပ်နီမြစ် သွေးသောက်။ မျက်စဉ်းလွန်သော် ရေသို့ကိုခပ်။ အစပ်လွန်သော် အချိုကိုစား၊ အခါးလွန်သော် အစပ်ကိုစား၊ အချိုလွန်သော် အငန်ကိုစား၊ အခါးလွန်သော် အဖန်ကိုစား ပျောက်မည်။

## လောကီရေးရာ မှတ်စရာ

ထိမ်းမြားမင်္ဂလာ။ လက်ဖွဲ့သောရွှေ ငွေ၊ လယ်ယာ၊ နွားစသည်တို့ကို ယောကျာ်း၏ ဆွေမျိုး မိန်းမ၏ဆွေမျိုးတို့ မသုံးစွဲကောင်း၊ အကယ်၍ ပေးလိုက အခြားက ဝယ်ပေးရမည်။

## မြေဦး ယောကျာ်းမိန်းမ

မြေဦး ယောကျာ်းမိန်းမက ထိမ်းမြားရာတွင် အဘိုးအဘွား အိမ်ပေါ်တွင် မပြုကောင်း၊ အောက်တွင် တဲမဏ္ဍပ်ပြု၍ ထိမ်းမြားရမည်။ ရက်လည်မှ အိမ်ပေါ်တက်စေရမည်။

## မသုံးကောင်းသောစပါး

လှည်းဦးလဲလှေဦးလံစပါး၊ ထမ်းပိုးကျိုးစပါး။ တင်းချင်ကျိုးသောစပါးကို မိမိတို့ မသုံးကောင်း။ ဝေငှရမည်။

www.burmeseclassic.com

www.burmeseclassic.com


## မစားကောင်းသောအစာ

နေပူလှန်ထားသောပဲ၊ ပြောင်း၊ နှမ်း၊ စပါး စသည်ကို မသာလောင်းနှင့်တကွ ကျော်နင်းသွားသော် ထိုအစားအစာတို့ကို သုံးစွဲခွင့် မပြုကောင်း။

နေမကောင်းသောအိမ်၊ မိုးကြိုးကျပြီး လူသေဖူးသောအိမ်၊ ဖွဲချ၍ သေဖူးသောအိမ်၊ ကျောင်း စသည်တို့တွင် မနေကောင်း။ ဘဏ္ဍာတို့ကိုလည်း မသုံးစွဲကောင်း။

## ပြန်မယူကောင်း

သုသာန်ရောက်ပြီးသော ပုဆိုး၊ ဖျဉ်း၊ လက်ဖက်၊ ကွမ်း၊ အရက် စသည်တို့ကို အကြွင်းမပါစေကောင်း။

## ဆွမ်းမကျွေးကောင်း

ကျောက်၊ ဝက်သက်၊ နူနာ၊ သမင်ရက်၊ ဖော့ရောင်နာ၊ အရူး၊ ဝက်ရူး၊ ဖွဲချ၊ ရေနစ်၊ လတ်တလောသေ၊ ကိုယ်ဝန်ဆောင်နှင့် သေသောသူ အထက်ဖော်ပြပါသူများကို အကူမခံအပ်၊ ဆွမ်းမကျွေးအပ်။ နေ့ချင်း ညချင်း ချရမည်။ မီးသင်္ဂြိုဟ်ခြင်းမပြုရ၊ ဆွမ်းဆန်စိမ်းလှူလေ။

## ဆယ်နှစ်အတွင်း သေသော်

အသက်နှစ်ဆယ်မပြည့်ဘဲ ညဦးသေသော် ညဥ့်နက်မသိပ်ကောင်း၊ မီးသင်္ဂြိုလ်ခြင်းမပြုရ ဆွမ်းမကျွေးကောင်း၊ ဆွမ်းဆန်စိမ်းလှူရမည်။

မသာလောင်းရှိစဉ် ခိုက်ရန်မဖြစ်ကောင်း။ ခိုက်ရန်ဖြစ်ခဲ့သော် မသာလောင်းကို နေ့မွန်းလွဲသောအခါ သုသာန်သို့ ယူဆောင် သင်္ဂြိုဟ်

www.burmeseclassic.com



ရမည်။

မလှွားအပ် ၃ ပါး

အိမ်မှာ တံခွန်မထားကောင်း။ ပုဆိုးကို အလံပြု၍ မလွှားကောင်း။ အိမ်ရှေ့ထရံကို မလွှားကျော်ကောင်း။

မဆောင်းအပ် ၃ ပါး

ပန်းစည်းကို မဆောင်းကောင်း။ ထီးဖြူကို မဆောင်းကောင်း။ ဖိုခနောင့်ကို မဆောင်းကောင်း။

မပေါက်အပ် ၃ ပါး

အိမ်တိုင်အညွန့်ကို မပေါက်အပ်၊ တောင်ပို့မပေါက်အပ် လက်ကတုံးတိုင် အညွန့်မပေါက်စေအပ်။

မခန်းစေအပ် သုံးပါး

ခြေဆေးသောအိုးကို မခန်းစေအပ်။ အိမ်က သောက်ရေအိုးကို မခန်းစေအပ်။ မဟာဂီရိနတ်အိုးကရေကို မခန်းစေအပ်။

မဆေးအပ် သုံးပါး

မဆေးအပ်သုံးပါး၊ စားသောက်ဖွယ်ထည့်ပို့သော ခွက် ပန်းကန်တို့ကို မဆေးကောင်း။ ကိုယ်ဝန်ဆောင်စားသော ခွက်ပန်းကန်တို့ကို မဆေးကောင်း။ သောက်ရေအိုးက ရေကို ခြေမဆေးကောင်း။

မမြွောက်အပ်သုံးပါး

သားငယ်ကို မမြှောက်အပ်။ မိမိကိုင်စွဲသောဓားကို မမြှောက်

www.burmeseclassic.com

www.burmeseclassic.com



အပ်။ မိမိဝတ်သောအဝတ်အထည်ကို မပြောက်အပ်။

## မုန်းသည်မဆိုအပ် သုံးပါး

ဆရာသမား အရှင်မိဘတို့ကို မုန်းသည်မဆိုအပ်။ အဆွေခင်ပွန်းကောင်းတို့အား မုန်းသည်မဆိုအပ်။

## မဖဘအပ် သုံးပါး

ဆောင်းသောဦးထုပ်ကို မဖဘကောင်း။ အုပ်ဆောင်း၊ စကော၊ အိုးရာသင်ဖြူးတို့ကို မဖဘကောင်း။ ဦးရာဇ်ဘောင်းထုပ်ကို မဖဘကောင်း။

## မခိုအပ် သုံးပါး

မခိုအပ်သုံးပါး။ စေတီအရုပ်ကို မခိုကောင်း။ မာန်စောင်ကြီးသော မင်းအရှင်တို့ကို မခိုအပ်။ သူယုတ်မာ လူမိုက်တို့ကို မခိုအပ်။

## ခိုအပ်သည့်သုံးပါး

အရိုန်ကြီးသောသူကို ခိုအပ်သည်။ ပညာရှိသောသူကို ခိုအပ်သည်။ စည်းစိမ်ရှိသောသူကို ခိုအပ်သည်။

## မမေးအပ် သုံးပါး

အိပ်ရာနိုးထကို မမေးအပ်။ ခရီးမှ ရောက်ဆိုက်စကို မမေးအပ်။ အမျက်ထွက်ခိုက် မမေးအပ်။

## မျှော်အပ်သည့် သုံးပါး

လာလတ္တံ့သောဘေးကို မျှော်အပ်သည်။ ရအပ်သော စည်း

www.burmeseclassic.com

www.burmeseclassic.com



စိချမ်းသာကို မျှော်အပ်သည်။ စကားကောင်းပြောဆိုသောသူတော်ကောင်းကို မျှော်အပ်သည်။

## မတည်းခိုအပ် သုံးပါး

ဇရပ်ပျက်မှာ မတည်းခိုကောင်း၊ ပဋ္ဌင်းခံသောသိမ်၌ မတည်းခိုကောင်း။

## အချစ်မယုံအပ် လေးပါး

ရုပ်ဆင်းအင်္ဂါယုတ်ညံ့သောသူ၊ ဖျက်ဆီး၍ စကားဆိုအပ်သောသူ၊ ရှေးက ရန်ဖြစ်ထားဖူးသောသူ၊ မင်းကိုလည်း အချစ်မယူအပ်။

## လုံ့လမပြုအပ်သုံးပါး

အပါယ်လေးပါး လားကြောင်းကို လုံ့လမပြုကောင်း၊ သေစာသောက်စားခြင်းကို လုံ့လမပြုကောင်း၊ သူ့အိမ်ရာသို့ လည်ပတ်နေထိုင်ခြင်းကို လုံ့မပြုကောင်း။

## မပြင်အပ် သုံးပါး

မြတ်စွာဘုရားသခင် ပညတ်တော်ကိုလည်း မပြင်အပ်။ ပိဋကတ်တော်ကိုလည်း မပြင်အပ်။ ရှေးသူဟောင်းတို့ ရေးမှတ်သောစာပေတို့ကိုလည်း မပြင်အပ်။

## မျက်မုန်းမကျိုးအပ်သုံးပါး

သူ့အိမ်ယာကို မျက်မုန်းမကျိုးအပ်။ သူ့စည်းစိမ်ချမ်းသာကိုလည်း မျက်မုန်းမကျိုးအပ်။ သူကောင်းစားသည်ကိုလည်း မျက်မုန်းမကျိုးအပ်။

www.burmeseclassic.com

www.burmeseclassic.com



## မဖြိုအပ် သုံးပါး

တောင်ပို့ကို မဖြိုအပ်။ အိမ်မှာစွဲသော ပျားကို မဖြိုအပ်။ ဘုရားပုထိုးစေတီကို မဖြိုအပ်။

## မနမ်းအပ် သုံးပါး

ဘုရားမှာတင်သောပန်းကို မနမ်းအပ်။ မိန်းမပန်သောပန်းကို မနမ်းအပ်။ သားဦးသမီးဦးကို ရုတ်တရက် မနမ်းအပ်။

## မစိမ်းအပ် သုံးပါး

အမျိုးကို မစိမ်းအပ်။ အရှင်သူကြီးကိုလည်း မစိမ်းအပ်။

## မသောက်အပ် သုံးပါး

လက်မဆေးဘဲ ရေကို မသောက်အပ်။ ရေဦးမသွန်ဘဲ ရေ မသောက်အပ်။ ထမင်းချက်မည်ပြုသော ရေကို မသောက်အပ်။

## သီရိ ၃ ပါး

ကြိုးတန်း ကြိမ်တန်းအောက် မလျှိုးရာ၊ ပုဆိုးအဝတ်တို့ကို အထက်ပြန်အောက်ပြန်လှန်မဝတ်ရာ။ ခြေမဆေးဘဲ အိပ်ရာမဝင်ရာ။ အနိုင်းအစေ၊ စာရင်းငှား အောက်လူတို့ကို အိမ်ရှေ့တွင် တဲဆောက် မပေးကောင်း။ အိမ်ရှေ့အခန်းမှာလည်း မထားကောင်း ထားလျှင် အိမ်ရှင်ကို ထိခိုက်မည်။

## လှည်းတိုက် ကားတိုက်

အိမ်ကို လှည်း၊ ကား တစ်ခုခု ဝင်တိုက်သော် ကားရှင်

www.burmeseclassic.com

www.burmeseclassic.com



လှည်းရှင်တို့ကို ကန်တော့ပွဲနှင့် တောင်းပန်စေ။ မတောင်းပန်သော် ရေ တစ်မှုတ်ယူ လက်ပြန်ကားဦး။ လှည်းဦးကိုလောင်း။ မကောင်းသော ဘေးဒဏ်ပါဆိုပြီး လောင်း။

## သားဖွားလွယ်သောနည်း

တမာကိုင်းကို သွေးတိုက်၊ လွယ်ကူစွာသားဖွားမည်။ ဝမ်းထဲ သားသေ၍ မဖွားနိုင် စစ်သိမ်မြစ်ကိုကြိတ်၊ ဆီးစနှင့်ချက်မှာ မန်းပေး။ အသေသားငယ်ဖွားမည်။ နောက်တစ်နည်း သစ်ပင်ကို လှဲခုတ်သော အခါ သစ်ပင်ကျိုးပြီး ကျန်သော သစ်သားစုအချွန်ကလေးကို သိမ်း ထား။ ထိုသစ်သားချွန်ကလေးကို သစ်ကျွန်ခေါ်သည်။ ထိုသစ်ကျွန်ကို ဆံထိုးမှာစိုက်လိုက်သော် အမြန်မွေးဖွားမည်။

## ရွှေယား ငွေယား

သာသနာ့ရသေ့ထားခဲ့သော ငွေယားမှာ ကျောကလည်းကောင်း ဝမ်းကလည်းကောင်း (ယ) အက္ခရာ၊ (က) အက္ခရာ၊ (လ) အက္ခရာ တစ်ခုစုရှိသည်။ အချိန်နှစ်ဆယ်၊ သုံးဆယ်ရှိသည်။ ကိုင်သော် ယား သည်။ ယူလိုသော် ဆီးဖြူရှင် ရှစ်ရှားထင်းမီးနှင့်တိုက်၊ အယား ပျောက်၍ ယူလိုသော်ရမည်။ တမွရသေ့ထားသောငွေယားမှာ ကျောက တံဆိပ်နှစ်ချက်ရှိသည်။ အချိန် ၃၀–၄၀ ရှိသည်။ ကိုင်ရုံနှင့်မယား။ အခါသင့်သော် နှစ်ယာတွင်းခန့် ယူနိုင်သည်။ သတ်လိုက်သော ဇီးဖြူ ရှစ်ရှားသံပရာထင်းနှင့် တိုက်ယူ။

နဂိရသေ့ငွေယားမှာ ကျောက (သ) အက္ခရာသုံးလုံးရှိသည်။ အချိန် ၁၅ ကျပ်သားရှိသည်။ အခါသင့်သော် တစ်ဂါထာစုတ်၊ ယူသော် ပါသည်။ သတ်လိုသော် မြင်းမုတ်၊ နွားမုတ်နှင့်ပြုတ်ယူ။

သုရဇနရသေ့ငွေယားမှာ ကျောက (က) အက္ခရာရှိသည်။ အချိန်တစ်ခုခုကို ၅၅ ကျပ်ရှိသည်။ သင့်သော် တတိုင်ခရီးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သတ်ဆေးမှာ ကေရုဖ်တောင်လုံးကျော်၊ ခွေးနို့၊ နွားနို့ရည်နှင့် ချက် တံလျှောက်သွယ်လောင်း အယားပျောက်သည်။

စိတြရသေ့ငွေယားမှာ ကျောက သုပဏ္ဏကတံဆိပ် ခုနစ်ချက် ပါသည်။ တစ်ပိဿာ သုံးပိဿာရှိသည်။ သင့်သော် နှစ်ယူဇနာပါသည်။ ဆေးကား ပဋ္ဌပတ္တာကို သူရာရေနှင့်ဖျော်၊ သုံးခါကျို၊ သုံးခါဖုတ် သေသည်။ ဣသိန္ဒရသေ့ ငွေယားမှာ ကျောက (လ) သုံးလုံးရှိသည်။ ကိုင်ရုံနှင့်မယား၊ စားသုံးသူမှ ယားသည်။ အချိန်ကား မညီ။ သင့်သော် ခြောက်ယူဇနာပါသည်။ ဆေးမှာ ပဋ္ဌပတ္တာကို အရက်နှင့်ကျို၍ သွန်းလောင်းလေ။

သေနရသေ့ ငွေယားမှာ ကျောက (ထံ) ဟူ၍ သုံးချက်ရှိသည်။ မယားလွန်း၊ အချိန် ၁၅ ကျပ်သားရှိသည်။ သုံးစွဲသော် ယားသည်။ သုံးယူဇနာပါသည်။ ဆေးမှာ ဖရုံခါး ဘူးခါး ဝံအူ၊ ကျွဲအူ၊ နွားမှုတ်နှင့် တံလျှောက်သွယ်လောင်း၊ သေသည်။ အဋ္ဌရသေ့ ငွေယားမှာ တံဆိပ်မရှိ၊ တစ်ခုလျှင် အချိန် ၂၀ ရှိသည်။ သင့်သော် ၂ ရက်၊ ၃ ရက် သူပါက ပါသည်။ လင်းနေကို ခါချဉ်ရည်နှင့်ဖျော်၊ တံလျှောက်သွယ်လောင်း၊ သေသည်။ ကောဏ္ဍစိန္ဒရသေ့ငွေယားမှာ စန္ဒီ နတ်ရုပ်ကဲ့သို့ အထောင့်အလျားရှိသည်။ အချိန် ၆၀ ရှိသည်။ သင့်သော် သုံးယားတွင်းယုက ပါသည်။ စားသုံးသော် သေသည်။ ဆေးမှာ စစ်ထုံး၊ သမုန်းရေဖျော်လောင်း၊ အယားပျောက်သည်။ တိဝိက္ကာဘွာတု ရသေ့ငွေယားမှာ ငွေရှိရာ၌ ရေကန်သာယာ အင်းသာယာရှိမည်။ ကိုင်ရုံနှင့် မယား၊ စားသုံးသူမှ ယားသည်။ ချေးငှားယူသော် ရသည်။ အချိန် ၅၀ ရှိသည်။ ဆေးမှာ ဂုံညင်းဆံ၊ ရေနံ၊ မြင်းမုတ်၊ လူမုတ်နှင့် ဖျော်လောင်း၊ သေမည်။ သံသာဝိသုရသေ့ငွေယားမှာ (၁) တံဆိပ်ရှိသည်။ အချိန် ၅၅ ကျပ်သားရှိသည်။ လမွန်းတည့်မှာယူသော် ပါသည်။ မျောက်ဂုံညင်း၊ ကင်ပွန်းပဋ္ဌကို ကျိုလောင်း၊ သေမည်။ တဏ္ဍရသေ့ ငွေယားမှာ အမှတ်တံဆိပ်မရှိ၊ ငွေမကျည်းမှာ မည်းမည်းထပ်ထပ်ရှိသည်။ အချိန် ၅၅ ကျပ်ရှိသည်။ ကိုင်မိသော် ယားသည်။ ဆေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ပြုန်းမွေ၊ သမုန်းခါး ဇီးဖြူ။ လူမှတ်နှင့်ဖျော် ထပ်မနား တံလျှောက် သွယ်လောင်း။ အဌေ့သေသော် ယူ။ ဇနက္ခရသေ့ ငွေယားမှာ ဝမ်းက၊ ကျောက (၁၁) အက္ခရာရှိသည်။ အချိန် ၅၅ ကျပ်သားရှိသည်။ ယူသော် နှစ်တိုင်ပါသည်။ ယူလိုသော် စိန္တာမဏိဂါထာကိုမန်း၊ ဆေးမှာ ဇရစ်ဂေါင်းမယ်ဖူးဂေါင်း ခွေးနို့နှင့်ကြိတ်၍သတ်။ သတ္တိသရသေ့ ငွေယားမှာ ဝမ်းက ကျောက (၄) အက္ခရာ နှစ်ဆင့်ရှိသည်။ အပြင်ကလည်း အရေးအသားရှိသည်။ ထောင့်မှာ (ဝ) ကိုယ်စီရှိသည်။ သင့်သောအခါ နှစ်ယူဇနာပါသည်။ ဆေးမှာ ပဥ္စပတ္တကို နွားငွေယားမှာ "ဂ" "ပ" အက္ခရာရှိသည်။ "သော" နှစ်ချက်လည်းမှတ်နှင့်ကျို တံလျှောက် သွယ်လောင်း သေမည်။ ရသိန္ဒရသေ့ရှိသည်။ သုံးစွဲမှ ယားသည်။ သင့်သော် တစ်ယူဇနာပါသည်။ ဆေးမှာ ဝံအူ ကျွဲမှတ်နှင့် ကျိုလောင်း သေသည်။ ကောသပ္ပရသေ့ငွေယားမှာ "ည" နှစ်ချက်ဆင့်ရှိသည်။ "ဓ" အက္ခရာရန်၏။ အချိန် ၅၁-ကျပ်ရှိသည်။ ယူသော် သုံးရာတွင် ပါသည်။ ဆေးမှာ ဖရုံခါး၊ ဘူးခါးကို နွားမှတ်နှင့်ကျိုလောင်း သေမည်။ ဂန္ဓရီရသေ့ငွေယားမှာ "ဝ" အက္ခရာရှိသည်။ အချိန် ၅၀ ကျပ်သားရှိသည်။ တစ်ယူဇနာပါသည်။ ဆေးမှာ ဝံအူကျွဲမှတ်၊ ဖရုံခါးကိုကျို၍ တံလျှောက်သွယ်လောင်း သေမည်။ လောလာလိကရသေ့ငွေယားမှာ စန္ဒီနတ်ရုပ်ရှိသည်။ နတ်တံဆိပ်သော်လည်းကောင်း ရှိသည်။ ကြက်ခြေသော်လည်းကောင်း ရှိသည်။ ယူသော် သုံးရာတွင် ပါသည်။ သုံးစွဲသော်သေမည်။ ဆေးမှာ ရှေးနည်းအတိုင်းဖြစ်သည်။

ဆေးယားမှာ ငွေကိုကိုင်လျှင် ယားသည်။ နတ်ယားမှာ သုံးစွဲမှယားသည်။ သစ္စာယားမှာ ပြုန်အစားမထားမှ ယားသည်။ အင်းယားမှာ ငွေမန်ကျည်းတွင် လေးကွက်အင်းငါးကွက်အင်းကိုးကွက်အင်း တစ်ခုခုပါသည်။ ထိုသို့ အင်းရှိသော် နတ်စောင့်သည်။ နတ်ကိုနိုင်မှ အယားပျောက်မည်။ သတ်လိုသော် ဆင်ချေး မြင်းချေး ကျွဲချေး ခွေးချေး၊ ဆိတ်ချေးတို့ကို မှတ်နှင့်ဖျော် ဆင်အော်၊ ဖက်ယားငယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပြဒါး၊ ထိုသုံးပါးကို ဆေးမှာထည့်ပြီးသတ်။ လူသေရေချိုးမသာခုံက ဝါးကို ခြင်းကြားယက်၊ ငွေယားကို တံစူးဝါးညှပ်နှင့် ယူထည့်ပြီးလျှင် လိုရာယူ၍ မီးခဲပေါ်တင်၊ ယခင်ဆေးကို ရေလုံအိုးနှင့်ထည့်၊ တစ်ဖက်မှ လူသေပုဆိုး မီးနေထဘီနှစ်ပါးဖက်။ တံစူးဝါးနှင့်ကိုင် ဆေးတွင်ချ၊ လက်မထိစေရ၊ ဖြူတတ်သည်။ နူတတ်သည်။ ငွေအေးလိမ့်မည်။ အော်မှယူ၊ အခြောက်ရှိသော် ဥဏ္ဏာလုံမွေရှင်တော် မန္တရားနှင့် ရေကို မန်းထား၊ တံစူးဝါးကို လေးမြားပြုပြီးသော် ရှစ်မျက်နှာလာသမျှကိုပစ်။ ဦးနှိမ်အကျော်မွေရှင်တော် မန္တရားကား ဩောင်းဟေဟေတိသျှတ္တ တိသျှတ္တပန္တတ္တပန္တတ္တ၊ ဓာရေယျဓာရေယျ၊ ဝါရေယျ ဝါရေယျ၊ နိဝါရေယျ နိဝါရေယျ။ နိရုန္ဓေယျ နိရုန္ဓေယျ၊ ဗြဟ္မာဒတ္တံ ဗြဟ္မာဒတ္တံ၊ ဒေဝဒတ္တံ ဒေဝဒတ္တံ၊ ဥဏ္ဏာလောမာမနိ သွားဟုံဟုံ။ ဩောင်း ဟတ္တိသီဟ၊ အကွ ဗျဂ္ဃဒီပိ သံသုမာရ ခဇ ခဂ္ဂဟတ္တိ အသနိ၊ အဂ္ဂိ၊ ဥဒက ရာဇ စောရ အပ္ပိဟ၊ သပ္ပနဂ ယက္ခ၊ ဇော်ဂနီ၊ ဩောင်းကုရုတေ၊ ကုရုတေ၊ ဆိန္နန္တု၊ ဆိန္နန္တုအတ္တက် မိသု၊ အတ္တက်မိသု၊ ဝိဒ္ဓေသေန္တု၊ အသေသတော၊ ရွှေယားငွေယားတို့ကို ယူနိုင်သော ဗောဓိသတ္တ ကန့်လန့်ကာဆေးထား။ ခြင်ရွှေးဆံနံ၊ ဆိတ်ဖလူး လင်းနေ ယင်းတိုက် မြစ်ခေါက်၊ ဆေးဒါန်း၊ ကန့်တိုက်၊ ကညင်ဆီဆေးအားလုံးကို အမျှရေပူနှင့် ကြိတ်၊ ခုနစ်အိမ် ပုန်းရည်နှင့်ဖျော် သံသပိတ်နှင့် ရေနွေးရုံချက်။ ရွှေယားငွေယားတို့ကို တံစူးဝါးနှင့် ညှပ်ယူ၊ ငုံးရေတွင်ချ၊ အေးလျှင်သွန် ပြင်းစွာခြောက်လှသော်၊ ယခင် ကန့်လန့်ကာဆေးကို မျက်စိမှာကွင်း၊ လက်ဖဝါးလက်ဖမိုးမှာသုတ် ရင်ဘတ်တွင် လ.ရုပ်ရေး၊ လက်ပြင်မှာ နေရုပ်ရေး၊ ဥမင်သို့ ဝင်လေ။ လှူးလေ၊ တော်လဲသကဲ့သို့ ဆင်သံ၊ မြင်းသံ၊ အမြောက်သံ၊ သေနတ်သံ၊ ဘီလူးသံ၊ ကျားသံလို အသံများကိုကြားသော်၊ နားနှစ်ဖက်ကို ဆေးရည်နှင့်ပက် အရာအမျိုးမျိုးကို မြင်ယောင်ထင်တွေ့သော် ကြာဖုသီးအိပ်မွေ့သီး မျက်စိကွင်း ဂါထာမှာ ဥုံခွသော ပြသ ခွန်ပြ သတ္တိဂုမာရ နိမ်ဆရာနိမ် ဖေယကွော်။ ဒေရကွော်၊ တိဒေယသိ၊ ဆေးမှာ ဆိတ်ဖူးလင်းနေ၊ မုန်ညက်ဆံ၊ တောညွန့်၊

www.burmeseclassic.com

www.burmeseclassic.com



နွားမြေးရင်းခေါက်၊ သစ်ကြားသီး၊ အိပ်မွှေ့သီးတို့ကတုတ်သုံးပါးမှုတ်သည့် ဆေးစုတို့ကို နွားနက်မှုတ်နှင့်ကြိတ်လုံးထားလိုသောအခါ ပုန်းရည်နှင့်ဖျော် တံစူးဝါးကို အရိန္တမာလုံ့သွားလုပ် ယခင်ကဆေးကိုလူးမန္တန် ၇ အုပ်စုတ်အရပ်ရှစ်မျက်နှာ စိတ်ထား။ ဤဆေးရည်နှင့်ဝိုင်း၊ အချောက်ကြီးသော် ဓား လှံကို နှုတ်၍ ထိုးခုတ်လေ။ ဖုတ် ပြိတ္တာ တစ္ဆေ ဘီလူးဟူသမျှ ပျက်၏။ ရွှေယား ငွေယား ပြီးပြီ။

## တောင်ပြာစီရင်နည်း

အသက်ထော့င်ကျော် ရှည်စေလိုသော် တော၊ ဂျွတ်၊ သွပ်၊ ပြဒါး သမညီစွာရောပြီး ခါမံပါဆေး ၆ ပါး၊ ဆေးဒါန်း၊ ဒုတ္တာ၊ ဇဝက်သာ၊ ဆပ်ပြာ၊ ယမ်းစိမ်း၊ ဆား၊ ဖွဲ ၅ တင်းတွင် ဖုတ်လျှင်ပင် ဘော်စင်ထုံးအလား။ အဆင်းအဂ်ါ ရှုပကာမှာ ဒေဝါနတ်အလား ငါးစီးဆင်ပြောင် အားကိုဆောင် လူ့ဘောင်ကျော်ထင်ရှား။

## နတ်မင်းကြီးငါးပါးဆေး

မြင်းခေါင်းနွာရောင်မြစ်၊ ဝိတောက်နှစ်၊ ထင်းရှူး၊ စန္ဒကူးနီ နံ့သာနီ၊ ဥပသကာ၊ ကရမက်၊ အကျော်။

အထက်ဆေးစု အမျှစု အကျော်နှင့် စိမ်။ အညက်ကြိတ် အရပ်မှာသွေ့စေ၊ ဖီးကင်းလုံးခန့်စား၊ ဆေးအကျိုးမှာ စိတ်ချောက်ချားခြင်း၊ တွေဝေခြင်း စသော ရောဂါတို့ကို ပျောက်ကင်းချမ်းသာစေ၏။ ဒဟတေဇောနှင့် သည်းခြေနာကို ကုသခြင်းအတွက် စောင့်ရှောက်သောကြောင့် အသက်ရှည်ခြင်း ဘေးကင်းခြင်း၊ ကျက်သရေတိုးခြင်း၊ နဖူးတွင် မှန်ကူသော် ချိုသုံးပါးပြီးသည်။

## ဝိဇ္ဇာခိုရ်သံလမ်းကြီး

နာဝိသားကို ဆေးဒါန်းငါးပဲပေါင်း၍ထိုး၊ ဇင်းသတ္တု၁၊ ကို

www.burmeseclassic.com

www.burmeseclassic.com



မှိုက်ခွက်နှင့်ထိုး။ သံကျန်လျှင်၊ သိဒ္ဓိပေါက်သော သံတည်း။ ရှားစောင်းကြီးဆား၊ နန်းလုံးကြိုင်ဆား၊ ပင်စိမ်းရိုင်းဆား၊ ၎င်းသုံးပါးကို ပေါင်း၍ သံဒိကို ဆဲ့အထက်ငါးမူး၊ အောက်ငါးမူးနိုး၍ လုံပိတ်၊ မီး ၃၀ နာနာထိုး၊ ၎င်းနောက် အလင်းကြိုမြင် ဆီမှာ မီး ၃၀ လောင်း သံနီ၍ သေ၏။ ပြဒါး အလေးထုထည့်၍ ဖွဲမီးစိုက် တစ်နေ့စေ့လျှင် ပြဒါးခဲ၏။ သံလုံးကို ယူ၍ထား၊ ပြဒါးခဲကို ၇ ရက်မီးစိုက်ပြင်း၏။ ၎င်းပြဒါးပြင်းကို သံလေးတူကျွေး၊ ပြဒါးချော်ဖြစ်၍ ထွက်၏။ ၎င်းချော်ကို ယူ၍ထား၊ ၎င်းနည်းအတိုင်း လေးဆင့်ကျွေး၊ လူ့ဆီမှာ မီး ၃၀ လောင်၊ ပတ္တမြား အနီဆင်းကဲ့သို့ဖြစ်၏။

သိဒ္ဓိ ၃ ပါးပေါက်၏။ ဆေးဒါန်းကို ဂွတ်သားကျရောင်ချ ၎င်းချော်နှင့် ပြန်၍မန် ယမ်းလက်ချားစွတ်၍ လုံပိတ် မီး ၃၀ နာနာထိုး၊ ထောပတ်၊ ဝက်ဆီနှစ်ပါးစပ်၍ မီး ၃၀ လောင်း ပြင်း၏။ မီးရုပ်ဖြစ်၏။ သံသေပြဒါးသေ နှစ်ပါးဆတူစပ်၍ ယမ်း၊ လက်ချား၊ ဇဝက်သာ၊ အထက်အောက်နိုး၍ အလုံပိတ် မီး ၃၀ နာနာထိုး၊ သံလုံးပေါက်၏။ သိဒ္ဓိငါးမျိုးမြောက်၏။ ၎င်းနေရာ၌ ရသေ့တပသီ၊ ယောဂီလုပ်တရားကို အားထုတ်ရမည်။ ဒါန သီလ ဘာဝနာလုပ် ဘာဝနာဂုဏ်ကြောင့် သမာဓိရသောအခါ ၎င်းဓာတ်ကို အသံဘိန္ဒဖွဲ့ရန်ကားခိုင်လှစွာသော လခြမ်းသဏ္ဍာန်လုံနှင့် နေထွက်က နေဝင်အောင်ထိုး၊ ဓာတ်တစ်ကျပ်လျှင် ရွှေတစ်ပဲသားထည့်၍ မီးကျိုးအုပ်၍ထား၊ လုံမခိုင်လျှင်လဲ ၎င်းနည်းအတိုင်း ထိုး၊ ၇ ရက်စေ့လျှင် ၇ ပဲကုန်၏။ ၈ရက်နေ့၌ နေဝင်လျှင် မီး ၇ ကြိမ် လေတစ်ကြိမ်ဆိုခြင်းကြောင်း ဤအခါဝိယောဓာတ်ဝင်၍ အသံဘိန္ဒအဖြစ် ရောက်၏။ သိဒ္ဓိ ၉ ပါးပေါက်၍ ရုပ်ပြောင်းပြီးမှ ဝိဇ္ဇာအဖြစ်သို့ ရောက်၏။

## ဓါးပတ်လက်ဖွဲ့ စီရင်နည်း

၁။ ဦ ညာဝတိဟော သွားဟာ။

၂။ ဦ ရရသောပ သွား

www.burmeseclassic.com

www.burmeseclassic.com



၃။ ဦး ကာရေဏံ သွားဟာ။
၄။ ဦး ပါပိကေ သွားဟာ။
၅။ ဦး ဟုတံပည္တွိ သွားဟာ။
၆။ ဦး ယောနု သွားဟာ။
၇။ ဦး ရာရုံ သွားဟာ။
၈။ ဦး မော်တေ သွားဟာ။
၉။ ဦး ဂါမေဂုရု သွားဟာ။
၁၀။ ဦး ရောစောသွားနံ့ သွားဟာ။
၁၁။ ဦး ဂေါဏံ သွားဟာ။
၁၂။ ဦး ခေါရဏံ သွားဟာ။
၁၃။ ဦး နေရောက် သွားဟာ။
၁၄။ ဦး ရာလာ သွားဟာ။
၁၅။ ဦး နမောဂုရုတံ သွားဟာ။

ထိုအကွာရာ ပဥ္စဒသကိုထိုး၍ဆောင်သော် ကုန်းသား၊ ကုန်းသူတို့ချစ်၏။ ရေသို့သွားသော် ရေသား ရေသမီးတို့ချစ်၏။ ဦးခေါင်းမှာတင်သွားသော် လူခပ်သိမ်းတို့ ချစ်၏။ ရေစိမ်၍ မျက်နှာသစ်သော် ခပ်သိမ်းသောသူတို့ မကြဲနိုင်။ ဆီစိမ်၍ လိမ်းသော် သုဇာတာကဲ့သို့ ချစ်ခင်၏။ ထမင်းပွဲမှာတင်၍ စားသော် မင်းချစ်၏။ နောက်ခါးညှပ်သော် ရန်ကင်း၏။ လက်ဖွဲ့ကိုကိုင်၍ ပွတ်သော် မြင်ရုံကာမျှနှင့် မနေနိုင်။ ပီယသိဒ္ဓိ၊ နေသိဒ္ဓိ နှစ်ပါးပြီးလိုသော် ရှေ့ကထား၊ ရှေ့ချက်အောက်မှာထားသော် ရန်ခပ်သိမ်းတို့ ကင်းငြိမ်း၏။ ထိုလက်ဖွဲ့ စီရင်သောအခါ နတ်သီးနတ်ရွက် ငှက်ပျောအုန်းအစုံနှင့် နတ်ယကာပွဲငွေ ၁၅ ကျပ်တင်၍ အိမ်တွင်းမှာသော်လည်းကောင်း၊ ဘုရားရှေ့တော်မှာသော်လည်းကောင်း သန့်ရှင်းသောနေရာတွင် စီရင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ရှိန်းဆေးယာ

ဉ ဗုဒ္ဓိ မေနာဆို အမှာကံ အိုက်ရ တတ္တ ပါကာရင် ဉ ဓမ္မိ မေနာထို အမှာကံ ရကျတတ္တ ပါကာရင်၊ ဉ သံဃိ မေနာထို အမှာကံ သက္ကေ သုဝဏ္ဏံ တတ္တပါကာရင် သစ်ရိပ်ခို၍ သရဖ္လာယ် သစ်ငုတ်ဖြစ်၏။

ဉ တာဟောင်ပေသျော။ ဉ တာသျောပဟောင်။ ဉနာ ဟောင် ပေသျောင်။ ဉ နာသျော ပေဟောင်။ ဉ ဟောင် ဓပေသျော။ ဉ ဓသျောင် ပဓဟောင် ခုနစ်အုပ် သရဖ္လာယ်လေ။ ထိပ်ကြိုး သံခြေ ကျင်းတွင် လှောင်ကပ်ဘိစမ့် အပါးသုံးဆယ် ပြီး၏။ ရှမ်းယွန်းအကွ ရာ မန္တာန်။

## ဒေဝီကိုးပါး၏ ဆေးတော်ကြီး

နံ့သာမျိုးငါးပါး၊ ဥပသကာ၊ တောတွင်း ပေါက်သော မဲပန်း ညို ငှင်းဆေး ၃ ပါးကို အမျှစီစု၊ ထိုဆေးသုံးပါးအလေးအိမ်ပန်းညို ထည့်၍ ညက်စွာကြိတ်၍ ဆေးတောင့်ပြု၊ ဒေဝီကိုးပါးဟုရေးထား၍ ငှင်းဆေးစုတ်ရမည်။ မန္တာန်ကား ဆေးမကြိတ်မီ စုပြီးသောအခါတွင် စုတ်ရမည်၊ မန္တာန်ကား ဉ ဒေဝတာ အဂ္ဂိ။ အဂ္ဂိဘုမ္မဇလာရခြင်း ဆရာခြင်း။ မြတ်ဘုရား ရှေ့တော်တွင် ၃၇ အုပ် စုတ်ပြီးမှ ထောင်း လေ။ ကြိတ်လေ။ ဆေးတောင့်ပြုပြီးသောအခါ စုတ်ရမည်။ မန္တာန် ကား ဉသူရဿတီ ဒေဝီမာတာစ။ မေမာတာစ။ သူရဿတီဒေဝီ ခိပ္ပံ ခိပ္ပံ ဟေ ဟေ။ ပီယံမမ။ အနုကမ္ပံ ဥပဒါယ။ လာဘံဒေတိ သူရဿတီ ဒေဝီ ဉ မဟာဒေဝီ မေမာတာ၊ မေမာတာစ မဟာဒေဝီ။ ဤကဲ့သို့ ဒေဝီကိုးပါးတို့၏ အမည်တို့ကား အောက်၌ ဖော်ပြထားသည်၊ ထိုကိုးပါးလုံး အထက်ဖော်ပြသော မန္တာန်ကဲ့သို့ စုတ်လေ။ ကိုးပါး အတွက် တစ်ပါးလျှင် တစ်ပုဒ်ကျ ကိုးပုဒ်စီရင် တစ်ပုဒ်ဟူသည်ကိုသိ ထိုကဲ့သို့ ကိုးပုဒ်တစ်ခေါက် ၃၇ အုပ် နတ်စင်တွင် နတ်ပွဲသုံ၍ စ

www.burmeseclassic.com

www.burmeseclassic.com



သည်ဖြင့် တတ်နိုင်သရွေ့ ၃ ပွဲထက် မနည်းစေရ၊ တစ်ပွဲတွင် တင်သရန်ကား ငှက်ပျောဖီးကြမ်းနှစ်ဖီး၊ အုန်းမြောက်မီးစုံတင်၊ လက်ဖက်၊ ကြက်သွန်ကြော်၊ ဆီနှင့်ဆားတို့ပြင် ကွမ်း ကိုးရာစီ ရေမွှေးကိုးပုလင်း သင့်ရာ ရေမွှေးထည့်၍ နတ်စင်ဆိုသည်ကား ရွာပြင်မြို့ပြင်ကနတ်စင်တွင် မွန်းမတည့်မီအတွင်း ပက္ခတ်ဝင်သောနေ့တွင် စီရင်ရမည်။ ဒေဝီကိုးပါးတို့၏ အမည်တော်တို့ကား သူရဿတီ၊ မဟာဒေဝီ၊ မင်္ဂလာဒေဝီ၊ မဟေသရဒေဝီ၊ ကုသာနသီဒေဝီ၊ စန္ဒာဒေဝီ၊ စန္ဒီဒေဝီ၊ ဂဟပတိဒေဝီ၊ မနော်ရဟီဒေဝီ ဤဒေဝီကိုးပါး အမည်တော်ကို ဆေးစုတ်သောအခါ ပါစေရမည်။ ဆေးအကျိုးကား မင်းထံသွားသောအခါ မီးခြစ်တံနှင့်ဖြစ်စေ၊ ခင်ပုတ်ကား ခေါ်ဒန်ပူနှင့်ဖြစ်စေ ထိုဆေးနှင့် မိမိလက်ယာဘက် အထက်သွားကြားကို ၇ ကြိမ်ထက်မနည်း ထိုးရမည်။ ကုတ္တိအလိုရှိ၍ သွားသောအခါ မိမိ၏ လက်ဝဲဘက်က အထက်နည်းအတိုင်း အောက်သွားကြားထိုး၍ပြောလေ။ ထိုညတွင်ပင် ချစ်မည်ကို သိသာ၏။ သာမညနှင့် မကြံစည်ရာ၊ အဘယ်ကြောင့်ဆိုသော် သူရဿတီဒေဝီသည် သောတာပန်ဖြစ်၍ မတရားပြုက အကျိုးမခံရခြင်း၊ ထို့ပြင် ဆေးသတ္တိဂုဏ် ညှိုးဖျင်းခြင်း၊ မိမိကိုယ်သို့ အန္တရာယ်ဖြစ်တတ်ခြင်း၊ အရပ်ရပ်တို့သည် ပျက်စီးခြင်း၊ မချွတ်ဖြစ်၍ ဝေဝတ်မှန်းထားသောသူကိုသာ စီရင်အပ်၏။ ဤတွင်ပြီး၏။

## အိပ်မက်တိတ္ထုံကျမ်း

အိပ်မက်မြင်မက်သောအကြောင်းများမှာ နတ်တို့လှည့်စား၍ မက်ခြင်း၊ နတ်တို့ဖြားယောင်း၍မက်ခြင်း၊ ကိုယ်စောင့်နတ်ပြောကြား၍ မက်ခြင်း၊ ဓာတ်ချောက်ချား၍ မက်ခြင်း၊ လေကြောင့် သည်းခြေကြောင့် မက်ခြင်း၊ စိတ်ကြောင့် မက်ခြင်း၊ ကြံလို့မက်ခြင်း၊ ကြားလို့ မက်ခြင်း၊ ခံစားဖူးလို့မက်ခြင်း၊ ဖြစ်ပွားဖူးလို့မက်ခြင်း၊ လုပ်ခဲ့ဖူးလို့မက်ခြင်း၊ ခံရဖူးလို့ အိပ်ရာမသန့်လို့မက်ခြင်း၊ မတော်ရာနေမိလို့မက်ခြင်း၊ အတတ်ပညာနှင့်လုပ်၍မက်ခြင်း၊ မိလိန္ဒပဉှာကျမ်းလာ အိပ်မက်မြဲတန်းဆိုလို

www.burmeseclassic.com

www.burmeseclassic.com


က်သော လူခြောက်ယောက်မှာ လေနာရှိသော လူတစ်ယောက်၊ သည်း ခြေပျက်သောလူတစ်ယောက်၊ သလိပ်ပျက်သောလူတစ်ယောက်၊ သန္နိ ပါဒ်စွဲသော လူတစ်ယောက်၊ နတ်တို့ဖြားယောင်းသော လူတစ်ယောက်၊ နိမိတ်ဖြစ်သော လူတစ်ယောက်ဟူ၍ ဆိုထားသည်။ ထို့အတွက် ညက မြင်မက်သော အိပ်မက်မှာ ဘယ်အကြောင်းကြောင့်မြင်သည်ကို ပညာ ဖြင့် ဆင်ခြင်၍ အမှားအမှန် စသည်ကို ဆုံးဖြတ်ကြ။

နေ၊ လ၊ ကြယ်ကိုမြင်မက်သော် ချမ်းသာမည်။ ဘုန်းရှိသော သားသမီးကို ရမည်။ နေအိမ်ဖွဲ့မက်သော် ချမ်းသာမည်။ ရေအိုးတွင် နေလကျသည်မြင်မက်သော် အိမ်ရှေ့မင်းဖြစ်မည်။ နေလမွန်းတည့်မက် သော် မင်းဖြစ်မည်။ ပြည်သာယာမည်။ ဥမျှားကို မြင်မက်သော်၊ အိမ်သာကိုမြင်မက်သော် လာဘ်ရမည်။ သူတောင်းစားကိုမြင်မက်သော် ဥစ္စာရမည်။ ဘုရားဖူးရမည်။ ငှက်နှင့်တကွ လှောင်အိမ်ကိုမြင်မက်သော် ချစ်သူရမည်။ ဥယျာဉ်ကို မြင်မက်သော် လာဘ်ရမည်။

သွေးကိုမြင်မက်သော် ချမ်းသာမည်။ သူ့ကို ထိုးခုတ်မက် သော် ရန်အောင်မည်။ လွှားကစားမက်သော်၊ သစ်ပင်ခုတ်မက်သော် အမတ်ဖြစ်မည်။ ဆီမီးတန်ဆောင် ထွန်းညှိမက်သော် ထင်ရှားမည်၊ စောင်းတီးမက်သော် သွားလေရာ အောင်မည်။ ဆင်စွယ် ကျားစွယ် ပိုက်မက်သော် စစ်သူကြီးဖြစ်မည်။ နှာခေါင်းသွေးထွက်မက်သော် သူ တကာ မှီခိုရာဖြစ်မည်။ ချောင်းရေကန်ရေခပ်မက်သော် စစ်သူကြီးဖြစ် မည်။ မိန်းမတကာ စွပ်စွဲမက်သော် ချမ်းသာမည်။ ကလေးမွေးသည် မြင်မက်သော် စည်းစိမ်ခံစားရမည်။ ကူလီကို မြင်မက်သော် ဥစ္စာတိုး မည်။

ကင်းစောင့်နေသည်မြင်မက်သော် လုံခြုံမည်။ ကျမ်းစာဖတ်ရ သည်မြင်မက်သော် ဂုဏ်ကျက်သရေတိုးမည်။ ချစ်သူနှင့် စကားပြော ရသည်မက်သော် အောင်မြင်မည်။ ချုပ်နှောင်ခံရမည်မက်သော် စုတ် လာဘ်ရမည်။ ဒေါင်းကိုမြင်မက်သော် ရုပ်အဆင်းလှသူနှင့် လက်ထပ် ရမည်။ မြတ်စွန်းမည်။ နာနတ်သီးကိုမြင်မက်သော် ကံကောင်းမည်။

www.burmeseclassic.com

www.burmeseclassic.com


သူ့ဦးခေါင်း သူ့နားဖြတ်မက်သော် ဥစ္စာရမည်။ ကြွယ်ဝမည်။ သူ့မျက်စိထုတ်မက်သော် စည်းစိမ်များမည်။ နို့ညှစ်မက်သော် ကြွယ်ဝမည်။ ပျားပိတုန်းတုတ်မက်သော် သူချစ်မည်။ ဂုံညင်းကစားမက်သော် မင်းဖြစ်မည်။ ဆားလျက်မက်သော် သူတကာဆရာဖြစ်မည်။ စွယ်စုံဆင်ကိုမြင်မက်သော် ကောင်းစားမည်။ လက်နက်စိုက်ထောင်သည်မြင်မက်သော် ကောင်းစားမည်။ တဲကုပ်ကိုမြင်မက်သော် ဥစ္စာရမည်။ ကြွက်ကိုမြင်မက်သော် ချစ်သူကိုရမည်။ ရေစီးကိုမြင်မက်သော် ကောင်းကျိုးမကြာမီ စံစားရမည်။ ဆင်, မြင်း, ကျွဲ, နွားကိုမြင်မက်သော် ကောင်းကျိုးခံစားရမည်။ ပန်းပွင့်များကိုမြင့်မက်သော် ချမ်းသာမည်။ မိတ်ကောင်းတွေ့မည်။ အငြိမ့်ကသည်မြင်မက်သော် အမွေရမည်။ သောကတွေ့မည်။ အဘိုးအဘွားမြင်မက်သော် အမွေရမည်။ အလောင်းစင်ကိုမြင်မက်သော် အဘက်ဘက်မှ ဥစ္စာရမည်။ မင်္ဂလာအခမ်းအနား မကြာမီ မြင်ရမည်။ အမြွာပူးမွေးသည်မြင်မက်သော် သတင်းထူးကြားရမည်။ လေပွေကိုမြင်မက်သော် အခက်အခဲတွေ့ပြီး အောင်မြင်မည်။ ဓားလှံအရောင်တက်သည်ကိုမြင်မက်သော် ဘုန်းကြီးမည်။ ကျောက်ဖျာကို မြင်မက်သော် ကျေးဇူးရှိမည်။ လယ်မှာ ကြာရောက်သည်မြင်မက်သော် အိမ်ရှေ့မင်းဖြစ်မည်။ ဝက်ရူးခြံလှောင်မြင်မက်သော် ကြာပွင့်သည်မြင်မက်သော် ကျော်ဇောမည်။ အိမ်သစ်နေ့မက်သော် သူကြီးဖြစ်မည်။ မိန်းမအတူ အိပ်ရသည်မက်သော် လာဘ်ရမည်။ ဥဗျိုင်းတို့ဝိုင်းရံသည်မက်သော် အိမ်ရှေ့မင်းဖြစ်မည်။ စိုးရိမ်ကြောင့်ကြဗျာပါရမက်သော် ဆိုလေရာအောင်မည်။ မန်ကျည်းသီးဆွတ်မက်သော် မင်းစေသူကောင်းဖြစ်မည်။ ရွှေလက်ကောက်ဝတ်မက်သော် ချီးမွမ်းခံရမည်။ လာဘ်ရမည်။ စည်ကြီးတီးမက်သော် ဘုန်းကြီးမည်။ ခမောက်ဆောင်းမက်သော် ထင်ရှားမည်။ နွားကျောင်းမက်သော် သူကြီးအရှင်သခင်ဖြစ်မည်။ ဗိုလ်များအလယ်နေသော် မင်းဖြစ်မည်။ ပေါက်ပေါက်ဆန်မန်းနှင့်ပူဇော်မက်သော် ဆင်းရဲသားသော်လည်း မင်းဖြစ်မည်။ ရွှေအဝတ်ပုဆိုးရမက်သော် မင်းဖြစ်မည်။ သစ်သီးစားရမက်သော် လာဘ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ရေတိပိတ်ချင်းစားရမက်သော် သူတကာတို့ ဆရာဖြစ်မည်။ ဥအမျိုးမျိုး စားရမက်သော် လာဘ်ရမည်။ အပုပ်ကိုစားရမက်သော် လာဘ်ရမည်။ ကြက်တောင်ငှက်တောင်စားရမက်သော် လာဘ်ရမည်။ နွားနို့သင်းလဲ ထောပတ်စားရမက်သော် လာဘ်ရမည်။ သူ့အူသူ့ခေါင်းစားရမက်သော် သူဌေးဖြစ်မည်။ ငှက်ပျောသီးကိုစားရမက်သော် ဥစ္စာတိုးပွားမည်။ မြစ်ရေကိုသောက်ရသည်မက်သော် ကျော်စောမည်။ ပျားရည်သောက်ရမက်သော် ကြံသမျှပြီးစီးမည်။ နွမ်းဆီသောက်ရမက်သော် ချမ်းသာမည်။ အိမ်ခေါင်းမိုးတက်ပြီး ရေသောက်ရမက်သော် မင်းဆရာဖြစ်မည်။ နိုက်ရန်ဖြစ်မက်သော် အကြံအစည်အောင်မည်။ ပန်းပွင့်ပန်ရမက်သော် လက်ထပ်ရမည်။ ပန်းပွင့်နမ်းမက်သော် ကျော်စောမည်။ ငိုကြွေးမက်သော် ရန်သူ့ငွေကိုရမည်။ အိမ်ဆောက်မက်သော် ကံကောင်းမည်။ အိတ်ထဲငွေအပြည့်မက်သော် တစ်သက်လုံး ချမ်းသာမည်။ မိမိကိုယ်အဝတ် မလုံတလုံမက်သော် ချမ်းသာမည်။ မော်တော်ကားစီးရမက်သော် မိန်းမရမည်။ မိမိရူးသည်မက်သော် ဥစ္စာတိုးပွားမည်။ အသက်ရှည်မည်။ ဦးခေါင်းဆေးရမက်သော် အောင်မြင်မည်။ ကြိုးပေးရမည်မက်သော် အကြံအောင်မည်။ ကြိုးပေးအံ့ဆဲဆဲမက်သော် တိုးတက်မည်။ စော်ကားခံရမက်သော် မကြာမီ ပူဇော်ခံရမည်။ နေရာပြောင်းရမည်။ ဖဲကစားမက်သော် လက်ထပ်ရမည်။ ငြင်းခုန်ရမည်။ သားသမီးရမက်သော် ပညာရမည်။ ဥစ္စာရမည်။ မြေစိုင်မြေခဲစားရမက်သော် မင်းထံမှ လာဘ်ရမည်။ တံခွန်လှူမက်သော် ကျော်စောမည်။ ဝရမ်းဖမ်းမက်သော် လာဘ်ရမည်။ ချွေးထွက်သွေးထွက်မက်သော် ဘုန်းကြီးမည်။ မြူးပျော်ရသည်မက်သော် ဥစ္စာရမည်။ မြေကြီးလှုပ်မက်သော် အမတ်ဖြစ်မည်။ ရေချိုးရမက်သော် သူတကာထက်မြတ်သည်။ ပခုံးမီးတောက် မက်သော် အကြီးအကဲဖြစ်၊ ဘွဲ့ဖြူစလွယ်မက်သော် လာဘ်ရမည်။ မိမိကိုယ်သေသည်မက်သော် ဆောင်တိုင်းအောင်မည်။ သမုဒ္ဒရာပင်လယ်ကူးမက်သော် မင်းဖြစ်မည်။ ကိုယ်ပျက်သည်၊ နွသည်မက်သော် အလိုပြည့်မည်။ သွေးချိုမက်သော် ကောင်းစားမည်။ ခံတွင်း

www.burmeseclassic.com

www.burmeseclassic.com


ဖြင့် လက်နက်ကိုယူရမက်သော် ကောင်းစားမည်။ လျှာကိုထုတ်၍ မြို့ရွာကိုပတ်သော် ထိုမြို့ထိုရွာတွင် ပညာရှိဖြစ်မည်။ အူကိုထုတ်၍ ရွာကိုပတ်သော် သူကြီးဖြစ်မည်။ ယောကျ်ားကိုယ်ကြီးမက်သော် စည်းစိမ်တိုးမည်။ ကြာဖက်ကို ပိုက်ဖက်ရမက်သော် ကွဲပြီးသောဆွေမျိုးတို့နှင့် တွေ့ရမည်။ ဘုရားဆင်းတုကိုမြင်မက်သော် ကျက်သရေတိုးမည်။ ဆင်မြင်းဗိုလ်ပါကိုမြင်မက်သော် ချမ်းသာမည်။ မျောက်ကိုမြင်မက်သော် ရွှေငွေရမည်။ မကောင်းလည်းဆို။ ဆင်ဖြူ ကျွဲဖြူကိုမြင်မက်သော် ထင်ရှားကျော်စောမည်။ မြွေပွေး မြွေဟောက် မြင်မက်သော် ရန်ပျောက်မည်။ ရေကြည်ကိုမြင်မက်သော် ရန်ငြိမ်းမည်။ ကျားသစ်မိကျောင်းမြင်မက်သော် မိတ်ဆွေများနှင့် စွဲမြဲမည်။ ဆင်မြင်းသေသောအိုင်ကိုမြင်မက်သော် သူကြီး အရှင်သခင်ဖြစ်မည်။ အိမ်ထရံမီးတောက်သည်မြင်မက်သော် မင်းဖြစ်မည်။ ဆင်းရဲသားသော် သူဌေးဖြစ်မည်။ ပေပင်ထန်းပင် မြင်မက်သော် မင်းအမတ်ဖြစ်မည်။ အိမ်ပေါ်လောက်တက်မက်သော် စီးပွားဥစ္စာများမည်။ မြေဖာပန်းပန်မက်သော် မင်းဆရာဖြစ်မည်။ ကညာပျိုနှင့် အိပ်မက်ရသော် လာဘ်ရမည်။ ပြာသာဒ်ကြီးဆောက်ရမက်သော် လာဘ်ရမည်။ ရဟန်းပုဏ္ဏားနှင့် စကားပြောမက်သော် အမိအဘအရာကိုရမည်။ သူကောင်းထမ်းပိုးရမက်သော် လာဘ်ကြီးရမည်။ မိမိကိုယ်မီးလောင်သည်မက်သော် ပညာရှိသုခမိန်ဖြစ်မည်။ နတ်တို့ကို ပူဇော်မက်သော် အောင်မြင်မည်။ ဓာတ်တော်ရမက်သော် ဘုန်းကြီးရှိသောသားကိုရမည်။ သန်းလောက်တက်မက်သော် မင်းဖြစ်မည်။ မိန်းမသော် မိဖုရားဖြစ်မည်။ ခြေသည်းလက်သည်း လှီးမက်သော် သူတကာတို့ ပူဇော်ခံရမည်။ ငှက်ပျောသီးပင်စိုက်မက်သော် အမတ်ဖြစ်မည်။ ချီးမစင်လိမ်းကျံမက်သော် ကြွယ်ဝမည်။ ကိုယ်ရောင်ထွက်ကို ပုပ်မက်သော် ဘုန်းကြီးမည်။ ထီးဆောင်းမက်သော် မီးပုံးစွဲမက်သော် အကြီးအကဲဖြစ်မည်။ ဓားလှံစွဲမက်သော် ဆံရှည်မက်သော် အသက်ရှည်မည်။ တံပိုးခရာမှုတ်မက်သော် သူတကာထက် မြတ်မည်။ တံခွန်ကြက်လျှာကို မြင်မက်သော် ကျော်စောမည်။ တောင်ဘက်နေထွက်

www.burmeseclassic.com

www.burmeseclassic.com


မက်သော် မင်းဖြစ်မည်။ ဘုရားပုထိုးစေတီထက်မက်သော် အရပ်လေး မျက်နှာမှ လာဘ်ရမည်။ ကျောက်ဖျာထက် ထက်ဝယ်ဖွဲ့ခွေနေမက် သော် မင်းဖြစ်မည်။ အိမ်ခေါင်မိုးထက် လျှောက်မက်သော် ကျော်စော မည်။ သစ်ပင်သစ်ရောင်းတက်မက်သော် သောကငြိမ်းမည်။ ဥသျှစ်ပင် တက်မက်သော် သူကြီးဖြစ်မည်။ မြင်းမိုရ်တောင်ထက် တပ်မက်သော် မင်းဖြစ်မည်။ ပျံသောငှက်ဖမ်းမက်သော် ကျွဲနွားများမည်။ နဂါးဖမ်း မက်သော် ရန်ပျောက်မည်။ မိချောင်းဖမ်းမက်သော် မင်းထံရောက် မည်။ ငှက်တော်ဖမ်းမက်သော် မင်းအမတ်ဖြစ်မည်။ ထမ်းစင်ဝေါယာဉ် စီးမက်သော် လာဘ်ရမည်။ မိကျောင်းစီးမက်သော် ရန်ပျောက်မည်။ ဆင်ဖြူစီးမက်သော် မင်းဖြစ်မည်။ ရထားစီးမက်သော် ရန်ပျောက် မည်။ မိချောင်းဖမ်းမက်သော် မင်းထံရောက်မည်။ ငှက်တော်ဖမ်းမက် သော် မင်းအမတ်ဖြစ်မည်။ ထမ်းစင်ဝေါယာဉ်စီးမက်သော် လာဘ်ရ မည်။ မိကျောင်းစီးမက်သော် ရန်ပျောက်မည်။ ဆင်ဖြူစီးမက်သော် မင်းဖြစ်မည်။ ရထားစီးမက်သော် မယားကောင်းရမည်။ မြွေငန်းစီး ပတ္တမြားမက်သော် သားကောင်းရမည်။ ကျွဲစီးမက်သော် ကျွန်ရမည်။ ပူဆွေးရသည်မက်သော် ပျော်ရွှင်ရမည်။ ဖျားနာသည်မက်သော် ကျန်း မာမည်။ ပုလဲကိုမြင်မက်သော် ချမ်းသာတိုးမည်။ နန္ဒင်းစန္ဒကူးလိမ်း ကျံမက်သော် ဖျားနာမည်။ သူကြိတ်သောဆေးကို လိမ်းရသော် သူခိုး ခံရမည်။ အိပ်ပျက်နေမက်သော် ဖျားနာမည်။ နေရာပြောင်းရမည်။ ကျွဲခေါင်းထမ်းရမက်သော် ဖျားမည်။ နားပဲ့မက်သော် ဆင်းရဲမည်။ နှုတ်ခမ်းပဲ့မျက်စိကန်းမက်သော် ဆင်းရဲမည်။ မစင်ကြုံးမက်သော် နွံ လူးရွံ့ကျုံးရမက်သော် ဘေးဖြစ်မည်။ အိုးမည်းလိမ်းကျံမက်သော် ဘေး ဖြစ်မည်။ ဦးခေါင်းရိတ်မက်သော် သွားကျိုးမက်သော် ဖျားနာမည်။ အထက်ရှေ့သွားကျိုးမက်သော် သားမှာ ဥပါဒ်ဖြစ်မည်။ အောက်ရှေ့ သွားကျိုးမက်သော် သမီးမှာ ဥပါဒ်ဖြစ်မည်။ အံသွားကျိုးမက်သော် ဆွေကြီးမျိုးကြီးတို့ ဥပါဒ်ဖြစ်မည်။ အိပ်မက်မှာ အိပ်မက်မြင်မက်သော် အကြီးအကျယ် လူလိမ်ခံရမည်။ အင်္ကျီအသစ်ဝတ်မက်သော် အရှောင့်

www.burmeseclassic.com

www.burmeseclassic.com



အယှက်တွေ့မည်။ မိမိကိုယ်မှာ အဝတ်မပါမြင်မက်သော် နာမည်ပျက်မည်။ အဝတ်စုတ်ဝတ်ရမက်သော် မယားလင်ငယ်နေမည်။ အဝတ်ညစ်ဝတ်ရမက်သော် အရှက်ရမည်။ ဖျားနာမည်။ ကိုယ်ပျောက်သော် စိတ်မချရသောမိတ်ဆွေ တွေ့မည်။ ပန်းပွင့်များကို ခြွေပစ်ရမက်သော် လင်မယားကွာရမည်။ မိမိလိမ့်ကျမက်သော် အကြံပျက်မည်။ အဝတ်မပါသည်ကိုမြင်မက်သော် ထိတ်လန့်စရာတွေ့မည်။ လငပုပ်ဖမ်းသည်မြင်မက်သော် စိတ်ဆင်းရဲမည်။ လေကြီးမိုးကြီးကျသည်မြင်မက်သော် ဓားပြတိုက်ခံရမည်။ ညကိုမြင်မက်သော် စိတ်ဆင်းရဲမည်။ အပ်ချိုကိုမြင်မက်သော် မကောင်းကြံခြင်းခံရမည်။ အပ်ချုပ်သမားကိုမြင်မက်သော် လှည့်ဖြားခြင်းခံရမည်။ ကြေးမုံကိုမြင်မက်သော် နာဖျားမည်၊ သေပျောက်မည်။ သူနှစ်ယောက်ချစ်ကြသည်ကိုမြင်မက်သော် မကောင်း၊ ကုလားရုပ်၊ တစ်ရုတ်ရုပ်တစ်ခုခုတွင် ပန်းနှံ့သာလိမ်းကျံမက်သော် အကြီးအကဲသေမည်။ ရေနောက်မြင်မက်သော် ရန်ရှိမည်။ သားရိုးငါးကြီးမြင်မက်သော် ဖျားနာမည်၊ သူသေထသည်မြင်မက်သော် အမှုဟောင်းပေါ်မည်။ အိမ်အောက်မှိုပေါက်သည်မြင်မက်သော် မိုးကြိုးကျမည်။ လက်ကတုံးတိုင်လဲမက်သော် ကိုးကွယ်ရာပြုသူသေမည်။ လက်ကတီးတိုင်လဲသည်မြင်မက်သော် မယားသေမည်။ အမတိုင်လဲသည်မက်သော် ကိုယ်သေမည်။ ဖွဲမီးတငွေ့ငွေ့ မြင်မက်သော် ပုံးပူဆာမည်။ ကျွဲခတ်သည်မြင်သော် ရန်ရောက်မည်။ ကြက်ခွပ်သည်မြင်သော် တရားဖြစ်မည်။ အိမ်ကိုဆူးရံသည်မြင်မက်သော် သူခိုးခိုးခံရမည်။ ချားရဟတ်ကို မြင်မက်သော် သူမကောင်းကြံမည်။ ဝက်စီးမက်၊ ဖိနပ်စီးမက်သော် ဖျားနာမည်။ ဆံဖြေမက်သော် ဥစ္စာလျော့ကျမည်။ ရှစ်ရှားကိုမြင်မက်သော် မွတ်သိပ်သည်။ အိမ်ရာညမှိုပြအခိုးထွက်မက်သော် မီးလောင်မည်၊ ပူပန်ရမည်။

## အိပ်မက်အချိန်

နေ့အခါမက်သော် မှန်မမှန်နှစ်ပါးရှိသည်။ ညဦးယံမက်သော် မှန်မမှန်နှစ်ပါ။ မိုးသောက်ယံမက်သော် အမှန်။ အာရုံတက်မက်သော်

www.burmeseclassic.com

www.burmeseclassic.com



အမှန်။ ညဥ့်ဦးယံမက်သော် တစ်နှစ်အတွင်း၊ သန်းခေါင်ယံမက်သော် နှစ်နှစ်အတွင်း၊ မိုးသောက်ယံမက်သော် တစ်နှစ်အတွင်း၊ နေတက်မက်သော် ခုနစ်လအတွင်း မွန်းတည့်မက်သော် ခုနစ်ရက်အတွင်း အကျိုးအပြစ်ကိုပေးမည်၊ နေ့စွဲအိပ်မက်။ တနင်္ဂနွေနေ့ မယားအတွက်၊ တနင်္လာနေ့ ဆွေမျိုး၊ အင်္ဂါနေ့ အကြီးအကဲမိဘ၊ ဗုဒ္ဓဟူးသားသမီး၊ ကြာသပတေးအဆွေခင်ပွန်း၊ သောကြာ၊ ကျွဲ၊ နွား၊ စနေကိုယ့်အတွက်။

## အိပ်မက်ယတြာပြုသော်

အိပ်မက်မြင်ပုံ မကောင်းသော် ရှေးဦးစွာ ဘုရားကို ဆီမီး ပူဇော်၊ လိုရာဆုကိုတောင်းပြီးလျှင် ဦးခေါင်းဆေးရမည်။

နောက်တစ်နည်း မိဘဆရာသမား ပညာရှိတို့ကို ပူဇော်၊ လိုရာဆုကိုတောင်း၊ ပြီးလျှင် ဦးခေါင်းဆေးရမည်။

နောက်တစ်နည်း၊ ဘုရားပျက်၊ ကျောင်းပျက်၊ ဇရပ်ပျက်၊ ရေတွင်းပျက်ကိုပြုပြင် ညှောင်ထောက်ရမည်။

နောက်တစ်နည်း ကိုယ်စောင့်နတ် တစ်ကျိပ်တစ်ပါးကို ပူဇော် လိုရာကိုဆုတောင်း၊ ဦးခေါင်းဆေးရမည်။

တစ်နည်း သဖန်းခါးပြစ်၊ သရက်မြစ် ဥရုစ်ရွက်၊ ဇလပ်ရွက် ကြခတ်ရွက်၊ ကင်ပွန်းသီး၊ ပန်းဥ၊ လင်းနေတို့ကို ပုန်းရည်နှင့် ဖျော် ခေါင်းဆေး။

ငှက်နားယတြာပြုပုံ လင်းတ၊ ဝံလိုင်ငှက် စသည်တို့ အိမ်မှာ နားသော် ရေပြည့်အိုးမှာ သပြေခနဲဓာထည့်၊ ပရိတ်ရွတ်၊ ပရိတ်တော် နှင့် နားသောနေရာဆေးကြော၊ အိမ်ရှိလူကုန် ပန်းပန်ရမည်။ တိုသို့ ပြုသော် ဘေးရန်ကင်းမည်။

www.burmeseclassic.com

www.burmeseclassic.com



## အသားလှုပ်နိမိတ်ကျမ်း

ဦးခေါင်းလှုပ်သော် ကျွန်ဖြစ်မည်။ ဦးရေလှုပ်သော် နာဖျားမည်။ ထိပ်လှုပ်သော် မင်းပူဇော်ခံရမည်။ နာခေါင်းလှုပ်သော် ချစ်သူများမည်။ အထက်နှုတ်ခမ်းလှုပ်သော် ရန်ဖြစ်မည်။ အောက်နှုတ်ခမ်းလှုပ်သော် အဝေးစကားကြားရမည်။ မေးဖျားလှုပ်သော် အချင်းများမည်။ လည်ပင်းလှုပ်သော် တန်ဆာဆင်ရမည်။ ကျောကုန်းလှုပ်သော် အဝတ်ရမည်။ နလုံးသားလှုပ်သော် ခင်ပွန်းကောင်းတစ်ယောက် ဥစ္စာပေးလာမည်။ ချက်လှုပ်သော် နှစ်လိုဖွယ်သောဥစ္စာကိုရမည်။ အင်္ဂဇာတ်လှုပ်သော် မယားနှင့် စကားများရသည်။ ဥစ္စာရမည်။ ခါးလှုပ်သော် ဥစ္စာပျောက်မည်။ ကိုယ်လှုပ်သော် မယားနှင့်အတူ စကားဆိုရမည်။ လက်ဝဲလက်ယာ မဟုတ်သော အသားလှုပ် ပြီးပြီ။

လက်ယာအသားလှုပ်။ လက်ယာဦးကင်းလှုပ်သော် လာဘ်ရမည်။ လက်ယာမျက်ခုံးလှုပ်သော် လာဘ်ရမည်။ ခင်ပွန်းပူဇော်မည်။ လက်ယာအောက် မျက်ခမ်းလှုပ်သော် ချစ်သူတွေ့မည်။ ရန်တွေ့မည်။ လက်ယာနားလှုပ်သော် မျက်လိုရမည်။ မိန်းမကောင်းကြံခြင်းခံရမည်။ လက်ယာနှုတ်ခမ်းလှုပ်သော် ချစ်သူနှင့် စကားပြောရမည်။ လက်ယာပါးလှုပ်သော် ချစ်သူကိုတွေ့ရမည်။ လက်ယာလက်ပြင်လှုပ်သော် ထင်ရှားမည်။ လက်ယာပခုံးလှုပ်သော် မိန်းမကောင်းရမည်။ လက်ယာချိုင်းလှုပ်သော် ချမ်းသာမည်။ လက်ယာလက်ရုံးလှုပ်သော် ခင်ပွန်းကောင်းတွေ့မည်။ လက်ယာလက်ဝါးလှုပ်သော် အဝတ်အစားရမည်။ အကြံအစည်ပြီးမည်။ လက်ယာရင်ဘတ်လှုပ်သော်ကောင်းသည်။ လက်ယာနို့လှုပ်သော် လာဘ်ရမည်။ လက်ယာနံတောင်းလှုပ်သော် ပူဇော်ခံရမည်။ လက်ယာခါးလှုပ်သော် အဆွေခင်ပွန်းထံမှ ဥစ္စာရမည်။ လက်ယာဝမ်းပျဉ်းလှုပ်သော် အစားကောင်းစားရမည်။ လက်ယာဆီးစပ်လှုပ်သော် သူပူဇော်ခံရမည်။ လက်ယာလက်သားလှုပ်သော် အမိမျက်၊ လက်ယာ

www.burmeseclassic.com

www.burmeseclassic.com



ပေါင်သားလှုပ်သော် လိုရာကို ပြည့်စုံမည်။ မယားရမည်။ လာဘ်ရမည်။ လက်ယာပုဆစ်လှုပ်သော် ချစ်သူတွေ့မည်။ လက်ယာမြင်းကောင်းလှုပ်သော် ကောင်းစားမည်။ လက်ယာခြေဖဝါးလှုပ်သော် ခရီးသွားရမည်။ လက်ယာအသားလှုပ်ပြီးပြီ။

လက်ဝဲအသားလှုပ်။ လက်ဝဲဦးခေါင်းလှုပ်သော် သတင်းမကောင်းကြားရမည်။ လက်ဝဲမျက်ခုံးလှုပ်သော် ကြံတိုင်းပြီးမည်။ မိတ်ကောင်းတွေ့မည်။ လက်ဝဲအောက်မျက်ခမ်းလှုပ်သော် ငိုရမည်။ လက်ဝဲနားလှုပ်သော် လာဘ်ရမည်။ သူနှစ်လိုမည်။ လက်ဝဲပါးလှုပ်သော် ရွှေငွေရမည်။ လက်ဝဲနှုတ်ခမ်းလှုပ်သော် အငေ့စကားကြားရမည်။ မျက်လိုရမည်။ လက်ဝဲပခုံးလှုပ်သော် ဥစ္စာပို့လာမည်။ အစာပေါ်မည်။ မျက်သိုရမည်။ လက်ဝဲချိုင်းလှုပ်သော် စည်းစိမ်ကြွယ်ဝမည်။ လက်ဝဲလက်ရုံးလှုပ်သော် ဥစ္စာလာပေးမည်။ လက်ဝဲလက်ပါးလှုပ်သော် အမှုအောင်မည်။ လက်ဝဲရင်ဘတ်လှုပ်သော် ပူရမည်။ လက်ဝဲနို့လှုပ်သော် မိတ်ဆွေရည်။ လက်ဝဲနံတောင်းလှုပ်သော် မင်းပူဇော်ခံရမည်။ လက်ဝဲခါးလှုပ်သော် ဥစ္စာပျောက်မည်။ လက်ဝဲဝမ်းပြင်းလှုပ်သော် လာဘ်ရမည်။ လက်ဝဲဆီးစပ်လှုပ်သော် အမိမျက်မည်။ လက်ဝဲတင်သားလှုပ်သော် အိမ်တွင်းသူနှင့် မျက်လိုရမည်။ လက်ဝဲပုဆစ်လှုပ်သော် သူကြံစည်။ လက်ဝဲမြင်းကောင်းလှုပ်သော် မိန်းမနှင့် မျက်လိုရမည်။ လက်ဝဲဖဝါးလှုပ်သော် ထဘီဝတ်ချမ်းသာမည်။ လက်ဝဲလက်ယာအသားလှုပ်ပဟော ပြီးပြီ။

## လိုရာပုတီးစိပ်ပုံ

ဘုန်းကျက်သရေတိုးတက်လိုလျှင် သောဘဂဝါ ဣတိပိ အရဟံကို စိပ်ပါ။

အကြံကောင်းဉာဏ်ကောင်းပေါ်စေလိုလျှင် သောဘဂဝါဣတိပိ သမ္မာသမ္ဗုဒ္ဓေါကို စိပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အကြံမှာသမျှ အောင်စေလိုသော် သောဘဂဝါ က္ကတိပိ ဝိဇ္ဇာ စရဏသမ္ပန္နောကို စိပ်ပါ။

ပြောသမျှစကား အောင်မြင်လိုသော် သောဘဂဝါက္ကတိပိသုဂ တောကို စိပ်ပါ။

ထင်ပေါ်ကျော်ဇောလိုသော် သောဘဂဝါ က္ကတိပိသုဂတောကို စိပ်ပါ။

ထင်ပေါ်ကျော်ဇောလိုသော် သောဘဂဝါ က္ကတိပိလောကဝိဒူ ကို စိပ်ပါ။

လူနတ်တိရစ္ဆာန် ချစ်လိုသော် သောဘဂဝါက္ကတိပိအနုတ္တရော ပုရိသ ဓမ္မသာရထိကိုစိပ်ပါ။

သူတစ်ပါးတို့၏ အလိုဆန္ဒကို ဖြည့်စွမ်းကယ်ဆယ်လိုသော် သောဘဂဝါက္ကတိပိ သတ္တာဒေဝမနုဿာနံကို စိပ်ပါ။

လောကုတ္တရာ သမာဓိမျော်ကဲ့သို့ အရာရာမှာ ကြံဆ၍ သိလို သော် သောဘဂဝါက္ကတိပိဗုဒ္ဓေါကို စိပ်ပါ။

သူတစ်ပါးတို့ မတုဝံ့ မပြိုင်ဝံ့ ကြောက်ရွံ့စေလိုသော် သော ဘဂဝါ က္ကတိပိ ဘဂဝါကို စိပ်ပါ။

## အခါရွေးပုံ

နောင်လာလူများ၊ အမျိုးသားတို့၊ လျှင်း လျှား ခဏ၊ ကြောင်းကိစ္စကြောင့်၊ သွားကြဆောင်ရာ၊ ရှိသောခါဝယ်၊ ရက်မှာ မ လွတ်၊ ဖြစ်ခဲ့တတ်မူ၊ နေ့မြတ် ၁–နဂ်နွေ ညနေနံနက် တစ်ချက်ချက် ပင်၊ ရိပ်ထွက်ဆယ်ပါး၊ အချိန်အားဖြ၍၊ ဆယ့်ငါးမှန်မှန် စရထွန်းပြန်၍၊ တစ်ဖန်ထိပ်တက်၊ အက္ခရာအ၊ လုလုရေရှောင် တောင်ဟန်ပြုကာ သွားပါလေမူ၊ အာကာပျံသွား ဂဠုန်အားကို၊ နဂါးနိုင်ထွေ၊ အခါပေ တည်၊ ဖြူငွေစန္ဒာ၊ တနင်္လာမူ ငါးဖြာဘဂဝါ၊ ရှိုကြားအခါ၊ သတ္တာဒေဝ၊ စရထွန်းကြလျက် ကကိုနဖူး၊ အထူးရေးပြန်၊ ဆိပ်ဟန်ပြုသွား ကျား

www.burmeseclassic.com

www.burmeseclassic.com



ကိုသမင်၊ အောင်မြင်မကြာ၊ နိုင်သောခါတည့်၊ အခါထိုငှက်၊ ရိပ်ထွက်ရှစ်တဝါး၊ ပြည့်ငြားမနေ၊ ဆယ့်လေးစရထွန်း၊ ဖြောင့်လမ်းနှုရသီ၊ (၈) ရေးပြီးမှ၊ မီးမှာလက်ကင်း၊ သွားလေချင်သော် တောင်တွင်သီဟ၊ သားများဘကို၊ ဆက်ကနိုင်လေ၊ အခါပေတည့်၊ ဗုဒ္ဓဟူးနေ့မှာ၊ လေးဖြာမှန်လှ၊ ဘဝါးရတွင်၊ တေရာဆိုက်၊ စရထွန်းလိုက်လျှင်၊ လျှာဓိရရေး မြေရေးဝယ်၊ မှန်ငယ်ရှုချိ မူလဏီကို၊ ပါရမီဉာဏ်ကျော်၊ မဟောသဓာ၊ နိုင်သောခါတည့်၊ နေ့မှာ ကြာသပတေးရိပ် ထွက်ပြေးငြား၊ သုံးဘဝါး၌ ထွန်းငြားဆယ့်နှစ်၊ ညှပ်ရိုးစစ်၌၊ ရေးလစ်ပစောက်၊ တံခါးပေါက်တွင်၊ ဝင်ထွက်ခါခါ၊ ယတြာဆင်သွား၊ ဇတောင်ကြောင်ပါးကိုကြွက်ကားနိုင်လေ၊ အခါပေမည့်၊ ခေါ်သွေသောကြာ ဒွါဒကာ ဘဝါးချိန်ရောက်ငြားသော်၊ ကိုးကားစရထွန်း ရင်ညွန့်စွန်း၌ အောင်းထွန်းသရေး လုံးသေးလုံးကြီး၊ သစ်သီးကိုစား၊ သွားရငြားမူ၊ ခွေးအားဆိတ်က၊ နိုင်ကမသွေ၊ အပါပေတည်း။ စနေနေ့မှာ၊ နဝါဘသသာ၊ အချိန်အားတွင်၊ ဆယ့်ကာလုလု စရထွန်းကြ၍ (၀) ကိုချက်တွင်၊ ရေးချင်လှတုံ၊ ငြင်းခုံ၍သွား မြွေ၏အားကို၊ ဖားကနိုင်လေ အခါပေမည့်၊ ဆောင်လာသမျှ ကိစ္စပြီးမြောက်၊ ချမ်းသာရောက်သည်။ ဘေးပျောက်သိကြား အခါတည်း။

## ဗေဒင်နိမိတ်ဟောပုံ

အကြင်သူသည် လိုအင်ဆန္ဒ နှုဖူးစမ်း၍ မေးလာကလျှင် လို၏ခမဲ အစွဲအိမ်နတ် ဖမ်းစားတတ်၏။ စုန်းပင်လည်းကို ကိုးကွယ်သည်ကြာပြီ။ သန်းကိုဖျောက်၍မေးမူ ဟသ္တေသည်းဖမ်း အပန်းကြီးလျှင် အကင်အခြောက် အနောက်သို့သာ ဖြန်ကုန်ရာမှ တစ်ရက်အေးလူ ချမ်းသာဟူ၏။ မျက်စိတ်စဖန် စမ်းပွတ်ပြန်ရာ အစာမည်ငြားငါးနှင့် ခေါ်ပက် ၇–ရက်မှာ သက်သာရအံ့။ နှာခေါင်းစမ်းထွေ မေးငြားလာမူ အိမ်မြောက်သူနှင့် နှလုံးမသာလာသည် ခရီးတွင်လည်း လိုက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အိမ်ရှေ့ခြောက်ထောင့်အတွက် မပျက်အသားညို့ရှိ၏။ သားချင်းနှစ်ယောက် အိမ်ထောင့်က ဘုရားရှိ၏။ ပုဆိုးစုတ်ရှိ၏။ ဘုရားကိုလှူပေး အနာဖျားမေးခဲ့မူ ဘီလူးဖမ်းစား၏။ ခေါ် ၃ ခေါ်နှင့် နေမွန်းတည့်ကို အဆိမ့်အကြော် အကာင်အဖုတ်နှင့်ပစ်ပေး။ ၁၁–ရက်မှာသက်သာရအံ့။ မသက်သာက ခက်ခဲစွာ လက်ယာနံစမ်း၍ မေးမူအရှေ့သို့သွားရာဝယ် သူ့ဂြိုဟ်စာကို နင်းမိလေ၏။ ဥကြောင်းဆေး၍ပေး ၅ ရက်သော် သက်သာရအံ့။ မသက်သာမူ ခက်ခဲစွာယူပေ။ လက်ဝဲနံကိုစမ်း၍မေးမူ အရှေ့တောင်ထောင့်သို့သွားရာတွင် နာသည်။ အချေလေးခုသာစားချေ၏။ ခေါ်သွင်တန်ဆောင်သုံးတိုင်ထမင်းဟင်းနှင့် နေအရုဏ်တက်ကို ပစ်ပေး ၅–ရက်သော် သက်သာ၏။ လည်ချောင်းစမ်း၍မေးမူကား သူနှင့်စကားဆိုကြ၏။ ခင်ပွန်း သူ့ထံသို့ ရောက်ရှိ၏။ သူသေသူပျောက်မရှိညွှန်းပေ။ သက်သာရ၏။ ရင်ဘတ်ကို စမ်း၍မေးမူကား အတွင်းသူနှင့် နှလုံးမသာကြ၏။ သင့်ထက် အသက်ကြီးသောသူနှင့် မြောက်မ‌ထားကြသည်။ အနောက်ပြောက်ပ မနီးမဝေးနေရ၏။ နှုတ်ခွန်းရှောင်လေ။ အိမ်မြောင်က စုန်းငြိုးမိ၏။ ငါး ၇ ကောင်နှင့်ပစ်ပေ လွှတ်လတ္တံ့။ ချက်ကိုစမ်း၍ မေးမူ သင့်သူ့မယားငယ် သားချင်း ၅ ယောက် မိန်းမ ၅ ယောက်ရှိ၏။ ဆံထုံးကိုလည်းဖြတ်လေ၊ အိမ်နီးချင်းအသားနီနှင့် မြောက်မ‌ထားကြသည်။ သမီးခင်ပွန်းနှင့် စကားဆို၍လာသည်။ နှုတ်ခွန်းရှောင်အံ့။ အရှေ့သို့သွားရာဝယ် သစ်ပင်အောက်အိပ်မိ၏။ ထမင်းနှင့်ရေကိုပစ်ပေ။ ၃ ရက်သော် သက်သာရအံ့။ နို့ကိုစမ်း၍မေးမူကား သမီးခင်ပွန်းနှင့် စကားကို ဆို၍လာ၏။ နှုတ်ခွန်းရှောင်လေ အသားပြာမိန်းမနှင့် မြောက်လာကြသည်။ အိမ်ထက်က အသားညိုမသူကိုသာ ဝမ်းကိုစမ်း၍ မေးမူနာသည်။ ကြာပြီ။ ဆေးဝါးကိုမှီးလေ။ အိမ်အောက်က ခြေပုန်းတောင်ပို့ရှိ၏။ ဘုရားလည်းရှိ၏။ အိမ်ရာမကောင်း နဂါးကြောင်တည်း။ ဦးရှုတိုင်လည်း အခေါင်းရှိ၏။ လှေကားဦးတိုင်လည်း အမျက်ရ၏။ မကောင်း။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်နတ်ဖမ်းစား၏။ ပစ်ပေ ၇ ရက်သော် လွတ်လတ္တံ့။ မလွတ်သော် ကြာချေမည်။ လက်ယာတင်ပါးစမ်း၍မေးသော် ယောကျ်ားညစ္စာပျောက်အံ့၊ မိန်းမူကား ခင်ပွန်းများအံ့။ အဝေးသွားသော် သေပျောက်၏။ လက်ဝဲတင်ပါးစမ်း၍မေးသော် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ခင်ပွန်းရအံ့၊ သင်တို့အိမ်နှင့် တစ်အိမ်ကြား ကုလားခြေခွင်ညိုးလေ၏။ အခြေ ၄ ခု သားနှင့်ပစ်ပေ သက်သာ၏။ မသက်သာမူ ငြိုငြင်စွ။ လက်ယာပေါင်စမ်း၍မေးသော် ခင်ပွန်းကား အသားဖြူ၏။ သားဦးယောကျ်ားဖွား၏။ အိမ်နောက်ကသူ ညိုစား၏။ ကြက်သားနှင့် ပစ်ပေ ၂ ရက် ၃ ရက် သက်သာအံ့။ လက်ဝဲပေါင်စမ်း၍ မေးသော် ယုားဖွားအံ့သည်။ သစ်ဖျားပြတ်၏။ ပြတ်ဘိပကောင်း ၅ ရက်သော် သက်သာရအံ့၊ လက်ညှိုးလက်မ ချိုး၍မေးမူကား အသက်ကြီးမိဘတို့ ခမည်းလို၏။ ပေးပါလေ။ ၆ ရက်သော် သက်သာအံ့။ ရှိခိုး၍မေးမူကား သားချင်းယောကျ်ား တစ်ကိုယ်ရှိ၏။ အိမ်ရှေ့မှာ ဘုရားပုထိုးရှိ၏။ ကျိအနောက်တောင်ထောင့်က သစ်ရှိ၏။ ထောင့်မြောက်စောင့်သော် နတ်ဖမ်းစားမည်။ ခေါင်းတွင် လူရုပ်ပြု၍ပစ်ပေး။ ၅ ရက်ကြာသော် သက်သာအံ့။ မသက်သာသော် ဆေးကုခက်မည်။

## ရောဂါပျောက် ဆေးကျော်

ပိတ်ချင်း၊ လင်းနေ၊ ချင်းခြောက်၊ ဖာလာ၊ မုန်ညင်းဆန်၊ ဆိတ်ဖူး၊ ဆူးပန်း၊ လေးညှင်း ၎င်းဆေးရင်း၈ပါးအမျှစီးပေ သကာပန်းနု အလိုကြူ။ ဂုံခါးမြစ်၊ နွယ်ချို၊ နံ့သာနီ၊ ဆင်သမနွယ်၊ ကံ့ကော်ဝတ်ဆံ၊ လက်ထုပ်ခေါက်၊ ကုက္ကိုခေါက်၊ ၎င်းဆေးစုဆယ်ဆစီ၊ အကျိုးကား ချမ်းခြင်း၊ ကြက်သီးထခြင်း၊ စီစီစိုစွတ်ထင်ခြင်း၊ ငန်းမန်းဖမ်းခြင်း၊ တေဇောပျက်ခြင်း စသော ရောဂါများကို ရေကျက်နှင့်တိုက်၊ ကိုယ်းဆယ့်ခြောက်ပါးသောရောဂါဝေဒနာတို့သူ လုံနှင့် ကော်ရုပ်ဘိသကဲ့သို့ လည်းကောင်း။ ကလေးများ ဖယ်ခုတ်ဘိသကဲ့သို့ လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း။ ဆန်းကွဲဆန်နုတ်တို့ကို ခွဲထုတ်ဘိသကဲ့သို့လည်းကောင်း ကိုး ဆယ့်ခြောက်ပါးသောရောဂါဝေဒနာတို့ကို ပျောက်ကင်းချမ်းသာစေ၏။ အကောင်းဆုံးဖြစ်သည်။

## ရက္ခမူ မေဃဝိဂါထာတော်

အနန္တဂုဏာသ သမ္ဗုဒ္ဓါနံ။ အနန္တေသမ္ဗာသမ္ဗုဒ္ဓါနံ၊ အနန္တဗုဒ္ဓ တော့ဇေနေ၊ အနန္တ ဗလေန၊ အနန္တ အာနုဘာဝေန၊ အာကာသ ဒေဝါ အာဂစ္ဆန္တု၊ ဘုမ္မာဒေဝါ အာဂစ္ဆန္တု၊ ရက္ခဒေဝါ အာဂစ္ဆန္တု၊ သဗ္ဗဒေဝါ အာဂစ္ဆန္တု၊ လောကပါလ ဒေဝါ အာဂစ္ဆန္တု၊ သမ္မေဖြဟ္ဗာ အာဂစ္ဆန္တု၊ ဣစ္ဆာနေ ပတိဋ္ဌတု ခိပ္ပ မေဃ ယတနကာမံ၊ မမံရက္ခန္တု သဗ္ဗဒါ။ ။

အနန္တညာဏ သမ္ဗုဒ္ဓ။ အနန္တ သမ္ဗာ သမ္ဗုဒ္ဓါနံ၊ အနန္တဗုဒ္ဓ တေတေဇေန၊ အနန္တ ဗလေန၊ အနန္တ အာနုဘာဝေန၊ အာကာသ ဒေဝါ အာဂစ္ဆန္တု၊ ဘုမ္မာ ဒေဝါ အာဂစ္ဆန္တု၊ ရက္ခဒေဝါ အာဂစ္ဆန္တု၊ သဗ္ဗဒေဝါ အာဂစ္ဆန္တု၊ လောကပါလာ ဒေဝါ အာဂစ္ဆန္တု၊ သမ္မေဖြဟ္ဗာ အာဂစ္ဆန္တု ဣစ္ဆာနေ ပတိဋ္ဌတု ခိပ္ပ မေဃ ယထာကာမံ မမံရက္ခန္တု သဗ္ဗဒါ။

အနန္တသိဒ္ဓိ သမ္ဗုဒ္ဓါနံ။ အနန္တ သမ္ဗာ သမ္ဗုဒ္ဓါနံ၊ အနန္တဗုဒ္ဓ တေတေဇေန၊ အနန္တ ဗလေန၊ အနန္တ အာနုဘာဝေန၊ အာကာသ ဒေဝါ အာဂစ္ဆန္တု၊ ဘုမ္မာ ဒေဝါ အာဂစ္ဆန္တု၊ ရက္ခဒေဝါ အာဂစ္ဆန္တု၊ သဗ္ဗဒေဝါ အာဂစ္ဆန္တု၊ လောကပါလာ ဒေဝါ အာဂစ္ဆန္တု၊ သမ္မေဖြဟ္ဗာ အာဂစ္ဆန္တု ဣစ္ဆာနေ ပတိဋ္ဌတု ခိပ္ပ မေဃ ယထာကာမံ မမံရက္ခန္တု သဗ္ဗဒါ။

အဲ့ ဗုဒ္ဓဂုဏေန၊ ဗုဒ္ဓတေဇေန၊ ဗုဒ္ဓ ဗလေန၊ ဗုဒ္ဓ အာနုဘာဝေန၊ အာကာသဒေဝါ အာဂစ္ဆန္တု၊ ဘုမ္မာ ဒေဝါ အာဂစ္ဆန္တု၊ ရက္ခဒေဝါ အာဂစ္ဆန္တု၊ သဗ္ဗဒေဝါ အာဂစ္ဆန္တု၊ လောကပါလာ ဒေဝါ အာဂစ္ဆန္တု၊ သမ္မေဖြဟ္ဗာ အာဂစ္ဆန္တု ဣစ္ဆာနေ ပတိဋ္ဌတု ခိပ္ပ မေဃ ယထာကာမံ

www.burmeseclassic.com

www.burmeseclassic.com



မမံရက္ခန္တု သဗ္ဗဒါ။

အဒ္ဓံ ဓမ္မဂုဏေန၊ ဓမ္မတေဇေန၊ ဓမ္မ ဗလေန၊ ဓမ္မ အာနုဘာဝေန၊ အာကာသဒေဝါ အာဂစ္ဆန္တု၊ ဘုမ္မာ ဒေဝါ အာဂစ္ဆန္တု၊ ရက္ခဒေဝါ အာဂစ္ဆန္တု၊ သဗ္ဗဒေဝါ အာဂစ္ဆန္တု၊ လောကပါလာ ဒေဝါ အာဂစ္ဆန္တု၊ သဗ္ဗေဗြဟ္မာ အာဂစ္ဆန္တု ဣဓဗ္ဗောနေ ပတိဋ္ဌတု ခိပ္ပ မေဝ ယထာကာမံ မမံရက္ခန္တု သဗ္ဗဒါ။

အဒ္ဓံ သံဃဂုဏေန၊ သံဃတေဇေန၊ သံဃ ဗလေန၊ သံဃ အာနုဘာ ဝေန၊ အာကာသဒေဝါ အာဂစ္ဆန္တု၊ ဘုမ္မာ ဒေဝါ အာဂစ္ဆန္တု၊ ရက္ခဒေဝါ အာဂစ္ဆန္တု၊ သဗ္ဗဒေဝါ အာဂစ္ဆန္တု၊ လောကပါလာ ဒေဝါ အာဂစ္ဆန္တု၊ သဗ္ဗေဗြဟ္မာ အာဂစ္ဆန္တု ဣဓဗ္ဗောနေ ပတိဋ္ဌတု ခိပ္ပ မေဝ ယထာကာမံ မမံရက္ခန္တု သဗ္ဗဒါ။

အစိန္တေယျ ဉာဏာသမ္ပန္နသ အပ္ပမေယျ ဉာဏာသမ္ပန္နသ၊ အနန္တဉာဏာ သမ္ပန္နသ၊ အနန္တဂုဏာ သမ္ပန္နသ၊ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓသ၊ ဗုဒ္ဓတ္တသမ္ပန္နသ မဟာပုရိသ လက္ခဏာ နုဘာဝေန၊ သီတာနုဗျဥ္ဇနာ နုဘာဝေန၊ ဆဗ္ဗဏ္ဏရံသီယာ နုဘာဝေ၊ ဆုဒ္ဒြာတိညာ နုဘာဝေန၊ ဒသဗလဉာဏာ နုဘာဝေန၊ နဝသမပေတ္တိတာ နုဘာဝေန၊ နဝလောကုတ္တတရ ဓမ္မာနုဘာဝေန၊ စတုသစ္စဉာဏာနုဘာ ဝေန၊ စတုဝေသာရဇ္ဇဉာဏာ နုဘာဝေန၊ ဆအသာဓာရဏာဉာဏာ နုဘာဝေန၊ မဂ္ဂဖလဉာဏာ နုဘာဝေန၊ စတုရာသီတိ သဟာသ ဓမ္မက္ခန္ဓာ နုဘာဝေန၊ ဗုဒ္ဓဂုဏာ နုဘာဝေန၊ ဓမ္မဂုဏာ နုဘာဝေန၊ သံဃဂုဏာ နုဘာဝေန၊ သဗ္ဗရောဂါ ဝိနဿန္တု၊ သဗ္ဗ အန္တရာယာ ဝိနဿန္တု၊ ဒီဃာယာကော မယှံဟောတု သဗ္ဗေ သက်ပ္ပါ သမိဇ္ဈန္တု၊ သဗ္ဗေ ဘောဂါပဝတ္တန္တု၊ သဗ္ဗ ကမ္မာနိ သိဇ္ဈန္တု၊ အာကာသဗ္ဗောစ ဘုမဋ္ဌာ ဒေဝါနာဂါ မဟိဒ္ဓိကာ၊ သက္ကော ဗြဟ္မော မဟာဗြဟ္မာ အမေ နုရက္ခန္တု သဗ္ဗဒါ။

ငှင်း ရက္ခမန္တာန်တော်ကြီး၏ အကျိုးကား သစ်ပင်ရှင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်သန်းခေါင်ယံ ဆိတ်ငြိမ်သောအခါ၌ ၇ ခေါက်ဖြစ်စေ၊ ၃၇ ခေါက် ဖြစ်စေ ပုတီးတစ်ပတ်ရအောင်ဖြစ်စေ၊ သရဇ္ဈာယ်ရမည်။ အဓိဋ္ဌာန် သစ္စာပြု၍ စောင့်ထိန်းရမည်။ သက်သတ်လွတ်စားရမည်။ နတ်များ ကိုလည်း မေတ္တာအထူးပို့ရမည်။ ထိုအခါ နတ်များသော်၎င်း အသံကြီး ကျယ်စွာနှင့် ငါတို့ကို ယခုပင် ခေါ်မေးလာလိမ့်မည်။ မိမိက အလို ရှိသည်တိုင်းကို ပြောရမည်။ နောင်ကို အလိုရှိတိုင်း ဖြည့်စုံလိမ့်မည်။ မကြောက်ပါနှင့်။ ၎င်းမှော်ကြီးကို အောင်မြင်စေရန် ရဟန်းတော်များမှာ ပါတိမောက္ခသီလဖြစ်စေ၊ လူမှာ ငါးပါးသီလဖြစ်စေ သက်သတ်လွတ် တစ်ပွဲ၊ နတ်များကို တစ်ပွဲတင်၍ ပူဇော်လေ။ မကြာခင် ၇ ရက် အတွင်း အောင်မြင်နိုင်၏။

## အခါကောင်း ရွေးပုံ

တနင်္ဂနွေ နံနက်တိုင်း ပုဏ္ဏားနတ်သမီးကို ရသောအခါ ဖြစ်သည်။ မန်းလပ် ဒေဝဒတ်ဖျက်သောအခါ၊ မွန်းတည့်မုဆိုး ရွှေ အိုးရသောအခါ၊ သုံးချက်တီး ကွက်လပ်၊ နေဝင် သွေးအံ့သောအခါ။

တနင်္လာနေ့၊ နံနက်ပိုင်း သွေးအံ့သောအခါ ဖြစ်သည်။ မွန်း လက်ပုဏ္ဏား နတ်သမီးရသောအခါ မွန်းတည့် ဒေဝဒတ်ဖျက်ဆီးသော အခါ သုံးချက်တီး မုဆိုးရေအိုးရသောအခါ နေဝင်ကွက်လပ်။

အင်္ဂါနေ့။ နံနက်ကွက်လပ်၊ မွန်းလပ် သွေးအံ့သောအခါ မွန်းတည့်မုဆိုး ရွှေအိုးရသောအခါ။ သုံးချက်တီး ဒေဝဒတ်ဖျက်သော အခါ၊ နေဝင်ပုဏ္ဏား နတ်သမီးရသောအခါ။

ဗုဒ္ဓဟူးနေ့။ နံနက် မုဆိုးရွှေအိုးရသောအခါ၊ မွန်းလပ်ပုဏ္ဏား နတ်သမီးရသောအခါ နေဝင် ဒေဝဒတ်ဖျက်သောအခါ။

ကြာသပတေးနေ့။ နံနက် ဒေဝဒတ် ဖျက်သောအခါ၊ မွန်း လပ် မုဆိုး ရွှေအိုးရသောအခါ၊ မွန်းတည့် ကွက်လပ်သုံးချက်တီး သွေးအံ့သောအခါ၊ နေဝင်ပုဏ္ဏားနတ်သမီးရသောအခါ။

www.burmeseclassic.com

www.burmeseclassic.com


သောကြာနေ့၊ နံနက်ပုဏ္ဏား နတ်သမီးရှသောအခါ၊ မွန်းလပ် ဒေဝဒတ်ဖျက်သောအခါ၊ မွန်းတည့် မုဆိုး ရွှေအိုးရသောအခါ သုံးချက်တီးကွက်လပ်နေဝင် သွေးအံသောအခါ။

စနေနေ့။ နံနက် သွေးအံသောအခါ၊ မွန်းလပ် ပုဏ္ဏား နတ်သမီးရသောအခါ၊ မွန်းတည့် ဒေဝဒတ် ဖျက်သောအခါ၊ သုံးချက်တီး မုဆိုး ရွှေအိုးရသောအခါ နေဝင်ကွက်လပ်။

## သူနာ၏ ကံသုံးပါးတွင်ပုံ

အသက်တည်ပြား သုံးတော်ထား ထက်ကား ကြီလယ်ပဥ္စ အောက်မှ နဝမမြောက်ထလေပါ၊ အစားကား ၁၂–စား။ အထက်သုံး ကား ပုညကွယ လက်မှာသုံးလေ။ အာယုကွယေ၊ ဟေဋ္ဌ သုညော ကမ္မကွယော။

## သူနာ၏ နဝင်းပြတ်တွက်ပုံ

အသက် တည်ထား ၃ ခုစား သုံးသော် ကြင်းပြတ်၏။ အသက်ကို တည်ထား ၉ စားသုံးသော် နဝင်းပြတ်၏။

## ခတ်လေးပါး ပျက်မပျက် တွက်ပုံ

အသက်ကိုတည်၊ ၅ ခုရော၊ ၄ ခုစား သုံးသော် ဝါယော ခတ်ပျက်၏။ အသက်ကိုတည် ၆၀ မြှောက် လေးနှင့်စား၊ သုံးသော် အာပေါခတ်ပျက်၏။ အသက်ကိုတည် ၄ ခုစား သုံးသော် တေဇော ခတ်ပျက်၏။ ခတ်လေးပါးပျက်မှု မကောင်း။

www.burmeseclassic.com

www.burmeseclassic.com


## သူနာပြုပုံကျ မကျတွက်ပုံ

သူနာ၏သက္ကရာဇ်တည် ကောဇာသက္ကရာဇ်နှင့်နှော၊ ၁ သော် တည်ထား။ အထက်မှာ ၉–ခုစား၊ အလယ်မှာ ၇–ခုစား၊ အောက်မှာ ၇–ခုစား၊ ၃–ပါးလုံးသုံးသော် သိကြားကုမလွတ်နိုင်။

## သူနာ၏သေရက်ဖြတ်ပုံ

သူနာ၏အသက်ကိုတည် ၃ ခုမြှောက်၊ ၁–ချကြွင်းမူ တံစူး ဝါး ၃–ခုထင်းပုံ၊ ၆–ခုစမြင်းတိုင်သုံးသော် ပြာပုံ၊ သေသူအကြွင်းကို မှတ်ထား၊ တစ်ဖန် သူနာ၏အသက်ကိုတည်၊ ၃–ခုမြှောက်၊ ၆– ခုစား၊ သုံးသော် သေအံ့၊ အာယုပြတ်တွက်နည်းမှာ ပြတ်မည့်နေ့ကို သိလိုမူ အသက်ကိုတည်၊ ၃–ခုမြှောက်၊ ၇–ခုစား ၁–ချကြွင်းမူ တနင်္ဂနွေနေ့၊ ၂–ချကြွင်းမူ တနင်္လာနေ့၊ ၃–ချကြွင်းမူ အင်္ဂါနေ့၊ ၄– ချကြွင်းမူ ဗုဒ္ဓဟူးနေ့၊ ၅–ချကြွင်းမူ ကြာသပတေးနေ့၊ ၆–ချကြွင်းမူ သောကြာနေ့၊ သုံးမူ စနေနေ့သေ၏။

## အသက်သေချိန်တွက်ပုံ

သူနာ၏အသက်ကိုတည် ၄–ခုစား၊ ၂–ချကြွင်းမူ နံနက် မွန်းတည့်သေအံ့။ ၁–ချကြွင်းမူ မွန်းတည့်က နေဝင် သေအံ့။ ၃–ခု ကြွင်းမူ ညဦးကသည် သန်းခေါင် သေအံ့။ သုံးမူသန်းလွဲကသည် မိုး သောက်တိုင်လျှင် သေအံ့။

## သူနာ ယာယီရွေ့ပုံ

သူနာ၏အသက်ကိုတည်၊ ၄–ခုစား၊ ဟောနည်းမှာ မြောက်ကို အသုံးတစ်လုံးအရှေ့၊ ဒွေးကားတောင်မှာ တြိအနောက်ယာယီရောက်၏။

www.burmeseclassic.com

www.burmeseclassic.com



## စန်းသုံးနဝင်းသုံး ခန္ဓာပျက်တွက်ပုံ

အသက်ကိုတည် ၂–ခုစား သုံးသော် စန်းသုံး၏။ သက်ကိုတည် ၉–ခုစားသုံးသော် နဝင်းသုံး၏။ အသက်ကိုတည်ပြန် မသွေလှန် နံဂြိုဟ်ဖိဝနော၊ တြန်းသုံးတန်မြှောက် တုံ့ပြန် ၉–တန်ဘုဋ္ဌကော၊ ဆနှင့် သုည ကြွင်းသောအခါ ခန္ဓာပျက်အံ့ဟော။

## ဆရာလူနာ သင့်မသင့် တွက်ပုံ

သူနာ၏အသက်ကိုတည် ၈–စား အကြွင်းကို ဆေးသမားနံနော ၇–ခုစား။ သုံးသော် မကုနှင့်၊ အသေဟူ၍မှတ်။

## သူနာသေ မသေတွက်ပုံ

သူနာ၏နံကိုတည်၊ မိမိနံကိုတစ်ခုရုပ်၍ရော၊ ၈–ခုမြှောက်၊ ၁၂–ခုစားသော် ထိုလူနာအာယုပြတ်၏။ မကုနှင့် အသေဟုမှတ်။

## ခန္ဓာငါးပါးပြတ်ပုံ

သူနာ၏အသက်ကိုတည် ၁–ခုရော၊ ၃–ခုမြှောက်၊ ၉–ခုစား သုံးသော် ထိုသူ၏ ခန္ဓာငါးပါးပြတ်။ တစ်ဖက်မှာ ဆက်ကြည့်။

## ဆေးနံ့ပြတ် တွက်ပုံ

အသက်ကိုတည် အထက်လာဘ်နှင့်ရော၊ ၂–ခုစား သုံးသော် ထိုသူနာ ဆေးပြတ်၏။ ဆေးမပေးနှင့် ဘုရားကိုဆွမ်းတော်တင်။

## အနာကိုမူလတွက်ပုံ

အသက်ကိုတည် ရသခြောက်ပါးနှင့် မြှောက်၊ ၆–ခုစား။

www.burmeseclassic.com

www.burmeseclassic.com



အကြွင်းကိုယူ တစ်ခုကား ကြက်သားကိုစား၍ ဖြစ်သောအနာ၊ ၂ ခုကား မုန့်ဆီကြော်စား၍ ဖြစ်သောအနာ၊ ၃ခုကား နွားနို့စား၍ဖြစ်သောအနာ၊ ၄–ခုကား ကြက်ဥစား၍ ဖြစ်သောအနာ၊ ၅ ခုကား ဝက်သားစား၍ဖြစ်သောအနာ၊ ၆–ခုကား ကြံရည်စား၍ဖြစ်သောအနာ၊ သုံးမှုကား လက်သုပ်ဟင်းလျာစား၍ ဖြစ်သောအနာ။

## အနာ၁၅ာနကို သိရန်တွက်ပုံ

သူနာ၏အသက်ကိုတည် ခန္ဓာငါးပါးနှင့်မြှောက်၊ ၇ ခုစား ၁ ခုကား အရိုးမှုဖြစ်သောအနာ။ ၂ ခုကား အကြောမှုဖြစ်သောအနာ။ ၃ ခုကား အူမှုဖြစ်သောအနာ။ ၄ ခုကား ဝမ်းထဲမှုဖြစ်သောအနာ၊ ၅ ခုကား ခါးမှုဖြစ်သောအနာ၊ ၆ ခုကား အစားလွန်၍ဖြစ်သောအနာ၊ သုံးမှုကား အရှူးနာဟူ၍မှတ်။

## အဘ္ဘရာယ်လွတ်တွက်ပုံ

ကောဇာသက္ကရာဇ်ကိုတည်၊ လူနာ၏ဖြိုဟ်သက်နှော၊ ကာလသုံးပါးမြှောက်၊ ၇ ခုစား။ ၁ ခုကြွင်းကား တရားကိုပူဇော်၊ ၂ ခုကြွင်းကား ဘုရားမှာ ရွှေချ၊ ၃ ခုကား ရက္ခစိုးကိုပူဇော်၊ ၄ ခုကား အသက်ရှိသောစာသူငယ်ကိုလွှတ်၊ ၅ ခုကား ဆွမ်းကျွေး၊ ၆ ခုကား ယာယီပြောင်း။ သုံးမှုကား အိမ်ယာပြောင်းစေ။

## နာသည်ကိုတွက်နည်း

မေးလာထိုရက် နေ့ဂြိုဟ်သက်ကို တည်လျက်ထားမှုမြှောက် ထတြိန်း၊ ကိန်းကိုတည်ထား။ မေးငြားအခါ နှောပြီးခါမှုစားပါ၊ ခုနစ်ကြွင်းလစ်ကေ သင်္ချိုဟမယွင်း ၂ခုကြွင်းကား ဘမိအားတည်း ၃ခုကြွင်းကား ညီမအားတည်း၊ ၆ခုကြွင်းသော် မိထွေးခေါ်၏။ သုံးသော်

www.burmeseclassic.com

www.burmeseclassic.com



မိကြီးဘကြီးလဲယူ၊ ဖျားနာသူတို့ကြည်ဖြူသဒ္ဓါ၊ မေးအပ်စွာသည်၊ မှတ်ပါမှချ ပျော်နည်း။

## နာသောအရပ်ကိုတွက်ပုံ

တနင်္ဂနွေ အရှေ့မြောက်ထောင့်အရပ်ကိုသွား၍ နာသည်။ ဖီလာယက္ခဖမ်းစားသည်။ ခြင်္သေ့ရုပ်တစ်ခုလုပ်၍ အရှေ့မြောက်ထောင့်ကို အစားပေးလေ။ ၂ လာနေ့မှာမူ အရှေ့ကိုသွား၍ နာသည်။ ဗိဿနိုးနတ် ဖမ်းစား၏။ အရှေ့အရပ်သို့ လူရုပ်တစ်ခုလုပ်၍ မွန်းတည့်အခါ အစားပေးလေ၊ အင်္ဂါမှာမူကား အဏ္ဏယက္ခဖမ်း၏။ ရုပ်နှစ်ခု ခင်ပုပ်ရုပ်တစ်ခုလုပ်၍ တောင်အရပ်သို့ပို့လေ။ ဗုဒ္ဓဟူးနေ့မှာမူကား မြောက်သို့သွား၍ နာသည်၊ ဖီလာယက္ခဖမ်းစားသည်။ မျောက်ရုပ်တစ်ရုပ် လုပ် ပေါက်ပေါက်ထည့်၍ မွန်းတည့်လျှင် ပစ်လေ။ ၅တေးနေ့မှာမူ တောင်အရပ်ကိုသွား၍ နာသည်၊ ဝဿယက္ခမည်သော ဘီလူး ဖမ်းစား၏။ သမင်ရုပ်တစ်ခုလုပ်၍ မွန်းတည့်ကိုတောင်သို့ပို့လေ။ ၆-ကြာနေ့မှာမူ အနောက်သို့သွား၍ နာသည်၊ ယက္ခဘီလူး ဖမ်းစား၏။ ခြင်္သေ့ရုပ်လုပ်၍ မွန်းတည့်ကိုပို့လေ၊ စနေနေ့မှာမူ အနောက်သို့သွား၍ နာသည်၊ ယက္ခဘီလူးဖမ်းစား၏။ လင်းတလုပ်၍ မွန်းလွဲကို အနောက်အရပ်သို့ပို့လေ။

## တြိသတ်ကျမ်းသာ ဓာတ်စာ

တနင်္ဂနွေနေ့နာသော်။ ဖီးယို၊ အုန်းသီးယို၊ ချဉ်ပေါင်၊ ကင်ပွန်း၊ သဘော်သီးမှည့်ကို ထန်းလျက်နှင့် ၃ ရက်စားမည်။ ၎င်းနောက် ဝါးရွက်၊ ပိုးစာရွက် ဟင်းချက်စား၊ ရှောက်သီး၊ နာနတ်သီးယို ထန်းလျက်နှင့် ၃ ရက်စားစေ၊ ဝက်သားမွှန်း၊ ကင်ပွန်းဟင်း ၃ ရက်စားစေရမည်။

တနင်္လာနေ့နာသော်။ မန်ကျည်းဖျော်ရည်၊ ရှောက်သီးဖျော်

www.burmeseclassic.com

www.burmeseclassic.com



ရည်ကိုပေး။ ရင်ပြည့်ရင်လေးလျှင် ဆန်ဆေးရေကို ရင်ဘတ်မှာ ဆွတ်၍ပေး၊ ချဉ်ပေါင်၊ ကင်ပွန်းဟင်းချက်၍ ၃ ရက်ပေးလေ။ ၎င်းနောက် ဂန့်ဂလာ၊ ကြက်ဟင်းခါး၊ ကြောင်လျှာ ရရာတစ်ခုခုကို ဟင်းချက်၍ ၃ ရက်စားစေ။ ညအိပ်လျှင် ကွမ်းရွက်နှင့်ဆားကို ၃ ရက်စားစေ။ ၎င်းနောက် ၄က်ပျောသီးကို ထန်းလျက်နှင့်စား၊ မန်ကျည်းဖျော်ရည်ကို ၃ ရက်စားစေ။ နောက် ၃ ရက်မှာ မုန့်နပ်စားစေ။

အင်္ဂနေ့နာသော်။ အကြော်၊ အဖုတ်၊ အကင် စားစေ။ နွားနို့ စားစေ။ ရှောက်ရည် ၃ ရက်သောက်စေ၊ ၎င်းနောက် ၃ ရက်မှာ နာနတ်သီးကို ထန်းလျက်နှင့်ပေး၊ ကြံရည်ကိုပေး။ ကင်ပွန်းချဉ်ပေါင်၊ ကန်စွန်းရွက်၊ ဇီးဖျော်ရည်ပေးလေ။

နောက် ၃ရက်မှာ ဝက်သားဟင်းလေး၊ မုန့်ဖြူကြော်၊ နာနတ်သီးကို ထန်းလျက်နှင့်စား။ မန်ကျည်းဖျော်ရည်၊ ရှောက်သီးဖျော်ရည် တိုက်လေ။ မျက်စဉ်းလည်း ခတ်ပေးလေ။

ဗုဒ္ဓဟူးနေ့နာသော်။ မန်ကျည်းဖျော်ရည်။ ထန်းလျက်ချိုသို့မဟုတ် ထန်းလျက်ရည်၊ မုန့်နပ်၊ ကင်ပွန်း၊ ချဉ်ပေါင်တို့ကို ၃ ရက်ပေးလေ။ နောက် ၃ ရက်မှာ ပဲကြီးဟင်း၊ ပဲလှော်၊ နွားနို့၊ အုန်းသီးဆန်တို့ကို ပေး၊ နောက် ၃ ရက်မှာ ဇီးသီးကို ထုံးကြက်တက်နှင့်ဖျော်ပေး။ ရှောက်သီးဖျော်ရည် နောက် ၃ ရက်မှာ မန်ကျည်းဖျော်ရည်၊ ဇီးသီးဖျော်ရည်။ လေအောင့်လျှင် သဘော်ရွက် ထန်းလျက်ပြုတ်ပေး၊ ခွေးတောက်၊ တမာ၊ ဂန့်ဂလာ၊ ကြက်ဟင်းခါးတို့ကို ဟင်းချက်၍ပေး။ ဝက်သားဟင်းပေးလေ။

ကြာသပတေးနေ့နာသော်၊ ပထမ ၃ ရက်မှာ ဥသျှစ်သီးရွက်၊ ၄က်ပျော်သီး၊ သဘော်သီးထန်းလျက်နှင့်စားစေ။ နောက် ၃ ရက်မှာ နွားနို့၊ ထောပတ်၊ နှမ်းလှော် နှမ်းပစ် စားလေ။ နောက် ၃ ရက်မှာ ဇီးသီး၊ မန်ကျည်းသီး၊ ချဉ်ပေါင်၊ ကင်ပွန်း စားစေရမည်။

သောကြာနေ့နာသော်။ ပထမ ၃ ရက်မှာ မန်ကျည်းရွက်

www.burmeseclassic.com

www.burmeseclassic.com



ဟင်းစား၊ ရှောက်ဖျော်ရည်သောက်။ နောက် ၃ ရက်မှာ အုန်းသီးကို ထန်းလျက်နှင့်စား။ မုန့်ဖြူကြော်စား၊ နွားနို့၊ ထောပတ်၊ ပဲကြီးဟင်း စား၊ နောက် ၃ ရက်မှာ မန်ကျည်းဖျော်ရည်၊ ကန်စွန်းရွက်ဟင်း၊ ကင်ပွန်းဟင်း၊ သခွား၊ ဖရဲတို့ကို ထန်းလျက်နှင့်စားစေ။

စနေနေ့နာသော်၊ သဘော်၊ ဂန့်ဂလာ၊ ကြက်ဟင်းခါး ရှာ ကိုကျို၍ ထန်းလျက်နှင့်တိုက်။ အခါးကို ဟင်းချက် ၃ ရက်စား၊ နောက် ၃ ရက်မှာ ငှက်ပျောသီးကို ထန်းလျက်စား။ ဥသျှစ်ရွက်ကို ဟင်းချက်ပေး။ ရှောက်သံပုရာကို ထန်းလျက်နှင့်ပေး။ နောက် ၃ ရက်မှာ မန်ကျည်းသီးတစ်ကျပ်၊ ဆားလျော်တစ်မတ်၊ မဖောက်ထုံးရည် နှင့်တိုက်၊ နွားသားကြော်၊ ငါးကြော်၊ နှမ်းလျော် ရှူစေ၊ ကင်ပွန်းရွက် ဟင်း နာနတ်သီးတို့ကို စားစေရမည်။

အောက်ပါဇာတ်တိုင်တို့ကို သိမှတ်လွယ်စိမ့်သောငှာ လင်္ကာ ရေးပြီးအံ့။ အောက်စေ့မှတ်တွေ ကြုံလေသူအား၊ စောနတ်ကျော်မှီ၊ ဝမ်းသော်အစ၊ များလကြုံလူ၊ တစ်ဦးစပယ်၊ နယ်ကြွယ်သူ ဝင်ဟူ၍ ချလေ။

| | ၁–နွေ | ၂–လာ | ၃–ဂါ | ၄–ဟူး | ၅–တေး | ၆–ကြာ | စနေ |
|---|---|---|---|---|---|---|---|
| ဆောင် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ပျက် | ၃ | ၄ | ၀ | ၆ | ၀ | ၁ | ၂ |
| ခိုက် | ၅ | ၆ | ၂ | ၁ | ၂ | ၃ | ၆ |
| ငုပ် | ၀ | ၁ | ၅ | ၃ | ၄ | ၅ | ၄ |

www.burmeseclassic.com

www.burmeseclassic.com



## ပဥ္စကာလ အကျဉ်းချုပ်

| | | | | | | [illegible] | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၆ | ၅ | ၂၄ | ၀ | ၃ | | ဖြူ | နက် | မွဲ | နီ | ပြာ |
| နေ့ | ၁ | ၂ | ၃ | ၄ | ၅ | | ပြေး | မင်း | ကန်း | နိုင် | သေ |
| | ၂ | ၃ | ၄ | ၅ | | | မင်း | ကန်း | နိုင် | သေ | ပြေး |
| ညဉ့် | ၃ | ၄ | ၅ | ၁ | ၂ | | ကန်း | နိုင် | သေ | ပြေး | မင်း |
| | ၄ | ၅ | ၁ | ၂ | ၃ | | နိုင် | သေ | ပြေး | မင်း | ကန်း |
| | ၅ | ၁ | ၂ | ၃ | ၄ | | သေ | ပြေး | မင်း | ကန်း | နိုင် |

နံနက် ၆ နာရီက ၈ နာရီ ၂၄ မိနစ်အတွင်း ၁ ခါ
၈ နာရီ ၂၈ မိနစ် ၁၀ နာရီ ၄၈ ၎င်း ၂ ခါ
၁၀ နာရီ ၄၉ မိနစ်က ၁ နာရီ ၁၂ ၎င်း ၃ ခါ
၁ နာရီ ၁၃ မိနစ်က ၃ နာရီ ၃၆ ၎င်း ၄ ခါ
၃ နာရီ ၃၇ မိနစ်က ၆ နာရီ ၁ ၎င်း ၅ ခါ

လှေပြိုင်၊ လှည်းပြိုင်၊ နွားတိုက်၊ ကြက်တိုက်မှစ၍ အလောင်းအစားများကို အမွေအဆင်းတို့ကို ဆင်ခြင်၍ ကြည့်ရှု၍ လောင်းကြလေ၊ ဘယ်တော့မှ မရှုံးနိုင်သောကိန်းဖြစ်သည်။ နေ့များမှာ ၁ နွေ။ ကြာတစ်ကွက်။ ၅ တေးတစ်ကွက်။ ၂ လာ ၄ ဟူး တစ်ကွက်။ စနေတစ်ကွက်။ ၃ အင်္ဂါ တစ်ကွက် အားလုံး ငါးကွက်ရှိသည်။ အထက်နာရီ မိနစ်အတိုင်း ၅ ခါရှိသည်။ နေ့အောက်က ဂဏန်းများသည် အခါဖြစ်သည်။ ၎င်းအခါများတွင် လောင်းစားလိုသောအခါ၌ လက်ယာဘက်တည့်တည့် အထက်ပါအဆင်းများသည် ရှုံးအနိုင်ဖြစ်သည်။ သေကို ပြေးကနိုင်သည်။ ပြေးကို ကန်းကနိုင်သည်။ ကန်းကို နိုင်ကနိုင်နိုင်သည်။ နိုင်ကို မင်းကနိုင်သည်။ ဥပမာ ၅ တေးနေ့ည်နေ ၃ နာရီ လောင်းစားလိုလျှင် ၃ နာရီမှာ ၄ အခါတွင်းဖြစ်၍ ၅ တေးနေ့

www.burmeseclassic.com

www.burmeseclassic.com


အောက်တည့်တည့် ၄ အခါရှောင်ရှာသော် အောက် ၃ ကွက်မှာတွေ့သည်။ အောက် ၃ ကွက်၏တည့်တည့် လက်ယာကိုကြည့်လျှင် အဖြူကန့်၊ အနက်နိုင်၊ အမွဲသေ အနီရှုံး၍ပြေး အပြာမင်း။ ၅ တေးနှင့် ၃ အခါ အနက်နှင့်အပြာအနိုင်ဆုံးဖြစ်သည်။

(အနက်နှင့်အပြာတိုက်ကြလျှင် အပြာအနိုင်ဆုံးဖြစ်သည်။)

## လောကီရေးရာ အဘိဓာန်

အိမ်ထောင်ဘက်ရွေးရန်။ ဦးသာ စိန်ပန်း ဒါန်းလှ ကိုရှာ အိမ်ထောင်ဘက်ကောင်း။

အိမ်ထောင်ဘက်မယှဉ်ရန်။ ဓမ္မာ သောက အင်းဝ ရာဇာ အိမ်ထောင်ဘက် မသင့်။

မိတ်ဘက်။ အောင်ပံ ကုလား ဆွေသား နောင်ရင်း မိတ်ဘက်ကြိုက်။

ဓာတ်ဘက်။ အဆွေ၊ ဂမ္ဘော စရေဝံသေ၊ ဓာတ်တက်ယှူ။

ဓာတ်ရန်။ ဦးဝေ၊ စံကူး ရေဘူးကောသူ၊ ဓာတ်ရန်။

ရန်ကြိုက်၊ ဦးညို၊ ခေမာ၊ သုတာ၊ ဝေရီ ရန်ကြိုက်မတဲ့ကောင်း။

နံ့ဘီလာရွေးရန်။ အင်းဝရှင်ကြီး ထန်း သီးစုတ်ဖုတ် အနောက်မြောက်က လက်ယာပတ်ချ။

ကြိုလ်တို့မူလအရပ်ရွေးရန်။ ဦးလာ ရာက ထန်းသစ္စာပန်။ အနောက်မြောက်က လက်ယာပတ်ချ။

လေးမျက်နှာလာဘ်ရွေးရန်။ အရှေ့ဗျောစည်၊ အနောက်ဆင်၊ မြောင်ခွဲသဲအိတ် တောင်မှခေါ်တက် လာဘ်ရက်။

နတ်နေရွေးရန်။ အုန်းသီး ဆက်လာ တောင်က ရှာမှာ အနောက်တောင်က လက်ယာပတ်ချ။

လေးမျက်နှာ နတ်ရွေးရန်။ အရှေ့ခိုနား၊ အနောက်အိုင်သား မြောက်မှာလမ်းစ၊ တောင်မှာပြ၊ ရွေးကြနတ်နေရာ။

www.burmeseclassic.com

www.burmeseclassic.com


အစိုးရဂြိုဟ်ရွေးရန်။ ဦးမဲလာက နေသူညွှန်သ၊ အရှေ့အရပ်က လက်ဝဲပတ်ချ။

လက်ဝဲ လက်ယာ ဂြိုဟ်ရွေးရန်။ အထွန်းရာဇာ ဂြိုဟ်လက်ယာလှည့်သော် ပေါက်ကွဲ ဂြိုဟ်လက်ဝဲ။

ကျွန်ဂြိုလ် အရှင်ဂြိုဟ်။ အစထွက်ရာ ကျွန်ဂြိုဟ်သား ကြိုင်လှပျံသင်း အရှင်ဂြိုဟ်မင်း။

ဂြိုဟ်ယောကျာ်း ဂြိုဟ်မိန်းမ၊ လိုအင်ပြည့်ငြား ဂြိုဟ်ယောကျာ်း၊ သူထူခိုင်းရ ဂြိုဟ်မိန်းမ။

ယာယီဂြိုဟ် နဂိုရ်ဂြိုဟ်။ ရွာစဉ်ကသည်ဂြိုဟ်ယာယီ၊ နလုအပွင့် နဂိုရ်ဂြိုဟ်မြင့်။

ရက်ပုတ်ရွေးရန်။ အိပ်ချင်မောစွ၊ ဖနရစ်ပ၊ အိမ်ကဆိုလိမ့်မယ်၊ တန်ခူးလကစ၍ တစ်လလုံးယူ။

ရက်ကန်ရွေးရန်။ အုန္တခူဖံ လက်ပံသီတင်း အင်ကြင်းဆူးလေ၊ တန်ခူးလကစ၍ တစ်လလုံးယူ။

လတွင်းကျရွေးရန်။ စုံရန့်လေသာ နွေဦးတန်ခူးလကစ၍ တစ်လနှစ်လုံး လေးလစီယူ။

ဂြိုဟ်ရှစ်လုံးချရန်။ အဂ္ဂါစော ဓမ္မရာသီ အရှေ့မြောက်လက်ယာရစ် ပတ်ချ။

ခေါင်းဆေးရ မဆေးရ ရွေးရန်၊ ကရင်သားမွေးခေါင်းဆေးနှင့် အိုးစည်တီး ပြီးအောင်ဆေး။

ကုန်ဝယ်ရ မဝယ်ရ။ ကျော်အောင်စံနှောင်း မဝယ်ကောင်းလွမ်းဘုံသာ ဝယ်ပါ။

စကားမမှန် စကားအမှန်ရွေးရန်။ ကျွန်မသား စကားမမှန်စံထားရာ အမှန်စကား။

လစုံမစုံရွေးရန် သူ စုံမစုံ။ သူစုံမှစုံမယ်။ လက်ကိုချိုး၍ရေရမယ်။ ဆယ့်နှစ်လ စုံမစုံ ထင်လင်းသိရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်လမွန်းတည့် ဖဝါးရွှေးနည်း။ စစ်ကိုင်းအနောက်အုပ် ကျောက်စရာ မသာပေလော၊ ဝါဆိုလမှာ နောသုညာမှတ်မှာ ဖဝါး။ ပျောက်ပေါက်ကွင်း ဆယ့်တစ်လ နံသင့်ကြမှ မှန်လှယူသဘော။

ဆီလိမ်းအပ် မလိမ်းအပ်ရွေးရန်။ အုန်းဆီတီးခေါ် နေ့သုံးသော် ဆီနော်မလိမ်းနှင့်၊ ကောင်းလှသနော် နေ့လေးသော် ဆီနော် လိမ်းအပ်လှ။

ရေချိုးအပ် မချိုးအပ် ရွေးရန်။ နက်သည့်ချောင်းရိုး နေ့ လေးမျိုး ရေမချိုးသင့်။ အောင်စံဖြိုးနော် နေ့သုံးနော် ရေနော်ချိုးအပ် လှ။

လက်သည်းလှီးအပ် မလှီးအပ် ရွေးရန်။ အိုကြင်ရာမှန်းသွေ နေ့ငါးထွေ လက်သည်းလှီးရှောင်ပါလေ။ စည်တော်ဝင်ခေါ် နေ့သုံး ဖော် ဖြတ်လေလက်ကိုသာ။

သောမဂြိုဟ် ပါပဂြိုဟ်ရွေးရန်။ ကြောင်ဖားဝက်သားဂြိုဟ် လေးပါး ကောင်းစားစေတတ် ဂြိုဟ်သောမ။ အုန္တစရိုလေးလုံးဂြိုဟ် ရန်ကိုပြုတတ် ပါပမှတ်။

နားထွင်းအပ် မထွင်းအပ်ရွေးရန်။ အုံ၊ နာ၊ သဲ၊ ကြင်၊ စွာ၊ နေ့ငါးဖြာ နားထွင်းမပြုရာ။ ရွှေပန်းခေါ် နေ့နှစ်ဝ၊ ထွင်းကြနား ကိုသာ။

ခရီးသွားရွေးရန်။ စနေဝေးရပ် မသွားအပ်။ လှည်းမှာ စနေ သောကြာလျှော့၊ သွားလေနေ့မသင့်။

ခွေးကို စနေ ကြောင်မှာကြွက်နေ့၊ မရွှေ့မွေးအပ်စွာ။ ကျောက်နီပတ္တမြား ရတနာများ၊ ဝယ်ထားနေ့သောကြာ။ စနေအင်္ဂါ ဆေးဖော်ရာ၊ ကောင်းလေဆေးသြဇာ၊ ဆင် မြင်းကျွဲနွား ဝယ်လိုငြား မှတ်သားနေ့သာ။ အင်္ဂါနေ့မှာ အစဉ်အလာ ဝယ်ကြလုံ့ဓားသာ၊ တနင်္ဂနွေနေ့ ကောင်းပေဝယ်လေ စပါးကျီဌာထား။ ဝမ်းမနှုတ်ကောင်း၊ သီးနုငြပ်မှာ ဝမ်းနှုတ်ပါ အုန်းပြုတ်ရက် ဝမ်းမနှုတ်နဲ့။

www.burmeseclassic.com

www.burmeseclassic.com



## လူမျိုးအစိုးရခြင်းသဘော

တနင်္ဂနွေဂြိုဟ်၊ ယိုးဒယားလူမျိုး၊ တနင်္လာရှမ်း၊ အင်္ဂါတလိုင်း၊ ဗုဒ္ဓဟူးကဒူး၊ ကြာသပတေးမြန်မာ၊ သောကြာသက်ကသည်း၊ စနေကုလား၊ ရာဟုထာရုတ် အာသီးသီး အစိုးရကုန်၏။

## အမျိုးလေးပါးသဘော

တနင်္ဂနွေ အင်္ဂါခတ္တိယမင်းမျိုး၊ တနင်္လာ ဗုဒ္ဓဟူး သူဌေး သူကြွယ်၊ ကုန်သည်၊ လယ်လုပ်၊ ဗုဒ္ဓဟူးမင်းညီမင်းသား၊ ဆွေတော်မျိုးတော်၊ ကြာသပတေးသောကြာ ဗြဟ္မပုဏ္ဏားမျိုးပညာရှိ၊ သူတော်မြတ်၊ ရဟန်း၊ ပုဏ္ဏား၊ စနေမုဆိုး၊ တံငါ၊ ဒွန်းစဏ္ဍား၊ လူရိုင်း၊ သူဆင်းရဲမျိုးတို့ကို အစိုးရ၏။

## မူလအရပ်

ဥလာရာကထန်းသူဇာပန်း ဟူ၍ လက်ယာရစ်ရှစ်မျက်နှာချလော၊ ဂြိုဟ်ရှစ်လုံးတို့၏ မူလအရပ်ဖြစ်၏။

## ဝမ်းကျ ဝမ်းတန့်မန္တာန်

ဥုံ ဗုဒ္ဓသက္ကမ္မသက္က သံဃသက္ကမရဏာသွားဟ။ ၎င်းမန္တာန်နှင့်ချည် ၇ မျှင်ကို ၇ ထုံးထုံး၊ ၇ တန့် တန့်ပြီးလျှင် ခါးမှာ ၎င်းချည်မန်းကို ဂွမ်းလုပ်၍သွပ် ဝမ်းတန့်စေတတ်၏။ ရေဝတ်လှသော် ၎င်းမန္တာန်ရေကို ၃၇ အုပ်မန်းတိုက်။ အံသော် ၎င်းချည်မန်းဂွမ်းပြု၍ လည်ပင်းမှာ သွတ်ရမည်။ ချမ်းသာစေတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



## သုခေဒဆေးတော်ကြီး

| | |
|---|---|
| ပရုပ် ၄ ပဲ | ပန်းရင်း ၄ ပဲ |
| ဖိုးမသိမ် ၄ ပဲ | ပန်းညို ၄ ပဲ |
| နံ့သာနီ ၄ ပဲ | သဇင်ဥ ၄ ပဲ |
| နံ့သာဖြူ ၄ ပဲ | မြက်လေးဖြူပွင့် ၄ ပဲ |
| ပန္နူ ၄ ပဲ | ခွေးတောက်နွယ် ၄ ပဲ |
| ပန်းဥ ၄ ပဲ | နနွင်းနွယ် ၄ ပဲ |
| နနွင်းတက် ၄ ပဲ | နွယ်ချို ၄ ပဲ |
| သစ်ကြပိုး ၄ ပဲ | စမုံမျိုးငါးပါး ၄ ပဲစီ |
| ကြံသွေး ၄ ပဲ | ကုတိုး ၄ ပဲ |

အားလုံး အလေးဂန္ဓဂေါဝစ္စ ၅ ကျပ် ၈ မဲ။

မီးယပ်သွေးဆေးကြီး၏ ရေလဲမှာ ယေ်ရွှယ်သူ သတို့သမီးတို့သည် သွေးသွန်ဥတုလွန်လျှင် နွားနို့နှင့်ဆေး သင့်တော်ရုံထည့်ပြီး တိုက်ပါ။ ဥတုရာသီမပေါ် ထိန်ချုပ်၍နေသော် ထန်းလျက်နှင့်တိုက်ပါ။ မိန်းမအရွယ်မရွေး ရင်ဆာရင်ပူဖြစ်လျှင် ဆေးသကြားနှင့်တိုက်ပါ။ အိပ်မပျော်သော် အိပ်မက်ကယောင်ချောက်ချားမက်သော် စိတ်လေသော် ကြံရည်နှင့်တိုက်ပါ။ နှလုံးတုန်ရင်ခုန် ထိတ်လန့်သော် အားကုန်ခမ်းသော် ပိန်ချုံးသော် ကြံသွေးနှင့်တိုက်၊ နံ့သာဖြူ နံ့သာနီနှစ်ပါး ရေနှင့်တိုက်ပါ။ အသက် ၄၀ ကျော် ၆၀ အတွင်းရှိသော မိန်းမတို့မှာ ထိုဆေးကို အမြဲမပြတ် ရေလဲနှင့် နံနက်တစ်ခွက် ညတစ်ခွက်သောက်ပါလေ။ ရောဂါကင်းစင် အင်အားပြည့်ဖြိုး အလှတိုး၏။ ဒေဝကညာနတ်သူဇာကဲ့သို့ လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်အံ့။

www.burmeseclassic.com

www.burmeseclassic.com



## လောကသမုတိကျမ်း

ဤမဟာဘဒ္ဒကမ္ဘာ၏အစ၌ ငါတို့ဂေါတမမြတ်စွာဘုရားနှင့် အလောင်းတော်ဖြစ်သော မဟာသမ္မတ ဗြဟ္မာမင်းသည် အကနိဋ္ဌ ဗြဟ္မာပြည်မှ ရှစ်ယောက်သော ဗြဟ္မာကြီးတို့သည် ဆင်းသက်၍ ကောင်းသော အဆင်းအနံ့အရသာနှင့်ပြည့်စုံသော မြေဩဇာတို့ကို စားကြကုန်၏။ ထိုသို့ စားကြကုန်သည့်ရှိသော် လူတို့သည် တစ်နေ့တခြား ပြန့်ပွား၍ များလာလေလေသည်ဖြစ်သောကြောင့် သူတို့အား အသီးအခြား နေစိမ့်သောငှာ အိမ်ရာတို့ကို ဖန်ဆင်းပြီးမှ အာဒိနာရမဟာနာဂ မှုသော ပြည်ကြီးနှစ်ပြည်တွင် နေသောသူတို့ကား၊ ကောတုဟ လမင်္ဂလာနှင့်စပ်သော အသုံးအဆောင်တို့ကိုလည်းကောင်း၊ သုတိမင်္ဂလာနှင့်စပ်သော အသုံးအဆောင်တို့ကိုလည်းကောင်း။ မဟာဗြဟ္မာမင်းသည် ဤသို့ စီရင်၏။ တစ်ရံရောအခါ ထိုပြည်ကြီးနှစ်ပြည်တွင် နေကြသောလူ အပေါင်းတို့တွင် ခြောက်ယောက်သောလူတို့သည် မိမိအမှုအကျင့်များ ယွင်း၍ ရုက်စနိုးရှိသောကြောင့် သေရာဘိသော် မြတ်၏။ သေခြင်းတရားကို ဆုတောင်းကြလေသည်။ ထိုသို့ ဆုတောင်းကြသောစကားကို မဟာသမ္မတမင်းကြီး ကြားလေ၍ ဤသို့ ဆိုတော်မူလေသည်။

အဘယ်သို့ ဆိုသနည်းမူကား သင်တို့အသက်ကို သင်တို့ မချစ်ဘဲ သင်တို့သေဝံ့ပလေက ငါသို့သောမင်းချီးမွမ်းခြင်းကို ခံထိုက်ပေသည်ဟု ဆိုတော်မူလေသည်။ ထိုသို့ မဟာသမ္မတမင်းဆိုသောစကားကို ကြားသည်ရှိသော် တစ်ယောက်သူကား ရေတွင် မျောနစ်၍ သေရပါလို၏ဟု ဆုတောင်း၏။ တစ်ယောက်သောသူကား မိုးကြိုးပစ်၍ သေရပါလို၏ဟု ဆုတောင်း၏။ တစ်ယောက်သောသူကား ကျားကိုက်၍ သေရပါလို၏ဟု ဆုတောင်း၏။ တစ်ယောက်သောသူကား သစ်ပင်မှ ကျ၍ သေရပါလို၏ဟု ဆုတောင်း၏။ တစ်ယောက်သောသူကား လည်တွင် ကြိုးထည့်၍ သေရပါလို၏ဟု ဆုတောင်း၏။ တစ်ယောက်သူ

www.burmeseclassic.com

www.burmeseclassic.com



ကား ပကတိ ဖျားနာ၍ သေရပါလို၏ဟု ဆုတောင်းသည်။

ထိုခြောက်ဦးသောသူတို့သည် မိမိတို့တောင်းသောဆုအတိုင်း ပြည့်စုံသောကြောင့် တစ်ယောက်သောသူသည် ရေတွင်မျော၍ နစ်သေလေသည်။ ထိုသေသောအလောင်းကို ဤသို့ စီရင်၏။ အဘယ်သို့ စီရင်သနည်းဟူမူကား မြေမှုန့်နှင့် နနွင်းကိုရောပြီးလျှင် ရေနှင့်ဖျော်၍ အတက်ခုနစ်ခါ အသက်ခုနစ်ခါ လိမ်းပြီးမှ မီးနှင့် သင်္ဂြိုဟ်စေ၏။ မလိမ်းမူကား မီးနှင့်မသင်္ဂြိုဟ်။ မြေ၌သာ နှံစေရာ၏။ (မြှုပ်ရှေ့လည်းဟူ၏။) အကူးလည်း မခံစေရာ၊ ညဉ့်လည်း မသိပ်စေရာ၊ ဆွမ်းလည်း မကျွေးစေရာ၊ စာလည်း မသင်္ဂြိုဟ်စေရာ (စာပြော တရားဟောလည်း မထည့်ရ ဟူ၏)။ ဘုရားကိုလည်း ထိုသူရှေ့ မဆောင်စေရာ၊ သရဏဂုံကား တင်စေရာ၏။ ဆွမ်းစိမ်းသော်ကား လှူစေ၏။

ထို့နောက် တစ်ယောက်သောသူလည်း မိုးကြိုးပစ်၍ သေလေ၏။ ဤသို့သောသူအလောင်းကို ဤသို့ စီရင်၏။ အဘယ်စီရင်သနည်းဟူမူကား ထိုသူအလောင်းကို ဝတ်စာကျင်းတွင်တင်၍ သုံးကြိမ်စေ့အောင် လှုပ်စေ၍ မြေသို့ကျမှ ရေလုံကို ချိုးစေရာ၏။ ပြီးမှ သင်္ဂြိုဟ်သောအခါ အရှေ့တောင်ထောင့်ထိပ်သို့ မျက်နှာပြုစေ၍ မတ်တပ်မြေတွင် နှံစေ (မြှုပ်စေလည်းဟူ၏)။ ယခင်ဆိုသည့်အတိုင်း မပြုဘဲ သုံးကြိမ်လှုပ်စေ၍ ရေလုံမချိုးမူကား မြေ၌ မမြှုပ်စေရာ၊ အကူးခမ်းနား မဆောင်စေရာ၊ ညဉ့်လည်း မသိပ်စေရာ၊ ဘုရားကိုလည်း ထိုသူရှေ့ မဆောင်စေရာ၊ စာလည်း မသသင်္ဂြိုဟ်စေရာ (စာပြော တရားဟော မထည့်ရဟူ၏။) သရဏဂုံလည်း မတင်စေရာ၊ ဆွမ်းလည်း မကျွေးစေရာ၊ ဆွမ်းစိမ်းသော်ကား တစ်ချက်တည်း လှူစေရာ၏ဟု စီရင်လေသည်။

ထို့နောက် တစ်ယောက်သောသူ လည်ကျားကိုက်၍ သေလေ၏။ ထိုသေသောအလောင်းကို ဤသို့ စီရင်ရာ၏။ အဘယ်သို့ စီရင်သနည်းဟူမူကား ထိုသေသောသူ၏အနာရှိရာကစ၍ ရေလုံချိုးစေပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



မီးသဂြိုဟ်စေ၏။ ရေလုံမချိုးသော်ကား မီးနှင့် မသဂြိုဟ်စေရာ၊ ဘုရားကိုလည်း ထိုသူရှေ့ မဆောင်စေရာ၊ စာကိုလည်း မသဂြိုဟ်စေရာ (စာပြော တရားဟော မထည့်ရဟူ၏)။ ညဥ့်လည်း မသိပ်စေရာ၊ သရဏာဂုံသော်ကား တင်စေရာ၏။ ဆွမ်းစိမ်းသော်ကား လှူစေရာ၏ဟု စီရင်လေသည်။

ထို့နောက် တစ်ယောက်သောသူသည် သစ်ပင်ထက်မှာကျ၍ သေရပြန်လေသည်။ ထိုသေသောသူ၏အလောင်းအား ဤသို့စီရင်လေ၏။ အဘယ်သို့ စီရင်သနည်းဟူမူကား ထိုအလောင်းကို အမိအဖ အဆွေအမျိုးတို့သည်လည်းကောင်း၊ အသက်ကြီးသောသူတို့သည်လည်း ကောင်း၊ သီတင်းသုံးဖော်တို့သည်လည်းကောင်း သုံးကြိမ်စေ့အောင် ကျော်စေပြီးမှ မီးသဂြိုဟ်စေရာ၏။ သုံးကြိမ်စေ့အောင် မကျော်စေမူကား မီးနှင့် မသဂြိုဟ်စေရာ၊ ညဥ့်လည်း မသိပ်စေရာ၊ အကျူခမ်းနား မခံစေရာ၊ ဆွမ်းလည်း မကျွေးစေရာ၊ ဘုရားကိုလည်း ထိုသူရှေ့ မဆောင်စေရာ၊ စာလည်း မသဂြိုဟ်စေရာ (စာပြော တရားဟောမထည့်ရဟူ၏) သရဏာဂုံသော်လည်း တင်စေရာ၏။ ဆွမ်းစိမ်းသော်ကား လှူစေရာ၏ဟူ စီရင်လေသည်။

ထို့နောက် တစ်ယောက်သောသူသည် လည်တွင် ကြိုးထည့်၍ သေလေ၏။ ထိုသေသောသူ အလောင်းကို ဤသို့ စီရင်လေသည်။ အဘယ်သို့ စီရင်သနည်းဟူမူကား ထိုသူ၏အလောင်းကို တွင်းတူးပြီးမှ အရှေ့ထောင့်သို့ မျက်နှာပြု၍ ဆံဖားလျား ဖြေစေ၍ မတ်တပ်မြှုပ်စေရာ၏။ မြှုပ်ပြီးမှ သီတင်းသုံးဖော်တို့ကို အဖိုးအခပေး၍ ထွန်သွားခုနစ်ချောင်းနှင့် မိုးကောင်းစေ၊ ချမ်းသာစေဟုဆိုပြီးမှ ရှေ့ပြန်နောက်ပြန် ခုနစ်ခါ ထွန်စေရာ၏။ ထိုသို့ မပြုကား မတ်တတ်မမြှုပ်စေရာ၊ သားစဥ့်မြေးဆက် ပျက်စီးရာ၏။ မီးနှင့်လည်း မသဂြိုဟ်စေရာ၊ ညဥ့်လည်း မသိပ်စေရာ၊ အကျူခမ်းနားလည်း မခံရာ၊ ဘုရားကိုလည်း ထိုသူရှေ့ မဆောင်ရာ၊ စာကိုလည်း မသဂြိုဟ်စေရာ (စာပြော တရားဟော

www.burmeseclassic.com

www.burmeseclassic.com



မထံည့်ရ) ဟု စီရင်လေသည်။

ထို့ကြောင့် ယခုအခါ ဖြစ်ကုန်သော အကြင်ပညာရှိတို့သည် ဤသို့ ကျမ်းဂန်လာသော ထုံးနည်းကိုမှီ၍ သိစေရာ၏။ ထို့ကြောင့်လည်း ယခုထက်တိုင် အသုံးအစွဲ အရိုးအစဉ် အဆက်ပြု၍ သုံးဆောင်ကြလေသတည်း။ ဤသို့ အစဉ်အဆက် သုံးစွဲ၍ ရှိလျက်ကို မသုံးစွဲကြမူ၍ အပြုအမူ မှားယွင်းသောသူတို့သည်ကား အပြစ်ခပ်သိမ်း ရောက်လေ၏။ ထိုသို့ အပြစ်ခပ်သိမ်းရောက်မည်ကို စိုးရိမ်သောကြောင့် ကမ္ဘာဦး၌ဖြစ်သော မဟာသမ္မတမင်းသည် ခပ်သိမ်းသောသူတို့အား သုံးစွဲကြစေခြင်းငှာ ကောတုဟလ မင်္ဂလာနှင့်စပ်သော စကားရပ်ကို မှတ်သားစေခြင်းငှာ စီရင်ရာ ဤကား ကောတုမင်္ဂလာနှင့် စပ်သော စကားအကျဉ်းတည်း။

## ရှောင်ကြဉ်ရာများ

အကြင် ခုနစ်ရက်သားတို့သည် ကျောင်းကန် ဆောက်လုပ်အံ့သောငှာ တော၌ သစ်ဝါးတို့ကို ခုတ်လေအံ့။ ထိုခုတ်သောသစ်ဝါးတို့သည် မြေသို့မကျဘဲ ကျအောင် မလဲမူ၍ သစ်ပင်ကို မှီတင်းနေမူကား ထိုသစ်ဝါးတို့ကိုယူ၍ ကျောင်းအိမ်မဆောက်လုပ်စေရာ၊ လုပ်လျှောက်မပြုလုပ်စေရာ။ ကျောင်းဆောက်လုပ်၍ နေမိချေသော် ထိုအိမ်ရှင်ကျောင်းရှင်တို့သည် အသက်မရှည်ရာ၊ သေပျောက်ရာ၏သို့။ အမည်ကား သစ်ဆွဲဟူသတည်း။

အကြင်သူတို့သည် အိမ်သာ ကျောင်းကန် တန်ဆောင်း၊ ဂူကျောင်း ဘုရားပုထိုး၊ ကျိုကျ ဘဏ္ဍာထိမ်းမြားမင်္ဂလာ စသော အဆောက်အဦတို့၏ မင်္ဂလာဦးယူ တိုင်ထူသောရက် အုတ်မြစ်ချယူရာ၌ ရှောင်ကြဉ်ရာသည်ကား နှစ်မသန့် လမသန့် ရက်မသန့်သည်တို့ကိုပယ်၍ ကောင်းသော သန့်ပြန့်စင်ကြယ်ခြင်းဖြစ်သော နှစ်၊ လ၊ ရက်တို့ကိုဆောင်၍ ကျောင်းကန်အိမ်ရာဇရပ်တန်ဆောင်း ဂူကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘုရားပုထိုးတို့ကို တည်ဆောက်လုပ်စေ၏။

အကြင်သူတို့သည် နှစ်လရက်တို့ကို မသန့်ရှင်းသောနေ့အခါ၌ ဆောက်လုပ်လှူဒါန်းနေထိုင်မိအံ့။ ထိမ်းမြားမင်္ဂလာပြုမိအံ့ ဤသို့သောသူများသည် စည်းစိမ်ချမ်းသာ မဖြစ်ရာ။ လုပ်ငန်းဆောင်တာ မတည်ရာ၊ ပျက်စီးသေပျောက်ရာ၏။ ဘေးသင့်ရာ၏။ တိုးတက်စည်ပင်ခြင်း မဖြစ်ရာ၊ အကြင်သူကို အဆွေအမျိုးသားချင်းမြေးတော်တော်သည်ဖြစ်လျက် ဝမ်းတွင်းနှုတ်ပိတ် ကိုယ်ဝန်ရှိနေလျက် ထိမ်းမြားမင်္ဂလာပြုရာ၌ လက်ဖွဲ့ချီးမြှင့်ခြင်းမပြုရာ။ ထိုလူ၏ ရှိခိုးခြင်းကိုလည်း မခံရာ။ ခံချေသော်။ ပြုချေသော် ရှိချေသော် ဥစ္စာပျောက်ပျက်ရာ၏။ ဘေးလည်း သင့်ရာ၏။ ဖွားမြင်သောအခါ မေးမြန်းရာ၏။

အကြင်သူသည် အသက်ဆယ်နှစ်မပြည့်မူ၍ သေသော်ကား အကူမခံရာ၊ ညည့်မသိပ်ရာ၊ မီးဖြင့် မသဂြိုဟ်ရာ၊ သားမြေးချင်းတော သောသူတို့သည်ကား အကူမခံရာ၊ သို့သော်လည်း အလှူကို ထောက်ပံ့ရည်၍ မဆို။ ငှင်းပြင် ခဲ ကြေး ဆန်ရည်တို့ကို ထည့်အပ်ပါ၏။ အကြင်မိန်းမတို့သည် နှုတ်ပိတ်ကိုယ်ဝန်ရှိလျက် တန်ဆောင်း၊ ဂူ ကျောင်း ဘုရားတက်ရာ၌ အသီးအခြား ငါ့အား အကျိုးဖြစ်ပေဟူ၍ ကျောင်းတိုင်ဇရပ် စသည်တို့၌ ပိတ်ချဉ်ယပ်များ၊ ပုထိုး စသည်တို့ကို မဆွဲမကိုင်ရာ။ ဆွဲချေ ကိုင်ချေသော် မကောင်း။ ပျက်စီးသိမ်ဖျင်းရာ၏။

အကြင်သူသည် အိမ်ဆောက်ရာ၌ ထုပ်လျှောက် အမွန်းချင်း ပိတ် ဒူးရင်းကြေးခွေတို့ကိုလည်းကောင်း၊ သစ်ဝါးတို့ကိုလည်းကောင်း ကိုယ်ဝန်ဆောင်သောမိန်းမတို့သည် ကျော်နင်းမူကား ထိုအိမ်ရှင် ကျောင်းရှင်တို့သည် မကောင်း။ ပျက်စီးရာ၏။ ကိုယ်ဝန်ဆောင်ရှိသော ခွေးဝက်တို့သည် ကျော်နင်းမူလည်း မကောင်း၊ ဘေးသင့်ရာ၏။ ထိုသစ်ဝါးတို့သည်လည်း မသန့်စင်သည်ဖြစ်၏။ အကြင်ပုဂ္ဂိုလ်၏ကျောင်း၌ ကျောင်းရှင် ဆရာရှင်မှစ၍ တပည့်သားမြေးတို့သည် သေ၍ရှိပြီ က ရတက်ပေါင်းကွက်ကျိုးသော်လည်းကောင်း၊ အိမ်ကာဆောင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



ကျိုးသော်လည်းကောင်း နောက်ဆက်၍နေသော တပည့်သားမြေးတို့သည် အသက်မရှည်ရာ။ သေပျောက်ပျက်စီးရာ၏။ တပည့်သားမြေးသည်လည်း မစည်ပင်နိုင်ရာ။ သေပျောက်ရာ၏။ သိမ်ဖျင်းရာ၏ ဟူပေ။

ထိုကျောင်းရှင်ဆရာတို့ အသက်ခန္ဓာကုန်မှန်း မသိခဲ့လျှင် ထိုကျောင်းကို နောက်ဆက်၍ မနေအပ်။ စွန့်ပစ်ရာ၏။ အကြွင်းသူ၏ နှမသားချင်း၊ ချွေးမ၊ တူမ၊ မိကြီး၊ မိထွေးတို့သည် ကိုယ်လေးလက်ဝန်ရှိလျက်ကို ထိမ်းမြားမင်္ဂလာဆောင်ရာ မပြုရာ။ ဆောင်ချေသော် ပြုချေသော် စည်းစိမ်ဥစ္စာ ပျက်စီးရာ၏။ အသက်လည်း မရှည်ရာ။ သေပျောက်ရာ၏။

အကြွင်းသူ၏ သားမြေးတို့သည် အသက်နှစ်ဆယ် မပြည့်ဘဲ ညဥ့်ဦးသေသော် ညဥ့်မအိပ်ရာ၊ သန်းလွဲသေသော် မြက် အမှိုက်လည်း မသုတ်သင်ရာ၊ အလျင်တဆောချရာ၏။ အကြွင်းသူသည် လကွယ်နေ့ သေသော် ညဥ့်မသိပ်ရာ၊ လ ရက် မကူးစေရာ၊ ထိုသေသော နေ့ရက်ပင် ချအပ်၏။ သင်္ဂြိုဟ်အပ်၏။ တစ်လကူး၍ ဆွမ်းမကျွေးရာ၊ အကူ မခံရာ၊ ရေစက်ချသော်ကား ချရာ၏။

အကြွင်းရဟန်း ပဉ္စင်းသာမဏေတို့သည် အမိအဖတို့၏ အိမ်၌ အသက်ခန္ဓာကုန်သော် ရွာ၏ ဥပစာအတွင်းသို့သွင်း၍ စည်မောင်း ဆိုင်းဝိုင်း စသည်တို့ကို မတီးစေအပ်။ ပဉ္စင်း သာမဏေတို့၏ သွားခြင်းအလားကိုလည်း အစုံကိရိယာတို့ကို ပြုချေရာ၏။ မပြုချေသော် မကောင်းရှိတတ်သည်။ ခုံဦးပြည့်လုပ်ဆောင်ရာ၏။ ဆိုင်းဝိုင်းကိုမတီးစေအပ်၊ အလောင်းကို ချသောအခါ၌လည်း မတီးမမှုတ်စေအပ်၊ အလောင်းကိုချ၍သွားသောအခါ ခရီးအကြား၌ ရှေးကကြို၍သော် လည်းကောင်း တီးအပ်၏။ အလောင်းကိုတင်ရာကသည် တစ်ဉ်တီးမှုတ်၍ တစပြင်သို့ရောက်အောင် မသွားအပ်၊ ခရီးကြို၍သာသွားအပ်သည်။ ရဟန်းပဉ္စင်းသာမဏေတို့သည်ကား ခုံဦးပြည့်နှင့်သာ သွားရာသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြင်မဲ့သောသားကို သူဌောင်းစိုးမင်းတို့သည် ကြေးကြီး ငွေကြီးပေး၍ဝယ်ပြီးလျှင် လက်ပြန်၍ စောသောကျွန်လည်းဖြစ်အံ့၊ အရှင် မသိအောင် တိတ်တိတ်ခိုး၍ ခေါင်းရိတ်ပြီးလျှင် ရဟန်းပြုလေအံ့၊ သိတင်းသုံးလေအံ့၊ ထိုကျွန်ရှင်တို့သည် သေပျောက်ရာ၏။ မသေကျန် သော်လည်း တစ်စုံတစ်ယောက်သာ ကြွင်းကျန်ရာ၏။ သည်အပြစ်နှင့် ကား ကျောင်းနေဆရာနှင့် ကျောင်းဒါယိကာမတို့ အမျက်ပင်မြိုယက်ရှိ ၍ ကျောင်းကို စွန့်ပစ်သွားလေအံ့၊ ထိုသွားလေရာ၌ ရှိသောကျောင်း သည် အလျှင်နေသော ကျောင်းထက်သာသောကျောင်းကို နေရလ အံ့၊ အလျှင်နေသောကျောင်းဒါယကာ ဒါယိကာမတို့သည် အသက် မရှည်ရာ၊ စည်းစိမ်ဥစ္စာ ပျက်စီးရာ၏။ ထိုအပြစ်တို့ကို လွှတ်လိုမူ ကား၊ မိမိကျောင်း၌ လှူဒါန်းမြဲအတိုင်း အခြားကျောင်း၌ ရွှေ့ပြောင်း သွားသော ရဟန်းတို့ကိုလိုက်၍ လှူဒါန်းရာ၏။ ငါ့ကျောင်းတွင် မနေဘဲ ဟူ၍ မလှူဘဲမနေရာ။ နေချေသော် ဤနည်းတူ အပြစ်ရောက်ရာ၏။ တစ်ရွာတစ်ပြည်ရှိသောကျောင်းကို တစ်ရွာတစ်ပြည်သို့ မဆောင်မယူ ရာ၊ ဆောင်ယူချေသော် ဆောင်ယူသောမြို့ရွာသားတို့သည် ကြွေမွ ပျက်စီးရာ၏။ ကြိမ်ဖန်များစွာ မီးလောင်ရာ၏။ မိမိတို့နေသောအိမ် သော်လည်း သိမ်ဖျင်းရာ၏။

အကြင်သူသည် ကျွဲနွားဝယ်၍ မစေစားဖူးသော် ဝယ်ရာသည် ကား အခြေလေးချောင်းတို့တွင် အမကို အလျှင်ဝယ်၍ စေစားရာ၏။ အခြေနှစ်ချောင်းတို့တွင် ယောကျာ်းကို အလျှင်ဝယ်၍ စေစားရာ၏။ မိန်းမကိုဝယ်၍ မစေစားစေရာ၊ ကျွဲနွားမှာ တုံသော်လည်း အထီးကို အလျှင်ဝယ်၍ မစားစေရာ၊ အကယ်၍ စေစားမိသော် ကျွဲနွားမှာ မုချ သေပျောက်တတ်၏။ အမြဲတရှည် မဖြစ်တတ်ဟူလို အကြင်သူ သည် သေ၍ အလောင်းကိုမချမီ လျှင်လှုပ်သည်ရှိသော် ထိုအလောင်း ကို လျင်မြန်စွာ ချရာ၏။ ပင့်သံဃာတို့မရောက်သေး၍ ဆိုင်း၍ အကြာမထားအပ်။ သင်္ချိုင်းသို့ ရောက်မှသော်ကား အလောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ထင်းပုံထက်သို့တင်၍ ဆိုင်းငံ့အပ်၏။ ဤသို့မပြုမိ တာရှည်ထားသော် ထိုမြို့ရွာအပြင်ကို ခပ်သိမ်းရောက်ရာ၏။ အနာရောဂါနှိပ်စက်ရာ၏။ အိမ်ရှင် ပျက်စီးရာ၏။

အကြင်အိမ်၌ သားစဉ်မြေးဆက် အတူလက်ဆုံစားသော ကျွန် သေသည်ရှိသော် လက်သည် ခြေအရင်းအပ၌ အရှေ့သို့ ဦးခေါင်းပြု ထားရာ၏။ ချသောအခါ၌လည်း ခြေရင်းအလိုက် မြောက်လှည့်၍ ချရာ၏။ အကူ ခမ်းနားသော်ကား အိမ်တွင် သားမြေးအရင်းကဲ့သို့ အတင့်အတယ်မခံရာ၊ ညီမျှသော်ကား သင်္ဂြိုဟ်ရာ၏။ အိမ်ကထုတ်၍ သော်လည်း သင်္ဂြိုဟ်ရာ၏။ ဆွမ်းကျွေး၍ ဆွမ်းချည်းသော်ကား ပို့ရာ၏။ ဆွမ်းစိမ်းသော်လည်း လှူအပ်၏။ ဤကား သားစဉ်မြေးဆက် အတူ လက်ဆုံစား၍ သေသောအိမ်ကျွန်ကိုသာ ဆိုသတည်း။ တဒင်္ဂ ကျွန်သေမှုကား အောက်မှ တဲအုံက နွားဆောက်၍ သေစေရာ၏။ အကူခံခြင်းကိုလည်း မပြုအပ်။ မင်္ဂလိဖိုလ်နိဗ္ဗာန်ကိုရည်၍ သင်္ဂြိုဟ်အပ် ၏။ ဆွမ်းမကျွေးအပ်။ ပို့အပ်၏။ ဆွမ်းစိမ်းသော်ကား လှူအပ်၏။ မိမိ အိမ်ကသော်ကား ထုတ်၍ သင်္ဂြိုဟ်အပ်၏။ သင်္ဂြိုဟ်သောစရိတ် စကကိုကား အကြွေးမထားစေအပ်၊ ခွဲခြမ်း၍သာ ထားစေအပ်သည်။ ပါရှိသမျှကိုလည်း တစ်ချက်တည်း ကုန်အောင် သင်္ဂြိုဟ်အပ်၏။ အလောင်းမချမီကား အလှူအတန်းပို့ဟူ၍ ခွဲခြမ်း၍ ထားရာ၏။ ဤ ကား တဒင်္ဂကျွန်ကိုသာ ဆိုသတည်း။

## တစ်နည်း၊ ရှောင်ကြဉ်ရာများ

အကြင်သူသည် ရွာပြင်ကသေသောသူကို သင်္ဂြိုဟ်အပ်သည် ဟူ၍ ရွာထဲသို့ တစ်ဖန်ယူ၍ မသင်္ဂြိုဟ်အပ်။ မချလာချေအပ်။ လာချေ သွားချေရှိသော် ထိုမြို့ထိုရွာ အနာရောဂါနှိပ်စက်အံ့။ ၎င်းမြို့တို့ကို ကြိမ်ဖန်များစွာ မီးလောင်ရာ၏။ နိဂုံ အမည်ရှိသောရွာ၌ ကြေးသီး

www.burmeseclassic.com

www.burmeseclassic.com



ပြင်စားပြု၍နေသော သူဌေးသားတစ်ဦးသည် သေလွန်သည်ရှိသော် ထိုရွာသူရွာသားတို့သည် ထိုသူဌေးအလောင်းကို ရွာတွင်းသို့ယူ၍ ရွာအနောက်တစ်စပြင်သို့ တစ်ဖန်ပို့၍ သင်္ဂြိုဟ်လေကုန်၏။ မကြာမီ ထိုရွာတွင် နေကုန်သောသူတို့သည် အနာရောဂါ နှိပ်စက်ဖူး၍ သေလေသည်။ ကြိမ်ဖန်များစွာ မီးလောင်၍ ထိုရွာလည်း ပျက်စီးဖူးလေသည်။ ထို့ကြောင့် မယူမသွင်းအပ်သတည်း။

အကြင်သူတို့၏ ရွာဥပစာမြေ၏အပိုင်းအခြားကို သိလိုမူကား သုတ္တန်ပရိတ္တိအားဖြင့် အကြင်ရွာ၌ အဆုံးစွန်သောအိမ်က တစ်စုံတစ်ခုသောအိုးကို ရေဆေး၍ သွန်အပ်၏။ ထိုအိုးက ရေကျဆုံးသောအရပ်သည်လျှင် ရွာ၏ ဥပစာမည်။ ဤကား သုတ္တန်ပရိယတ္တိကျမ်း အလိုတည်း။

ဝိနည်း ပရိယတ္တိကျမ်းအလိုကား ထိုအိမ်ရေဆုံးသောအရပ်ကသည် တံတောင်ဖြင့် ခုနစ်တောင်ထွာသည်လျှင် ထိုရွာ၏ဥပစာမည်။ ဤကား ဝိနည်းပရိယတ္တိအလိုတည်း။

အဘိဓမ္မာ ပရိယတ္တိအလိုကား ထိုတံတောင် ခုနစ်တောင်ထွာရှိသော မြေအရပ်က အင်းလျစ်လျှရှိသော ယောကျ်ားသည် တစ်ဟုန်တည်းဖြင့် အုတ်ခဲကိုကိုင်၍ ပစ်သည်ရှိသော် ထိုအုတ်ခဲကျရာအရပ်သည် ရွာ၏ ဥပမာမည်၏။ အဘိဓမ္မာ ပရိယတ္တိအလိုတည်း။

ထို့ကြောင့် ရွာ၏ဥပစာပြင်၌ သေသောသူကို ရွာတွင်းတို့သို့ ယူ၍ မသွင်းအပ်သတည်း။

အကြင်ဆရာအားရည်မှတ်၍ ကျောင်းကိုဆောက်၏။ ထိုဆောက်သောကျောင်းကို သာဓုမခေါ်သေးဟု ထိုဆရာ သေခဲ့သည်ရှိသော် အရှေ့ကျောင်းဦးကိုဖောက်၍ မချစေအပ်။ တက်လေ့ကား လက်လေ့ကားမှ ချစေအပ်၏။ အဘယ်ကြောင့် ကျောင်းဦးကိုဖောက်၍ ချစေအပ်သနည်းဟူမူကား ထိုဆရာအား ရည်မှတ်၍ ကျောင်းဦးကို ဆောက်ကာမျှနှင့်သာ ကုသိုလ်၏အကျိုးသည် အပြီးသို့ မရောက်သေးသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဖြစ်သည်။

ထိုဆရာအား ရည်မှတ်၍ လျှုခါမျှနှင့် ထိုကျောင်းကို ထိုဆရာသည် မပိုင်ချေသေး၊၊ ထိုကျောင်းကို ရေစက်ချ၍ သာဓုအနုမောဒနာ မခေါ်ရသေးဖြစ်၍ ၎င်းဘုန်းကြီးအလောင်းကို ကျောင်းဦးက ဖောက်၍ မချကောင်း။ အကယ်၍ ချမိချေသော် နောက်ဆက်၍နေသော တပည့်သားမြေးတို့သည် အသက်မရှည်ရာ၊ ကျောင်းဒါယကာ ကျောင်းဒါယိကာ မတို့သည် စိုးရိမ်ဗျာပါများတတ်၏။ သောကလည်း အထူးဖြစ်၏ဟူပေ။

အကြင်သူသည် အိမ်အောက်၌လည်းကောင်း၊ ကျောင်းအောက်၌လည်းကောင်း လူတို့ကို မသေစေရာ၊ သေချေသည်ရှိသော် အိမ်ရှင်၊ ကျောင်းရှင်တို့သည် အသက်မရှည်ရာ၊ ထိုအိမ်ထိုကျောင်းတို့သည်လည်း သိမ်ဖျင်းရာ၏။ ရွာ၏အရှေ့၌နေ၍ သေသည်ရှိသော် ရွာရှေ့ကိုယူ၍ မသွားအပ်။ ထိုသူ၏အနောက်ကို လမ်းရှိသော်လည်းကောင်း၊ အိမ်မြောက်ကို လမ်းရှိသော်လည်းကောင်း ခရီး တိုက်ရိုက်သွားစေအပ်၏။ အဘယ်ကြောင့် ရွာရှေ့သို့မသွားအပ်စေသနည်းဟူမူကား မနုဿမရဏော ဂါမူပစာရတော ဂဟေတွာ န ဂမိဿာမိ သစေပန ဘယာနကာ မဟာရောဂါ နသံဃာယဟူ၍လာသောကြောင့် မသွားအပ်စေသတည်း။

အနက်ကား။ မနုဿမရဏော၊ လူတို့သေသည်ရှိသော်၊ ဂါမူပစာရတော၊ ရွာ၏ဉပစာဖြစ်သော အရှေ့အရပ်မှ။ ဂဟေတွာ၊ ယူ၍၊ နဂမိဿာမိ၊ မသွားအံ့၊ သစေပန၊ အကယ်၍ယူသွားမိမူကား၊ ဘယာနကာ၊ ကြောက်မက်ဖွယ်သော ဘေးသင့်ရာ၏။ မဟာရောဂါ၊ ကြီးသော အနာရောဂါသည်လည်းရောက်ရာ၏။ နသံသယော၊ ယုံမှားမရှိ၍ ကျမ်းဂန်၌လာသောကြောင့် ရွာ၏ဉပစာဖြစ်သော အရှေ့အရပ်သို့ယူ၍ မသွားစေအပ်။

သကြဲန္တဝသေ ကမ္ဘာသကေ အတာ ကမ္ဘသ မွောနိ မနုဿ မရဏံ ဌပိတကမ္ဘံ နကရောန္တုယျ၊ သစေနဌပိတကမ္ဘံ မဟာ ရောဂါ မဟာတယာ နသံသယဝုဝေ။

www.burmeseclassic.com



အနက်ကား။ သကြဲန္တဝသော၊ သကြဲန်ကျသောနေ့၌လည်းကောင်း၊ သမ္ပာသတော၊ နှစ်ရက်ကြွတ်သောနေ့၌လည်းကောင်း၊ အတာကမ္ပသာ၊ အတာတက်သောနေ့၌လည်းကောင်း၊ ဓမ္မာနိ၊ လက္ခဃိ၌လည်းကောင်း။ မနုဿ မရဏာ၊ လူတို့သည် သေသည်ရှိသော်။ ဌပိတကမ္ပံ၊ ညဥ့်ထားသောအမှုကို။ နကရောန္တယျ၊ မပြုရာ။ သစေနတိကမ္ပ၊ အကယ်၍ ထားခြင်းကိုပြုချေမူကား။ မဟာရောဂါကြီးသောအနာမှုလည်း နှိပ်စက်ရာ၏။ မဟာဘဒယ၊ ကြီးသောဘေးကြီးလည်းသင့်ရာ၏။ ဓုဝေ၊ ချွတ်မယွင်းလျှင်။ နသသယော၊ ယုံမှားမရှိရာ။

ထိုသို့ ကျမ်းဂန်လာသောကြောင့် ထိုနေ့ရက်၌ သေသောသူတို့ကို ညဥ့်မအိပ်စေသတည်း။

အကြင်အိမ်၌ အိမ်ရှင်မကဲ့သို့ တောင်နှင့်မြောက်ကို ခေါင်လျောက်ပြု၍ ဆောက်လုပ်သည်ပြုအံ့။ အနောက်ကကြမ်းပြင်ရှိသော်လည်းကောင်း၊ ထိုအိမ်၌ လူသေဆုံးသည်ရှိသော် ခေါင်လျောက်သည့်အတိုင်း အလောင်းကို ထားရာ၏။ သေသည်လည်းသေစေရာ၏။ ထိုသို့မထားဘဲ ဦးခေါင်းကို ရှေ့သို့ပြု၍ ထားချေသော် လျောက်မြတ်ဟု ဆိုသတည်း။ မကောင်းကျိုးရောက်တတ်၏ဟူပေ။

## ဒုမင်္ဂလာ

အကြင်သူ၏အိမ်၌ တစ်အိမ်တည်းတွင် နှစ်ယောက် အသည်းအသန်နာ တစ်ယောက်သေသည်ရှိသော်ကား အကျူးမခံစေအပ်။ ဆွမ်းမကျွေးအပ်၊ ညဥ့်လည်း မအိပ်စေအပ်၊ မီးနှင့်သော်ကား သင်္ဂြိုဟ်စေအပ်၏။

အသက်နှစ်ဆယ်မပြည့်ဘဲ ညဥ့်မသိပ်စေအပ်၊ အိမ်ရှေ့ကိုလည်း ဖောက်၍ မချစေအပ်။ မီးနှင့်လည်း မသင်္ဂြိုဟ်စေအပ်၊ မြေ၌သာ နံ့စေ၏။ ဤကဲ့သို့မပြုသောသူတို့သည် အပြစ်ခပ်သိမ်းတို့က်ရောက်လာလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



အကြင်သူသည် သေ၍ ညဥ့်လည်းသိပ်ရအံ့၊ ထိုသေသောနေ့၌ မြင်းခုံဘောင်တို့ကို မလှူပ်စေအပ်။ လှူပ်မိသော် ထိုနေ့ပင်လျှင် ထင်းကို စုရာ၏။ လှေကားလည်း ထောင်ရာ၏။ ဤကား ဆင်းရဲသားတို့ သုံးဆောင်ရိုးအစဉ်တည်း။

ထို သုံးပါးတို့တွင် တစ်ပါးပါးကို လုပ်ဆောင်မိသော် သုံးပါးအစုံကို လုပ်ရာ၏။ သုံးပါးအစုံဟူသော်ကား ခုံမြင်းဘောင် လုပ်ဆောင်ခြင်းတစ်ပါး၊ ထင်းစုခြင်းတစ်ပါး၊ လှေကားထောင်ခြင်းတစ်ပါး ဤသုံးပါးတည်း။ မစုံတဲတစ်ပါးတည်းသောလုပ်ဆောင်မိသော် အိမ်ရှင်မကောင်း။ ပျက်စီးတတ်၏။ အကြင်သူသည် သေ၍ ညဥ့်သိပ်ထားရအံ့၊ ခေါင်ရင်းအပါး ထရံကဲလားကို မဖွင့်အပ်။ ချသောနေ့မှသာ ဖွင့်အပ်၏။ လက်ထိုးခေါင်းရင်းအပေါ်ကိုလည်း မဖွင့်အပ်။

## တစ်နည်းဆိုပေဦးအံ့

အကြင်သူသည် တအိမ်တည်းနေလျက် အိမ်တက်တွင် သားသမီး၊ ချွေးမ၊ တူမ၊ မယားတို့သည် နှုတ်ပိတ် ကိုယ်ဝန်ရှိလျက်သေသော် အကူမခံအပ်၊ ညဥ့်လည်းမသိပ်အပ်။ အကူခံချေသော် ညဥ့်သိပ်ချေသော် ထိုအိမ်ရှင်မကောင်းရှိတတ်၏။ အသက်လည်း မရှည်ရာ၊ သေပျောက်တတ်၏။ အသက်နှစ်ဆယ်မပြည့်ဘဲ ညဥ့်ဦးသေသော် ညဥ့်မသိပ်ကောင်း။ သန်းလွဲသေသော် မိုးမသောက်ကောင်း။ အကူလည်းမခံကောင်း။ မီးမသင်္ဂြိုဟ်ကောင်း။ ဘုရားလည်း ထိုသူရှေ့မဆောင်ကောင်း ရှောင်ကြဉ်ရာ၏။ အကြင်သူ၏အလောင်းကိုချ၍အလောင်းစင်သို့မရောက်ခင်မှ၍ မိုးကြိုးပစ်သော်လည်းကောင်း ဆောင်သောဘုရားစကားကိုဆိုလင့်သော်လည်းကောင်း၊ သားစဉ်မြေးဆက်ပျက်စီးသိမ်ဖျင်းရာ၏။ အသက်လည်းမရှည်၊ သေပျက်ရာ၏။ ဆောင်သောဘုရားတရားဟောသော်လည်းကောင်း၊ ဆောင်သောဘုရားသွား၍ကြိုသော်လည်းကောင်း မကောင်း၊ ပျက်စီးရာ၏။ အသက်လည်းမရှည်

www.burmeseclassic.com

www.burmeseclassic.com



ရာ။ ကွေကွင်းရာ၏။

အကြင်သူသေ၍ အလှူအတန်းဝတ်တို့ကို လေပွေခတ်သော်လည်းကောင်း၊ မီးလောင်သော်လည်းကောင်း၊ အလိုအလျောက် ပြိုလဲခဲ့သော်လည်းကောင်း ဆွေမျိုးစဉ်ဆက် ပျက်စီးရာ၏။ အသက်မရှည်၊ သေပျောက်ကွေကွင်းရာ၏။ ဆောင်သောဘုရားမျက်ရည်ယိုသော် သားစဉ်မြေးဆက် အသက်မရှည်ရာ၊ ထိုမှတစ်ပါး အိမ်တွင်အလောင်းရှိစဉ် ထမင်းအိုးနှင့် ဟင်းအိုး အလိုလိုကွဲအံ့၊ အိမ်ထွင်းနတ်အိုးလည်း အလိုလိုကွဲအံ့၊ ထိုသူအလောင်းလျှင် ကြောင်းဆောလျှင် မရောက်ခင်၌ မီးလျှင် အကုန်မလောင်လင့်အံ့၊ အလောင်းစောစွာချ၍လာသော်လည်းကောင်း၊ ယောက်ျားလက်ဝဲ သစ်ပင်လဲသော်လည်းကောင်း၊ မိန်းမလက်ယာ လေမလာဘဲ သစ်ပင်သစ်ကိုင်း အလိုလိုလဲသော်လည်းကောင်း၊ အလိုလိုကျိုးသော်လည်းကောင်း၊ ထိမ်းမြားမင်္ဂလာဆောင်လေရာ၌ လက်ယာလက်ဝဲ နွားနှင့်ကျွဲလည်း မလွှဲအလိုလိုသေလင့်အံ့၊ မကောင်းသေပျောက်ကွေကွင်းရာ၏။ ဤသို့သော ပုပ္ပနိမိတ်တို့သည်ကား သားစဉ်မြေးဆက်ပျက်စီးသောအမှုတည်း။ ရှေးအခါ သူကြွယ်သူဌေးတို့ ပျက်စီးလျှင် ဤသို့သောအတိတ်နိမိတ်တို့ ထင်ကြကုန်သတည်း။ ဤကား မဖြစ်ဖူးသော အထူးနိမိတ်တို့တည်း။

## လူတို့စားအပ် မစားအပ်

အကြင်သူသည်သေ၍ မသာဆွမ်းကို ကျွေးအံ့၊ ထိုကျွေးသောအရာ၌ မေတ္တာရေကိုခံ၍ စားအပ်၏။ တရားပန်ကြားလိုသော်ကား မထည့်အပ်၊ ထည့်ချေသော် ထိုပန်းညှိုးတိုင်း ထိုအိမ်သခင်တို့လည်း မကောင်းတတ်ကြသည်။ အကြင်သူသည် ထမင်းမစားရ၍ ဆာလောင်မွတ်သိပ်ချေသော် တစထမင်း ကုတ်ဟီးထမင်းတွင် ကုတ်ဟီးထမင်းကို မစားအပ်၊ တစထမင်းကို စားအပ်၏။ စားမိချေသော် ဘေးကြီးဖြစ်ရောက်၏။ အကြင်သူသည် မုဆိုးထမင်းနှင့် မိန်းမပြုထမင်းကိုစားလို

www.burmeseclassic.com

www.burmeseclassic.com



သော် မုဆိုးထမင်းကို စားအပ်၏။ မိန်းမမြို့ထမင်းကို မစားအပ်။ စားမိချေသော် သကြွန်အင်လက္ခဏာနှင့်မပြည့်စုံသည် ဖြစ်ရာ၏။

အကြင်သူသည် ပြည့်တန်ဆာထမင်းနှင့် ခဝါသည်ထမင်းကို စားလိုသော် ပြည့်တန်ဆာထမင်းကို စားရာ၏။ ခဝါသည်ထမင်းကို မစားအပ်၊ စားမိချေသော် ဒဏ်ကြီးစွာရောက်ရာ၏။ အကြင်သူသည် နတ်ဝင်ထမင်းနှင့် ကဝေသည် ထမင်းစားလိုသော် နတ်ဝင်ထမင်းကို စားအပ်၏။ ကဝေသည်ထမင်းကို မစားအပ်။ စားမိချေသော် အရှိန်အစော်ညှိုးရာ၏။

အကြင်သူသည် နတ်တင်သောထမင်းနှင့် သင်ပုတ်တင်သော ထမင်းကို စားလိုမူ နတ်တင်သောထမင်းကို စားအပ်၏။ သင်ပုတ်တင်သောထမင်းကို မစားအပ်၊ စားမိချေသော် ရတနာသုံးပါးစိမ်ရေသင့်ရာ၏။ အကြင်သူသည် ကင်ပွန်းပေးသော ထမင်းကို စားအပ်၏။ ခေါင်းရိတ်မင်္ဂလာပြုသောထမင်းကို မစားအပ်၊ စားမိချေသော် အညွန့်အသားမရှိသည်ဖြစ်ရာ၏။

အကြင်သူသည် ဥသျှောင်ထုံးသောထမင်းနှင့် နားထွင်းသော ထမင်းကိုစားလိုမူ ဥသျှောင်ထုံးသောထမင်းကို စားအပ်၏။ နားထွင်းသောထမင်းကို မစားအပ်၊ စားမိချေသော် မကောင်းသောအပြစ်ရောက်ရာ၏။ အကြင်သူသည် အလှူကောင်းမှုပြုသောထမင်းနှင့် အတာကျွေးသောထမင်းကိုစားလိုမူ အလှူကောင်းမှုပြုသောထမင်းကို စားအပ်၏။ အတာကျွေးသောထမင်းကို မစားအပ်၊ စားမိချေသော် ဒဏ်သင့်ရာ၏။ အကြင်သူသည် ဂြိုဟ်စာကျွေးသောထမင်းနှင့် စုန်းကျွေးသောထမင်းကို စားလိုမူ ဂြိုဟ်စာကျွေးသောထမင်းကို စားအပ်၏။ စုန်းကျွေးသောထမင်းကို မစားအပ်၊ စားမိချေသော် လူတို့သမုတ်တတ်၏။ အကြင်သူသည် နတ်ပြုသောထမင်းနှင့် တစ္ဆေဥပကပစ်သောထမင်းကို စားလိုသော် နတ်ပြုသောထမင်းကို စားအပ်၏။ တစ္ဆေဥပကပစ်သောထမင်းကို မစားအပ်၊ စားမိချေသော် အညှိုးသိုတတ်၏။

www.burmeseclassic.com

www.burmeseclassic.com


အကြင်သူသည် မုဆိုးထမင်းနှင့် တံငါထမင်းကို စားလိုမူ မုဆိုးထမင်းကို စားအပ်၏။ တံငါထမင်းကို မစားအပ်၊ စားမိချေသော် ကျက်သရေယုတ်ရာ၏။

အကြင်သူသည် သူစိမ်းထမင်းနှင့် ချည်စာသွင်းသောထမင်းကို စားလိုမူ သူစိမ်းထမင်းကို စားအပ်၏။ ချည်စာသွင်းသောထမင်းကို မစားအပ်၊ စားမိချေသော် ထလ္လကြီးစွာရောက်ရာ၏။

အကြင်သူသည် နပုန်းထမင်းနှင့် ပဏ္ဍုတ်ထမင်းကိုစားရမူ နပုန်းထမင်းကို စားအပ်၏။ ပဏ္ဍုတ်ထမင်းကို မစားအပ်။ စားမိချေသော် ကျက်သရေယုတ်ရာ၏။

အကြင်သူသည် ဝက်သတိုးထမင်းနှင့် တည်သည်ထမင်းကို စားလိုမူ ဝက်သတိုးထမင်းကို စားအပ်၏။ တည်သည်ထမင်းကိုမစားအပ်။ စားမိချေသော် ကြန်အင်လက္ခဏာတန့်ရာ၏။

အကြင်သူသည် လင်နေ၍ သားရှိသောမိန်းမ ထမင်းနှင့် သားမရှိသောမိန်းမထမင်းကို စားလိုမူ သားရှိသောမိန်းမထမင်းကို စားအပ်၏။ သားမရှိသောမိန်းမထမင်းကို မစားအပ်၊ စားမိချေသော် အရှိန် အစော် ညှိုးရာ၏။

အကြင်သူသည် မုဆိုးထမင်းနှင့် မုဆိုးမထမင်းကို စားလိုမူ မုဆိုးထမင်းကို စားအပ်၏။ မုဆိုးမထမင်းကို မစားအပ်၊ စားမိချေသော် မကောင်းဟူသ၍ ဘေးရောက်တတ်၏။

အကြင်သူသည် သဒ္ဒါဆွမ်းနှင့် မသာဆွမ်းကို စားလိုသော် သဒ္ဒါဆွမ်းထမင်းကို စားအပ်၏။ မသာဆွမ်းထမင်းကို မစားအပ်။ စားမိချေသော် ထလ္လကြီးစွာရောက်ရာ၏။

အကြင်သူသည် နှုတ်ပိုက် ကိုယ်ဝန်ရှိသောသူ ထမင်းနှင့် ဝမ်းဆွဲထမင်းကို စားလိုသော် နှုတ်ပိုက်ကိုယ်ဝန်ရှိသောသူထမင်းကို စားအပ်၏။ ဝမ်းဆွဲထမင်းကို မစားအပ်၊ စားမိချေသော် ဘုန်းတန်ခိုး ညှိုးရာ၏။

www.burmeseclassic.com

www.burmeseclassic.com



အကြင်သူသည် ငှက်ခတ်သမားထမင်းနှင့် အလမ္ပာယ်ထမင်းကို စားလိုမူ ငှက်ခတ်သမားထမင်းကို စားအပ်၏။ အလမ္ပာယ် ထမင်းကို မစားအပ်။ စားမိချေသော် အဆိပ်အတောက် ညှိရာ၏။

အကြင်သူသည် စာရေးတံချသောဆွမ်းနှင့် ဂြိုဟ်လွှဲဒဏ်လွှဲပြုသောထမင်းကို စားလိုမူ စာရေးတံချသောဆွမ်းကို စားအပ်၏။ ဂြိုဟ်လွှဲဒဏ်လွှဲပြုသောထမင်းကို မစားအပ် စားမိချေသော် ဒဏ်ခပ်သိမ်း ရောက်ရာ၏။

## လူတို့ဝတ်အပ် မဝတ်အပ်သောအရာများ

အကြင်သူသည် တစထုပ်သောပုဆိုးနှင့် သူကောင်ထုပ်သောပုဆိုးကိုဝတ်လိုမူ တစပုဆိုးကိုဝတ်အပ်၏။ သူကောင်ထုပ်သောပုဆိုးကို မဝတ်အပ် ဝတ်မိချေသော် ထလ္လကြီးစွာ ရောက်ရာ၏။

အကြင်သူသည် ပွဲနီခင်းသောအဝတ်ပုဆိုးနှင့် နတ်တင်သောပုဆိုးကိုဝတ်လိုမူ ပွဲနီခင်းသောအဝတ်ပုဆိုးကို ဝတ်အပ်၏။ နတ်တင်သောပုဆိုးကို မဝတ်အပ်၊ ဝတ်မိချေသော် ငြိုငြင်တတ်၏။

အကြင်သူသည် လင်းလက်ပုဆိုးနှင့် ရွှေမြားပုဆိုးတို့ကို ဝတ်လိုမူ လင်းလက်ပုဆိုးကို ဝတ်အပ်၏။ ရွှေမြားပုဆိုးကို မဝတ်အပ်။ ဝတ်မိချေသော် ဒဏ်သင့်ရာ၏။

အကြင်သူသည် ခဝါပုဆိုးနှင့် ပြည့်တန်ဆာပုဆိုးကို ဝတ်လိုမူ ခဝါသည်ပုဆိုးကို ဝတ်အပ်၏။ ပြည့်တန်ဆာပုဆိုးကို မဝတ်အပ်။ ဝတ်မိချေသော် ကြန်အင်လက္ခဏာ ယုတ်၏။

## လူတို့ပန်အပ် မပန်အပ်ပန်းများ

အကြင်သူသည် သကြိန်ကျသောနေ့ ဦးခေါင်းဆေးသောပန်းနှင့် ထိမ်းမြားမင်္ဂလာပြုလုပ်ရာ၌ ပန်းကိုပန်လိုမူ သကြိန်ကျသောနေ့

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းဆေးသောပန်းကို ပန်အပ်၏။ ထိမ်းမြားမင်္ဂလာပြုသောပန်းကို မပန်အပ်၊ ပန်မိချေသော် အဆိပ်အတောက် ညှဲရာ၏။

အကြင်သူသည် နတ်တင်သောပန်းနှင့် ဘုရားတင်သောပန်းကို ပန်လိုမူ နတ်တင်သောပန်းကို ပန်အပ်၏။ ဘုရားတင်သောပန်းကို မပန်အပ်။ ပန်မိချေသော် ရတနာသုံးပါး စိမ်ရေသင့်ရာ၏။

ထိုမှတစ်ပါး အကြင်သူသည် မုဆိုးမပန်သောပန်း မိန်းမပြုပန်သောပန်း၊ နတ်ဝင်မပန်သောပန်း၊ ကဝေပန်သောပန်း၊ လူသေပန်သောပန်း၊ ပြည့်တန်ဆာမပန်သောပန်း၊ သူကောင်အလောင်းမှာ ထည့်လိုက်သောပန်း၊ ကင်ပွန်းတပ်ရာ၌ ထည့်သောပန်း ကမွလွှေ၌ ထည့်သောပန်း၊ နပုန်းပဏ္ဍုတ်ပန်သောပန်း ဤသို့ ဆိုအပ်ပြီးသောပန်းတို့ကို ခုနစ်ရက်သားသမီး၊ ခုနစ်ရက်သားတို့သည် မပန်ဆင်အပ်၊ ထိုမှတစ်ပါး ဘယက် နားဋ္ဌောင်းတို့ကို မပန်ဆင်အပ်၊ ပန်ဆင်မိသော် မကောင်းကျိုးမျက်မှောက် ရောက်စေတတ်၏။

## သေသူတို့၏ သဂြိုဟ်နည်း

အကြင်သူသည် ပကတိ ဖျားနာသဖြင့် မသေမူ၍ သစ်ပင်အကိုင်းဖြင့် ပိ၍သေသော်လည်းကောင်း၊ နွားကွဲဝှေ့ခတ်၍ သေသော်လည်းကောင်း၊ ဆင်မြင်းတို့သည် နင်းကန်မိ၍ သေသော်လည်းကောင်း၊ မီးမသဂြိုဟ်အပ်၊ မြေ၌သာ နှံ့စေအပ်၏။ တောအုပ်၌သေသော် လည်းကောင်း၊ တောအုပ်၌ သဂြိုဟ်အပ်၏။ ခြေမကျိုးလက်မကျိုး မနှောင်ဖွဲ့အပ် ညဉ့်လည်းမအိပ်အပ်၊ အကူလည်းမခံအပ်၊ ဆွမ်းလည်းမကျွေးအပ်၊ တရားလည်းမဟောစေအပ်၊ သရဏဂုံသော်ကား တင်အပ်၏။ ဆွမ်းစိမ်းသော်ကား လှူအပ်၏။ အဘယ်ကြောင့် ယခင်ဆိုခဲ့သည့်အတိုင်း မပြုရာသနည်းဟူမူကား အစိမ်းသေဖြစ်သောကြောင့်တည်း။

ရှူ၊ ဒုံ၊ စူးရဲ၊ ဓား၊ လှံ၊ လေးတို့ဖြင့် ပုတ်ခတ်မိ၍သော်လည်း မီးဖြင့် မသဂြိုဟ်အပ်၊ အကူအခံမပြုအပ်၊ ဆွမ်းမကျွေးအပ်၊

www.burmeseclassic.com

www.burmeseclassic.com



ခြေမကျိုး လက်မကျိုး မနှောင်အပ် ညှဉ့်မသိပ်အပ် အကယ်၍ ညှဉ့်သိပ်ခြင်းပြုသော် အပြစ်ခပ်သိမ်းရောက်ရာ၏။ အဘယ်ကြောင့်နည်းဟူမူကား အစိမ်းသေဖြစ်သောကြောင့်တည်း။ အစိမ်းသေဟူသမျှပင်မီးမသဂြိုဟ်အပ်၊ ညှဉ့်မသိပ်အပ်၊ အကူမခံအပ်၊ ဆွမ်းမကျွေးအပ်၊ ဘုရားကို ထိုသရွေ့ မဆောင်အပ်၊ ဤကား ဘေးဒဏ်ထိခိုက်၍ တဒင်္ဂခဏဖြင့် လက်တလောသေကြသောသူတို့ကို ဆိုသတည်း။ နေ့ ရက်လကြာမှ သေသောသူတို့ကို မဆို ပကတိဖျားနာ၍ သေသောသူတို့မှာ သွားမြဲတိုင်းပင် သွားအပ်၏ဟု မှတ်ရာ၏။

အကြင်သူသည် ဘေးဒဏ်သင့်လေသောကြောင့် သေအံ့။ ထိုသေသူအရပ်၌ သဂြိုဟ်အပ်၏။ ပြောင်း၍မသဂြိုဟ်ရာ ပြောင်း၍သဂြိုဟ်မူကား သားစဉ်မြေးဆက် ပျက်စီးရာ၏။ အကြင်ရွာ၌ တစ်နေ့တည်း နှစ်ယောက်သေသည်ဖြစ်အံ့ နောက်မှသေသောသူကို အကူမခံအပ်၊ သေလျှင် သေသောသူကို အကူမခံအပ်၏။ နောက်သောသူကို အလျှင်ချစေရာ၏။ အလျှင်သေသောသူကို နောက်မှ ချစေရာ၏။ ဤကား တစ်နေ့တည်းတွင် တစ်အိမ်၌ နှစ်ယောက်သေသောသူကို ဆိုသတည်း။ တစ်လတည်းတွင် တစ်အိမ်တည်း၌ နှစ်ယောက်သေသော်လည်းကောင်း ရက်လည်မှ သေသော်လည်းကောင်း အကူခံအပ်၏။ ရက်မလည်မူကား အကူမခံအပ်ချေ။ ထိုနည်းလည်းကောင်း သေပျောက်ရာ၏။ ဆွမ်းကိုကား တတ်အားသမျှ ပြုရာ၏။

အကြင်ရွာ၌ လဆန်းတစ်ရက် လူသေသော်လည်းကောင်း၊ လဆုတ်တစ်ရက်နေ့ လူသေသော်လည်းကောင်း၊ ညှဉ့်မသိပ်အပ် သိပ်စေသော် အနာရောဂါနှိပ်စက်ရာ၏။ အသေအပျောက်များ၏။ ထိုသေသောနေ့၌ပင် သဂြိုဟ်ရာ၏။ မသဂြိုဟ်ဘဲ တစ်ရက်ထက်လွန်၍ ထားချေသော် အပြစ်ခပ်သိမ်းရောက်ရာ၏။ အကြင်သူသည် လကွယ်နေ့၌ သေ၍ လဆန်းတစ်ရက်နေ့၌ သဂြိုဟ်သော်လည်းကောင်း၊ လပြည့်နေ့၌သေ၍ လဆုတ်တစ်ရက်နေ့ သဂြိုဟ်သော်လည်းကောင်း၊ အပြစ်

www.burmeseclassic.com

www.burmeseclassic.com



ခပ်သိမ်းရောက်ရာ၏။ လဆန်းကစ်ရက်နေ့ သေသည်ရှိသော် ထိုသေသောနေ့၌ပင် သင်္ဂြိုဟ်ရာ၏။ လဆုတ်တစ်ရက်နေ့သေသော် ထိုသေသောနေ့၌ပင် သင်္ဂြိုဟ်ရာ၏။ မသင်္ဂြိုဟ်ဘဲ နှစ်ရက်ဆက်၍မထားရာ။ ထားချေသော် ခပ်သိမ်းရောက်ရာ၏။

(ဇင်းကျမ်းထွက်စကားတွင် ဆွမ်းမကျွေးရာဟူသောစကား ဘုရားမနှစ်သက်သောကြောင့် ပယ်ရာ၏။)

## သင်္ဂြိုဟ်မသင်္ဂြိုဟ်ရာသော ထင်းမျှားတား

ဆင်းရဲသားတို့သည် သေ၍ သင်္ဂြိုဟ်ရာသည်ကား အင်သား၊ မန်ကျည်းသား၊ အုန်းသား၊ လက်ပံသား၊ ထိန်သား၊ ထနောင်းသား၊ သစ်သား၊ ထောက်ကြံ့သား၊ ရှားသား၊ ကုက္ကိုသား၊ ဇီးသား၊ ဒါန်းသား၊ ပြည့်စင်သား၊ လက်ထုပ်သား ဤသို့ဆိုခဲ့ပြီးသော ထင်းတို့နှင့်သာ ဆင်းရဲသားတို့ သင်္ဂြိုဟ်ရာတည်း။

## မသင်္ဂြိုဟ်ရာသည့် အသားကား

ရေအုန်း ကြောင်လျှာ၊ တန့်ကြည်း၊ ပိုးစာ၊ ညောင်၊ သရက်ရှောက်၊ ခပေါင်း၊ ဖျောက်ဆိပ်၊ သမင်စဖို၊ စိန်ကြီး၊ သက်န်း ဤသို့ဆိုအပ်ခဲ့ပြီးသောအသားတို့သည် မသင်္ဂြိုဟ်အပ်။

မင်းကေရာဇ်တို့ သင်္ဂြိုဟ်ရာသောထင်းကား ခရာ၊ ကျွန်း၊ စန္ဒကူး၊ ထင်းရှူး နံ့သာခုနစ်ပါး ဤဆိုအပ်ခဲ့ပြီးသောထင်းတို့နှင့်သာ သင်္ဂြိုဟ်အပ်၏။ သည်မှတစ်ပါး မြေတွင် နှံ့သောသူမှာလည်း လူကြီးသော သုံးထောင်တစ်မိုက်တွင်းတူးရာ၏။ လူငယ်သေသော် နှစ်တောင်တစ်မိုက်တွင်းကိုတူးရာ၏။ သည်မှတစ်ပါး လူကြီးသေသော်လည်းကောင်း လူငယ်သေသော်လည်းကောင်း မြေတွင်နှံ့သည်ရှိသော် အမိအဖ အကျွမ်းနားလာသော သူတို့သည်လည်း သချိုင်းသို့ လိုက်၍ ပို့အပ်၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးနှင့် သင်္ကြိုဟ်သော် လိုက်သောသူတို့သည် အလောင်းချရာ ခရီးစဉ် အတိုင်း ပြန်လာအပ်၏။

## နက္ခတ်တို့အကြောင်း သိတောင်းစရာ

လောကီကျမ်း အစောင်စောင်တို့ကို စကြာဝဠာတံတိုင်း၌ ကမ္ဘာ့တန်ဆာ ဖြစ်ထွန်းမြဲဖြစ်ထွန်းသော အင်္ဂရာတို့ကို ရှာန်တန်ခိုးဖြင့် သွားရောက်ယူဆောင်ပြီး ဟောကြားတော်မူသော လောကာဘိနန္ဒ ရှင်ရသေ့မြတ်အား ကျွန်ုပ် ရှိခိုးပါ၏။ ရှိခိုးပြီးပါ၍ ဤမည်သောနက္ခတ် အကြောင်းကို ဆိုပေအံ့။

ကမ္ဘာတည်ဦး နေ၊ လ၊ နက္ခတ် ထွက်ပေါ်လာသည့်ကာလ ဟိုးရှေးရှေးတုန်းက ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးသည် ဥစ္စာ ပျက်စီးခြင်းသို့ရောက်၏။ ထိုသူဌေးသားတွင် သားတစ်ယောက်ရှိ၏။ ထိုသားသည် သဘင်ယန္တရားပြသောအခါ ငါ့ကို တန်ဆာကောင်းစွာ ဆင်ပါဟု ဆို၏။ သူဌေးမောင်နှံလည်း ချစ်သား ငါတို့ကား ဥစ္စာ ပျက်စီးခြင်းသို့ရောက်သောကြောင့် တန်ဆာဆင်စရာမရှိပြီဟု ဆို၏။ သူဌေးသားလည်း မတတ်သာ၍ ဤသို့ဆို၏။ အို . . . မိခင်ဖခင် တို့၊ ငါ တက္ကသိုလ်ပြည်သို့သွား၍ ကြွယ်ဝစွာ အတတ်ပညာတို့ကို သင်မည်၊ ဆရာ့အဖို့ ဥစ္စာတစ်ထောင်ဖြစ်အောင် ကြံဆောင်ပေးပါဟု ဆို၏။ သူဌေးမောင်နှံလည်း အကြွင်းအကျန်တို့ကို ရုံးမူ၍ ငါးရာဖြစ် စေ၏။ ငါးရာကိုလည်း သုံးနှစ်တစ်မိုးပြန်၍ ချေး၏။ တစ်ထောင်ဖြစ် စေ၏၊ သူဌေးသားလည်း တစ်ထောင်သောဥစ္စာကိုယူ၍ တက္ကသိုလ် ပြည်သို့သွား၏။ တက္ကသိုလ်ပြည်သို့ရောက်စေပြီးသော် နာနာရုပ်ဖန် ဆင်းတတ်သောဆရာအထံ၌ တတ်အောင်သင်လေ၏။ သုံးနှစ်တည်လေ ၏။ ဥစ္စာငါးရာရှင်ကလည်း တစ်ထောင်လို၏ဟု တောင်း၏။ လုလင် လည်း အတတ်ပညာတတ်၍ ပြန်လာခဲ့လေ၏။

အိမ်သို့ရောက်သော် မိခင်ဖခင်တို့ကို မကြောင့်ကြနှင့်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုပေ၏။ သူဌေးမောင်နှံလည်း ဝမ်းမြောက်ဝမ်းသာဖြစ်၏။ သူဌေးသားလည်း ဆိတ်၊ ကျွဲ၊ နွား စသော အရုပ်ကို ဖန်ဆင်း၏။ အဖန်ဖန်များစွာဖြစ်စေ၍ သူဌေးသားတို့ကို ရောင်းစားစေ၏။ ရောင်းဖန်များသော် ကုဋေရှစ်ဆယ်ကြွယ်ဝမြဲ ကြွယ်ဝ၍ နောက်တစ်ကြိမ်သော် စီးမြင်းရုပ်ဖန်ဆင်း၏။ စီးမြင်းရုပ်ဖန်ဆင်း၍ ပြည့်ရှင်မင်းကို ရောင်းစားလေသော် အဖိုးလည်း ရွှေစင်တစ်ထောင်ပြတ်ဟု ဆိုပေ၏။ သူဌေးလည်း သားဆိုတိုင်းပြည့်ရှင်မင်းတွင် ရောင်းစားလေသည်။ အဖိုးလည်း ရွှေစင်တစ်ထောင်ပြတ် ပေး၏။ အမတ်ဗိုလ်ပါ ဆိုကြကုန်၏။

"အရှင်မင်းကြီး ... ရွှေကတင်သော မြင်းတော်ကို မြင်လျှင် ငါးရာ ပေးတုံ၏။ တစ်ထောင်အဖိုး အဘယ်ကြောင့် ပေးသနည်း" ဟု ဆို၏။

သူဌေးလည်း ငါ့မြင်းအကြောင်းမသိသောကြောင့်ဆိုသည်။ ငါ စီးနင်း၍ နင်းအုံ့ဟု မြင်းထက်သို့တက်စီး၍နင်းပြီးသော် 'ဟင်မြင်းနင့်ကိုငါမင်းတွင် ရောင်းစားအုံ့သည်၊ တုပ်၍နေ' ဟူ၍ ဆိုလျှင် တုပ်၍နေပေ၏။ 'မြင်းတော်များရှိရာ တင်းကုပ်သို့ဝင်၍ မြက်စား၍နေလေ' ဆိုလျှင် ဝင်၍ မြက်စားနေလေ၏။ 'သင်မြင်း ငါသွားခဲ့သည့် တံခါးဝမှာနေ' ဆိုလျှင် နေနှင့်ပေ၏။ ထိုသို့သောအခြင်းအရာကိုမြင်လျှင် ပြည့်ရှင်မင်းသည် ဥစ္စာရွှေစင်တစ်ထောင် ပေးပေ၏။

တက္ကသိုလ်ပြည့်၌နေသောဆရာသည် ငါ့တပည့်သည် အဘယ်ကိုလျှင် လုပ်ဆောင်ကြံစည်၍စားသည်ဟု ပညာဖြင့် ကြည့်လေ၏။ မြင်းရုပ်ဖန်ဆင်း၍ ရောင်းစားသည်ကို မြင်လေသည်။ သင်ကျောက်ကုန်းထက် စီးကလေလျှင် ငါတို့ပညာခမင်းဟူကလျှင် သင့်ကိုမြင်၍ ပြည်တန်သောပတ္တမြားကို ယူခဲ့၍ ဇော်ဂျီအယောင်ဖန်ဆင်း၍ မင်းကြီးနှင့်အံခပ်လေ၏။ မင်းကြီးရှုံး၍ ပြည်တစ်ဝက်ကို နှင်းလေ၏။ တစ်ဖန်လည်း မိဖုရားကိုနှင်းလေ၏။ တစ်ဖန်လည်း ထီးဖြူကိုနှင်းလေ၏။ သုံးကြိမ်တိုင်တိုင် နှင်းလေ၏။ မင်းကြီး၊ မိဖုရား၊ အမတ်ဗိုလ်ပါ လူ

www.burmeseclassic.com

www.burmeseclassic.com


တကာတို့သည် အလွန်လျှင် ကြောက်ကြကုန်၏။ ထိုသို့ကြောက်ကြသည်ကို သိ၍ မကြောက်ကြကုန်လင့် ငါလိုသောက်စွကို ငါ့အားပေးပါဟု ဆို၏။ ငါသင်တို့အား ချမ်းသာပေးပါအံ့ဟု ဆို၏။ အဘယ်ကို အလိုရှိသနည်းဟု မေး၏။ ထိုသည်မြင်းကို ငါ့အားပေးပါလော့ဟု ဆို၏။ မင်းကြီးလည်း အဖိုးများသောမြင်းကိုလျှင် သိတတ်လေခြင်းဟူ၍ ဆိုအပ်၏။ မသက်မသာရှိ၏။ ထိုမြင်းထက် လောင်းတမ်းဥစ္စာသည် များလှသောကြောင့် မြင်းကိုပေးရချေ၏။ ဆရာလည်း မြင်းကိုရလေလျှင် နာနာရုပ်ဖြင့် အဖြစ်မလည်နိုင်သော ပညာနာနုပ်မန္တရား အစရှိသော ဂုဏ်ပညာတို့ဖြင့်ပြု၍ စီးသွားလေ၏။ ဤသို့ဆို၏။ နင်ကား ပညာမရှိတကား၊ မကျင့်ရာသောအကျင့်ကို ကျင့်စွာတကားဟု ကြိမ်လုံးနှင့် ဒဏ်ပေး၍။ နေပူတွင် ချည်၍ထား၏။ ထိုအခါ အမတ်ကြီးတို့သည် အတတ်သင်ခဲ့ပါဟူ၍ ဆို၏။ ဆရာလည်း လိုက်လေ၏။ နေမြင့်လတ်သော် တပည့်လည်း မသိသောကြောင့် မြင်းသည် နေပူစွတကားဟု ရေချမ်းပေးရကား ရေမန်းသောက်၍ နာရုပ်မန္တရား ပြေးချေ၏။ ငါးကြီးအယောင်ဖန်ဆင်း၍ လိုက်ပြန်လေ၏။ တပည့်လည်း မင်းကြီးသောက်တော်ရေခပ်လာသော မြူတာတွင် ဖလောင်းအယောင်ဖန်ဆင်း၍ အောင်းလေ၏။ ဆရာလည်း မြစ်တွင်မရှိသောကြောင့် စွန်အယောင်ဆောင်၍ကြည့်လေသော် ရေမြူတာတွင် ဖလောင်းအယောင်ဆောင်၍ နေသည်ကိုမြင်ရကား ဆရာလုလင်အယောင်ဆောင်၍ 'ဟယ် ငါ့သားတို့ နင်တို့ကား မင်းကြီးသောက်ရေခပ်ကုန်၏၊ နင်တို့အိုးတွင်မူကား ဖလောင်းပါလေ' ဟု ဆို၏။ ရေကိုသွန်၍ကြည့်သည်ရှိသော် ဖလောင်းငယ်သည် ခိုအယောင်ဆောင်၍ ပြန်ခဲ့၏။ ဆရာလည်း စွန်အယောင်ဆောင်၍ လိုက်လေ၏။ ခိုသည် မင်းကြီးသမီးနေရာ နန်းကြာသို့ဝင်၍ နေ၏။ ညဉ့်သောအခါ၌ကား လုလင်ဖြစ်၍ မင်းကြီးသမီးနှင့် ယှဉ်ပါးလေ၏။ ရှည်လျားလတ်သော် မင်းကြီးသမက်ဖြစ်လေ၏။ အာဘက်အတိုင်းနေ၍ သေလတ်သော် ကောင်းကင်၌ အာသဝဏ်နက္ခတ်ဟူ၍

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာတန်ဆာ လူတကာတို့ ကိုးကွယ်ရာဖြစ်လေ၏။ ထို့ကြောင့် ထိုနက္ခတ်၌ ဖွားသောသားကား အတတ်ပညာတတ်ကုန်၏။ သူခပ်သိမ်းတို့ သေကြေပျက်စီးအောင်ကြံသော်လည်း မြတ်သော အဆွေခင်ပွန်းကောင်း ရရာ၏။ အလျှင်အလျား ခွန်အားနှင့် ပြည့်စုံရာ၏။ ထိုနက္ခတ်ကား မြင်းခေါင်းနှင့် တူသူဆိုကုန်၏။ မိန်းမဖွားလည်း ထို့အတူဆိုပေ၏။ အဿဝဏီနက္ခတ်ဖြစ်ကြောင်းကား ပြီး၏။

ဆရာကား ထိုမှစတော်သော် ဘရဏီမည်သောမိန်းမဖြစ်၍ ထိုပြည်၏ အရှေ့မြောက်ထောင့်၌ နေလေ၏။ ထိုမိန်းမဖွားဦးကလျှင် ရတနာခုနစ်ပါးတန်ဆာဆင်သကဲ့သို့ ကျော်စောစေ၏။ ထိုမင်း၏ မယားငါးရာတို့သည် သားမဲ့ချည်းဖြစ်၍ ဘရဏီမည်သော သတို့သမီးကို မိဖုရားမြှောက်လေသော် မြှောက်၍ မကြာမြင့်ခင် ကိုယ်ဝန်ရှိသည်ဟု မင်းကြီးအား လျှောက်ကြားစေသော် မင်းကြီးလည်း မိဖုရားအထံ၌ နေ၍ စောင့်လေ၏။ ခပ်သိမ်းသော မိဖုရားများလည်း မင်း၏ဆရာဖြစ်သော ပုဏ္ဏားများ တံစိုးပေး၏။ ငါတို့သို့ အလိုပါအောင် ဆိုပါတိဟု ဆို၏။ ပရောဟိတ်ပုဏ္ဏားတို့လည်း ပြည့်ရှင်မင်းတို့ဟူသည်ကား ကိုယ်ဝန်ရှိသောသူကို ချစ်ခင်စမြဲဟု မစောင့်ရှောက်အပ်။ မိဖုရားချင်းသာလျှင် စောင့်ရှောက်အပ်သတည်းဟု ဆိုပေ၏။ မင်းကြီးသည် မိဖုရားများကို စောင့်ရှောက်စေ၏။ ဆယ်လမြောက်သော် ရွှေအဆင်းကဲ့သို့သော သားတော်ဖွားလေ၏။ ထိုမိဖုရားငါးရာတို့သည်လည်း ထင်းမီးကို ဖွားသည်ဟု ငိုငိုယိုယို ညီညွတ်စွာ မင်းကြီးအား လျှောက်ကြလေ၏။ ထိုစကား မင်းကြီးအား ကြားတော်မူလေသော် မင်းကြီးလည်း ငါ့ကြမ္မာသာလျှင် ဖြစ်၏ဟု မသက်မသာဖြစ်၏။ မိဖုရားငါးရာတို့သည်လည်း လျှို့ဝှက်သဖြင့် မြစ်တွင် ပစ်လေ၏။ ဘရဏီမိဖုရားလည်း အရှေ့မျက်နှာသို့ ထွက်လေ၏။ မုဆိုးမအိမ်၌ နေလေ၏။ ထိုညတွင် တံငါတို့ ပိုက်ချလေသော် ကွမ်းပတက်ကို ရလေ၏။ တံငါတို့လည်း ထိုအထဲ၌ ရွှေငွေရှိလတ္တံ့ဟု ဖွင့်ကြကုန်၏။ နတ်တို့ပိတ်

www.burmeseclassic.com



ထားရကား မဖွင့်နိုင်ကုန်ရာတွင် သူကြီးတို့အား ကြားလေကုန်၏။ သူကြီးတို့လည်း မင်းကြီးအား ကြားလေကုန်၏။ မင်းကြီးလည်း ပုဏ္ဏား အမတ်တို့နှင့် ဖွင့်လေသော် မဖွင့်နိုင်။ ထိုအခါ နတ်သည်လည်း မင်းကြီးအား ဆိုပေ၏။ ဘရဏီဖွားသောသားသည် ရွှေတုံးနှင့်အဆင်း တူဖြစ်သောကြောင့် ကွမ်းခွက်အုပ်ကို မဖွင့်နိုင်သည်ဟု ဆို၏။ ဖွင့် စေလိုမူကား ဘရဏီမိဖုရားမှ ဖွင့်နိုင်အံ့သည်ဟု နတ်တို့က ဆိုပေ၏။ မင်းကြီးသည် ထိုစကားကိုကြားလေသော် 'ဟယ် ... အမတ်တို့ ငါ့ မိဖုရားဘရဏီကို ရှာစေ' ဟု ဆို၏။ အမတ်တို့သည်လည်း ဘရဏီ မိဖုရားကိုမြင်သောသူကို ရွှေစင်တစ်သိန်းပေးမည်ဟု မောင်းကြေးနန်း ခတ်၍ ရှာလေသည်။ ဘရဏီမိဖုရားလည်း မုဆိုးမအိုကို ဆို၏။ အဘွား ဤသို့ဆိုသော ဘရဏီမိဖုရားကို ငါတွေ့အောင်ရှာ၍ပေးအံ့၊ ငါ့အား ရွှေစင်တစ်သိန်းရအောင်ပေးမည်လောဟု ဆိုလောဟုသင်ပေး ၏။ မုဆိုးမအိုလည်း ဆိုတိုင်းပေး၏။ အမတ်တို့လည်း ဝမ်းသာသည် ဖြစ်၍ ရွှေစင်တစ်သိန်းပေးကုန်၏။ မင်းကြီးလည်း နန်းထက်သို့ အလျင် တဆောတင်ခဲ့ကုန်လောဟု ဆိုပေ၏။ အမတ်တို့လည်း မိဖုရားကို တောင်းပန်လေသော် မိဖုရား ဆို၏။ ဤမင်းကြီးကား ပညာမကျယ် မိဖုရားတို့ပျက်စကားကို နာ၏။ ငါ့ကို နှင်ထုတ်လေသည်ဖြစ်သော ကြောင့် ငါမလာပြီဟု ဆို၏။ ထိုစကားကိုကြားလေသော် ပရောဟိတ် ပုဏ္ဏား စသော အမတ်မိုလ်ပါအပေါင်းတို့သည် မိဖုရားကို တောင်း ပန်ကုန်၏။ ထိုသို့တောင်းပန်ပြီးသော် ငါ့ကို လာစေမူကား ငါ့အဘွား အိမ်က သည်းနန်းတော်တိုင်အောင် အရာထောင်တန်သောပုဆိုးတို့ကို ခင်းစေ၊ လက်ဝဲလက်ယာ ငှက်ပျောပင်စီ၍စိုက်စေ၊ ငှက်ပျောတစ်ပင် တစ်ပင်၌ ရွှေအသပြာ တစ်သပြာဆွဲစေ၊ ထိုသို့မှ ငါလာအံ့ဟုဆို၏။ မင်းကြီးလည်း မိဖုရားဆိုတိုင်း ပြုစေ၏။ ထိုသို့မှ မိဖုရား နန်းတော် သို့ တက်လေသော် လှေကား၌ရပ်၍ ငှက်ပျောပင်၌ဆွဲစေသော ရွှေတို ကား ရတနာသုံးပါးအား ကြည်လင်စွာ ဝိဒ္ဒါန်ဆောက်တည်၍ ရပ်

www.burmeseclassic.com



တန်ဆောင်း၊ တံတား၊ ရေတွင်း၊ ရေကန်ပြုစေ၏။ အပေါ်မိုးသော ပုဆိုးအား မိခင်အား ပေးစေ၏။ အထဲခင်းသောပုဆိုးကိုကား မုဆိုးမ အားပေးစေ၏။ ထိုသို့ပြီးမှ နန်းတော်သို့ဝင်လေ၏။ မင်းကြီးသည် မိဖုရားအား ကွမ်းပတတ်ကို ဖွင့်ဘိလောဟု ပေးတော့၏။ ဘရဏီ မိဖုရားသည် ငါမွေးသည့်သားသည် အကယ်၍ မှားအံ့ ငါ့လက်ဝါးတွင် တင်ကာမျှနှင့်ပင်လျှင် ပွင့်စေသော် အစိဌာန်၏။ ထိုခွက်သည်ကား မိဖုရားလက်ပေါ်တင်လျှင်ပွင့်လေ၏။ ရွှေဇမ္ဗူရာဇ်အဆင်းနှင့်တူသော သားကို မြင်လေ၏။ မင်းကြီးလည်း ဤနေ့မှစ၍ ငါ့သားအား ဤ ရွှေနန်းကို တော်သည်ဟူ၍ ပြည်တွင်းပြည်ပအကုန် ငါ့သားနိုင်ငံဖြစ် စေဟူ၍ မောင်းကြေးနှစ်နှင့်လည်စေ၏။ ဘရဏီမိဖုရားသည်လည်း အသက်အတိုင်းနေ၍ စုတေသော် ကောင်းကင်၌ ဘရဏီမည်သော နက္ခတ်ဖြစ်လေ၏။ ထို့ကြောင့် ထိုနက္ခတ်နှင့်ဖွားသောသားကား ငယ်က ဖြစ်ရာ၏။ ရန်သူခပ်သိမ်းတို့သည်လည်း သေကြောင်းကြံ၍ မသေနိုင် ရာ၊ နတ်တို့ ညီညာမ,စသေသည်ဖြစ်လေရာ၏။ မိန်းမဖွားမူကား ဖွားစဉ်တွင် ဥပါဒ်များ၏။ သူ့ဖျက်ဆီးနှိပ်စက်တတ်သောကြောင့် အရပ် တစ်ပါးသို့ ရှိလေရာ၏။ တစ်ကြိမ်လည်းကောင်း ရန်သူအပေါင်းတို့ကို နှိမ်နင်း၍ နိုင်၏။ အလိုခပ်သိမ်းပြည့်စုံရာ၏။ သူရဲတို့ဖြစ်မူမှာကား ဆင်စီးသူရဲကောင်းဖြစ်ရာ၏။ ဤကား ဘရဏီမည်သောနက္ခတ်၏ ဖြစ်ကြောင်းတည်း။ ထိုနက္ခတ်ကား စဖို့ခုံလောက်ဆိုင်သကဲ့သို့ သုံးလုံး တည်း။

## ကြတ္တိကာနက္ခတ်အကြောင်း

ပြည့်ရှင်မင်းကြီးတစ်ယောက်သည် သမီးတော်ကို ပညာဆရာ အား ဆောင်နှင်းအပ်ဟု ကြံသတည်း။ ထိုဆရာတွင် တပည့်တစ်ယောက် သည် အတတ်ပညာအရောင်အဆင်းနှင့်ပြည့်စုံသော လုလင်တစ်ယောက် သည် ရှိသည်ဖြစ်သတည်း။ ထိုလုလင်သည် မင်းကြီးအကြံကိုသိ၍

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသမီးကိုရအောင် ဆရာကို သတ်ရအောင်ကြံ၍ ရှုချင်ဖွယ်ဖြစ်သော အထူးထူးမဖြစ်ဖူးသော အတတ်ပညာတို့ကို မင်းကြီးအား ပြသလေသော် မင်းကြီး သိသော အမတ်ဗိုလ်ပါတို့သည်လည်း ပျော်ပါးကုန်၏။ ဆရာသည့် ခုနစ်ရက်စေ့သော် ယနေ့သော် ငါ့အလိုပါအောင် ကြံ၏။ တပည့်လည်း ဆရာ့အကြံကို သိလေ၏။ မင်းသမီးပန်သောပန်းပွင့်တွင် ငါ ပိတုန်းယောင်ဆောင်၍နားအံ့သည်။ ထိုသို့နားသည်ကိုမြင်လျှင် ဆရာသည် ပန်းကိုတောင်းလတ္တံ့သည်၊ ထိုသို့တောင်းလေသော် ဆရာ့လက်တွင်မထည့်ဘဲ ကြမ်းတွင်ပစ်ဘိဟု မင်းသမီးကို လုလင်သင်ပေး၏။ အယောင်ဆောင်၍ ဆန်ကွဲကို စားအံ့ဟု ကြံဟန်ပြု၏။ တပည့်လည်း ကြက် ဆရာလည်း မိုးသောက်လေသော် အထူးထူးသောအတတ်တို့ကို ပြပေး၏။ မင်း စသော အမတ်ဗိုလ်ပါတို့သည် ကြည့်ကုန်၏။ မင်းသမီးမူကား မကြည့်ဘဲနေလေ၏။ မင်းကြီးသမီးတော်ကို ခေါ်စေ၏။ လုလင်သည် ငါမပါဘဲ သွားလေက ဆရာမြင်လိမ့်မည်ဟု မင်းသမီးပန်သောပန်းတွင် ပိတုန်းအယောင်ဆောင်လေ၏။ ဆရာသည် ပိတုန်းမြင်လေသော် မင်းကြီးဆန်းကြယ်စွာသော အတတ်တို့ကို ပြအံ့သည် သမီးတော်ပန်သောပန်းကို ရစေလေဟု ဆို၏။ မင်းကြီးက စ၍ အမတ်ဗိုလ်ပါတို့သည် အတတ်ကို မြင်ချင်သောကြောင့် ပေးဘိလောဟု ဆို၏။ မင်းသမီးလည်း ဆရာလိုတပြီးကား ယူလှည့်လောဟု ဆို၏။ ယူအံ့ဟုလာလေသော ဆရာ့လက်တွင်မထည့်ဘဲ ကြမ်းတွင် ချဘိ၏။ ပိတုန်းလည်း ဆန်ကွဲအယောင်ဆောင်၏။ ဆရာလည်း ကြက်ကိုနိုင်အောင် သစ်အယောင်ဆောင်၏။ ဆရာလည်း သစ်ကိုနိုင်အောင် ကျားအယောင်ဆောင်၏။ ပွဲသဘင်အလယ်၌ ဖြစ်သောကြောင့် ခပ်သိမ်းသောသူတို့လည်း ဟန်ဖိထားကုန်၏။ မနိုင်သောကြောင့် အတိုင်းဖြစ်ကြလေ၏။ ရှည်လျားလေသော် တပည့်သည် မင်းသမီးကို ရလေ၏။ အသက်အတိုင်းနေ၍ စုတေခဲ့သော် လုလင်ကား ကောင်းကင်၌ကြတ္တိကာ ဖြစ်လေ၏။ ထို့ကြောင့် ထိုနက္ခတ်တွင် ဖွား

www.burmeseclassic.com



သောသားကား အရောင်အဆင်းလှရာ၏။ ဆရာကိုပြစ်မှားသည်ဖြစ် ရာ၏။ ကာမေသုမိစ္ဆာစာရ ပြောသည်လည်းဖြစ်ရာ၏။ မြတ်သောမယားကို ရရာ၏။ အင်္ဂါချို့တဲ့ ရာ၏။ ရန်ခပ်သိမ်းတို့သေအောင် ဖျက်စီးအောင် ကြံသော်လည်း ရာဟုခံတွင်းမှလသည် လွတ်သကဲ့သို့ လွတ်ရာ၏။ စီးပွားချမ်းသာရှာသော်လည်း နက္ခတ်တို့လိုက်၍ဆိုပေ၊ မိန်းမဖွားလည်း ဤနည်းအတူ ဆိုပေ၊ နက္ခတ်သဏ္ဍာန်ကား စပါးစုသဏ္ဍာန်လည်းရှိ၏။ ဆိတ်ချိုသဏ္ဍာန်လည်းရှိ၏။ သမီးခုနစ်ယောက်တို့လည်း ရှိ၏။ ဤကား ကမ္ဘာ ဦးက ကြတ္တိကာနက္ခတ်၏ ဖြစ်ခြင်းတည်း။

## ၄။ ရောဟနီနက္ခတ်၏အကြောင်း

၁။ ရှေ့သရောအခါ ဘီလူးတစ်ယောက်သည် သမီးလေး ယောက်ရှိသတည်း၊ တစ်ယောက်စီ အရပ်လေးမျက်နှာသို့ အစာရှာ သွားသော် မြောက်မျက်နှာသို့ရှာသောဘီးလူးမသည် ယောက်ျားတစ် ယောက်ရခဲ့သတည်း၊ ထိုယောက်ျားကို သတ်၍ စားမည်ကြံသော် သနား သောကြောင့် မိမိနေရာ အိမ်ဦး၌ထားသတည်း။ ရှည်လျားလှသော သမီးတို့နှင့် အိမ်ရာကျလေ၏။ မိမိနှင့်လည်း စပ်ကြလေကုန်၏။ ထို့ ကြောင့် ဘီလူးမသည် သေခဲ့သည်ရှိသော် အထက်ကောင်းကင်ပြင်၌ နက္ခတ်ဖြစ်လေ၏လည်းဟူ၏။ တစ်နည်းအားဖြင့် မင်းကြီးတစ်ပါးသည် အခါတစ်ပါးသောနေ့၌ အမျက်စောင်းမာန်ကြီးသည့်အခိုက် တစ်ယောက် သောသူ၌ အမျက်ကြီးသောကြောင့် သတ်မည်ပြုဘိရကား၊ မိဖုရား တည်း ငါမဖိထားက အမျက်ရှိတိုင်း သတ်လျှင် သေလိမ့်မည်ဟု မင်းကြီး ချစ်လှစွာသောသားကို ရင်ထဲ၌ထားစေ၍ မင်းကြီးသည် အမျက်ကြီးလှသောကြောင့် သားမှန်းမသိသည်ဖြစ်၍ ဟယ်သန်လျက် သမားတို့ သန်လျက်ပန်းဖြစ်စေလေဟု ဆိုဘိရကား သန်လျက်သမား တို့လည်း သူငယ်ကို ကောင်းကင်သို့မြှောက်လိုက်၍ သန်လျက်ဖြင့်ခံ လေသော် မြေသို့မကျဘဲ ကောင်းကင်တွင် သားတစ်ဖြစ်လေသည်။

www.burmeseclassic.com



မိဖုရားလည်း ငါ့ရင်သွေးကို အမျက်တော်ပြေစိမ့်ငှာ သားတော်ကို မင်းကြီးရင်ခွင်၌ထားပါသည်ကို သန်လျက်သမားတို့အားပေး၍ သန်လျက်ပန်းဖြစ်လေ၏။ မိဖုရားလည်း ရင်ကွဲ၍သေလေပြီဟု နားတော်လျှောက်လေကုန်၏။ မင်းကြီး တိမ်းလည်း မိန်းမောပြီးမှ သန်လျက်သမားတို့ကို သတ်စေဟု စေလိုသော် သန်လျက်သမားတို့လည်း တစ်ထောင်စင်ဖြစ်သောကြောင့် လက်ထုလျှင်းလေ၏။ အချင်းချင်းသတ်ဘိရကား တစ်ပြည်လုံး ပျက်စီးခြင်းသို့ရောက်၏။ ထိုမင်းကြီးလည်း ကြင်နာစိုးရိမ်ခြင်း လွမ်းဆွတ်သေခဲ့သော် ကောင်းကင်၌ ရောဟနီမည်သော နက္ခတ်ဖြစ်လေ၏။ ထို့ကြောင့် ထိုနက္ခတ်ဖွားသောသားကား အမျက်ကြီးသော်လည်း အဆင်အခြင်မရှိရာ၊ ထိုရောဟနီ၏သဏ္ဍာန်ကား ငါးကြွင်းပွက်သဏ္ဍာန်ရှိ၏။ ဤကား ကမ္ဘာဦးက ရောဟနီမည်သောနက္ခတ်၏ဖြစ်ကြောင်းတည်း။

## ၅။ မိဂသီနက္ခတ်၏အကြောင်း

အကြင်ပြည့်ရှင်မင်းကြီးတစ်ယောက်သည် လေးအတတ်ကို တတ်သောကြောင့် တောသို့သွား၏။ သားငါးသမင်တို့ကိုသတ်၍စားသတည်း။ အခါတစ်ပါးသောနေ့၌ မင်းကြီးတောသို့ဝင်လေသော် သမင်တစ်ကောင်တွေ့လေ၏။ ပစ်မည်ဟု လေးတင်လေသော် သမင်းလည်း ဝမ်း၌ ပဋိသန္ဓေရှိသော်လည်း အပစ်မခံကြောက်လန့်သောကြောင့် ပြေးဝင်၏။ ဝမ်းတွင်းကသားထွက်ကျလေ၏။ 'ဤသမင်မယ်ကား ငါ့ကြောင့် သားလျောခဲ့ပြီ' ဟု ယူ၏။ အထိန်းအကျောင်းအပ်၍ နန်းတော်ပါး၌ နေစေ၏။ မင်းကြီးလည်း ထိုသမင်ကို အခါရှိမဲ့သွား၍ကြည့်၏။ မိဖုရားလည်း မင်းကြီးသည် ဤသမင်မယ်သို့သွားများလေသည်ဟု စိတ်မှတ်ရှိနေ၏။ မင်းကြီးသည် အခါတစ်ပါး တောအရပ်များသို့သွားသည်နောက် သမင်ငယ်ကို သတ်၍ပစ်ဘိ၏။ မင်းကြီးရောက်လေသော် သမင်သေကိုမြင်၍ မည်သူသတ်ဘိသနည်းဟု မေး၏။ မိဖုရား

www.burmeseclassic.com

www.burmeseclassic.com



သတ်သည်ဟုလျှောက်သော် မင်းကြီးသည် ခြော် မိုက်စွ မိုက်စွ ငါ သနား၍ မွေးပါသည်ကို သတ်ပစ်ဘိ၏ဟု မရောင့်မရဲ မအိပ်မနေတတ် တီတီတွတ်တွတ် လွမ်းဆွတ်၍ သေလေ၏။ ကောင်းကင်ပြင်၌ မိဂသီ မည်သောနက္ခတ်ဖြစ်လေ၏။ ထိုနက္ခတ်ကား သမင်ဦးခေါင်းနှင့်တူသည် လည်းဆို၏။ သဘော်တက်မနှင့်တူ၏လည်းဆို၏။ ကြည်းလိပ်သဏ္ဍာန် လည်းတူ၏။ လိပ်အသေကို မိချောင်းဟပ်ဟန်လည်း တူ၏။ ထိုနက္ခတ် ၌ဖွားသောသားကား ဝမ်းကျဲနာ နာ၍ သေတတ်၏။ ဤကား မိဂသီ နက္ခတ်၏ ဖြစ်ကြောင်းတည်း။

## ၆။ အဒြနက္ခတ်၏ အကြောင်း

အရောင်အဆင်း လှစွာသော မိန်းမကိုယ်ဝန်ဆောင် တစ် ယောက်သည် လင်နှင့် အမျက်ထွက်သောကြောင့် တောသို့သွားလေ ရာတွင် သားဖွားလေသည်။ နတ်တို့သနားသဖြင့် သူငယ်ကို ယူ၍ ဇရပ်တစ်ခုတွင် တင်၍ ထားသတည်း။ နတ်တို့ကို အဘမှတ်သတည်း။ ခပ်သိမ်းသောသူတို့သည် ဘယ်အရပ်ကလာခဲ့သနည်းဟူ၍မေးသည်ရှိ သော် ထိုလူငယ်ဆိုပေသတည်း ငါကား နတ်ပြည်ကလာခဲ့သည်ဟုဆို ၏။ ထိုစကားကို ပြည့်ရှင်မင်းအား ကြားပေ၏။ မင်းကြီးလည်း အထူး အဆန်းဖြစ်ပေသည်ဟု သူငယ်ကို သနားသဖြင့် အစားအသောက် အလုပ်အကျွေးအပ်၍ မွေးသတည်း။ လေးမျက်နှာမှလာသော ပညာရှိ တကာတို့သည်သာ လှသော် ကံကျွေးကံနာရတတ်သရွေ့ ဖြည့်တင်း ၏။ သိမ်းမြန်းသောကြောင့် ပညာရှိတကာတို့သည် မိမိတတ်သရွေ့ ပညာတို့ကို သင်ပေကုန်၏။ အတတ်ပညာအပေါင်းနှင့် ပြည့်စုံသူဟူ၍ တစ်ပြည်လုံး ကျော်စောသတည်း။ မင်းလည်း ကျော်စောသံကို ကြား၍ စူးစမ်းလေသော် အတတ်ပညာနှင့်ပြည့်စုံသည်ကို သိလေ၏။ စည်းစိမ် ချမ်းသာများစွာပေး၍ မှင်းသုံးမင်းစွဲပြုလေသတည်း။ ထိုသူ အသက် အတိုင်းနေ၍ သေသည်ရှိသော် အဒြနက္ခတ်ဟူ၍ ဖြစ်လေ၏။ ထို

www.burmeseclassic.com

www.burmeseclassic.com



နက္ခတ်၌ ဖွားသောသားကား နှိပ်ပုန်းစားရ၏။ ငယ်ကတည်းက အမိအဘနှင့် ကင်းကွာရာ၏။ အရပ်တစ်ပါးသို့ ရှိလေရာ၏။ ကြွယ်ဝချမ်းသာ ဖြစ်လေရာ၏။ အတတ်ပညာတတ်လေရာ၏။ လူချစ်လူခင်လည်းများ၏။ နတ်တို့မ,၏။ ကြီးသူသမား အမှီကောင်းရ၏။ ဤနက္ခတ်သဏ္ဍာန်ကား လှေပိန်းကောမ်ထက် တံငါသည်လင်မယားစီးဟန်တူ၏။ ချွေးမလက္ခဏာလည်း ရှိရာသတည်း။ ဤကား အဒြနက္ခတ်ဖြစ်ကြောင်းတည်း။

၇။ ပုဏ္ဏဖုသျှနက္ခတ်အကြောင်းကား အကြင်တပည့်၏ အရှေ့မျက်နှာ၌ ခွန်အားနှင့်ပြည့်စုံသော ဘီလူးတစ်ယောက်သည် သူကြွယ်အယောင်ဆောင်၍ နေသတည်း။ လူတို့နှင့်အိမ်ရာထောင်၍ သမီးတစ်ယောက်မြင်မှ သေခဲ့သတည်း။ ထိုဘီလူးအကောင်ကို ဖုတ်မည်ဟူ၍ ရထားထက်သို့တင်၍ စီရင်လေသော် ရထားနှင့်ပင် ကောင်းကင်ထက်သို့ ပျံလေ၏။ နတ်တို့သည် ဤကမ္ဘာထက်၌နေသော ခပ်သိမ်းတို့သည် ထင်မြင်ရာဟူ၍ ရထားရုပ်သဏ္ဍာန်နှင့်ပင် နတ်ဖြစ်စေသတည်း။ ထိုနက္ခတ်၌ ဖွားသောသားကား ကုန်သည်ဖြစ်လေရာ၏။ အလွန်ကြွယ်၏။ ခပ်သိမ်းသောသူတို့ မှီရာဖြစ်၏။ မိန်းမဖြစ်မူကား အလွန်ကြွယ်ဝ၏။ ဘီလူးမကဲ့သို့ သူခပ်သိမ်းတို့အား သနားမေတ္တာ မရှိပါသတည်း။ တစ်ယောက်သာဖြစ်ရာ ထိုနက္ခတ်၏ အရုပ်သဏ္ဍာန်ကား သဘော်ဟု မှတ်လေကုန်၏။ ဤကား ပုဏ္ဏဖုသျှနက္ခတ်၏ ဖြစ်ကြောင်းတည်း။

၈။ ဖုသျှနက္ခတ်၏ အကြောင်းကား။ အကြင်ပြည့်ရှင်မင်းတစ်ယောက်သည် မင်းတကာတို့၏ ကျင့်စရာဖြစ်သော အကျင့်ဝတ်ကို ကျင့်သတည်း။ ထိုသို့ ကောင်းစွာသောအကျင့်ဖြင့် ကျော်စောထင်ရှားစွာဖြစ်၍ လူနတ်တို့သည် ကြိုက်နှစ်သက်သည်ဖြစ်၍ ချစ်ကြကုန်၏။ ထိုမင်းသားသည် စုတေခဲ့သော် ဖုတ်ကြည်း သင်္ဂြိုဟ်ပါအံ့ယူ၍ ထမ်းစင်ထက်သို့တင်၍ သွားကြလေသော် ထမ်းစင်နှင့်ပင် ကောင်းကင်ပြင်သို့ တက်လေ၏။ ထိုမင်း၏သားတော်သည် အဘအရာ

www.burmeseclassic.com



မင်းပြု၏။ ငါလည်းငါ့ဘမင်းကြီးကျင့်တိုင်း မယုတ်မလွန်ကျင့်ရမည်ဟု ခမည်းတော်ကဲ့သို့ ကျင့်၏။ ငါသေသောအခါ ငါ့ဖကဲ့သို့ တက်စေသ တည်းဟု ဆုတောင်းသည်။ ရွှေထမ်းစင်ကို ကြိုးလေးသွယ်ဆိုင်း၍ထား ၏။ အထက်အတိုင်းနေ၍ စုတေခဲ့သော် မဖုတ်မကြည်းရဘဲ ကောင်း ကင်သို့ ပျံတက်လေ၏။ နတ်တို့သည်လည်း ကောင်းကင်သို့ ပျံတက် သောအကြောင်းကို ကမ္ဘာသချေ မရေမတွက်နိုင်အောင် အစဉ် မော် ကွန်းထိုးပစေဟူ၍ မရင်းတိုင်လေးချောင်းအရပ်သဏ္ဌာန်နှင့် အလယ် တွင် ပြာပုံဖွေးဖွေး ထင်စေသတည်း။ ထိုနက္ခတ်ကို ဖုသျှနက္ခတ်ဟူ၍ တွင်ပစေ၏။ ထိုနက္ခတ်၌ဖွားသောသားကား အမိအဘတို့နည်းတူ၍ ကျင့်၏။ မိဘတို့အရာကိုလည်း ရရာ၏။ အသွေးအရည် မိုင်းဝါဝင်္ဂမ်း ကဲ့သို့ ဖြူစင်ရာ၏။ ထိုနက္ခတ်အဆင်းကား မရင်းတိုင်လေးချောင်း အဟာန်အလယ်တွင် ပြာပုံဖွေးဖွေးအဟာန်ရှိ၏။ ဤကားဖုသျှနက္ခတ်၏ ဖြစ်ကြောင်းတည်း။

၉။ အသလိဿ နက္ခတ်၏ အကြောင်းကား ပြည်ကြီးသနင်း မင်းတစ်ယောက်သည် သေခဲ့သော် အမတ်ပင်းပြု၏။ ပဲပုရားကား ဘီလူးနှင့်အိမ်ယာထောင်၍ ဘီလူးငယ်တစ်ယောက်မွေးရကား ဘီလူး ငယ်ကြီးသော် မင်းပြုသောအမတ် ရွှံ့ရာဖွယ်ဖြစ်ရကား ရန်စစ်မပြုဘဲ သွားလေ၏။ သူရဲရှစ်ကျိပ်နှင့် ထိုပြည်၏အရှေ့၌ နေလေ၏။ တစ်ပါး သောမင်းတို့သည် မိဖုရားရှိလျက် အမတ်ပင်းပြုပေသလောဟု စစ်မက် ပြုလေသော် အမတ်လည်း မိဖုရားကိုသာလျှင် မင်းမြှောက်အံ့သည်။ ညီညာ၍ စစ်ထိုးပါလောဟု အပြအမြန်ဆိုကြပြီးသော် စစ်ချီလေသည်။ မိဖုရားသားဖြစ်သော ဘီလူးထွက်လေသော် တံခါးပိတ်၍နေဘိ၏။ သူရဲ နှင့်တွေ့လေသော် ဘီလူးငယ်ကို သတ်ရလေသည်။ နတ်တို့လည်း ဘီလူးအငယ်ကောင်ကို ယူထား၍လေသောမြင်ပြီးရကား ရှစ်စိတ်ခွဲ၍ လှမ်းလေသည်။ ထိုသူသည်လျှင် ကမ္ဘာမော်ကွန်းထွန်းအောင် နတ်တို့ ကိုဆောင်၍ ကောင်းကင်ထက်၌အသလိဿနက္ခတ်ဟူ၍ ဖြစ်စေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနက္ခတ်၌ ဖွားသောသားကား စစ်မက်ထိုးရာလိုက်ချေသော်. ဓားလှံဘေးသင့်အံ့၊ မကောင်း။ ထိုနက္ခတ်ရှိ သဏ္ဌာန်ကား ရှစ်စိတ်ခွဲသောကြောင့် ရှစ်လုံးရှိ၏။ ထိုနက္ခတ်ကို အောက်မေ့၏။ ယခုလူတို့ဆိုကြသည်။ ရဲသော်ကား မသေ၊ သေသော်ကား ငရဲမလား။ နတ်ပြည်သို့ရောက်ရာသတည်းဟု ဆိုစထုံးရှိ၏။ ဤသည်ကား အဿလိဿနက္ခတ်၏ ဖြစ်ကြောင်းအထုပ္ပတ္တိတည်း။

၁၀။ မာဃနက္ခတ်၏ ဖြစ်ကြောင်းကား အကြင်ပြည့်ရှင်မင်းတစ်ယောက်သည် မိဖုရားငါးရာနှင့် ပျော်ပါးလေသော် သားမရှိလေသည်ဖြစ်၍ မိဖုရားနှင့်တစ်ပါးသောသူနှင့် ပျော်ပါးသော်လည်း သားမရှိဖြစ်ရကား မိဖုရားငါးရာနှင့်တကွ မြို့မှထွက်သွားလေသော် ရှင်ရသေ့မင်းကို မေးကြလေ၏။ ရှင်ရသေ့လည်း မင်းကြီးသားလိုသော် ဤတောအရပ်တွင် သစ်သီးပန်းမန်ကိုဆွတ်၍ ကုသိုလ်ကောင်းမှု ဆုတောင်းပတ္ထနာပြုလေဆိုပေ၏။ မင်းကြီးလည်း မိဖုရားကို ကုသိုလ်ကောင်းမှုပြု၍ ဆုတောင်းပတ္ထနာပြုကြဟုဆိုသော် မိဖုရားလည်း ဝမ်းမြောက်ဝမ်းသာ သစ်သီးပန်းမန်ဆွတ်၍ ရတနာသုံးပါးအား ပူဇော်၏။ စန္ဒီပူရမိဿ မဟာပိန္ဒဲ စသောနတ်အားလည်း ပူဇော်၍ သားဆုတောင်းလေ၏။ ထိုသို့တောင်းလေသော် နောက်မင်းကြီးကိုကျားခုတ်၍စားလေ၏။ ကောင်းကင်၌ မာဃနတ်ဟု ဖြစ်လေ၏။ ထိုနက္ခတ်ကား ထွန်တုံးထွန်သွားကဲ့သို့ရှိ၏။ ထိုနက္ခတ်၌ဖွားသောသားကား ထွန်တုံးထွန်သွားတို့ဖြင့် ထွန်ယက်သော် ကြွယ်ဝစီးပွား များလေရာ၏။ ကျားရဲရာတောကို ရှောင်ကြဉ်ရာ၏။ ဤကား မာဃနက္ခတ်၏ ဖြစ်ကြောင်းတည်း။

၁၁။ ပြုပ္ပဘာရဂုဏီနက္ခတ် ဖြစ်ကြောင်းကား ရှေးသရောအခါ ဟိမဝန္တာတော၌ ရသေ့တစ်ယောက်သည် ကမ္မဋ္ဌာန်းစီးဖြန်းဆောက်တည်၍ နေသတည်း။ ဘီလူးနေသောအရပ်၌ နေချေသောကြောင့် ဘီလူးသည် ရှင်ရသေ့၏ ကမ္မဋ္ဌာန်းသံကို ကြား၍ ကြက်သီးမွေးညင်းထဘိရကား ဘီလူးသည် ရှင်ရသေ့ကို ရအောင် ချောင်းလေ၏။ ညည်လျှား

www.burmeseclassic.com

www.burmeseclassic.com



မြင့်မြဲသော ရှင်ရသေ့ ကမ္ဘဒွာန်းဘာဝနာမေ့လျော့ခဲ့၏။ ဘီလူးသည် ကျားယောင်ဆောင်၍ ရှင်ရသေ့ကို ခုတ်သတည်း။ ရှင်ရသေ့ကလည်း ဟန့်တား၏။ နှစ်ပါးစုံသေကြေလေ၏။ နတ်ကိုလည်း အားရှိသော ဘီလူးလျှင် သီတင်းဝင်သောရှင်ရသေ့ကို မနိုင်ချေတကားဟူ၍ သီတင်း သီလရှိသောသူတို့ကို ရှောင်ကြဉ်အပ်၏။ နတ်ပြစ်လက်ပြစ်မမှားရာဟု ခပ်သိမ်းသူတို့ကို သိပါစေသောငှာ ကောင်းကင်ထက်၌ ဗိမာန်နှင့်နတ် သားတို့ထား၏။ ထို့ကြောင့် နက္ခတ်ဖွားသောသားကား ပညာရှိအံ့၊ ကုသိုလ်ကောင်းမှုကို အလိုရှိအံ့။ ကုသိုလ်ကောင်းမှုပြုရာတွင် အသက် ဆုံးရာသတည်း။ ထိုနက္ခတ်ကား ဆောင်ပန်းခြေနှင်းနှင့်တူ၏။ ထို့ ကြောင့် ထိုနက္ခတ်ဖွားသောသားကား မဆင်းရဲရာ။ သူတော်ကောင်းဖြစ် လေရာ၏။ ဤကား ပြုပ္ပဘာရဂုဏ်နက္ခတ် ဖြစ်ကြောင်းတည်း။

၁၂။ ဥတ္တရာဘဂုဏ် နက္ခတ်၏ဖြစ်ကြောင်းကား သူဌေးသား တစ်ယောက်သည် ကုန်စလွယ်လွယ်သတည်း။ အခါတစ်ပါးသောနေ့၌ ပင်ပန်းသောကြောင့် ပင်ညောင်အောက်၌ အိပ်လေသတည်း။ ပညောင် စောင့်သောနတ်သမီးသည် မိန်းမလှယောင်ဆောင်၍ လာလတ်သတည်း။ သူဌေးသားလည်း မိန်းမဟူသောအမှတ်ဖြင့် ပေါင်းဖော်လေ့၏။ အခါမြင့် မြဲတတ်သော သားတစ်ယောက် ဖွားသတည်း။ ထိုသားကြီးလှသော် မင်း၌ ခစားနေ၏။ ရှည်လျားလှသော် အမတ်ကြီးဖြစ်လေ၏။ အလွန် အဆင်းလှသောကြောင့် မိဖုရားနှင့် ပေါင်းဖော်လေ၏။ အခါမြင့်မြဲလှ သော် မင်းကြီးလည်း မိဖုရားပေါင်းဖော်စဉ်ကိုမိ၍ သတ်လေ၏။ ကမ္ဘာ တန်ဆာစောင့်နတ်တို့သည် ဤအမှုကို နောင်မပြုစေလို၍ ကောင်းကင် ၌ ဗိမာန်အတည်ပြုထား၏။ ထို့ကြောင့် ထိုနက္ခတ်တွင် ဖွားသောသား ကား အဆင်းလှရာ၏။ မင်း၌ ခစားသော် သူကောင်းဖြစ်ရာ၏။ အသက်မရှည်ရကား ကမာဂုဏ်ကြောင့် သေလေရာ၏။ နက္ခတ်နှစ်ခုကို ပေါင်း၍ ဖတိုင်နှင့်တူသတည်း။ ဤကား ဥတ္တရာဘရဂုဏ်နက္ခတ် ဖြစ် ကြောင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



၁၃။ ဟဿဒနက္ခတ်ဖြစ်ကြောင်းကား ရှေးသရောအခါ ဟိမဝန္တာတော၌ ခြင်္သေ့မယ်တစ်ခုသည် ရွှေကျောက်ဂူ၌ နေသတည်း။ မြေခွေးတစ်ခုသည်လည်း ထိုရွှေဂူ၏အနီး မဝေးသောအရပ်၌ ဖန်ကျောက်ဂူသည် ရှိသတည်း။ ထိုဖန်ကျောက်ဂူနေသောမြေခွေးသည် မောင်ဖြစ်သောခြင်္သေ့သုံးကောင်း အစာရှာသွားသောနောက် ရွှေကျောက်ဂူသို့သွား၍ အစကိုလည်း အခြေလေးခုရှိ၏။ ငါလည်း အခြေလေးခုရှိ၏။ ငါ့ကို အလုပ်ကျွေးလော့၊ ငါ့လျှင်မွေးရစေသောဟု ဆုပေး၏။ ခြင်္သေ့မလည်း အမျက်ထွက်၍ ကျွန်ခွေးနှုခွေးဝဲမဆိုကောင်းသောစကားကို ဆိုသည်ဟု စကားမဆိုဘဲ နေဘိ၏။ မြေခွေးလည်း မထိုက်တန်ဘဲ ဆို၍ အနုအဝဲဖြစ်၍ ကျက်စားမထွက်ဝံ့။ ဖန်ကျောက်ဂူ၌ အောင်းနေလေ၏။ ခြင်္သေ့မယ်သည်လည်း မောင်လာလျှင် အကြောင်းကိုပြန်စေ၏။ ထိုစကားကိုကြားသောမောင်နှစ်ယောက်လည်း အမျက်ထွက်၍ ဖန်ကျောက်ဂူသို့သွားလေ၏။ ဖန်ကျောက်ဂူ၌နေသည်ကို ကောင်းကင်၌နေသည်မှတ်၍ ရင်ဘတ်နှင့်တိုက်မိ၍ သေလေ၏။ မောင်အကြီးဖြစ်သောခြင်္သေ့ကား မြေခွေးဟူသည် ယုတ်စွာ၏။ အတိမှာလျှင် ကောင်းကင်မှာ နေတတ်အံ့နည်း။ ဖန်ကျောက်၌နေသည်ဖြစ်ရာ၏။ မြေခွေးခြေရာကိုကြည့်လတ်သော် ထွက်ရာဝင်ရာတံခါးကိုမြင်ရကား တံခါးဝကနေ၍ ဟောက်လေသော် မြေခွေးသည် ခွေလျက်သေလေ၏။ နတ်တို့လည်း ကမ္ဘာဦဒါန်းမော်ကွန်းထိုးစိမ့်သောငှာ ကောင်းကင်ထက်၌ ကွေးကွေးပင် မြေခွေးသေလေသည့် အရုမ်သဏ္ဌာန်ပင် ထားလေ၏။ ထို့ကြောင့် ထိုနက္ခတ်တွင် ဖွားသောသားကား မိမိထက် ထက်မြက်သောသူကို လုမ်း၏။ အပြီးမတိုင်ရာအသက်ကုန်ခြင်းသို့ရောက်ရာ၏။ ထို့ကြောင့် ထိုနက္ခတ်တွင်ဖွားသောသားကို ကိုယ်ထက်သာရုံသာ ဆင်ခြင်ရာ၏။ ထိုနက္ခတ်ကား ခွေးအိပ်၍နေဟန်လည်းဆို၏။ လက်ဝါးပြင်နှင့်တူသောကြောင့် ပုဏ္ဏားဖြစ်မူကား ခပ်သိမ်းသောသူတို့၏ လက္ခဏာတတ်သဖြင့် ဟောရ၏။ လက္ခဏာလည်းရှိ၏။ ဘုန်းလည်းရှိ၏။ ကျက်ကား

www.burmeseclassic.com

www.burmeseclassic.com



ဟာဿဒနက္ခတ်ဖြစ်ကြောင်းတည်း။

၁၄။ စိတ္တရနက္ခတ်၏ဖြစ်ကြောင်းကား အကြင်ပြည့်ရှင်မင်း တစ်ယောက်တွင် အဆင်းလှသော သမီးတစ်ယောက်ရှိသတတ်၊ အကြင် ပညာရှိပုဏ္ဏားသည် သမီးတော်ကို မိကျောင်းစားလိမ့်မည်ဆိုပေ၏။ အတိမ်ချလေရောက်သောအခါ တိုင်အောင်စောင့်စေသော် လွတ်ပါမည် နည်းဟု မေးလေ၏။ အသက် နှစ်ဆယ်စေ့မှ လွတ်အံ့သည်ဟု ဆို၏။ ယင်းသို့ပြီးတကား ရေသို့သွား၏။ မြေသို့မသက်စေနှင့်ဟူ၍ အစောင့် အရှောက်နှင့်ထားလေ၏။ ရှည်လျားလှသော မင်းကြီးတောကစားသွား သည်နောက် မိဖုရားကိုဆောင်းယန်၍ မိဖုရားလည်း သမီးတော်အလို သို့ လိုက်၍ လှေကြီးကိုတင်၍ ရေအပြည့်ထည့်၍ အလုပ်အကျွေးတို့ နှင့် ကစားစေ၏။ ကစားလွန်၍ချမ်းလှသော် လှေနံရံကိုတက်ကာ နေ ရောင်ခံကုန်၏။ ထိုအခါ နဂါးတစ်ကောင်သည် မြေကပေါ်၍ ကြည့် လေသော် မင်းသမီးကို မြင်လေ၏။ မင်းသမီးလည်း နဂါးမျက်စိကို မြင်လေသော် ဆင်ရွှေပတ္တမြားမှတ်၍ ကောက်ချေဟု စေ၏။ နဂါးလည်း မျက်စိကိုမှိတ်၍နေလေ၏။ မင်းသမီးလည်း တစ်ဖန်ကြည့်ပြန်သော် မြင်ပြန်၏။ မင်းသမီး ကောက်အံ့ဟု သက်ပြန်ချေ၏။ ထိုနဂါးသည် မင်းသမီးကို မိကျောင်းယောင်ဆောင်၍ ယူသွားခဲ့၏။ နတ်တို့လည်း သတ္တဝါတို့၏ ကြမ္မာအားဖြင့် မလွတ်နိုင်ရာသောအဖြစ်ကို ကမ္ဘာအဆက် ဆက် ဥဒါန်းမော်ကွန်းဖြစ်အောင် စိတ္တရနက္ခတ်ဟု ကောင်းကင်၌ ဖြစ်စေ၏။ ထိုနက္ခတ်ကား လဝန်းထဲတွင် ယုန်ယယ်သဏ္ဌာန်တည်း။ ထိုနက္ခတ်၌ဖွားသောသားကား အရောင်အဆင်း လှ၏။ ပညာကြီးရာ ၏။ ပညာကြောင့် ကျော်စောသတင်းထင်ရှား၏။ ရေဘေးတွေ့၍ သေ လေ၏။ ရေ၌ ရှောင်ကြဉ်ရာ၏။ ဤကား စိတ္တရနက္ခတ်၏ ဖြစ်ခြင်း တည်း။

၁၅။ သွာတိနက္ခတ်ဖြစ်ခြင်းကား၊ အကြင်ပြည်ကြီးတစ်ပြည်၌ ယဉ်းအနာရောက်လာသတည်း။ ထိုပြည်တွင် သူတစ်ဦးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်းသောသားသာ ရှိသတည်း။ ထိုသား၏အမိအဖတို့သည် သေ၏။ ထိုလုလင်သည် မပျော်၍ တစ်ရွာတစ်ပြည်သွားရှာလေသော် ရဟန်းကျောင်းတွင် တည်နေလေ၏။ ရဟန်းတစ်ပါးသည် ခွေးထမင်းကျွေးသတည်း။ ထိုလုလင်သည် အစာလွန်၍ သေလေ၏။ ခွေးမဝမ်းတွင်း ဝင်လေ၏။ ထိုခွေးမငယ်ကို မိန်းမသွားလေရာလိုက်၏။ မိန်းမချင်းတို့သည် ဖြစ်ဘိကုန်ရကား ရှက်စနိုး၍ ခွေးမငယ်ကို လည်၌ အိုးတစ်လုံးချည်ပြီးသော် ရေတွင် ပစ်လေ၏။ နတ်တို့သည်လည်း အယူချွတ်ယွင်း၍သာ ခွေးမငယ်ဖြစ်ပါလေ၏။ သေခြင်းမလှသေရလေသည်တကားဟု ခွေးမရုပ်အိုးနှင့်တကွ ဖန်ဆင်း၍ ကောင်းကင်၌ အများမြင်စေဟူ၍ နက္ခတ် ဖြစ်စေလေ၏။ ထို့ကြောင့် ထိုနက္ခတ်တွင် ဖွားသောသားကား အငယ်ကပင် မိဘနှစ်ပါး ကွေကွင်းရာ၏။ တစ်ရွာတစ်ပြည်မှာ ရှိလေရာ၏။ ထိုနက္ခတ်၏သဏ္ဌာန်ကား လှည်းပေါင်းထဲတွင် လှည်းစီးဟန်နှင့်တူ၏လည်းဆို၏။ ထိုနက္ခတ်တွင်ဖွားသောသားကား အစားကြီးရာ၏။ အစာတွင် ဝါ၍ သေလေရာ၏။ ရေကိုလည်း ရှောင်ကြဉ်ရာ၏။ ဤကား သွာတိနက္ခတ်ဖြစ်ကြောင်းတည်း။

၁၆။ ဝိသာခါနက္ခတ်၏ဖြစ်ကြောင်းကား ပုဏ္ဏားတစ်ယောက်သည် တပည့်ငါးရာကို အတတ်ပညာသင်ပေးသတည်း။ တပည့်လည်း မယားနှင့်မှားလေသတည်း။ ရှည်လျားလှသော် ဆရာသိလေရကား တပည့်ကို ဆရာစက်နှင့်ပစ်လေသော် တပည့်သေရလေ၏။ နွားမဝမ်းတွင် ဝင်လေ၏။ ပုဏ္ဏားလည်း အဘယ်မှာဖြစ်လေသနည်းဟု သိကြားကို မေးလေသော် ပုဏ္ဏားမွေးသောနွားမတွင် ဝင်လေအံ့ဟုဆို၏။ ပုဏ္ဏားလည်း နွားမဝမ်းတွင် နှိုက်ယူလေသော် ခေါက်ခွေကျ၍ သေလေ၏။ ပုဏ္ဏားသည်လည်း နင်သို့သောသူကို ဆရာကိုပြစ်မှားသောသူ၊ နင့်ကို ငါမမြင်လိုလှ၍ ပြေးကွယ်၍နေ၏။ ထိုနွားသည် ဝိသာခါနက္ခတ်ဖြစ်လေ၏။ ထိုနက္ခတ်တွင်ဖွားသောသားကား ခင်ပွန်းကိုပြစ်မှားတတ်၏။ ဆရာကိုလည်း ပြစ်မှားတတ်၏။ သူ၏မယားသား၌ ပြစ်မှားတတ်၏။

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်မှား၍ အသက်ဆုံးစေတတ်၏။ ဤကား ဝိသာခါနက္ခတ်၏ ဖြစ်ကြောင်းတည်း။

၁၇။ အနုရာဓနက္ခတ်ဖြစ်ကြောင်းကား လယ်လုပ်သောသူသည် လယ်တွင်ဝင်စေတတ်၍ စောင့်သတည်း။ သားငယ်သည် သစ်ပင်ထက် မှာရှိသော ငှက်တို့ကိုယူအံ့ဟူ၍ ငို၍ တောင့်တသတည်း။ လယ်စောင့် ယောက်ျားလည်း လေးနှင့်ပစ်သော် သစ်ပင်ထက်၌ ကန့်လန့်ရှိ၏။ ထိုငှက်နတ်တို့ယူ၍ ကောင်းကင်မှာထား၏။ အကောင်းကိုလေပုတ်၍ ကျလေသတည်း။ ကောင်းကင်ပြင်ဟူ၍ ဖြစ်လေသတည်း။ ထိုငှက်၏ ဝိညာဉ်ကား အနုရာဓနက္ခတ်ဖြစ်၏။ ထို့ကြောင့် ထိုနက္ခတ်တွင်ဖွားသော သားကား ငှက်အနာအဖျား များလေ၏။ ကြီးသောသူတို့နှင့် ခိုက်ရန် လို၏။ ဤကား အနုရာဓနက္ခတ်၏ ဖြစ်ကြောင်းတည်း။

၁၈။ ဇေဋ္ဌနက္ခတ်၏ဖြစ်ကြောင်းကား ရသေ့တစ်ယောက်သည် ရွာတွင်းသို့ဝင်၍ ဆွမ်းခံလေသတည်း။ ထိုရသေ့ကို မုနိတာမည်သော နတ်မင်းသည် ရသေ့နောက်သို့လိုက်လေ၏။ ရှင်ရသေ့၏ကျောင်းသင်္ခမ်း သည် အတီမှာနည်းဟုမေး၏။ ရှင်ရသေ့ကား ငါနေသည့်အရပ်ကား နန္ဒဝန်မည်သောတော၌နေသည်ဟုဆို၏။ ရှင်ရသေ့ဝတ်သောသင်္ကန်းသည် အလွန်လှစွာတကား။ အဘယ်အရပ်၌နေသနည်းဟု မေးပြန်၏။ ငါ့သင်္ကန်းကား ကျောင်းပတ်ဝန်းကျင်၌ ဖြစ်သတည်းဟု ဆိုပေ၏။ ငါလိုက်၍ယူသော် ရပါမည်လောဟု မေး၏။ အလိုရှိတိုင်း ရအံ့ဟုဆို ၏။ မုနိတာမည်သောနတ်သမီးလည်း ရသေ့နောက်သို့လိုက်၍ သင်္ကန်း ပင်အတီးနည်းဟုမေး၏။ ရှင်ရသေ့လည်း ခုနစ်ရက်မှာ တစ်ခါရောက် သည်ငံ့ဦးလောဟုဆို၏။ ငံ့စများသော် ရှင်ရသေ့နှင့် အိမ်ထောင်ဖြစ်ကြ လေ၏။ သားယောက်ျားတစ်ယောက်ဖွားလေ၏။ ပြည့်ရှင်မင်းသည် သေခဲ့ မင်းလျာမရှိ၍ ရှာလေသော် ထိုသတို့သားကိုတွေ့လေ၏။ မင်းမြှောက် လေ၏။ မင်းအဖြစ်မှ စတေလတ်သော် ဇေဋ္ဌနက္ခတ်ဟူ၍ ဖြစ်လေ၏။ ထိုနက္ခတ်၌ ဖွားသောသားကား အမိမျိုးမြတ်အံ့၊ အဖမျိုးညံ့အံ့၊ မင်း

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ရာသောလက္ခဏာရှိအံ့၊ ဤကား ဇေဋ္ဌနက္ခတ်ဖြစ်ကြောင်းတည်း။

၁၉။ မူလာသံနက္ခတ်ဖြစ်ကြောင်းကား၊ ရွာကြီးတစ်ရွာ၌ အစ်ကိုမူကား မယားမရှိ ညီမူကား မယားရှိ၏။ တစ်နေ့သ၌ ညီလယ်ထွန်သွားသည့်အခိုက် အစ်ကိုနှင့်မှားလေ၏။ ထိုသို့မှားစဉ်တွင် နှစ်ယောက်လုံး မြွေကိုက်၍ သေလေ၏။ ညီလာလေသော် အကောင်နှစ်ခုကို ခွာသည်ရှိသော် မခွာနိုင်ခဲ့ရကား မင်းကြီး ကြည့်လေ၏။ နတ်ပြည်လူ့ပြည် ကျော်စောလေ၏။ နတ်တို့သည်လည်း မဖြစ်ရသည်ကို ဖြစ်ဘိရကားဟူ၍ မကွာနိုင်သောအကြောင်းကို ကမ္ဘာဥဒါန်းဖြစ်စိမ့်သောငှာ ကောင်းကင်၌ထားလေသော် လေပြင်းခတ်၍ကျသော် တစ်ယောက်ကား ပန်းမှောက်ခုံဖြစ်လေ၏။ တစ်ယောက်ကား မူလာသံနက္ခတ်ဖြစ်၏။ ထိုနက္ခတ်၌ ဖွားသောသူကား သူတကာမယားကို ပြစ်မှားတတ်၏။ ဤကား မူလသံနက္ခတ်အကြောင်းတည်း။

၂၀။ ပြုဗ္ဗာသန်နက္ခတ်၏ဖြစ်ကြောင်းကား၊ ရွာတစ်ရွာ၏ အရှေ့၌ သိစ္စဲနာပင်ရှိ၏။ ထိုသစ်ပင်၌ ငှက်ကြီးတစ်ကောင်သည် ဥသတည်း။ ငှက်ငယ်ပေါက်လာသော် အစာမပြတ် ငှက်မ,ခွံသတည်း။ အခါတစ်ပါး ငှက်မသည် ဝက်မကိုချီ၍ အသိုက်တွင်းထားသတည်း၊ ဝက်ကိုလည်း နေ့တိုင်း အစာပေးသတည်း၊ ဝက်ငယ်ကြီးလာသော် အသိုက်မှထွက် အတူစားသတည်း။ ငှက်မလည်း မိမိသားမှတ်၍ အမွေးအတောင်ကို သုတ်သင်သတည်း။ ဝက်ငယ်လည်း ယားယံသောကြောင့် ငှက်နှုတ်သီးကို ခါလေသော် ဝက်ငယ်သည် သမုဒ္ဒရာအနားမှ၌ကျ၏။ ဝက်ငယ်သေခဲ့သော် ကောင်းကင်၌ ပြုဗ္ဗာသန်နက္ခတ်ဖြစ်လေ၏။ ထို့ကြောင့် ထိုနက္ခတ်တွင်ဖွားသောသားကား ငယ်စဉ်က အနာများရာ၏။ တစ်ပြည်တစ်ရွာသို့ ရောက်လေရာ၏။ တစ်ပြည်တစ်ရွာမှာ ခန္ဓာပျက်လေရာ၏။ ဤကား ပြုဗ္ဗာသန်နက္ခတ်၏ ဖြစ်ခြင်းတည်း။

၂၁။ ဥတ္တရာသန်နက္ခတ်၏ ဖြစ်ကြောင်းကား၊ ရသေ့တစ်ယောက်သည် သမီးရှိသတည်း။ ဂဠုန်မင်းသည် ထိုရသေ့သမီးကို လို

www.burmeseclassic.com

www.burmeseclassic.com



ချင်ရှသောကြောင့် လုလင်ယောင်ဆောင်၍ ရသေ့ကို လုပ်ကျွေးလေ၏။ အခါတစ်ပါးသော် မိဖုရားထံသွားအံ့သည်ဟု ဖန်ဆင်းအပ်သော် လူ ဟူသောအမှတ်ဖြင့် သမီးကို ပေးလိုက်၏။ ဂဠုန်မင်းလည်း သနား၍ ပြာသာဒ်နှင့်ထား၏။ ကိုယ်ဝန်ရှိလေသော် ဂဠုန်မင်းလုပ်ကျွေးသော အစာမစားဘဲ၍ သေခဲ့၏။ ဂဠုန်မင်းလည်း ရသေ့သိပါချေက ငါ့ကို အမျက်ထွက်လတ္တံ့ဟု နတ်ပြည်သို့ရောက်အောင် ပြန်လေသော် လေ သင်တုံးနှင့်သေခဲ့ရကား၊ ဂဠုန်မင်း၏အကောင်သည် အောက်သို့ကျ၍ ကြက်ဖြစ်လေရကား၊ ဝိညာဉ်နက္ခတ်ဖြစ်ရကား သူမြတ်နိုးတနာ မွေး သော သားသမီးကို့ကိုရအောင် ကြိုးစားတတ်၏။ ကိုယ်ဝန်ရှိသော အခါ အောက်၌ ပိုးသံထိ၍သေ(ာတ္တံ့။ ယောက်ျားဖြစ်မူလည်း မယား ကြောင့် သေရာ၏။ ဤကား ဥတ္တရာသန် နက္ခတ်ဖြစ်ကြောင်းတည်း။

၂၂။ သရဝံနက္ခတ် ဖြစ်ကြောင်းကား၊ ရှေးသရောအခါ ဥသျှ ပင်အောက်တွင် ထန်းပင်ရှိသတည်း။ ထန်းပင်အောက်တွင် ယုန်ဝပ် ၍နေသတည်း။ ကဆုန်လအခါ ဥသျှစ်သီးကြွေ၍ ထန်းထက်ကျလတ် သော် ယုန်သည် မိုးပြိုသည်ဟူ၍ မူးမူးမော်မော်ပြေးရှာလေ၏။ သတ္တ ဝါများလည်း ယုန်အဘယ်ကြောင့်ပြေးရှာသနည်းဟု မေးမြန်းကြကုန်၏။ ယုန်လည်း မိုးပြိုလေပြီ။ သင်တို့ ယခု သေတော့မည်ဟု ဆိုလျက် ပြေးလေ၏။ သတ္တဝါအမျိုးမျိုးကြောက်၍ ပြေးရှာလေ၏။ သမုဒ္ဒရာ တွင်းချည်းကျ၍ သေခဲ့၏။ ထို့ကြောင့် ရေတွင် ဆယ်ကုဋေမျှား၍ ဖြစ်လေ၏။ ထိုသတ္တဝါများဖြစ်သည်ကို ခြသေ့မင်းမြင်လေသော် ငါသို့ သော တောသုံးထောင်ကို အစိုးရသော ခြသေ့မင်းရှိလျက် သင်တို့ အဘယ်ကိုကြောက်၍ပြေးသနည်းဟုမေးသော် ယုန်လည်း သင်တို့ငါတို့ မိုးပြို၍ ပိတော့မည် လွတ်ရာပုန်းကုန်ဟူ၍ ပြေးလေသောကြောင့် ယုန်ပြေးလေသော် သင်းဝပ်သောဥသျှစ်ပင်နှင့်ထန်းပင်တို့ လေကြောင့် လှုပ်ရမ်းပြီး၍ ဥသျှစ်သီးသည်ကား ထန်းပင်ပေါ်သို့ ကြွေကျလာရ သောကြောင့် ဥသျှစ်သီးမှည့်ကြွေကျသံတည်း။ ယုန် နင်ဆိုတိုင်း မိုးမ

www.burmeseclassic.com



ပြိုတကား၊ နင်ကား သတ္တဝါများကို ဖျက်ဆီးပေသည်ဟု ခြင်္သေ့မင်း ဆိုလေသော် ယုန်ငယ်ဆို၏၊ အရှင်တောသုံးတောင်ကို အစိုးရသော ခြင်္သေ့မင်း ကျွန်ုပ်အား ဒဏ်မပေးပါနှင့် အရှင်ခြင်္သေ့မင်း ရန်သူကြီးစွာကို မြင်သောကြောင့် ငါပြောပါသည်ကို ငါ့ကို မေးကုန်၏။ ငါမသိသော် မကောင်းဟူ၍ ပြေးသည်။ သတ္တဝါများ ရေမှာဆင်း၍ သေလေသည်၊ ယုန်ဆို၏။ ထိုယုန်ဆိုသောစကားကိုကြားသော် ခြင်္သေ့မင်းလည်း ကြည့်၍ ငါ့ရန်သူ အဘယ်အရပ်တွင် မြင်သနည်း၊ အရှင့်ရန်သူ မြောက်အရပ်တွင် အိုင်ကြီးထဲတွင် ရှိအံ့ဟု ဆို၏။ ခြင်္သေ့လည်း တောသုံးတောင်ကိုအစိုးရသည်ကား ဟုတ်၏။ ပညာမရှိ မိုက်လှသည်။ ငါ ဥသျှစ်သီးကြွေရာ လန့်ပြေးစေကာမူ ငါချည်နှောင်ထားသည်ကို ငါ လှည့်စားရစေဟု ကြံ၍ဆိုသော် ခြင်္သေ့လည်း အိုင်ကိုသွား၍ ကြည့်လေသော် ရေတွင် ခြင်္သေ့အရိပ်ကိုမြင်လေ၏။ ယုန်ငယ်မေး၏။ ခြင်္သေ့လည်း ဆို၏။ သင်ဆိုတိုင်းပင် မှန်ဟုဆိုသော် ခြင်္သေ့မင်း ကျွန်ုပ်ကို အတုပ်အနှောင်ကိုဖြေမှ ခြင်္သေ့မင်းရန်သူကို ညီညာ၍ တိုက်ရမည်။ မဖြေသော် တစ်ဖက်သားရန်သူကို ဖိထားသကဲ့သို့ရှိတော့မည်ဟု အတုပ်အနှောင်ကို ဖြေ၍လွှတ်သည်။ ခြင်္သေ့လည်း ယုန်နှင့်ရေကန်ကို သွားသော် အံရိပ်ကိုတွေ့၍ ခြင်္သေ့ရောက်သောအခါ ယုန်ထွက်ပြေးလေသည်။ ခြင်္သေ့မင်းလည်း အဟောက်လွန်၍ ရင်ကွဲကာသေ၏။ ခြင်္သေ့သေ၍ သရဝံနက္ခတ်ဖြစ်၏။ ထို့ကြောင့် ထိုနက္ခတ်၌ ဖွားသောသားကား၊ သူလှည့်စားလေရာယုံကြည်၍ အသက်ဆုံးလေ၏။ ဤကား သရဝံနက္ခတ်ဖြစ်ခြင်းတည်း။

၂၃။ နေသိဒ္ဓိနက္ခတ်ဖြစ်ခြင်းကား၊ သူမိုက်ရှစ်ယောက် ထင်းခွေသတည်း။ ကျွဲထီးမြင်လေသော် အချင်းတို့ ထင်းခွေသည်ထက် ကျွဲထီးပင်ရသော် ကောင်း၏ဟု ဖမ်းဆီးကြလေသော် ကျွဲထီးခတ်လိုက်လေ၏။ သူမိုက်ရှစ်ယောက်သေလေ၏။ ထိုသူမိုက်တို့အသက်သည် ကောင်းကင်၌ နေသိဒ္ဓိနက္ခတ်ဖြစ်လေ၏။ ထို့ကြောင့် နေသိဒ္ဓိနက္ခတ်

www.burmeseclassic.com

www.burmeseclassic.com



၌ဖွားသောသားကား တောသွားသော် သားရဲတို့ကိုတွေ့သော် ရှောင်ကြဉ်ရာ၏။ ဤကား နေသိဒ္ဓိနက္ခတ်၏ ဖြစ်ကြောင်းတည်း။

၂၄။ သတ္တဗိသျှုနက္ခတ်ဖြစ်ကြောင်းကား။ အားရှိသော ဝက်ထီးကဲ့သို့ ကျွဲလေးခုရုံခတ်လေသတည်း။ မုဆိုးစောင့်ကြည့်သတည်း။ အတန်ငယ်ခတ်ဘိသောကြောင့် ဝက်ထီးသေလေသတည်း။ ထိုဝက်ထီးအသက်သည် ကောင်းကင်၌ နက္ခတ်ဖြစ်လေသတည်း။ ထို့ကြောင့် ထိုနက္ခတ်တွင်ဖွားသော သားကား ဘေးဥပါဒ်များ၏။ ရန်သူအံ့၍ ညှင်းဆဲရာ၏။ ထို့ကြောင့် ရန်သူဟူသည် နှလုံးဖြင့် ရှောင်ရာ၏။ ဤကား သတ္တဗိသျှုနက္ခတ်၏ဖြစ်ကြောင်းတည်း။

၂၅။ ပြုပ္ပါပုရပိုဒ်နက္ခတ်၏ ဖြစ်ကြောင်းကား။ သူဌေးတစ်ယောက်သည် ပျက်စီးသောပျောက်ခြင်းသို့ ရောက်ခဲ့၏။ သမီးတစ်ယောက်ကြွင်းသတည်း။ ထိုသမီးကို ကုဋေရှစ်ဆယ်ကြွယ်သောသူဌေးတွင် ထားခဲ့သတည်း။ ထိုသူဌေးလည်း သနားသောကြောင့် အိမ်ဆောက်၍ ကောင်းစွာထား၏။ သူဌေးမသေခဲ့သော် သူဌေးယောက်ျားနှင့် သင့်ကြ၏။ သမီးတစ်ယောက်မွေးလေသော် ထိုမိန်းမသေခဲ့၍ အထက်ကောင်းကင်၌ နက္ခတ်ဖြစ်၏။ ထိုနက္ခတ်၌မွေးသောသားကား အိမ်ထောင်ကျသော် ကြွယ်ဝချမ်းသာဖြစ်၏။ သားတစ်ယောက်ကား မွေးလေရာ၏။ အသက်ရှည်စွာမနေရ သေရ၏။ ဤကား ပြုပ္ပါရပိုဒ်နက္ခတ်ဖြစ်ကြောင်းတည်း။

၂၆။ ဥတ္တရာပုရပိုဒ်နက္ခတ်ဖြစ်ကြောင်းကို မင်းတစ်ယောက်သည် တောသို့သွား၍ သားငါးပစ်ခဲ့သော စိုင်ထီးတစ်ခုကို ပစ်မိချေ၍ စိုင်ထီးခတ်၍ ချုံထဲသို့ဝင်၍ပြေးလေ၏။ ချုံရှုပ်လှသောကြောင့် စိုင်သည် မခတ်မိဘဲ လွတ်လေ၏။ ထိတ်လန့်၍ သေခဲ့လေသော် ကောင်းကင်၌ ဥတ္တရပုရပိုဒ်ဖြစ်လေ၏။ ထိုနက္ခတ်၌ဖွားသော်ကား အားနှင့်ပတန်သောလူအပေါင်းတို့ကို ရှောင်ကြဉ်လေကုန်၏။ ထိပါးထိတ်လန့်၍ သေလေရာ၏။ နက္ခတ်နှစ်ပါးပေါင်း၍ကြည့်သော် ဗိုးနိုန်နှင့်တူ

www.burmeseclassic.com

www.burmeseclassic.com


သတည်း။ ဤကား ဥတ္တရာပုရပိုဒ် နက္ခတ်ဖြစ်ကြောင်းတည်း။

၂၇။ ရေဝတီနက္ခတ်၏ဖြစ်ကြောင်းကား တံငါတစ်ယောက်သည် သားနှစ်ယောက်မြင်မှ မယားသေခဲ့၏။ နောက်မယားငယ်နေသတည်း။ မယားငယ်ကို အိမ်တွင်ထား၍ သားကြီးသုံးယောက်နှင့် မြှုံးထောင်လေသည်။ အခါတစ်ပါး၌ မြှုံးထဲတွင် ငါးကြီးတစ်ကောင်ဝင်လေ၏။ တံငါသားအဖ သုံးယောက်သည်လည်း သည်းလှေပိုင်းကောစီး၍ လာသတည်း။ ထိုမြှုံးကို ချီလေသော် မချီနိုင်၍ သားကိုငုပ်လောဟုဆို၏။ သားတို့ မငုပ်လို၍ အဖငုပ်ရလေ၏။ ငါးကြီးဆီး၍မျိုလေ၏။ သားတို့လည်း ငါတို့အဖ မပေါ်လာတကားဟု တစ်ယောက်ငုပ်လေ၏။ ငါးကြီးမျိုပြန်လေ၏။ ဤသို့ချည်း ငုပ်လေသော် ညီအစ်ကိုသုံးယောက်နှင့် အဖလေးယောက်ပင် အစားခံရလေ၏။ ဤသို့လျှင် မစူးစမ်းမဆင်ခြင် မတွေးမတော မထောက်မချင့် မမျှော်မခေါ်ချေ၍ သားအဖလေးယောက်လုံး ဆုံးချေ၏။ နတ်တို့သည် ကမ္ဘာဥဒါန်းမော်ကွန်းပြောစရာ ပြစ်မှုသော်ငှာ ကောင်းကင်ပြင်၌ မြှုံးပေါက်လဲသဏ္ဍာန်နှင့်တကွ နက္ခတ်ဖြစ်စေသတည်း။ ထိုနက္ခတ်၌ဖွားသောသားကား ရေ၌ အဆောတလျင် ခံ့အမင်မပြုရာ ကြီးသော်လည်း ဤသို့ မစူးမစမ်း မဆင်မခြင်မပြုရာ၊ ပညာဖြင့် ကြံဆဆင်ခြင်၍ သွားရာ၏။ ဤကား ရေဝတီနက္ခတ်၏ဖြစ်ကြောင်းတည်း။ နက္ခတ်တို့အကြောင်းပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားဖြစ်တော်ပေါင်း သက်တော် ရှစ်ဆယ်တိန်းတို ချသော အင်း

ပ ပေါ ဓေ သိ ဓ နု မ္ဗု ဓံ

ဂ်ိ ဒ္ဓါ ာ ဝ ဓ္ဓါ ဧ ဓ္ဓ ဧ

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၀ |
| ၂ | ၇ | ၁၂ | ၁၃ |

ဓ ဿ ဿ ပ း၆ ၂ေ ဩ ဉ္စ

အစကြိုးကြာ ၁၆–ခါနှင့် ဟသ်ာ ၉–ဖြစ်၊ ၆–ဖြစ်ကားနို ကျေးညို ၃–ခါ၊ သံသာကျူးထိပ်၊ ကရဝိတ် ၅–ခါ၊ ၄–ဖြာကိန္နရီ စာမမိ ၁၅၊ မျောက်ကား ၁၀၊ ဆင်ဝယ် ၁၁၊ နွားဖြစ် ၁၄–ငကော သိန္ဓဝ၊ ကျွဲအဌနှင့် သံမြသာညောင်း၊ ဥဒေါင်းနှစ်ခါ၊ သာလိကာသတ္တ၊ ဒွါဒသကြက်၊ ဝက်ကား ၁၃၊ မုတ်ယူသုံးသည်၊ မြွတ်ဘုန်းသီဟု ရန် ကင်းတည်း။ ရထားသွားချပါ။ အာရုံဂါထာကရောကရောတံမမောဟံ။ ပပေါဓေသိဓနုဗမ္ဗုဓံ၊ ဓမ္မေတ္တာ ဓမ္မရံသီဟိ။ ဝရံသောဒေတုမေ ဖလံ။

### ဆံပင်နက်ဆေး

ကြက်ဥတစ်လုံး၊ ဘဲဥတစ်လုံး၊ ထောပတ် ၂၅၊ သကြား ၁၀၊ တင်လဲငါးဆယ်၊ ဇာဒိပ္ဖိုလ်သီး ၁၊ လေးညှင်းပွင့် ၅ ပွင့်၊ ကျုံး ခေါက်နက် ၅။ ထိုဆေးရှစ်ပါးတွင် နောက်ဆေး ၃ ပါးကို အညက်

www.burmeseclassic.com



ထောင်းပြီး ပေါင်းစုံ၍ မတူးမခြစ်ရအောင် ကြံရည်နှင့် ချက် နံနက်တွင် စားလေ။ ကြက်ဖြူကိုကျွေး ကြက်မည်းဖြစ်လိမ့်မည်။

## အာဃုဝဆနဆေး

သမ္ဘရာပင် ပဉ္စငါးပါးကိုယူပြီးလျှင် မီးဖုတ်၍ ငှင်းလိပ်ပြာကိုယူပြီးမှ သံပရာရည်များစွာနှင့် အင်တုံထဲထည့်၍ စရနယ်ပြီးလျှင် နေပူမှာလှမ်း၊ ငှင်းအရည်ကို ဒယ်အိုးနှင့်ထည့်၍ ဆားချက်။ ငှင်းဆားကိုရလျှင် စီရင်နည်းကား သံလုံလုပ်ပြီးလျှင် ဇာဒိပ္ပိုလ်သီးတစ်လုံးကိုသွေး၍သုပ် ငှင်းဆား ၁ကျပ်တန်သည် ၂ ကျပ်တန်သည် ထည့်ပြီးလျှင် ထိုးရမည်။ ထိုး၍ အရည်ဖြစ်လျှင် ငှင်းဇာဒိပ္ပိုလ်သီးနှစ်လုံးကို ထောင်း၍ထည့်၊ သမလျှင် ခံရည်သို့ ကုန်ရမည်။ ခံရည်တား၊ ပထမကျွဲနို့ထဲသို့ ငှင်းနည်း၊ တတိယမှာ ဆိတ်နို့ထဲသို့ ငှင်းနည်းပေါင်း အကြိပ်ခြောက်ဆယ်စေလျှင် ဆား၏သဏ္ဍာန်မှာ ကြယ်ရောင်လရောင်ရှိ၏။ ဤသို့လျှင် အဃုဝဆနအပြီးတည်း။ မယုံလျှင် ပျားရည်သို့ထည့်၍ စမ်းလေ။ ငှင်းပျားရည်သည် ရေဖြစ်၏။

## မြမျိုး ရှစ်ပါး

၁။ ဒူလီမှာ စိမ်းစိမ်းမွဲမွဲ ခဝဲပွင့်သဏ္ဍာန်ရှိသည်။
၂။ ဒူလာမှာ စိမ်းပြာပြာအဆင်းရှိသည်။
၃။ ကုဏ္ဍရာမှာ အရောင်းအဆင်း ဝင်းဝင်းသဏ္ဍာန်ရှိသည်။
၄။ သွာမှာ ကျေးတောင်အဆင်းသဏ္ဍာန်ရှိသည်။
၅။ ကာလာမှာ အစိမ်းအတွင်း အမည်းအပြောက်ရှိသည်။
၆။ ဝင်သဝဏ်မှာ အဆင်းဝင်းဝင်းထွန်းထွန်းရှိသည်။
၇။ ခံမြမှာ ဝင်းဝင်းမှည့်မှည့်ရှိသည်။
၈။ ကြံတွဲဝက်မှာ အဆင်းရေမြှုပ်အဖတ်ကဲ့သို့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## မြယိုးယား လေးပါး

၁။ စမုန်နာမှာ နှားနို့အဆင်းရှိသည်။
၂။ ရတ္တာမှာ နှားနို့သစ်အဆင်းကဲ့သို့ရှိသည်။
၃။ ဗာရာမှာ ၎င်းအဆင်းရှိသည်။
၄။ ဖအောင်းမြေမှာ ၎င်းအဆင်းရှိသည်။

## ဘျောက်မျက်ရွဲ လေးပါး

၁။ ဖေယော်မှာ အဆင်းအရောင်ရစ်ရစ်အပတ်ပတ်ရှိသည်။
၂။ ဥသဖရားမှာ ထိပ်ဖျား၌ တံခွန်ရှိသည်။
၃။ စေယော်မှာ အရောင်အဆင်း ရွှေတံခွန်ရှိသည်။
၄။ မဟော်ရပ်မှာ အဆင်းအရောင် အဖြူအနီတံခွန်ရှိသည်။

## နီလာမျိုး လေးပါး

၁။ ပိသျှမှာ ထင်းရှုးကဲ့သို့ သက်တန့်ရောင်တံခွန်ရှိသည်။
၂။ နီလာမှာ ပြာပြာအောက်မဲ ညိုသဏ္ဌာန် တံခွန်ရှိသည်။
၃။ နီလာသာခံမှာ အပြာပြောက်ပြောက်ကျားကျားရှိသည်။
၄။ ဥပနီလာ ကြာညိုအဆင်းကဲ့သို့ သဏ္ဌာန်ရှိသည်။
၎င်းနီလာလေးမျိုးတွင် ကြံဆစ်ရောင်ဝင်မှု အကောင်းဆုံး။

## ဝရဇိန်မျိုး လေးပါး

၁။ ခတ္တိယမှာ အဆင်းဝါဝါ ပြက်ပြက်ရှိသည်။
၂။ မြဟ္မာမှာ အဆင်းအလျှံ လက်လက်ရှိသည်။
၃။ ဂဏ္ဍာမှာ အဆင်းမွဲမွဲပြာပြာ ကြည့်တိုင်းထိပ်၌ အရပ်ရှိသည်။
၄။ ပြုဿနာမှာ အဆင်းရွှေရောင်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပုလဲရှစ်မျိုး

၁။ ဂဇမုတ္တာမှာ ရွှေအသားကဲ့သို့ အဆင်းရှိသည်။

၂။ သုသရမုတ္တာမှာ ဝက်စွယ်၏အရောင်ကဲ့သို့ အဆင်းရှိသည်။

၃။ ဘူဇင်္ဂသီသမုတ္တာမှာ အနီအမျိုးမျိုးရှိသည်။

၄။ ဝလာဟက မုတ္တာမှာ တိမ်မှဖြစ်သည့် မှောင်မျိုးကို ပျောက်စေတတ်၏။ နတ်သုံးတည်း။

၅။ မစ္ဆမုတ္တာမှာ ငါးဖယ်ကျောက်ကဲ့သို့ရှိ၏။ ဆတ်ဆတ်ခုန်တတ်၏။ အရောင်လျှပ်လျှပ်ရှိ၏။ အလုံးက ကလောသီးခန့်ရှိ၏။

၆။ သင်္ခမုတ္တာမှာ ခရုသင်းဝမ်းရေကဲ့သို့ လျှပ်လျှပ်ရှိသည်။ အလုံးကား ငုင်းနည်း။

၇။ သမ္ဗမုတ္တာမှာ အရည်တွေ့တွေ့ရှိ၏။ ပတ်လည်၌ ရ၏။

၈။ ဝေဠုမုတ္တာ ဝါးမှထွက်သည်။ အဆင်း ကြာဖတ်သဏ္ဍာန်ရှိ၏။

## တစ်နည်း ပုလဲရှစ်မျိုးရှစ်ပါး

၁။ ဝိရောဇမုတ္တာ အထွေထွေ အရောင်အဆင်းရှိသည်။

၂။ ဂသ်မုတ္တ ကြေး၏အရောင်ကဲ့သို့ရှိသည်။

၃။ ပဿသမ္ဗူမုတ္တာ ပြိုးပြိုးပြက်ပြက် တခဲနက်အရောင်ရှိသည်။

၄။ ရဇတမုတ္တာ ငွေ၏အရောင်းအဆင်းရှိ၏။

၅။ သုဝဏ္ဏမုတ္တာ ရွှေ၏အရောင်အဆင်းရှိသည်။

၆။ နီလာမုတ္တာ ညိုသောအရောင်အဆင်းရှိသည်။

၇။ ပီတမုတ္တာမှာ ရွှေသောအရောင်အဆင်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



၈။ ကလျာမုဋ္ဌာမှာ မည်းသောအရောင်အဆင်းရှိသည်။

## ကြောင်မျိုးလေးပါး

၁။ ဇေယျော်မှာ ကြိုးစလွယ်တင် အသားဝါသည်။
၂။ ဝေယျော်မှာ ရွှေကြိုးငွေကြိုး ရက်တန်းရှိသည်။
၃။ ရှိန်ပုတ်မှာ ဝါဝါစိမ်းစိမ်းရွှေရွှေရှိသည်။
၄။ ရှိန္နတုမှာ ကြိုးဆိုက်စိုက်သဏ္ဌာန်ရှိသည်။ ပေါင်းလေးပါး ပတ္တမြားမျိုးတွင် မပါဝင် မပါမရှိဆိုသည်။

## ရာဇီမျိုးစုလေးပါး

၁။ ပြဒါး
၂။ ကြေး
၃။ သံ
၄။ သွတ်
၅။ ငွေ

## အပြစ်ခြောက်ပါး

၁။ သားညစ်သားပုပ်
၂။ သားဆက်
၃။ သားထပ်
၄။ အသားဝင်
၅။ လှေတွင်
၆။ ဂေါ်ပင်

## ပုလဲငါးပါး

၁။ ပုလဲဖြူ
၂။ ပုလဲညို
၃။ ပုလဲ
၄။ ပုလဲရွှပ်
၅။ ပုလဲဝါ

www.burmeseclassic.com

www.burmeseclassic.com



## စိန်ဌာနရှစ်ပါး

၁။ အင်္ဂလိပ်
၂။ ဘနာရပ်
၃။ ဘတ္တဝိ
၄။ ယိုးဒယား
၅။ နာရကတ္တိ
၆။ မိုးနဲစိန်
၇။ ဘန်စိန်
၈။ မှန်စိန်

## စိန်မျိုးအသားအဓနေ ရှစ်ပါး

၁။ အသားချော
၂။ စိန်ဖြူ
၃။ စိန်နီ
၄။ ကြက်ဆီ
၄။ စိန်ပြာ
၅။ စိန်စိမ်း။
၆။ စိန်နက်
၇။ ရိုးမှာ

## သုံးဆယ့်ခြောက်ပါး အတွက်ခနေ

၁။ စွန်ရိုး
၂။ အုန်းခရိုင်
၃။ လေးဘက်ခရိုင်
၄။ တာပသာ
၅။ ယာပုံ
၆။ ခရာသိ
၇။ ရင်ကွဲ
၈။ ကျာဘန်း
၉။ မြို့မို
၁၀။ ကြက်လျှာပြန်
၁၁။ အုပ်ဆောင်း
၁၂။ နာရကတ္တိဆင်
၁၉။ မှည့်မည်း
၂၀။ အလျား
၂၁။ အဝန်း
၂၂။ အစောင်း
၂၃။ တစ်ဖက်နိမ့်
၂၄။ ကုတ်တို
၂၅။ ကုတ်ကြွ
၂၆။ ကြောင်မွေး
၂၇။ အမြှုပ်များ
၂၈။ အနားစိ
၂၉။ အနားပြတ်
၃၀။ မှတ်ကျန်

www.burmeseclassic.com

www.burmeseclassic.com



၁၃၊ ကော်ဝယော်
၁၄၊ ရှင်းနာရံသီ
၁၅၊ ကော်စွန်ပြုတ်
၁၆၊ စိန်စမျို
၁၇၊ အောက်ကြီး
၁၈၊ အောက်နည်း
၃၁၊ မှတ်ရွှဲ
၃၂၊ ထောင်ပဲ့
၃၃၊ ထောင့်ယွန်း
၃၄၊ အသားဖုံး
၃၅၊ အသားပွ
၃၆၊ အသားပြုတ်

## စိန်မျိုးအပြစ်ခြောက်ပါး

၁၊ လေးထောင့်မျှ
၂၊ ဝန်းလျားညီ
၃၊ ဝမ်းဘဲဥ
၄၊ ညှောင်ရွက်
၅၊ အစောင်း
၆၊ အနိမ့်

## ငွေမျိုး နှစ်ဆယ့်နှစ်ပါး

၁၊ ရုပိစ
၂၊ ရဇသ
၃၊ သဇ္ဈ
၄၊ သဗ္ဗ
၅၊ ရှုပိန
၆၊ မြင်းက
၇၊ မိုင်းယော်
၈၊ ထောင်ကဲ
၉၊ ကျိုင်းတောင်
၁၀၊ ထိပ်ကူ
၁၁၊ တာမုံ
၁၂၊ ဖွယ်
၁၃၊ တင်ထွာ
၁၄၊ ငွေစိန်း
၁၅၊ စည်မည်း
၁၆၊ နာယူဟူ
၁၇၊ ကုံခေါ်
၁၈၊ သာခွာ
၁၉၊ ကျူ
၂၀၊ ချော်ပင်ပေါက်
၂၁၊ ရွှေတောင်လယ်ယာ
၂၂၊ ဇေယျာကျော်

www.burmeseclassic.com

www.burmeseclassic.com



## ပတ္တမြားမျိုးခြောက်ပါး

၁။ ဗိဝတ္တရာမှာ ချင်းချင်းနီ အဆင်းအတွင်း ကြာခံသည်။
၂။ ငါမွလာမှာ ပန်းခယားပွင့်အဆင်းအတွင်းကား ကြာခံသည်။
၃။ ကွန်ပြင်ရည်မှာ ရောင်ခြည်လင်းသည်။ အတွင်းကား ငင်းနည်းရှိသည်။
၄။ မှည့်စန္ဒမှာ ဟင်းမျိုးသစ်ကဲ့သို့ရှိ၏။ အတွင်းကား ငင်းနည်းရှိသည်။
၅။ ရော်လီမှာ ပဏိစပ်မွဲမွဲရှိ၏။ အတွင်းကား ငင်းနည်းရှိ၏။
၆။ သီဟိုဠ်ရည်မှာ အရောင်အဆင်း အထက်နည်းရှိ၏။

## ပတ္တမြားနှစ်ဆယ့်နှစ်ပါး

၁။ ကျောက်ရိပ်
၂။ ကျောက်ပြိုင်
၃။ ကျောက်သား
၄။ ကျောက်တိန်
၅။ ပန်းရည်
၆။ ပန်းရင်း
၇။ ကျောက်ပွင့်
၈။ ကျောက်ဆွဲ
၉။ ကျောက်ဝင်
၁၀။ ပတဲ့
၁၁။ ရတဲ
၁၂။ အသားကျိတ်
၁၃။ ဂေါ်ကွန်ချာ
၁၄။ နီမာ
၁၅။ အမာဖြူ
၁၆။ ဆီးဖြူကုန်း
၁၇။ ဘိုဦးကျောက်
၁၈။ စုစိ
၁၉။ ဂုဏ်ကျောက်
၂၀။ ခပ်ကျောက်
၂၁။ ဝန်းရက်ကျောက်
၂၂။ ပတ္တမြားကျောက်

www.burmeseclassic.com

www.burmeseclassic.com



## ရွှေမျိုး ဆယ့်နှစ်ပါး

၁။ နီဖလံ
၂။ နရဏီ
၃။ နာရဝေါ
၄။ နာရကာ
၅။ နာဠီမုတ်
၆။ အဋ္ဌနီ
၇။ အဇာတဝန္နီ
၈။ ဇာတရူပ
၉။ ဥရဏီ
၁၀။ ဂီဝါ
၁၁။ သိင်္ဂနိက်
၁၂။ ဇမ္ဗူရာဇ်

## ရွှေမျိုးတိုးပါး ရင်းကျမ်းတွင်

၁။ သာဝကုမ္ဘ
၂။ နီတုံ
၃။ ဇမ္ဗူရာဇ်
၄။ ကာလီ
၅။ မဂ္ဂဓုံ
၆။ မာရိတ
၇။ ဒသဝိဒ္ဓ
၈။ ယုတ္တယ
၉။ အောတ္တဝိဗန္ဓော

## ရွှေမျိုး ပရိယာယ် ဆယ့်ငါးပါး

၁။ ဟေမံ
၂။ ဟိရည
၃။ ဇမ္ဗူရာဇ်
၄။ သိင်္ဂီ
၅။ စာမိကရ
၆။ ဇာတရူပ
၇။ ဇမ္ဗူနဒ
၈။ တပနီယ
၉။ သုဝဏ္ဏ
၁၀။ သိင်္ဂီ
၁၁။ စာရု
၁၂။ ဇမ္ဗူ
၁၃။ ကတ္တုဝဏ္ဏော
၁၄။ သောဏ္ဏံ။
၁၅။ ဟာဋကံ

www.burmeseclassic.com

www.burmeseclassic.com


## ရွှေမျိုး အမျိုးနှစ်ဆယ်

၁။ အညမက်မှာ ငွေကဖြစ်သည့်ရွှေ
၂။ အဒွမတ်မှာ ရင်း။
၃။ အရမတ်မှာ ရင်း။
၄။ နာရမတ်မှာ ရင်း။
၅။ နရဏီမှာ နဂါးကဖြစ်သည့်ရွှေ။
၆။ နာဠီမှာ ရင်း
၇။ နာဠီမှာ ရင်း
၈။ နာရဏာမှာ ရင်း
၉။ ဥရဏီမှာ မြွေကဖြစ်သည့် ရွှေ။
၁၀။ ဥရဂုတ်မှာ ရင်း
၁၁။ ဥဘာဝါမှာ ရင်း
၁၂။ ဘတ္တရဏီမှာ ရင်း
၁၃။ ရာဂီသဝဏ္ဏမှာ ရာဂီမျိုးငါးပါးမှတ်မြောက်သည့်ရွှေ။
၁၄။ မဏီတုဘုဝဏ္ဏမှာ ရင်း
၁၅။ သုဝဏ္ဏမှာ ရင်း
၁၆။ သာရသုဝဏ္ဏမှာ ရင်း
၁၇။ ဇာတရူပမှာ တစ်နည်းမြေကထွက်သည်။
၁၈။ ဝိမာနမှာ ရင်း
၁၉။ သိင်္ဂနိက်မှာ ရင်း
၂၀။ စမ္ပူနာဒမှာ ရင်း

## ဆေရာဇ်ကြီးဦးပိုစံတတ်ချမ်း

ကမ္ဘဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇအကြောင်းတရားလေးပါး သည် မှချ။ ဥပစာမဟုတ် စင်စစ်ဖြစ်၍ ကမ္ဘဇပထဝီ၊ စိတ္တဇပထဝီ၊

www.burmeseclassic.com

www.burmeseclassic.com



ဥတုဇပထဝီ၊ အာဟာရဇပထဝီ၊ ကမ္မဇတေဇော၊ စိတ္တဇတေဇော၊ ဥတုဇတေဇော၊ အာဟာရတေဇော၊ ကမ္မဇသည်းခြေ၊ ကမ္မဇအာကာသတည်းဟူသော အကြောင်းတရားလေးပါးတို့သည် တစ်ပါးလျှင် လေးပါးစီဖြစ်ကြောင်းကို ဟောတော်မူသည့်တရားတော်ကိုထောက်သဖြင့် မူလဒါမူလီ ဒုရှိကြောင်း သိ၏။

အဘယ်ကြောင့်နည်း။ ပရမတ္ထအဘိဓမ္မာတွင် ကော မဟာဘူတာတယောပဋိစ္စဥပ္ပန္နတိတယောမဟာဘူတာ၊ ကောပဋိစ္စဥပ္ပန္နတိ ဟု ဟောတော်မူသည်နှင့်အညီ ဥကောပထဝီဟု ဆိုအပ်သော တစ်ပါးသော မဟာဘုတ်သည်တယော အာပေါတေဇောဝါယောဟု ဆိုအပ်သော သုံးပါးသောမဟာဘုတ်ကို ပဋိစ္စစွဲ၍ ဥပ္ပဇ္ဇတိ ဖြစ်၏။ ဤနည်းတူ အနက်ထင်၍ မူလီမူလဖြစ်ကြောင်းကို သိရာ၏။ ကံကိုအကြောင်းပြု၍ ဝေဒနာရောက်လျှင် ကမ္မဇ ပထဝီဆောင်၍ ကမ္မဇတေဇောပျက်သည်။ ကမ္မဇ သည်းခြေမှာခိုက်သည်။ ကမ္မဇအာကာသပုပ်သည်။ ကမ္မဇ သည်းခြေမှာခိုက်သည်။ စိတ္တဇအာကာသပုပ်သည်။ ဥတုဇကိုအကြောင်းပြု၍ ဝေဒနာရောက်လျှင် ဥတုပထဝီဆောင်သည်၊ ဥတုဇတေဇော ပျက်သည်။ ဥတုဇသည်းခြေမှာခိုက်သည်။ ဥတုဇအာကာသငုပ်သည်၊ အာဟာရကို အကြောင်းပြုဝေဒနာရောက်လျှင် အာဟာရပထဝီဆောင်သည်။ အာဟာရတေဇောပျက်သည်။ အာဟာရသည်းခြေမှာခိုက်သည်။ အာဟာရဇအာကာသမှ ငုပ်သည်ဟူ၍ ဘုရားဟောတော်မူသောကြောင့် ကမ္မဇအကြောင်းပြု၍ရောက်သောဝေဒနာကို ဥပပိဋ္ဌိကကုစ္ဆေသဝေဒနာတို့ကို ဆွေနသစ္စေယျာဝိပါက အယုသင်္ခါတာကုန္တောမေဝနသက္ကတိဟု နာမရှုပ ပရိစ္ဆေဒ၌လာသောကြောင့် ကပ်ပြီးနှိပ်စက်တတ်သောကံ၊ ကပ်၍ဖြတ်တတ်သောကံ၊ ထိုကံကို လွှတ်စေခြင်းငှာ ဒါန, သီလ, ဘာဝနာ ကုသိုလ်ဆယ်ပါးဖြင့် ပြုစေဦး၍ ဆေးအာဟာရထောက်ပံ့သော် နှစ်၏အဖို့ လ၏အဖို့ဖြင့် လွှတ်၏။ အသက်ကိုစီရင်တတ်သောကံကိုကား နတ်တို့ကို အစိုးရသောသိကြားမင်းသော်လည်း မတတ်နိုင်ရာ။ စိတ္တဇ

www.burmeseclassic.com

www.burmeseclassic.com



ကို အကြောင်းပြု၍ ဝေဒနာရောက်သော်ကား ဆေး အာဟာရထောက်ပံ့သော်လည်း မလွှတ်နိုင်ရာ၊ စိတ္တ ဟေတု ရောဂါအတွက်သေနာဟာတော ဣန္ဒြာပုန္တီ မနောရမှာ ဒေ့ယျ ·တမတာ ခပ္ပံ ပပုန္တိဟု နာမရူပ၊ ပဥ္စမ ပရိစ္ဆေဒ၌ လာသောကြောင့်၊ စိတ်ကြောင့်ဖြစ်သောဝေဒနာကို ဆွေ ညာ့တကာတို့၏အလယ်၌ထားပြီးမှ ချစ်ကျွမ်းဝင်သောသူကို အလိုလို မေးစေ၍ အလိုရှိရာကိုမေးစေပြီးမှ ဆေးအာဟာရ ပေးကမ်းထောက်ပံ့သော် လွတ်ရာ၏။ ဥတုဇကိုအကြောင်းပြု၍ ရောက်ခဲ့သော် ဝေဒနာကို သစ်သီးသစ်ရွက်၊ သစ်ဉ၊ သစ်ခေါက်၊ သစ်မြစ်တို့ဖြင့် အာဟာရသက်သက်၊ ဆေးသက်သက် ပေကမ်းထောက်မ,သော်လည်း မလွတ်နိုင်ရာ၊ သဥတုရောဂါအတွက်ဣန္ဒြိယဒွာနေ့၊ ဌိတ္တာသညာဒိကာ သမာနေန တတောခိပ္ပံ သုခါလဗ္ဘန္တိဟု နာမရူပဆဋ္ဌမပရိစ္ဆေဒ၌ လာသောကြောင့် ဥတုကိုအကြောင်းပြု၍ ရောက်သောဝေဒနာကို အပူချမ်းမြရာအရပ်သို့ ပြုပြင်ပြီးလျှင် မိမိနှင့် ချစ်ကျွမ်းဝင်သောသူတို့ကို နေစေ၍ သမ္ဘာရ အဆောက်အဦးဖြစ်မှု ဆေးအာဟာရပေးကမ်းထောက်မသော် လွတ်၏။ အာဟာရကို အကြောင်းပြု၍ ရောက်သောဝေဒနာကို သစ်သီးသစ်ရွက် သစ်ဉ၊ သစ်ခေါက်၊ သစ်မြစ်၊ အာဟာရသက်သက်၊ ဆေးသက်သက်တို့ဖြင့် ပေးကမ်းထောက်မသော်လည်း မလွတ်နိုင်ရာ။ အာဟာရဟေတု ရောဂေါအတွက် ဣန္ဒြိတောပုန္တိတ္တာ သညာဒိကာ သန္တာဒ ဒေယျကတောတုခါသန္တိဟု နာမရူပပဥ္စ ပရိစ္ဆေဒ၌ လာသောကြောင့် အာဟာရကိုအကြောင်းပြု၍ ရောက်သောဝေဒနာဖြစ်သောကြောင့် မိမိ၌ ချစ်ခြင်းဖြစ်သော အစာသုံးဆောင်စေပြီးမှ သင့်တင့်သော ဆေး အာဟာရတို့ကို ပေးကမ်းထောက်မသော် လွတ်ရာ၏။ ဤသို့လျှင် မြတ်စွာဘုရားပါဠိတော်အား လျောက်ပတ်စွာ မဆန့်ကျင်သဖြင့် ကမ္မဇ ပထဝီဆောင်၍ ကမ္မဇတေဇော ပျက်သည်။ ကမ္မဇသည်းခြေမှာ နိုက်သည်။ ကမ္မဇအာကာသငုပ်သည်။ ဤကဲ့သို့ ကမ္မဇသမုဋ္ဌာန်ကိုမြင်လျှင် ကမ္မဇအနာကို ဥတုဇပထဝီဆောင်သည်။ ဥတုဇတေဇောပျက်သည်

www.burmeseclassic.com



ဥတုဇသည်းခြေမှာ ခိုက်သည်။ ဥတုဇအာကာသငုပ်သည်။ ထိုဥတုဇ ဆောင်၍ စိတ္တဇတေဇောပျက်သည်။ စိတ္တဇသည်းခြေမှာခိုက်သည့် စိတ္တဇ အာကာသငုပ်သည်။ မှတ်ရသည်ဖြစ်၍ သူနာအလိုရှိရာ မေးမြန်းပြီးမှ ဤသမုဋ္ဌာန်အတိုင်း ဆေးအာဟာရပြုပြင်ထောက်ပံ့ရမည်ဆိုသည်။ ဥတု ကို အကြောင်းပြု၍ ရောက်သောဝေဒနာဖြစ်သောကြောင့် ဒါန သီလ စသော ကာယဆေးကို ပြုပြင်ရာ၏။ စိတ်ကိုအကြောင်းပြု၍ရောက်သော ဝေဒနာက စိတ္တဇပထဝီသမုဋ္ဌာန်အနာကိုဥဟုအားလျော်စွာ မှုစေပြီးမှ ဆေးအာဟာရပေးကာမ်းထောက်ပံ့ရာ၏။ အာဟာရဇပထဝီဆောင်သည် အာဟာရဇတေဇောပျက်သည်။ အာဟာရဇသည်းခြေခိုက်သည်။ အာ ဟာရဇအာကာသငုပ်သည် မှတ်ရမည်။ ထိုအာဟာရဇအနာကို မိမိ၌ ချစ်ခြင်းရှိရာ ပေးကာမ်းပြီးမှ ဆေးအာဟာရထောက်ပံ့ရာ၏။ ရတနာပုံ နေပြည်တော် မလွန်ဈေးနေရာ ဆရာကြီးဦးပိုက အမျိုးလေးပါးတို့အား မှတ်သားစေခြင်းငှာ ရတနာသုံးပါးတို့အား ရှိခိုးလျက် သတ္တဝါတို့ ဝေဒနာရောက်ရာဋ္ဌာနပြုဆိုပြီးမှ ထိုဝေဒနာ၏ လွတ်ရာသောအကြောင်း ဆိုစေအံ့။

အာဟာရကိုသည်းခြေဆောင်သည်။ သည်းခြေကို အာဟာရ ဆောင်သည် မှတ်ရမည်။ အာဟာရကို သည်းခြေဆောင်လျှင် အနာ မရောက်။ မဆောင်နိုင်လျှင် အနာရောက်၏။ သည်းခြေကို အာဟာရ ဆောင်လျှင် အနာပျောက်၏။ မဆောင်လျှင် မပျောက်ဟု...

ဆိုသောကြောင့် အဋ္ဌကထာဋီကာများနှင့် ထောက်ထားပြန် လျှင် ဒုမောဝိတ္တေယျဟူ၍လည်းကောင်း၊ သမောအဋ္ဌကထာ၌ ဒလျ ဝတ္တဟူ၍လည်းကောင်း လာသည်နှင့်အညီ အခွဲးပျံ့နှံ့ကြောင်းကို ဒုဋ္ဌ ကာယဆိုသည်၊ သုဒ္ဓကာယဖြစ်လျှင် အနာမရှိရာ၊ ထို့ကြောင့် ဆေး ဆရာတို့သည် အနာဝင်သည်၊ အနာငုပ်သည်၊ ဿရုပ်သာကြေပြသဆုံး မသည်လည်း တစ်ချက်၊ အနာအိမ်၊ အနာကွက်၊ ဓာတ်အိမ်၊ ဓာတ် ကွက်၊ ဓာတ်သက်နှစ်ပါးကိုထောက်ထား၍ မမေ့မလျော့ စေ့စေ့စပ်စပ်

www.burmeseclassic.com

www.burmeseclassic.com


မှတ်မှတ်ရရ ကြည့်ကြည့်ရှုရှု အနုအကြမ်း စုံစမ်းဆင်ခြင်၍ မြော်မြင်သိနိုင်စေရမည်။

ပထဝီဆောင်လျှင် တေဇောပျက်သည်။ သည်းခြေခိုက်သည်။ အာကာသငုပ်သည်။ ဤသို့သော သာမညမဆိုမှု၍ အတတ်အကြက် ပရမတ်သဘာဝအတိုင်း ကမ္မဇပထဝီဆောင်၍ ကမ္မဇတေဇောပျက်သည်။ ကမ္မဇသည်းခြေမှာ ခိုက်သည်။ ကမ္မဇအာကာသမှာ ငုပ်သည်ဟူ၍ တပ်အပ်သေချာစွာဆိုခြင်းသည် ပညာအမြော်အမြင်နှင့် ပြည့်စုံသော ယောက်ျားကောင်းဖြစ်ပေသည်။ ဤသို့ သေချာစွာ ပညာအမြော်အမြင်နှင့်ပြည့်စုံ၍ နှိုင်းချိန်ရှုစွမ်းနိုင်အောင် အက္ခရာအဓိပ္ပာယ်သွားကို လုံးလုံးစေ့စေ့ မမေ့မလျော့ နှုတ်ကျက်အာဂုံရှိစေရမည်။ အလွန်သိနိုင်ခဲပေစွ၊ သိအောင်လည်း ပြောပြောဆိုဆည်သူ ခဲလေစွ၊ သို့ဖြစ်၍ မိမိကိုယ်ကို နှိမ်နင်းပြီး ရရမိမိ ဝီရိယထုတ်စေချင်သည်။

## ခေတ်အိမ်ခေတ်ကွက်များကို ပြခြင်း

ခန္ဓာငါးပါးကို ခေတ်လေးပါးစောင့်သည်။ ခေတ်လေးပါးကို ကာလပ်နှင့်စည်းသည်။ ဤသို့ မှတ်ရခြင်းအကြောင်းသည် အလွန်ပင်အကျိုးကြီးပေစွ၊ တရားတော်၌ ခန္ဓာဒိနယမာရုက္ခက လာပဝသေနသန္တိပိတ္တာဟု နာမရူပဒ္ဒလာသောကြောင့် စောင့်စည်းအပ်သောတရားကို အာရုံပြုခြင်းငှာ မြတ်ပေစွ၊ ခန္ဓာငါးပါး၌ အစောင့်အရှောက်ဖြင့် အကျိုးထူးသို့ပြပေအံ့။ သီတုဏှာတုဝီရောဓိပစ္စယေရုပ္ပတိ၊ တိရူပံဟု လာသောကြောင့် သီတဥတုဥဏှဥတုဟုဆိုအပ်သော တေဇောခေတ်သည် ဝိရောဓိပစ္စည်းဖြစ်၍ ကာလရုပ်ကို ဆက်ဆံသဖြင့် မပုပ်မဆွေးနိုင်အောင် စောင့်သည်ကိုယူ။ ထို့ကြောင့် ရုပ်တေဇောခေတ်စောင့်သည်။ ရုပ်၏ရုပ်အားလုံးကို ဝါယောခေတ်ဆောင်သည်။ ဤသို့လျှင် ရုပ်အစဉ်တို့ကို ပဋ္ဌာန်းတရားတော်၌ ကုသလာ ကုသလ ကမ္မသခါတုံ အဖွဲ့တို့ ကာသန္တာနေခနေ ကမ္မသမုဋ္ဌာနရူပံပဋိသန္ဓိမှုဒါယခနေသမုဋ္ဌာပေတိဟု

www.burmeseclassic.com

www.burmeseclassic.com

လာသောကြောင့် သတ္တဝါတို့အား ကုသိုလ်ကံ အကုသိုလ်ကံတို့သည် အလွန်ပြုပြင်အပ်သည်ဖြစ်၍ အတွင်းသဏ္ဍာန်၌ ကံကြောင့်ဖြစ်သောရုပ်တို့သည် ပဋိသန္ဓေ၏ ပထမဥပါဒ်ကိုစွဲ၍ တရွေ့ရွေ့ကောင်းစွာဖြစ်ပေ၏။ သီတုဏှောတု သမညတာ တေဇောဓာတု ဌိတိပတ္တာဝ ဥတု သမုဋ္ဌာနရုပံ အဇ္ဈတ္တဉ္စဗဟိဒ္ဓါစယထာရဟံသမုဋ္ဌာပေတိဟု လာသောကြောင့် သီတဥတုဥဏှဥတုဟုဆိုအပ်သော တေဇောဓာတ်သည် ဌီသို့ ရောက်သဖြင့် ဥတုကြောင့်ဖြစ်သောရုပ်တို့သည် အတွင်းသဏ္ဍာန်၌ လည်းကောင်း အပသဏ္ဍာန်၌လည်းကောင်း ဖြစ်ထိုက်သည့်အားလျော်စွာ ကောင်းစွာဖြစ်ပေ၏။

သြဇာသင်္ခါတောအာဟာရောသမုဋ္ဌာနံရုပံ အဇ္ဈောဟရဏာ ကာလေ ဌာနပတ္တောသမုဋ္ဌာပေတိဟု လာသောကြောင့် သြဇာဟုဆိုအပ်သော အာဟာရ အာဟာရကြောင့်ဖြစ်သောရုပ်ကို မျိုသောကာလဌီသို့ရောက် သဖြင့် အတွဲရေကြောင့်ဖြစ်သောရုပ်တို့သည် တရွေ့ရွေ့ ကောင်းစွာ ကြီးရင့်စေ၏။ စိတ္တ သမုဋ္ဌာနရုပံပထမ ဘဝင်္ဂမုပါဒါယဇယန္တမေဝ သမုဋ္ဌာပေတိဟုလာသောကြောင့် စိတ်ကြောင့်ဖြစ်သောရုပ်တို့သည် ပဋိ သန္ဓေပထမဘဝင်၏။ ဥပါဒ်ကိုစွဲ တရွေ့ရွေ့ဖြစ်စေ၏။

ထို့ကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အ ကြောင်းတရားလေးပါးတို့သည် သတ္တဝါတို့အား ပြုပြင်ရာပြုပြင်ကြောင်း ဖြစ်၍ ကမ္မဇ တဝီ၊ ကမ္မဇတေဇော ကမ္မဇသည်းခြေ ကမ္မဇအာကာသ ဤနည်းတူ စိတ္တဇပထဝီ၊ ဥတုဇပထဝီ၊ အာဟာရဇပထဝီဟူ၍လည်း အကြောင်းတရားလေးပါးတို့သည် ကိုယ်စီ ကူးသန်းရှက်တင်ခြင်းသည် ဖြစ်နိုင်ခဲလေစွ။ မိမိသံမုဋ္ဌာန်သာ ပထဝီဆောင်၍ တေဇောပျက်သည် သည်းခြေခိုက်သည်။ အာကာသငုပ်သည်။ ယေဘုယျအားဖြင့်ရှိသည်ကို ထောက်၍ ယေဘုယျကိုဆိုသဖြင့် အပွကလည်း ရှိသင့်ပေသည်။ ကမ္မဇ ဇပထဝီဆောင်၍ စိတ္တဇတေဇောပျသည်။ ဥတုဇသည်းခြေမှာ ခိုက် သည်။ အာဟာရဇအာကာသငုပ်သည်။ ဤသည်လည်း သမုဋ္ဌာန်ကူး

www.burmeseclassic.com



သန်းရှက်တင်၍ အဆောင်ပျက် အခိုက်အငုပ်ရှိသည်မှာ အလွန်ခက်ခဲသိမ်မွေ့နူးညံ့လှပါသည်။ ငါတို့ပုထုဇဉ်အရာမဟုတ်ချေ။ ဘုရားရဟန္တာကိုယ်တော်မြတ်တို့၏အရာသာဖြစ်ကြောင်းကို သိရာ၏။

ထို့ကြောင့် ကမ္မဇသမုဋ္ဌာန်၌ ကမ္မဇဥတုသာဆောင်ပျက်ခိုက်ငုပ်ရှိရမည်။ ဤနည်းတူ စိတ္တဇသမုဋ္ဌာန်၌လည်း ဥတုကိုယ်စီ အညီပညဆောင်ခြင်း၊ ပျက်ခြင်း၊ ခိုက်ခြင်း၊ ငုပ်ခြင်းကို သိရာ၏။ ရှေး၌ဖြစ်သော ကျမ်းပေါင်းစုံ ဓာတုဒီပနီမှာ တေဇောဓာတု သစိတ္တာ၊ ဝါယောဓာတု သဥတုရာ၊ အာပေါဓာတု သအဟာရာ၊ ပထဝီဓာတု ဖဿော၊ အာကာသဓာတု ရသတဏှာ၊ ပဝတ္တကလျာဟုဆိုအပ်သောကြောင့်၊ တေဇောဓာတုသည် စိတ်နှင့်ရှည်ကြောင်း၊ ဝါယောဓာတ်သည် ဥတုနှင့်ရှည်ကြောင်း၊ အာပေါဓာတ်သည် အာဟာရနှင့်ရှည်ကြောင်း၊ ပထဝီဓာတ်သည် ဖဿနှင့်ရှည်ကြောင်း၊ အာကာသဓာတ်သည် ရသာရုံ၌တပ်အပ်သောတဏှာနှင့်ရှည်ကြောင်း ကြံရာ၏။

ထိုဓာတုဒီပနီကို ထောက်လျက် စိတ်ဥတုအာဟာရတို့ကို သမုဋ္ဌာန်၌ အဆောင်,အပျက်,အခိုက်,အငုပ် တိုက်ရိုက်ပါသည်။ အဆောင်တို့ပြလျှင် ပျက်သည်။ ငုပ်သည်ကို သိသင့်ပြီကြံရာ၏။ ပထဝီနှင့် အာကာသမှာ သမုဋ္ဌာန်မပါမရှိ မဝင်ချေသောကြောင့် ကမ္မဇသမုဋ္ဌာန် သွတ်သွင်း၍ ယူသင့်သည်မှတ်ရမည်။ ထိုဓာတုဒီပနီအရ တေဇောဓာတု အဘိဟာပတဏှာဝါယောဓာတု ဣဿာနိဋ္ဌာ သုပိဏောလာကလျာ အာပေါဓာတုဗန္ဓရဘာ ပထဝီဓာတု မန္တာဧမာဟာ အာကာသဓာတု ပေသနိသေဒေပါတိ. အာစရိယော ပမုစ္စတိဟု ဆိုသောကြောင့် သူနာတို့လက္ခဏာကို ထောက်သော်...

တေဇောဓာတ်သည် အလွန်မွတ်သိပ်ဆာလောင်ခြင်းရှိ၏။ ဝါယောဓာတ်သည် အလိုကြီးခြင်း၊ အိပ်မက်ချောက်ခြားခြင်းရှိ၏။ အာပေါဓာတ်သည် ရုပ်ရည်နီမြန်းဖျော့တော့ဖတ်ရွက်လျော်အဆင်းရှိ၏။ ပထဝီဓာတ်သည် မိန်းမောတွေဝေပင်ပန်းခြင်းရှိ၏။ အာကာသဓာတ်

www.burmeseclassic.com

www.burmeseclassic.com



သည့် ရွေးစီးထွက်ခြင်းကို ဆရာတို့ ဆိုကုန်၏။

အမျိုးသားတို့ မှတ်သားစေခြင်းငှာ ဝေဒနာဖြစ်ရာဖြစ်ကြောင်း ထိုဝေဒနာ၏ လွတ်ရာလွတ်ကြောင်းကို ဆိုပေအံ့။ သတ္တဝါတို့အား ပဋိသန္ဓေတည်နေသောအခွင့်ကို ထိုပဋိသန္ဓေ၏ ဆုံးရာ ဘဝင်စုတိတို့သည် သံသရာမှ တပြောင်းပြန်ပြန် ကျင်လည်ရကြောင်းကို ပဋိသန္ဓာဒယောယထက္ကာမိဝပရိပဟ္ဘန္တာ ပဋိစတ္တန္တိဟု လာသောကြောင့် သတ္တဝါတို့၏ ဖြစ်စဉ်သံသရာတို့နှင့်အတူ ဝေဒနာရောက်ရာဘုံသည်ကား စုတိပဋိသန္ဓေနှင့်တူ၏။ ထို့ကြောင့် ကာယဘာဝ ဝတ္ထုဒသကာနိ တိဏိသမိနိပါတုဘာဝန္တိဟုလာသောကြောင့် ကမ္မဇရုပ် ၃၀-ပြည့်စုံမှ ပဋိသန္ဓေပါရှိသော အဋ္ဌကလပ်ရုပ်၊ ၈-ခု၊ ကာယာသာဒ ကာယာဝိညာဉ်ထည့်၍ ၁၀ ဘာဝဒသကဋ္ဌ အဋ္ဌကလပ်ရုပ် ၈-ခု၊ ကုဏ္ဍိတောပမ္မောကိုထည့်၍ ၁၁-ဝတ္ထု၊ ဒသကလပ်ဋ္ဌ အဋ္ဌကလပ် ၈၊ ဟဒယဝတ္ထု၊ ဇီဝတကိုထည့်၍ ၁၀၊ ထို ၃၀တို့သည် သတ္တဝါတို့အား ပဋိသန္ဓေအခါ ပြည့်စုံသည်ဖြစ်၍ ကာယဒသကကလပ်ဋ္ဌ နိယာမသဘောဖြစ်၍ ခေတ်သောင်တာဂဒသကလပ်ဋ္ဌ မမြဲဖောက်ပြန်တတ်သောကြောင့် ခေတ်ပျက်ဝတ္ထုဒသကကလပ်ဋ္ဌကား မနောပုဗ္ဗင်္ဂမာ ဓမ္မာဟူသောသဒ္ဒါကျမ်းဋ္ဌ အရှင်မဟာကစ္စည်းမထေရ်မြတ်သည် ဟောတော်မူသောကြောင့် ဟဒယရုပ်နှင့် ကေပ္ပာဒတဏ္ဍဖြစ်သော မနောဝိညာဉ်ဟုဆိုအပ်သော နာမက္ခန္ဓာတရား ၃ ပါးတို့တွင် သောမနဿ ဒေါမနဿတရား ၂ ပါးတို့သည် ထိပါးကြသဖြင့် ဝတ္ထုဒသကဥပါသေ အဋ္ဌကလပ်ရုပ် ၈-ခုသည် ခေတ်ခိုက်ဝဇရပယူကား တံခွန်ရှက်ကဲ့သို့ အောက်ထက်လူးလာဖြစ်၍ ဝေဒနာရောက်ရာသော ဌာနမှတ်ရမည်။

BURMESE CLASSIC

ထို့ကြောင့် သောမနဿ ဒေါမနဿတရား ၂ပါးကို သတိပဋ္ဌာန် ပါဠိတော်ဋ္ဌ အခုဆံ အခုဆန္တာ၊ ပွတ်ကြိုးဆွဲသကဲ့သို့၏။ ထို့ကြောင့် ဓမ္မပဒပါဠိတော်ဋ္ဌ အနုပုဗ္ဗေနမေဓာဂီထောက် ထောက်ခဏခဏေ ကမ္မာယောရဇတာဝေသဝိ နိဒ္ဓမသဒ္ဒနော ဟူ၍ လာသော


www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အဆောတလျင်မပြုရာ ဖြည်းညင်းသာယာစွာ ဝေဒနာ ယှဉ်အောင် ကြံဆောင်ခြင်းမှ ပညာရှိသူတော်ကောင်းအရာ ရောက်ပေမည်။ ထို့ကြောင့် ရှေးဆရာတို့အဆိုမှာ မှတ်မိသရွေ့ တစ်နည်းမတွေ့ မစေ့ မစပ် မလျှပ်ပေါ်သာ ဟူ၍ စပ်ဆိုလေသည်။ သဗ္ဗာသုတ်ပါဠိတော်၏ အကြောင်းအရင်းအကြောင်းဖျား အနားရောက်လျှင် အကျိုးရင်းအကျိုးဖျား မှတ်ရ၏။ မဟာဝဂ္ဂသံယုတ် ပါဠိတော်၌ ဝေဒနာသည်လည်း ခြေကိုဆွဲ၍ သွေးသက်ရှစ်ပါး၊ သွေးသက်ရှစ်ပါးရောက်ရာတွင် စိတ်ကြောင့်ဖြစ်သောဝေဒနာသည် ရှစ်ပါးဟူ၍ ဟောတော်မူ၏။ တဟသုတ်ပါဠိတော်တွင် ဒေါမနဿတရားသည် နိဗ္ဗာန်မှာ ဆန့်ကျင်ဘက်ဖြစ်၍ ဝေဒနာဟူ၍ ဟောတော်မူ၏။ မိလိန္ဒပဉှာ ကံသက်သက်ဝေဒနာရောက်ကြောင်းကို မိလိမိလိန္ဒမင်းအား ရှင်နာဂသိန် ပြန်ကြားလေသည်။

[illegible]နှင့် အဘိဓမ္မာယမိုက်သဘောကို ညှိနှိုင်းသော် ကံကုန်၍သေခြင်း၊ သက်[illegible]မ်းကုန်၍သေခြင်း၊ ကံအသက်နှစ်ပါးကုန်၍သေခြင်း၊ ထိုကံအသက်နှစ်ပါးမကုန်ရှိလျက် ကပ်လျက်သော ဥပစ္ဆေဒကသတ်၍ သေခြင်း၊ စိတ်ကြောင့်သေခြင်း၊ ဥတုဇအာဟာရကြောင့် သေခြင်းအားဖြင့် အဖြစ်များစွာရှိကြောင်းကို ဟောတော်မူ၏။ ထို့ကြောင့် အနာရောက်လျှင် ဆေးရှိရမည်။ အဘယ့်ကြောင့် ဇနကအရာကို ဘုရားသဗ္ဗညုတ ကိုယ်တော်မြတ်အရသာဖြစ်၏။ BURMESE CLASSIC

ဤကား မန္တလေးရတနာပုံနေပြည်တော်၌ ပထမနန်းတည်မင်းတရားကြီးရွှေလက်ထက်တော်၌ သမားတော်ကြီး ဓာတ်ဆရာဦးဖိုးသည် စီရင်ရေးသားအပ်သောဓာတ်ကျမ်းတွင် တွေ့သမျှ နိဿသျှကို တစ်စွန်းတစ်ပင် ဖြစ်သော်လည်း ဗဟုသုတဖြစ်ကြစေရန် ရည်သန်သောဆန္ဒဖြင့် ရေးသားပြုဆိုလိုက်သောအခန်းကား ပြီး၏။



www.burmeseclassic.com